
www.burmeseclassic.com
BURMESE CLASSIC
ခင်နှင်းယု
www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၆၃၈/၂၀၀၄(၆)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၁၄၀၀၅၀၂

**မျက်နှာဖုံး**
ပန်းချီ-မောင်မောင်သိုက်

**မျက်နှာဖုံးပုံနှိပ်**
ကလျာပုံနှိပ်တိုက်

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ်၊ ၂၀၀၅ ခုနှစ်၊ [redacted]
အုပ်ရေ-၁၀၀၀

**ပုံနှိပ်/ထုတ်ဝေ**
ဒေါ်ခင်ခင်ဝင်း၊ ကလျာပုံနှိပ်တိုက်(မြဲ-၀၂၆၇၀)
အမှတ် ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်မြို့မှ ပုံနှိပ်၍
ဒေါ်ပြုံးပြုံးခင်၊ ပြုံးစာပေ(ယာယီ-၇၀၉)
အမှတ် ၆၆၊ သရက်တော၄ လမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

**စီစဉ်သူ**

# မပြုံး

**ပြုံးစာပေ**
ပြန်လည်ဆန်းသစ်ခြင်း
စာအုပ်အမှတ်(၄၇)

**ရောင်းဈေး-၉၀၀ ကျပ်**

www.burmeseclassic.com

www.burmeseclassic.com

ကျွန်းကေရီ

မိန်းမရိုင်း

အရိုင်းနှင့် အယဉ်

# ကျွန်းကေရီ

www.burmeseclassic.com

www.burmeseclassic.com

## တစ်

ပန်းပွင့်ရဲ့ ရနံ့တွေဟာ ပတ်ဝန်းကျင် လေထုထဲမှာ တသင်းသင်း ပျံ့နေကြတယ်။

မြလေးရဲ့ သတင်းတွေဟာလည်း ပတ်ဝန်းကျင် ပရိသတ် ပါးစပ်မှာ ပြောမဆုံး ဖြစ်နေကြတယ်။

အမှန်တော့ မထူးဆန်းပါဘူးလေ၊ တကယ့်ကိုပဲ ကျွန်တော့် မိန်းမ ဖောက်ပြန်ပြောင်းလဲနေတယ်ဆိုတာ ရန်ကုန်ပရိသတ်က လည်း ကျွန်တော့်ဆီ သတင်းပို့ကြတယ်။ ကွတ်ခိုင်ပတ်ဝန်းကျင်မှာ လည်း ပြောမဆုံးဖြစ်နေတာကို ကျွန်တော် သိရပါတယ်။

ကျွန်တော်ကတော့ ဒီသတင်းကြားရတဲ့အတွက် ဘာမှ မတုန် လှုပ်တာကို ပြလေလေ ဘေးပရိသတ်ရဲ့ စိတ်မှာ မခံချည့်မခံသာ ဖြစ်လေလေ ထင်ပါရဲ့။

ကျွန်တော်လို စစ်သားတစ်ယောက်အတွက် ဒီလိုဝိုင်းဝန်းပြီး ဝမ်းသာကြ ဝမ်းနည်းကြနဲ့ စိတ်လှုပ်ရှားမယ့် ပရိသတ် ရှိနေတယ် ဆိုတာကိုက ကျွန်တော့်အဖို့ စိတ်ကျေနပ်စရာပဲ။

ပြုံးစာပေ

www.burmeseclassic.com



အမှန်တော့ လူသတင်း လူချင်းဆောင်လာလို့ ကြားရတဲ့ သတင်းဟာ မှန်သင့်သလောက်တော့ မှန်တတ်ပေမယ့်၊ ရပ်ဝေးတနေ့ ကျွန်တော် အရမ်းယုံနိုင်ပါ့မလားဗျာ။ သတင်းကြားနဲ့ ရှုးရှူးရှားရှားဖြစ်တော့ကော လူရယ်စရာကြီးပဲ။

အမှန်တော့ ဘယ်သူမဆို ချစ်ဇနီးရဲ့ ဖောက်ပြန်တာကို သိသိခြင်း အသည်းနှလုံးဟာ အရှိန်ပြင်းပြင်းထန်ထန်နဲ့ ပေါက်ကွဲတတ်ကြတာပဲ။

ကျွန်တော်လည်း ပုထုဇဉ်ပါဗျာ၊ ဒါပေမယ့် လက်ဆုပ်လက်ကိုင်မဟုတ်သေးဘဲနဲ့တော့ မယုံနိုင်သေးဘူး။ ခုထိတော့ ကွတ်ခိုင်ပတ်ဝန်းကျင်မှာ ကျနေကြတဲ့ နှင်းပွင့်နှင်းဖတ် ထုထက်တောင် ကျွန်တော့် အသည်းနှလုံးတွေဟာ အေးချမ်း ငြိမ်သက်နေပါတယ်။

အေးလိုက်တဲ့ ပတ်ဝန်းကျင်ကလည်း လွန်ပါရော။ ဆောင်းဆိုတော့ နှင်းမှုန်တွေပြည့်သိပ်နေတဲ့ လေအေးတွေဟာ အသားထဲများ ဖောက်ထွင်းသွားမလား အောက်မေ့ရတယ်။

ဒီလို အအေးဓာတ်က ပြင်းလေလေ ကျွန်တော့်မှာတော့ မြလေးကို ပိုပြီး သတိရလေလေပေါ့။ သူ့ရဲ့ ရွှေရင်စုံမှာ မလှုံရတာလည်း ကြာလှပြီ။ ပြူးလိုက်တိုင်း အိအိဖောင်းဖောင်းလေး ဖြစ်နေတဲ့ ပါးစုန့်ကြီးတွေကတော့ဖြင့် အခု တွေးမိတယ်ဆိုရင်ပဲ ရင်ထဲမှာ နွေးလာတော့တယ်။

ဒီနေရာကတော့ မနက်ပိုင်းများ ကြည့်လိုက်ရင် အဝေးကတောင်ခါးပန်းတွေဟာ နှင်းငွေ့တွေဖုံးပြီး ရေပြင်ကြီးလို့ ထင်ရတယ်။

သစ်ရွက်လေးတွေပေါ်မှာဆို နှင်းဖက်တွေဟာ ငွေပြား ခတ်





ထားသလိုပဲ၊ ပန်းပွင့်လေးတွေလည်း သိပ်မပွင့်ကြတော့ဘူး။

ခေါင်းရင်းဘက်က ခရမ်းရောင်ပန်းလေးတွေဟာ နှင်းကြားထဲမှာ ကုပ်ကုပ်လေး ပွင့်နေကြတယ်။ ငှက်သံလေးတွေကလည်း တိတ်လို့။

ဒီလို ပတ်ဝန်းကျင်ဖြစ်နေပုံက မြလေးကို ပိုသတိရအောင် ဖန်တီးနေတော့တာပဲ။ ကျွန်တော်ဖြင့် တပ်စခန်းမှာ အနားတောင် မယူချင်တော့ဘူး။ အိပ်ရာပေါ် လှဲနေလည်း မျက်လုံးထဲမှာ မြလေးနဲ့ စ,တွေ့ခဲ့ရတာတွေ၊ သူ့ကို လက်ထပ်လိုက်တဲ့ အချိန်ပိုင်းလေးတွေပြီးတော့ ကျွန်တော့်မယားအဖြစ်နဲ့ ချို့ချို့တဲ့တဲ့ နေရတာလေးတွေဟာ တသီကြီး ပေါ်လာတာပါပဲ။

မနက်ဆိုလည်း ဒီအချိန်ဆို မြလေးတစ်ယောက် ပန်းတွေများ သီနေပြီလား၊ ဘုရားကို ပန်းကပ်ပြီးပြီ ထင်ပါရဲ့။ ခြံထဲမှာလည်း ဆင်းပြီး လမ်းလျှောက်သေးရဲ့လား၊ ကျွန်တော့်ကိုပဲ အိပ်ရာထဲမှာ ကွေးရင်းနဲ့ သတိများရနေမလားနဲ့ တွေးရတာတွေ တွေးရတာတွေ၊ အဲ-မကုန်တော့ပါဘူးဗျာ။

ခုလို မနက်စောစောများ သူဖျော်တတ်တဲ့ ကော်ဖီကျကျ ပူပူနွေးနွေးလေးများ သောက်ရရင် ကွတ်ခိုင် အအေးကို မကြောက်ပါဘူးဗျာ။ သူက ကော်ဖီဖျော်ရင် ခါးခါးနဲ့ ကော်ဖီကျကျကို လေးလေးချိုချို ဖျော်တတ်တယ်။ သူ့ကော်ဖီများသောက်ပြီးရင် လျှာထဲမှာကို စွဲနေတာပဲ။

ဒါတွေတွေးမိလို့ အနားမယူချင်တာ။ ကိုယ့် တပ်ခွဲနဲ့လိုက်သွားလာလုပ်ကိုင်နေရရင် ဒါတွေ ဘာတွေ သတိမရတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာပဲ။

မင်းတို့တပ်ခွဲ နားရမယ်ဆိုလို့ ခဏ တပ်စခန်းကိုပြန်ရောက်ရင်ပဲ ဘယ်ကဘယ့်နဲ့ ဒီစိတ်တွေဟာ ပေါ်လာလည်း မသိဘူး။ အသေးစိပ်ကို မျက်စိထဲ ပေါ်လာတယ်။ ဒါကြောင့် ကျွန်တော် ဘယ်တော့မှ မနားချင်ဘူး။ စိတ်ကို အနားမပေးချင်ဘူး။ သမီးရည်းစား လွမ်းတာမျိုးလိုလို၊ လင်မယားဘဝထဲ မရောက်သေးသလိုလိုနဲ့ တွေးလိုက်ရတဲ့အတွေးတွေဟာ မကုန်နိုင်ပါဘူး။

ခုလို အိမ်ကအကြောင်းတွေ အတိတ်ကို ပြန်တွေးရတော့ အရသာ ရှိသားပဲ။ ကျွန်တော့်ပါးစပ်တွေဟာ ပြုံးတောင်နေတယ်လို့ ထင်မိတယ်ဗျာ။

ချစ်မေတ္တာ ဆိုတာဟာ ဒီလိုပဲထင်ပါရဲ့၊ အစပျိုးခဲ့စဉ်အခါတုန်းက အဖြစ်အပျက်တွေကို ပြန်တွေးရတဲ့ ကြည်နူးမှု အရသာဟာ ဘယ်အရသာနဲ့မှကို မတူပါဘူးဗျာ။

ပတ်ဝန်းကျင်ထင်သလို မယားရဲ့ ဖောက်ပြန်မှုသတင်းကို ကြားရလို့ ကျွန်တော် အရူးတစ်ပိုင်းဖြစ်နေရင် ကျွန်တော့်တာဝန်တွေဟာ လစ်ဟင်းကုန်မှာပေါ့။

ဘိုးရားသခင်က ဟောကြားတော်မူတယ် မဟုတ်လားဗျာ ပစ္စုပ္ပန်ကိုသာ မှန်မှန်ရှုရမယ်လို့။ ကျွန်တော်လည်း ပစ္စုပ္ပန်ကိုသာပဲ ကြည့်ပြီး လုပ်ရမှာပေါ့။

ကျွန်တော် ပြန်မယ့်ရက်ပိုင်းကလည်း နီးလာပါပြီလေ။ မကြာခင်ပဲ ကျွန်တော် မြလေးနဲ့ တွေ့ရတော့မယ်။ တွေ့ရရင်ပဲ နှစ်ယောက်ကြားမှာ ရှုပ်နေတဲ့လမ်းဟာလည်း ရှင်းသွားရမှာပေါ့ဗျာ။





ကျွန်တော် လှဲနေရာကထလိုက်ပြီး အပြင်ကို ထွက်လာမိတယ်။

တပ်စခန်းတစ်ခုလုံးလည်း နှင်းမှုန်အောက်မှာ ငြိမ်သက်နေတာပဲ။ ဒီနေ့ အနားယူတဲ့နေ့ကလည်း ဖြစ်ပြန် အအေးဓာတ်ကလည်း ပြန်းထန်လွန်းနေတော့ ပိုပြီး ငြိမ်သက်နေသလိုပဲ။

လေအေးထဲမှာ သဇင်နံ့က သင်းသင်းပြီး လွင့်လာတော့ ကွတ်ခိုင်ဟာ ချစ်စရာလို ဖြစ်လာပြန်တာပဲ။

စခန်းနောက်ဘက်က သစ်တောပေါ်မှာ နေခြည်တန်းလေးတွေ ရှိနေသေးတယ်။ သစ်ရွက်တွေပေါ်မှာ နှင်းစက်တွေဟာ ကျန်ရစ်နေသေးတဲ့ နေရောင်ခြည်အရှိန်နဲ့ ဝင်းဝင်းလက်လက် တောက်ပနေသေးတယ်။ နေမျှားဝင်သွားရင် အအေးကတော့ ပိုပြီး ပြင်းထန်လာတော့မှာပဲ။

အနောက်ဘက် တောင်စွန်းပေါ်မှာ နေလုံးရဲရဲကို တစ်ခြမ်းလောက်ပဲ မြင်ရတော့တယ်။

တပ်ဝင်းကို ပတ်လျှောက်ပြီး ကျွန်တော့်တဲရှိရာကို ပြန်ခဲ့တယ်။ တဲကိုရောက်ရင်လည်း နေရောင်ဟာ မရှိတော့ဘူး။

ပတ်ဝန်းကျင်တစ်ခုလုံး မှိုင်းမှိုင်းကြီး ဖြစ်နေတာပေါ့။

ကျွန်တော့်ရဲဘော်တော့ မီးဖိုကို မီးထည့်နေပြီ။ သူတို့မျက်နှာတွေမြင်ရရင် ကျွန်တော့်အသည်းထဲမှာ နွေးနွေးထွေးထွေး ရှိနေတာပါပဲ။ ဒါလောက် အအေးဒဏ်ကြားထဲက ရဲဘော်တွေဟာ အပြုံးပျက်ရှာဘူး။

ကျွန်တော်ရဲ့ ရဲဘော်ကြီး သာအောင်ကတော့ သီချင်းကိုအောင် ဟစ်နေသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"...မီးပုံနံဘေးမှာ အိပ်မောကျကာနေ ... တဘက်ရန် လက်သံများက၊ စိန်ပြောင်အမြောက်သံ သဲ့သဲ့ကြားရင်၊ ထိပ်ထားမျက်နှာထွက်ပေါ်လာပေ...။ တီတီတာတာ နွဲ့နွဲ့လေးနဲ့ ချစ်ရေးဆိုပုံတွေ... "

သူ့ အသံဝါကြီးဟာ ပတ်ဝန်းကျင်ကိုတောင် လှိုင်းရှိန်ဟပ်သွားတယ်လို့ ထင်ရတယ်။

အရှေ့ဘက်တောင်တန်းမှာ လရောင်ခြည်ဟာ သန်းလာပြန်ပြီ။ ဒါပေမယ့် ပုလည်းလုံး-ပုလည်းပေါက်လို နှင်းစက်တွေကြောင့် လရောင်ဟာ မှိုင်းနေတယ်။ ဒီလိုသဘာဝတွေဟာ စစ်တလင်းရဲ့ ရှုခင်းတွေပါပဲဗျာ။

ကျွန်တော် မီးပုံနားမှာထိုင်ရင်း သာအောင်ကို ကြည့်နေရာက မြလေးနဲ့ စ,တွေ့ပုံကို သတိရသွားတယ်။

သာအောင်လို ရဲဘော်တစ်ယောက်နဲ့ ပတ်သက်ပြီး မြလေးနဲ့ စ,တွေ့ခဲ့ကြရတာကိုး။

ကျွန်တော်ရဲ့ အတိတ်ကဖြင့် ညွတ်နူးစရာ ကောင်းပါပေတယ်ဗျာ။

\+ + +

# နှစ်

အဲဒီတုန်းက မြန်မာပြည်မကြီး ချောက်ထဲသို့ကျရန် လက်နှစ်လုံးမျှလောက်သာ လိုပါတော့သည်ဆိုတဲ့ အချိန်ပေါ့။

ပြည်ထောင်စုအစိုးရကိုလည်း ရန်ကုန်အစိုးရလို့ သမုတ်ခံနေရတဲ့ အချိန်ပိုင်းပဲ။

အဲဒီတုန်းက ကျွန်တော်ကတပ်ရင်း-၅ မှာ၊ အင်းစိန်တိုက်ပွဲကို ဝင်၍ ဆင်နွှဲနေရတယ်။

ဒီနေ့က ဦးစက္ကိန်ကုန်းမှာ ရှိနေတဲ့ ချင်းတပ်တွေဆီ ကိစ္စတစ်ခုနဲ့ ရောက်သွားတဲ့နေ့ပေါ့။

နေရောင်ခြည်တွေဟာ ဦးစက္ကိန်ကုန်း ပတ်ဝန်းကျင်မှာ ပျံ့ကျဲနေတာပဲ။ ကရင်တွေရှိတဲ့ ကျမ်းစာသင် ကျောင်းဘက်ကဆိုရင် မြက်ရိုင်း အရှည်ကြီးတွေဟာ လဟာပြင်ထဲမှာ ပြည့်နေတယ်။ လေက တိုက်လိုက်တိုင်း မြက်ပင်ရှည်ကြီးတွေဟာ အိအိသွားတာပဲ။ မြင်ကွင်း ပြင်ရဲ့ဟိုမှာဘက်မှာ ကရင်တွေရဲ့ လှုပ်ရှားမှုကို မှန်ဘီလူးနဲ့ ကြည့်ရင် မြင်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာ စားချိန်ရောက်တော့၊ ကျွန်တော်တို့ နောက်ပိုင်းမှာ အမျိုးသမီးတွေ ရောက်လာတယ်။ သူတို့က စားစရာ သောက်စရာတွေ ယူလာပြီး စစ်သားတွေကို လာကျွေးကြတာပဲ။ ကျွန်တော် ခပ်လှမ်းလှမ်းကနေပြီး လှုပ်ရှားနေတဲ့ အမျိုးသမီးတစ်စုနဲ့ ပျော်ပျော်ပါးပါး စားသောက်နေတဲ့ ရဲဘော်တွေကို ငေးနေမိတယ်။

စစ်သားဆိုတာ ဒီလိုနဲ့ပဲ ကျေနပ်ရတာပေါ့ဗျာ။ ကျွန်တော် ဝေပုံကျရတဲ့ နို့အေးတစ်ခွက်နဲ့ ဘီစကွတ်မုန့်ကို လက်ထဲကိုင်ပြီး စားရင်း ပီတိဖြစ်နေတယ်။

ဒါပေမယ့် ကျွန်တော်ထိုင်နေတဲ့ ကမူဘေးက မိန်းမသံကြားရတော့၊ ကျွန်တော် မှင်တက်မိသလို ဖြစ်နေတယ်။

ရဲဘော်တစ်ယောက်နဲ့ စကားပြောနေတဲ့အသံပဲ။ သူ့အသံဟာ ကြည်ကြည်လင်လင်နဲ့ ပြတ်ပြတ်သားသား ထွက်လာတယ်။

"ကြည်မောင်ရယ်၊ မင်းက တပ်ထဲရောက်တာတောင် တယူသန်နေတုန်းပဲ"

မိန်းကလေးရဲ့ စကားသံဟာ ထပ်ပြီး ထွက်လာတယ်။

"ငါက တယူသန် မဟုတ်ပါဘူး မြလေးရယ် အကောင်းပြောတာပါ၊ ဒီကောင်တွေ ဒီလိုဖြစ်လိမ့်မယ်ဆိုတာ အစိုးရက အစောကြီး သိထားလျက်နဲ့ ကြိုကြိုတင်တင် ဒီ ကေ-အင်-ဒီ-အို တွေကို နှိမ်လိုက်ရင် ခုလေ ာက်လည်း မီးပွားမှာ မဟုတ်ဘူး။ ကြိုတင်ကာကွယ်ပြီး ဖြစ်မှာပေါ့ ။ ခုတော့ အသက်ရှု ကျပ်စရာကြီး တော်တော်တော့ တိုက်ရဦးမှာပဲ။ မြို့တွေက သူတို့လက်ထဲ တော်တော်ကျနေတာ၊ တို့အဖို့ အရှုံးဖြစ်နေတာပေါ့"





ရဲဘော်အသံကလည်း ခပ်ကျယ်ကျယ်ပဲ လွင့်လာတယ်။

"မင်းက ရှုံးတယ်လို့ ထင်သလား၊ စစ်ရေးအရ လောလောဆယ် ရှုံးတယ်ထင်ရပေမယ့် ဝါဒရေးအရ တို့က အနိုင်ရနေတယ်သိလား"

"ဘာပြောတယ် မြလေး၊ နိုင်နေတယ်"

"အမှန်ပဲ နိုင်နေတယ်၊ တိုက်ပွဲတစ်ခုမှာ နယ်မြေတွေ တစ်ခုပြီး တစ်ခုရတိုင်း နိုင်တယ်၊ နယ်မြေတွေကို စွန့်ရတိုင်းလည်း ရှုံးတယ်လို မဆိုနိုင်ဘူး။ တို့ဟာ နိုင်နေတယ်သိလား၊ ခု အရေးတော်ပုံနဲ့ တော်လက် ပြီး ပတ်ဝန်းကျင်နိုင်ငံတွေရဲ့ ထင်မြင်ချက်တွေက တို့ဟာ ပြည်ထောင်စုမှာ လူနည်းစု ကရင်တွေကို နိုင်လိုမင်းထက်လုပ်လို့သာ ကရင် သောင်းကျန်းမှု ဖြစ်ရတယ်လို့ ယူဆနေတယ်။ ကရင်တွေ ကိုယ်တိုင်ကလည်း ဒီလိုပဲ ဝါဒဖြန့်နေတယ်။

"အဲဒီတော့ စောစောစီးစီးက ဒီကောင်တွေအကြောင်း အစိုးရသိလို့ ချရင် ပတ်ဝန်းကျင်က အစိုးရကိုသာ အပြစ်တင်မှာ၊ ဒီကောင်တွေ ဆိုးတာကို ပတ်ဝန်းကျင်က မသိသေးဘူး။ ငါတို့ပြည်ထဲမှာတောင် ကရင်ကို စောစောစီးစီးနှိမ်ရင် ကျန်တဲ့ ချင်းတွေ၊ ကချင်တွေ ရှမ်းတွေက ဘယ်လိုထင်မလဲ။ ပြည်မအစိုးရဟာ ဒီ ကရင်လူနည်းစုကို ဒါလောက် ရက်ရက်စက်စက်နှိမ်ရင်၊ တစ်နေ့နေ့ တို့အလှည့် ရောက်လာရင် ဒုက္ခပဲလို့ တွေးမှာအမှန်ပဲ။ ခုတော့ အစိုးရက သူတို့အမှားကို အချိန်ယူပြီး ပြလိုက်တယ်။ သူတို့အပေါ်မှာ ဘယ်လောက် လိုက်လျောပါတယ်ဆိုတာ ကမ္ဘာကိုရော၊ ပြည်ထောင်စုတစ်ခုလုံးကိုရော ပြလိုက်တယ်။ သူတို့ကို လက်နက်တွေ ထုတ်ပေးခဲ့တယ်။ တရင်အမျိုးသားတွေကို ကာကွယ်ဖို့ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တည်းသော ရည်ရွယ်ချက်နဲ့ တည်ထောင်ထားပါတယ်ဆိုတဲ့ ကေ-အင်-ဒီ-အို တပ်ဖွဲ့တွေအတွက်ကိုတောင် အစိုးရက လခတွေ ထုတ်ပေးခဲ့တယ်။

"အဲဒါလောက် လိုက်လျောရက်သားနဲ့ သူတို့ သစ္စာဖောက် ဆိုးသွမ်းပြီး ငွေတိုက်တွေဖောက်၊ မြို့တွေကို သိမ်းလာတော့ ဟော ဖတ်ဝန်းကျင်နဲ့ တောင်တန်းသားတွေကိုက ထပြီး အော်လာရတယ်။ "ဒီကောင်တွေ ဒီလောက်ဆိုးဝါးပြီး လူဝါးဝလာတာကို ပြည်ထောင်စုသားတွေအနေနဲ့ သူတို့ ငုံ့ခံမနေနိုင်ဘူး" ဆိုပြီး တောင်တန်းသားတွေဟာ ပြည်ထောင်စုအစိုးရနဲ့ ပူးပေါင်းပြီး သူတို့ကို နှိမ်နင်းလာကြတယ်။

"စောစောကသာ ချမိရင် ဒီလိုအတွေးအခေါ်နဲ့ ဒီလို တောင်တန်းသားတွေရဲ့ ကူညီမှုကို တို့ ရမှာမဟုတ်ဘူး ကြည်မောင်။ နိုင်ငံခြားကလည်း ခြေထိုးကောင်းကောင်းနဲ့ တောင်တန်းသားတွေကို အထင်လွဲအောင်လုပ်မှာ သိရဲ့လား၊ ဒါကြောင့် ခု တို့ဟာ အချိန်ဆွဲပြီး နောက်ကျမှ တိုက်ပေမယ့်၊ တို့ဟာ အနိုင်ရနေတယ်။ ခုချိန်ထိ ခြေကွက်ဟာ မှန်နေသေးတယ်"

မိန်းကလေးရဲ့စကားသံ အဆုံးသတ်သွားရင် ကျွန်တော်ဟာ အငြိမ်မနေနိုင်ဘူး၊ ဒါလောက် စေ့စေ့စပ်စပ် သေသေချာချာ ပြောတတ်တဲ့ မိန်းကလေးကို ကြည့်ချင်လာတယ်။ မတ်တတ်ရပ်ပြီး ကမူဆင်ခြေလျှောကို ကျွန်တော် ဆင်းလိုက်တော့ လက်ခုပ်ပင်ကြီးအောက်မှာ စကားစ မပြတ်သေးတဲ့ မိန်းကလေးနဲ့ ရဲဘော်ကို တွေ့ရတယ်။





သူတို့နှစ်ယောက်လည်း စကားပြောရာမှ မတ်တတ်ရပ်ပြီး မိန်းကလေး အဖော်တွေရှိရာကို လျှောက်သွားတာ ကျွန်တော် တွေ့ရတယ်။ မိန်းကလေးက အသားညိုညို ထောင်ထောင်မောင်းမောင်းနဲ့ ခပ်သွက်သွက် လျှောက်သွားနေတယ်။

ကျွန်တော့်စိတ်ထဲ ဘယ့်နှယ်ဖြစ်မှန်း မသိဘူး။ လာပြီး ကျွေးမွေးကြတဲ့ မိန်းကလေးတွေဟာတော်တော် လှလှပပချောချောလေးတွေပဲ။ ဒါပေမယ့် သူက ဘာထူးခြားနေလည်း မသိဘူး၊ အားလုံးထဲမှာ သတ်သတ်ကြီး ထင်းနေတယ်။ ဝိုင်းပြီး တောက်ပနေတဲ့ သူ့ မျက်လုံးကြီးတွေက ရဲဘော်ကို နှုတ်ဆက်လိုက်တဲ့အချိန်မှာ ကျွန်တော့်အသည်းတွေတောင် နွေးခနဲ ဖြစ်သွားတယ်။ ညှို့မျက်လုံးလည်း မဟုတ်ဘူး၊ ကလက်တာလည်း မဟုတ်ဘူး။ ဒါပေမယ့် သူ့မျက်လုံးမှာ ထိုးထွင်းဉာဏ်နဲ့ သွက်လက်မှုတွေ ပြည့်နေသလိုလို ဘာလိုလိုပဲလေ။

ချိုင့်တွေ ကျင်းတွေနဲ့ မညီညာတဲ့လမ်းပေါ်မှာ သူတို့ မိန်းကလေးတစ်စုရဲ့ မော်တော်ကားကြီး တဂျိုင်းဂျိုင်းနဲ့ ရွေ့လျားပျောက်ကွယ်သွားတဲ့အထိ ကျွန်တော် ငေးနေမိတယ်။

သူတို့မိန်းကလေးတစ်စုဟာ ပျော်ပျော်ရွှင်ရွှင်ပဲ ပြန်သွားကြတယ်။ ကျွန်တော်တို့လူစု ရင်ထဲမှာတော့ ဟာကျန်ရစ်တာပေါ့လေ။

ကြည်မောင် ကမူဘက်လျှောက်လာတော့ ကျွန်တော် လှမ်းခေါ်လိုက်တယ်။

"သူက မင်းအသိလားကွ"

"ကျွန်တော်နဲ့ အင်းစိန်မှာ ကျောင်းနေဘက်ပေါ့၊ အခုတော့ သူ အင်းစိန်အစိုးရကျောင်းမှာ ဆရာမ လုပ်နေတယ်၊ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



အင်းစိန် လှုပ်လှုပ်ရှားရှားဖြစ်ကတည်းက ရန်ကုန်ထဲ ပြောင်းနေကြ တယ်။ ဗိုလ်ကြီးက သိချင်လို့လား ”

ကျွန်တော့် စိတ်ထဲမှာ မိန်းကလေးအပေါ် စိတ်ဝင်စားမှု အတွက် ရှက်မိသွားတယ်။ ပြီးတော့ ဣန္ဒြေကိုဆယ်ပြီး-

“စကားပြောကောင်းလို့ မေးကြည့်တာပါကွာ” လို့ပဲ ဖြေလိုက် ရတယ်။

“ကျွန်တော်တို့ ခဝဲခြံကနေ ကြည့်ရင်တောင် သူတို့အိမ်ကို ပျပျမြင်ရတယ်။ အင်းစိန်နဲ့ ရန်ကုန်လမ်းပေါ်မှာပဲ။ အင်းစိန်ဘက် ကို သူတို့အိမ်က ပိုပြီးနီးတယ် ဗိုလ်ကြီး”

ကြည်မောင်လည်း ကျွန်တော် မတုန်မလှုပ်နေတော့ အသာပဲ လှည့်ထွက်သွားတယ်။

ကျွန်တော့်အဖို့မှာ ရုပ်ရေမချောတာထက် ဘဝဟာ မိဘမရှိ အိုးအိမ်မရှိဘဲ အထီးကျန်ဘဝနဲ့ နေရလွန်းလို့ မိန်းမတွေဘာတွေ ယူချင်စိတ်တောင် ကုန်သလို ဖြစ်နေတယ်။ မိန်းကလေးအကြောင်း များ စပ်စုခဲ့ပါတယ်ဗျာ၊ အဲဒီတုန်းက ကျွန်တော် အများဆုံး စပ်စု လိုက်တာပါပဲ။

တပ်ကို ပြန်ရောက်တော့ အမျိုးသမီးတွေလာရင် ကျွန်တော်ရဲ့ မြလေးများ ပါလာမလားလို့ ကြည့်ရသေးတယ်၊ သူ့ကိုတော့ မတွေ့ ရတော့ဘူး။

ဒီလိုနဲ့ နောက်ဆုံးတော့ ၂၂. ၅. ၄၉ နေ့မှာ အင်းစိန်တိုက်ပွဲ ကို ကျွန်တော်တို့ အနိုင်ရလိုက်တယ်။ အင်းစိန်တိုက်ပွဲ ပြီးတယ်ဆို ကျွန်တော်တို့ ရန်ကုန်မှာ ခဏ နားနေရသေးတယ်။ ရန်ကုန်မှာ နားနေရင်း ကျွန်တော် မကျန်းမမာ ဖြစ်လာတယ်။

ပြုံးစာပေ



နွေဦးတုတော့ ကုန်ခဲ့ပြီ၊ မိုးဖွဲလေးတွေဟာ ကျစပြုလာကြတယ်။ ကျွန်တော် တိုက်ခဲ့တဲ့ အင်းစိန်တစ်ဝိုက်မှာ ခုလောက်ဆို စပါးတွေ စပြီး စိုက်ကြပြီလားမသိဘူး။

ဥယျာဉ်ထဲက အခင်းတွေထဲမှာတော့ ချဉ်ပေါင်နဲ့ မိုးဦး သစ်သီး ဝလံတွေ စိုက်ကြတော့မှာပဲ။

တစ်နေ့တော့ တပ်ရင်းမှူးက ကျွန်တော်ကို ခေါ်ပြောတယ်။ တပ်ရင်း-၅ မော်လမြိုင်ကို ပြောင်းရတော့မယ်တဲ့။ ကျွန်တော့်ကို ကျန်းမာရေးအတွက် ခွင့်ပေးထားပါမယ်တဲ့။ ရန်ကုန်မှာ အနား ယူရင်း နေရစ်နိုင်တယ်တဲ့။

ကျွန်တော့်မှာ ဝမ်းသာတာနဲ့အမျှ တော်တော်လည်း ဝမ်းနည်း သွားတယ်။

ကျွန်တော် ဘယ်မှာ အနားယူရမလဲ၊ အနားယူစရာ အိမ် မရှိဘူး။ စစ်တပ်ထဲမရောက်ခင် ကျွန်တော် ကောလိပ်မှာနေတုန်း ကလည်း ကျောင်းခန်းမှာနေခဲ့တာ။ ခုမှ အနားယူစရာအိမ်ဆိုတာ ဟာ ဘယ်လောက်လိုသလဲဆိုတာ ကျွန်တော် နားလည်လာတယ်။

အိပ်ရာပေါ် ပက်လက်လှန်ရင်း ငယ်ငယ်က နေမကောင်းရင် မေမေ့ပေါင်ပေါ် ခေါင်းတင်မှိန်းခဲ့တာတွေ၊ မန်ကျည်းသီး စားချင် လို့ ပူဆာ၊ ရေချိုးလို့ ငိုရတာတွေ သတိရလာလိုက်တာ တသီကြီး ပဲ။ အညာမှာနေတုန်းက မေမေနဲ့ ဖေဖေဟာ ကျွန်တော့်ကျန်းမာ ရေးအတွက် ဂရုစိုက်ခဲ့၊ ယုယခဲ့ပုံတွေ။ အိုလေ၊ ကျွန်တော်ရဲ့ကမ္ဘာ ဖြစ်ခဲ့တဲ့ မေမေ့ရဲ့ရင်ခွင်ကို လွမ်းလိုက်တာဗျာ လွန်ပါရော။

ဖေဖေနဲ့ မေမေဟာ တမလွန်ဘဝကနေပြီး ပျံ့ကျဖြစ်နေတဲ့ သူတို့သား ဘဝကို သိများသိရင် ရင်ကျိုးကြမှာပဲဗျာ။

ပြုံးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ငှက်ထက်တောင် ဆိုးလိုက်သေးတယ်။ လောကကြီးကပဲ အဆင်ပြေနိုင်မလား၊ ကျွန်တော်ကပဲ ပေးနိုင်မလားဆိုတာ အစွမ်းပြိုင်ခဲ့တဲ့ အကောင်ပေါ့။

ဟား ဟား ပရိသတ်ကတော့ ကျုပ်ကို ရှူးတယ်များ ထင်မလား မသိဘူး၊ ကောလိပ်မှာဆက်ပြီး တေပေနေဦးမလို့ပဲ။

ဒါပေမယ့် ပြည်ထောင်စုမှာ အပူလုံးဆို့နေတဲ့ ပြည်သူလူထုကနေပြီး ရော့လက်နက်၊ ရော့စစ်ဝတ် ဆိုပြီး စစ်ဘောင်မှာ ပဗ္ဗဇ္ဇိတအဖြစ် ရေစက်သွန်းချပြီး ဆိုင်းမပါ ဝိုင်းမပါ သွတ်သွင်းလိုက်ပါတယ်။

အဲဒီအချိန်ကစပြီး လူထုကမွေးထုတ်လိုက်တဲ့ စစ်သားဘဝ ရောက်နေတာပေါ့။

ခုတော့ဖြင့် လူထုကြီးရဲ့ မီးစဉ်ကို ကြည့်ကနေရတာပဲ။ ဒါပေလည်း လူထုက မွေးထုတ်လိုက်တဲ့ စစ်သား ပီသမှာပဲ။

ဒါပေမယ့် ဟိုတုန်းကပေတေခဲ့တာတွေဟာ ခုတော့ ခံနေရပြီး ဝမ်းနည်းနေရပြီ မဟုတ်ပါလားဗျာ။

ကျွန်တော် ခိုဝင်နားနေဖို့ ဘယ်မှာကဲ အိမ်။

ကျွန်တော့်ကို စေတနာသန့်ရှင်းစွာနဲ့ မေမေ့လို လက်ခံယုံပိုက်ထွေးမယ့် ရင်ခွင်။

အို အားလုံးပဲ လိုလာပါပြီဗျာ။

မေမေကတော့ တစ်သက်မှာ ကျွန်တော် ဘယ်လိုပဲ ပေတေနေနေ၊ တတ်နိုင်လို့ အဆုံးအဆမရှိတဲ့ လေဟာပြင်မှာ ကမ္ဘာစွန်းရောက်အောင် မိုးစွေ့ငှက်လို ပျံသွားဦးမလား။





မေမေကတော့ဖြင့် ပန်းမွေ့ရာလို ညက်ညောတဲ့ သူ့ရင်ခွင်ကို အသင့်ဖြင့်ပြီး သားပြန်ချိန်ကို စောင့်နေဦးမှာပဲ။

တစ်သက်မှာ ဘာတွေပဲလုပ်နေနေ အစဉ်ခွင့်လွှတ်နေကြမယ့် ဖေဖေနဲ့ မေမေကတော့ မရှိရှာကြတော့ဘူး။

ဟိုတုန်းကတော့ ကျွန်တော်ဆိုတဲ့အကောင်က သူတို့အချစ်တွေကို လေးစားရမှန်း မသိခဲ့ဘူး။ ရာဘင်ဒြာနသ်တဂိုး ရေးတဲ့ "Today I gain you truly" ဆိုတဲ့ ကဗျာလိုပဲ လွန်ခဲ့ပြီးမှ ဂုဏ်ကျေးဇူးတွေကို သတိရတဲ့ကျွန်တော်ဟာ ကျွန်တော်ရဲ့ မိုက်မဲမှုကို သူတို့ချသွားတဲ့ ခြေရာက ဖုံမှုန့်ကို နမ်းပြီးတော့ တောင်းပန်ဝန်ချရမှာပဲ။

အဲ့သောက်နေကျ ဆေးခွက်ကိုတောင် ပျင်းပျင်းရိရိ သောက်နေမိတယ်။

စိတ်များဟာ တွေးချင်ရာ တွေးနေလိုက်တာ ကြည်မောင်ဝင်လာတာတောင် မမြင်မိဘူး။

"ဗိုလ်ကြီး ခွင့်ရမယ်ကြားတယ်၊ ဘယ်မှာ နေရစ်ခဲ့မလဲ"

ကြည်မောင့်မေးခွန်းကို ပထမတော့ ကျွန်တော် ဒေါသထွက်လိုက်မိတယ်။ နောက်မှ သူ့စေတနာကို ကျွန်တော် လေးစားမိတယ်။

"ဘယ်မှာနားရမယ်လို့ မသိပါဘူး ကြည်မောင်ရယ်"

သူ့ပခုံးကို ကျွန်တော် လှမ်းဖက်ရင်း ပြတင်းဘက်ကို ကြည့်နေမိတယ်။

တံစက်မြိတ်က ငွေရောင် ရေစက်ကလေးတွေဟာ တစ်စက်တစ်စက် ကျနေတယ်။ အပြင်မှာ မိုးဖွဲဖွဲရွာနေတယ် ထင်ပါရဲ့ဗျာ



www.burmeseclassic.com

www.burmeseclassic.com



ကြည်မောင်က ခုတင်ခြေရင်းမှာ ဝင်ထိုင်ရင်း ကျွန်တော့်ကို ကြည့်နေတယ်။

"ဗိုလ်ကြီး ထူထူဝတ်ပြီး ကျွန်တော်နဲ့ လိုက်ခဲ့ပါလား၊ မြလေးတို့အိမ် သွားလည်ရအောင်"

"ဟင်"

ကျွန်တော့်ရင်ထဲမှာ တကယ်ပဲ လှုပ်ရှားသွားတယ်။ မြလေး တကယ့်ကို စိမ်းစိုပြီး အရည်တဖိတ်ဖိတ် တောက်နေတဲ့ မြရတနာဟာ ကျွန်တော့်အသည်းထဲမှာ ဝင်သွားသလိုပဲ။

"သူတို့က ငါ့ကို သိပါ့မလား"

"ကျွန်တော်ကဖြင့် ဗိုလ်ကြီးအကြောင်း ရွှန်းရွှန်းဝေနေအောင်ပဲ ပြောတာ။ သူတို့အိမ်သားအားလုံး ဗိုလ်ကြီးအကြောင်း တစ်ဝက်တော့ သိနေကြပြီ။ ခု သူတို့လည်း အင်းစိန်ကို ပြန်ပြောင်းကြပြီ"

"အေးကွာ စိတ်ပြေလက်ပျောက်တော့ လိုက်ခဲ့ဦးမယ်၊ ကိုယ်က ရောဂါရယ်လို့တော့ မရှိဘူး၊ ဒါပေမယ့် အနားများများယူရမတဲ့"

ကျွန်တော်ဝတ်ဖို့ ဆွယ်တာနဲ့ ဘလေဇာကို ကြည်မောင်က ထုတ်လာတယ်။

ကျွန်တော်တို့နှစ်ယောက် အင်းစိန်ဘက်ကို ကားနဲ့ ထွက်လာခဲ့တယ်။

\+ + +





ကျွန်တော်တို့ အိမ်ဝရောက်ရင်ပဲ မြလေးဟာ ထွက်လာတယ်။

မျက်နှာထားကတော့ ပြုံးပြုံးကြီးပဲ၊ ဝင်းတံခါးကိုဖွင့်ရင်း သူ့ပင်ကိုယ်ပွင့်ပွင့်လင်းလင်း အသံနဲ့ပဲ

"ကြည်မောင်ရေ စပယ်တွေ ပွင့်လိုက်တာဟယ် ဖွေးနေတာပဲ"တဲ့။

ပြီးတော့ ကျွန်တော်တို့ရှေ့မှာ သူက လျှောက်သွားရင်း ကျွန်တော့်ဘက်လှည့်ပြီး ပြုံးပြတယ်။

ဟုတ်ပါတယ်ဗျာ၊ စပယ်ပွင့်တွေဟာ မြေနီလမ်းဘေးမှာ ဖွေးနေတာပဲ။ ပွင့်လိုက်တာ တစ်ခြံလုံးဟာဖြင့် စပယ်နံ့ဟာ သင်းနေတာပဲ။ တစ်ဧကလောက်ကျယ်မယ့် ခြံမြေအလယ်မှာ သစ်သားအိမ်လေးဟာ ခပ်သေးသေးပဲ။ ခေါင်းရင်းဘက်မှာတော့ မြေကို အကန့်လုပ်ပြီး မော်လမြိုင်ပန်းရောင်စုံနှင့် စပယ်တွေ နှင်းဆီတွေ စိုက်ထားတယ်။

ခြေရင်းဘက်မှာတော့ ချဉ်ပေါင်နဲ့ ရုံးပတီကို အတန်းလိုက် စိုက်ထားလိုက်တာ မြိုင်နေတာပဲ။

အိမ်ထဲရောက်ရင်ပဲ မြလေးအဖေထင်ပါရဲ့ ထွက်လာတယ်။

မြလေးရဲ့အမေက-

သူတို့ခြံမြေလေး ပြန်ရလို့ တပ်မတော်နဲ့ အစိုးရကို ကျေးဇူးတင်တဲ့အကြောင်း၊ အိမ်ကိုသာ နည်းနည်းပျက်စီးသွားလို့ ပြင်ရတဲ့ အကြောင်းတွေကို စီကာပတ်ကုံး အေးအေးနဲ့ နွဲ့နွဲ့လေး ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဘွားကြီးရဲ့ရုပ်ရေက သိမ်သိမ်မွေ့မွေ့ ရှိပုံရတယ်။ စကား ပြောပုံတော့ မအေနဲ့သမီး တချိုးတည်းပဲ။

**ခဏကြာရင်ပဲ မြလေးဟာ ဆန်မှုန့်ရေကို ဆီနဲ့ကြော်ထားတဲ့ (မုန့်စလင်းတောင်လိုလို) ဒါပေမယ့် ဖြူနေတဲ့ မုန့်ကြော်မှာ သကြား တွေဖြူးလို့ ကော်ဖီနဲ့ ကျွန်တော်စားဖို့ ယူလာတယ်။ သူ အနားမှာ ထိုင်နေတဲ့ အချိန်ပိုင်းကလေးဟာ ရင်ထဲမှာ ပျော်သလိုလိုနဲ့ တစ်မျိုး ပဲ ဖြစ်နေတော့တယ်။**

သူတို့အိမ်သားတွေ စကားပြောပုံက ကျွန်တော်တို့အရင်က သိထားသလိုပဲ။ ဖော်ဖော်ရွေရွေ စကားပြောကြတယ်။ ကျွန်တော် က မြလေးဘက်ကို လှည့်ပြီး ပြတင်းပေါက် အပြင်ဘက်က မော်လမြိုင်ပန်းတွေကို ကြည့်ရတာ အမောပဲ။ ပန်းပွင့်ရောင်စုံ တွေဟာလည်း နွဲ့နွဲ့ကြီး လေထဲမှာ ယိမ်းနေလိုက်ကြတာ အတော့်ကို လှတာပဲ။ မြလေးရဲ့မျက်နှာဟာ ပန်းပွင့်တွေကို နောက်ခံထားသလို ဖြစ်နေတာပေါ့။

ဒီတုန်းက ကြည်မောင်နဲ့ အဘိုးကြီး၊ အဘွားကြီးတွေ စကား ပြောသမျှ ကျွန်တော်နဲ့ မြလေးက အင်းလိုက်နေတာပဲ။ ကြည်မောင် ဆိုတဲ့အကောင် စကားပြော ကောင်းတာကတော့ မကြာခင်ပဲ အဘိုးကြီးနဲ့ အဘွားကြီးက ကျွန်တော့်ကို သူတို့အိမ်မှာပဲ အနားယူဖို့ ပြောကြတဲ့အဖြစ် ရောက်တာပါပဲ။ ကျွန်တော့်မှာတော့ ဓာတ်ကြိုက် နဲ့နတ်တိုက် တွေ့သွားတာပေါ့လေ။

ဘယ်သူဟာ ဒီလိုအိမ်မျိုးမှာ မနေချင်ဘဲ ရှိမလဲ။ ပတ်ဝန်းကျင် ကလည်း အေးချမ်းတယ်၊ မြက်ခင်းကလေးတွေကလည်း သာယာ တယ်။ ပြောကြတဲ့ စကားလုံးတွေကလည်း ညင်သာကြတယ်။





အဘိုးကြီးများဆို စကားပြောရင် ပြုံးပြုံးပြုံးပြုံးနဲ့ အေးအေး လေး ပြောတတ်တယ်။

သူတို့ကျေးဇူးတွေ တွေးမိတိုင်း မမေ့ပါဘူး။ ဘဝမှာ ပတ်ကြမ်း တိုက်လာရသမျှ ဒီလို နားစရာ ရတာကိုပဲ ကျေးဇူးတင်မဆုံးပါဘူး။

သူတို့အိမ်ရောက်လို့ တစ်ပတ်လောက်ကြာရင်ပဲ ကျွန်တော်ဟာ အိမ်သားတစ်ယောက်လို ဖြစ်သွားတာပါပဲ။

အဘွားကြီးက အင်္ကျီကော်လာပြုတာတွေ၊ အနားစုတ်နေတာ တွေကို သပ်သပ်ရပ်ရပ် ချုပ်ပေးတယ်။

ဘားလိုင်းတစ်လိုင်းတည်းရတဲ့ ကျွန်တော်ကလည်း ဘားတပ် တဲ့ အပေါက်လေးနှစ်ခုကိုတောင် ကတ်ကျေးနဲ့ ဖောက်ထားတာကိုး။ သူတို့ အိမ်ရောက်မှပဲ အဘွားက သပ်သပ်ရပ်ရပ် အပ်ချည်ကြိုးနဲ့ နှုတ်ခမ်းသတ်ပေးတယ်။

မြလေးက ကျောင်းကပြန်လာတယ်ဆို ကျွန်တော့် ခြေအိတ် အပေါက်ကလေးတွေကို သိုးမွေးချည်နဲ့ ဖာပေးတယ်။ ကျောင်း အားတဲ့နေ့ဆို မနက်စောစောထပြီး အိမ်ရှေ့က လမ်းမကြီးပေါ် လမ်းလျှောက်ခဲ့ရတာများ ပျော်စရာပဲ။

လမ်းလျှောက်ရာကပြန်ရင် မြလေးတစ်ယောက် မီးဖိုချောင် ဝင်တော့တာပဲ။ ခြံထွက်နွားက နို့နဲ့ ကြက်ဥ ကျိုပြီးသားကို မနက်စာမှ ရောစားရတာကလည်း အရသာတစ်မျိုးပဲ။ မနက်စော စော စားပွဲမှာ အိမ်သားတွေဝိုင်းပြီး အငွေ့တထောင်းထောင်းနဲ့ ကော်ဖီသောက်ရတာကိုက ပျော်စရာပဲ။ "အိမ်"ဆိုတာ ဒါပဲ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကျန်းမာရေးအတွက် အားလုံး ဂရုစိုက်ကြတယ်။ မြလေးဟာ အပြင်မှာ ဖျတ်လတ်သွက်လက်သလောက်၊ ကျွန်တော့် အိပ်ခန်းထဲ ဝင်လာရင် ဖြည်းဖြည်းလေး သွားလာတတ်တာကိုက သူနာပြုဆရာမ,ပုံ ဖမ်းနေတာပဲ။ ကျွန်တော်ဖြင့် ကျွန်တော့်ရောဂါ တို့ မေ့သွားတယ်။ ကျွန်တော် ကိုယ်ကိုလည်း "တစိမ်း"ဆိုတဲ့ ဘဝကို မေ့သွားတော့တာပဲ။ တစ်ခါတစ်ခါ အိပ်ရာထဲမှာ ကိုယ့်ဘဝအမှန် ကို တွေးမိတော့ ဝမ်းနည်းသား။

ဒီအိမ်သားတစ်ယောက်များ ဖြစ်ရရင် ကောင်းမှာပဲ ဆိုတဲ့ အတွေးဟာလည်း အမြဲပေါ်နေတာပဲ။

မိုးတွင်းဆိုတော့ ခြံထဲမှာ စပယ်တွေ လှိုင်နေတာပေါ့။ ညနေ ဘက်ရောက်ရင် မြလေးဟာ စပယ်ရုံဘေးက ခုံတန်းမှာ ပန်းပွင့် တွေသီနေတယ်။ သူ့ဘေးမှာထိုင်ပြီး တစ်ပွင့်ပြီးတစ်ပွင့် ကောက်ပြီး ရွရွလေး သီတတ်တဲ့ သူ့လက်ကလေးကို ကြည့်နေရတာကိုက ပျော်စရာပဲ။ အဲဒီအချိန်ဆို စပယ်နံ့ဟာ နှစ်ယောက်စလုံးရဲ့ အနား မှာ သင်းနေတာပဲ။

ချစ်ပင်ပျိုးပြီးကြတဲ့ နောက်ပိုင်းမှာတော့ဖြင့် မပြောနဲ့တော့ ပျော်လို့ပဲ မဆုံးနိုင်ဘူး၊ ညဉ့်ဘက် ဇီဇဝါရုံဘေးမှာများ ပန်းတွေ တစ်ပွေ့ကြီး ခူးပေးရတာတွေ။

မိုးရေစက်ကလေးတွေတင်နေတဲ့ သစ်ရွက်ဟာ လရောင်နဲ့ တလက်လက်တောက်နေတုန်း သူ့ကို ရင်ခွင်ထဲ ပွေ့ထားခဲ့တာတွေ အားလုံးလည်း ပေါ်လာတော့တယ်။

သူတို့ စေတနာတွေကိုလည်း ကျွန်တော် ချီးကျူးပါတယ်။

ပြီးစါပေ



ဘုရားစူးရပါစေ့၊ တစ်လိုင်းမှ တစ်လိုင်းတည်းဆိုတာလို ရာထူးက လည်း မက်စရာမရှိ၊ ငွေဆိုတာကလည်း ဗလာ၊ ဆွေဂုဏ်၊ မျိုးဂုဏ် ဆိုတာလည်း နတ္ထိ ဖြစ်နေတဲ့ ကျွန်တော့်လိုအကောင်အပေါ်မှာ စေတနာသန့်သန့်နဲ့ ပြုစုကြတာကို ကျွန်တော် မမေ့ပါဘူး။

နောက်ပိုင်းမှာ မြလေးနဲ့ ကျွန်တော် ချစ်မိသွားကြတော့ဖြင့် ကျွန်တော်ဟာ ဒီအိမ်သားဖြစ်ရဖို့ သေချာသွားပြီ။ မိန်းမ ယူရမေ မယ့် ဒီလိုအိမ်ထောင်ထဲမှာ သွားပြီး ပူးပေါင်းရတာဟာ ကံကောင်း ခြင်း တစ်မျိုးပဲ။

နို့မို့ရင် ထွေလာကေလာတွေရှုပ်တတ်တဲ့ အိမ်မျိုးဆို ကျွန်တော် တလည်း မရောတတ်ဘူး။

နောက်ပိုင်း ပြန်ရမယ့်အချိန် နီးလာလေဆလ ရက်တွေကလည်း ပျော်စရာ ဖြစ်လာလေလေပဲ။

မိုးတွင်းညနေမှာ မိုးသားထဲက ထွက်လာတဲ့ နေခြည်ထဲမှာ မြလေးနဲ့အတူ လမ်းလျှောက်ခဲ့တာတွေကိုဖြင့် တွေးမိတိုင်း ကြည်နူး ရပါပဲ။ ကဲ အတိတ်ကဖြင့် ညွတ်နူးစရာ မကောင်းဘူးလားဗျာ။

\+ \+ \+

ပြီးစါပေ

www.burmeseclassic.com

www.burmeseclassic.com

# သုံး

မြလေးနဲ့ စတွေ့တဲ့အချိန်ပိုင်းကို ကျွန်တော့်မှာ ပြန်တွေးရင်း ပီတိဖြစ်နေလိုက်တာ သာအောင် ဘေးတရယ်မှပဲ အခုဟာ အင်းစိန်မဟုတ်ဘူး၊ ကွတ်ခိုင်ကွ၊ ကွတ်ခိုင်လို့ သတိထားလိုက်ရတယ်။

"ဗိုလ်ကြီး မျက်လုံးစုံမှိတ်ပြီး ဘာများ တွေးပြုံးနေတာလဲ"

"ကျွန်တော်လည်း သတိရပြီး ထထိုင်လိုက်မိတယ်။ သာအောင်လည်း မအိပ်သေးဘူး။ ခေါင်းရင်းက နာရီဟာလည်း ၁၁-နာရီထိုးနေပြီ။

တဲပြတင်းပေါက်ကနေပြီး အပြင်ကို ကြည့်မိတယ်။ နှင်းထုဟာ ပိတ်ပြီး မှိုင်းနေတာပဲ။ လရောင်ထဲမှာဖြင့် နှင်းဖတ်တွေဟာ လွင့်နေတော့တယ်။

"သာအောင် အိပ်တော့လေကွာ၊ ငါလည်းအိပ်မယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး။ နက်ဖြန် ကျွန်တော်တို့ တပ်ခွဲ နားနေတုန်း သိန္နီသွားပြီး ရေပူစမ်းမှာ ရေသွားချိုးရအောင် ဗိုလ်ကြီးခွင့်ပြုရင် သွားချင်တယ်"

ပြုံးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေးဟေ့ ဟုတ်သားပဲ ငါလည်း လိုက်မယ်ကွာ၊ မင်းကောင်တွေ ပြောသလိုက်ဟေ့"

လူသူနှင့် ဝေးရုံမက ထိုမျှဆိုးဝါးသော ရာသီဥတုဒဏ်ကို ခံနေရသော အချိန်ပိုင်းမှာ ရဲဘော်တွေထက် သနားစရာကောင်းတဲ့သူဟာ ရှိတော့ဘူးလို့ ကျွန်တော် ထင်မိတယ်ဗျာ။

သူတို့ စိတ်ဓာတ်မပျက်အောင် ကစားနည်းမျိုးစုံနဲ့ စိတ်ဖြေနေရတာပဲ။ ခုတစ်ပတ်တော့ ရေပူစမ်းသွားရရင် တော်တော် ပျော်စရာကောင်းမှာပဲ။

ကျွန်တော် အိပ်ရာထဲကွေးရင်း ကျွန်တော့် ချစ်ဇနီးဟာလည်း ဘယ်လိုဖြစ်ပြီး ဖောက်ပြန်ပြောင်းလဲရပါလိမ့်လို့ တွေးနေရင်းပဲ အိပ်ပျော်သွားတယ်။"

\+ + +

မနက်မှာ နှင်းမကွဲခင်ပဲ သိန္နီဘက်ကို ထွက်လာခဲ့ကြတယ်။ သိန္နီဟိုဘက် နည်းနည်းတိုးသွားရင် ရေပူစမ်းကို ရောက်တာပဲ။

ရေပူစမ်းဟာ ဂျပန်တွေ ပြင်သွားလို့ တော်တော်လေး သပ်ရပ်တယ်။ ဘေးမှာလည်း သစ်ပင်တွေဟာ အရိပ်တော်တော်ကောင်းတယ်။ သီဇင်နံ့၊ ထင်းရှူးနံ့ဟာ လေထဲမှာ ရောနေတာပဲ။

ရေပူစမ်းဟာ တခြားစမ်းတွေလို ကန့် သိပ်မပါတော့ နံလည်း မနံဘူး၊ တော်တော်လေး ကြည်လင်တယ်။

ချိုးရတာဟာ ဆောင်းတွင်း မနက်ဆိုတော့ ရေကနွေးနွေးနဲ့ တော်တော်ဇိမ်ကျတာပဲ၊ ရေချိုးပြီး သစ်ပင်ရိပ်မှာ ထမင်းစားကြ





ရင်း ရဲဘော်တွေဟာ တစ်ယောက်တစ်ပေါက် ပြောချင်ရာ ပြောနေကြတာပဲ။

ရဲဘော်တွေကြည့်နေရင်း ကျွန်တော့်ရဲ့ ဖူးစာကံကို ဖန်တီးခဲ့တဲ့ ရဲဘော်ကြည်မောင်ကို သွားပြီး သတိရလာပြန်တယ်။

ကောင်လေး မရှိရှာတော့ဘူးခင်ဗျာ၊ ကျွန်တော်က တပ်ရင်း-၁ ကို မပြောင်းခင် တပ်ရင်း-၅ မှာတုန်းက သထုံ ဇာသပြင်တိုက်ပွဲမှာ ကျဆုံးသွားရှာတယ်။

အခု ပျော်ပျော်ပါးပါးမြင်နေရတဲ့ ကျွန်တော့် ရဲဘော်အားလုံး ဘေးကင်းပါစေ၊ အသက်ရှည်ပါစေလို့ စိတ်ထဲက ဆုတောင်းမိတယ်။

ကြည်မောင်ကျဆုံးရပုံဟာ အသည်းနာစရာ ကောင်းလိုက်တာ။

\+ + +

အဲဒီတုန်းက သထုံတစ်ဝိုက်မှာ ကရင်နဲ့ မွန် သောင်းကျန်းသူတွေဟာ ပူးပေါင်းပြီး တော်တော်ထကြွတဲ့အချိန်ပဲ။

ကျွန်တော့်တပ်စုကလည်း ဒီဘက်မှာတိုက်ဖို့ တာဝန်ကျတယ်။

သောင်းကျန်းသူတွေဟာ ကျွန်တော်တို့ စခန်းကို ညဘက်ဝင်စီးဖို့ အစီအစဉ်လုပ်ထားတယ်ဆိုတာ ကြိုတင်သတင်းရထားပြီးသားပဲ။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ မြေမြှုပ်ဗုံးတွေချပြီး ကျွန်တော်တို့ဟာ သတိနဲ့နေကြတယ်။

ညဘက်ကို ရောက်လာတယ်ဆို ကျွန်တော်တို့ အသင့်ပြင်ထားကြတာပဲ။

ဒီညဟာ လသာတော့ ရန်သူဟာ လဝင်ချိန်လောက်မှာမှ ကျွန်တော်တို့ကို ဝင်စီးမလား မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်တို့** တပ်ခွဲတစ်ခုလုံး ရန်သူ့အရိပ်အခြေကို အကဲခတ်နေကြတာပဲ။

**တောင်းကင်ပြာမှ** လဝန်းဟာလည်း တရိပ်ရိပ် ရွေ့လျားနေတယ်။

ညဥ့်လေကလည်း အေးစိမ့်စိမ့်နဲ့ ဖြည်းဖြည်း တိုက်နေတယ်။ ညငှက်လေးတွေရဲ့ အော်သံဟာ ဒီနေရာသာ စစ်မြေပြင်တစ်ခု မဖြစ်ခဲ့ရင် အင်မတန် နှစ်သိမ့်ကြည်နူးစရာ ကောင်းအောင်ကို သာယာမယ့်နေရာပေါ့။

ခုတော့ ကဗျာမဆန်ဘဲ သတိကို အမြဲ ထားနေရတာပဲ။ ဒါပေမယ့် ကျွန်တော်ဟာ သစ်ပင်တန်းပေါ်ကို မြင့်တက်လာတဲ့ လဝန်းကို ငေးနေတုန်း လဝန်းရိပ်မှာ အရိပ်တစ်ခုဟု ထင်လာတယ်။

လဝန်းကို နောက်ခံထားပြီး ထင်းထင်းကြီးပေါ်လာတဲ့ စစ်သားရိပ်ဟာ ကျွန်တော်ရဲ့ တစ်သက်တာ မမေ့နိုင်တဲ့ ပန်းချီကားချပ်ကြီးပဲ။

ဒါပေမယ့် "ဒိန်း"ဆို ပေါ်လာတဲ့ သေနတ်သံနဲ့အတူ မြင်ရတဲ့ စစ်သားရဲ့ပုံဟာ လဲကျသွားတယ်။ တိုက်ပွဲဟာ စလာပါပြီ။

နောစောကမြင်ရတဲ့ ကြည်နူးစရာ မြင်ကွင်းတွေဟာ ဘာမှ မရှိတော့ပါဘူး။ ကျွန်တော်တို့ ချထားတဲ့ မြေမြှုပ်ဗုံးတွေကလည်း ပေါက်ကွဲထွက်ကုန်တော့ တဒိန်းဒိန်းနဲ့ အသံတွေဟာ ပွဲတင်ထပ်နေတာပဲ။ ရန်သူတွေဟာ အတုံးအရုံး ကျဆုံးပြီး မကြာခင်ပဲ ဆုတ်ခွာသွားကြတယ်။ သူတို့အင်အား ၃၀၀ လောက်မှာ ငါးဆယ် လောက်ကျသွားတယ်။

ပြီးစာပေ



အရုဏ်လင်းမှာ ရောင်ခြည်သန်းလာရင်ပဲ ရန်သူတွေလည်း ကင်းရှင်းသွားတော့ ကျွန်တော်လည်း တပ်ခွဲတစ်ခုလုံးကို လိုက်စစ်ရတယ်။

ညဥ့်လယ်က လဝန်းမှာ အရိပ်ထင်ရင်း လည်းသွားတဲ့ စစ်သားဟာ ကျွန်တော့်ရဲဘော် ကြည်မောင်ပါပဲဗျာ။

ကျွန်တော် သူ့ကို ပွေ့ထားရင်း သူ့နဖူးကို သပ်ပေးမိတယ်။

"ဗိုလ်ကြီး ညက ကျွန်တော်ဟာ ကင်းစောင့်ရင်း သဘာဝမှာ စိတ်ဝင်စားပြီး ကြည်နူးမိတယ်။ လကလည်း သာလိုက်တာ ပတ်ဝန်းကျင်ကလည်း လှလွန်းလို့ ကျွန်တော် လရောင်ဘက်ကို ထွက်လိုက်မိတာ ရန်သူ့လက်ချက် ဉီးသွားတာပဲ၊ ဗိုလ်ကြီး ကျွန်တော့်ကို ခွင့်လွှတ်ပါနော်" တဲ့။

အမှန်တော့ ရဲဘော်ဟာ စစ်ဗိုလ်အဖို့ **သားကောင်းတစ်ယောက်ပဲ**။ ကျွန်တော့်မှာ သူ့ဒဏ်ရာကို **ကြည့်ပြီး** ရင်ထဲမှာ မသက်သာလိုက်တာ၊ သူ့ကို ဆေးထည့်ဖို့ ရဲဘော်တွေကို ပြင်ဆင်ခိုင်းရတယ်။

ဒါပေမယ့် သတုံကို ခေါ်သွားရင်ပဲ ကျွန်တော်ရဲ့ သားချစ်ကြီး ရဲဘော်ကြည်မောင်ဟာ လမ်းတွင်ပဲ ဆုံးသွားပါတယ်။

စစ်သားများဟာ သဘာဝရဲ့ အလှအပကိုတောင် လွတ်လွတ်လပ်လပ် မခံစားရပါလားဗျာ-

ကျွန်တော်သာ သိကြားမင်း ဖြစ်လိုက်ချင်တယ်။ လဝန်းမှာ ယုန်ရုပ်ရေးခဲ့တဲ့ သိကြားမင်းလို ကျွန်တော်သာစွမ်းခဲ့ရင် ကျွန်တော့် ရဲဘော်ရဲ့ပုံလွှာကို လဝန်းမှာ ရေးခဲ့ပါတယ်။

ပြီးစာပေ

www.burmeseclassic.com



အသန့်ရှင်းဆုံး၊ အရိုးသားဆုံးနဲ့ အပြစ်မဲ့အောင် အလွန်နေတတ်တဲ့ ကျွန်တော့်ရဲဘော်ဟာ ကျဆုံးသွားရှာပြီ။

တာဝန် သိတတ်တဲ့နေရာမှာလည်း တော်တော်တော်တဲ့ သူငယ်ပဲ။ သူ ကျဆုံးပြီးတဲ့ နောက်ပိုင်းမှာဖြင့် ကျွန်တော်ဟာ နေမထိထိုင်မထိနဲ့။ ဘယ်သွားသွား သူ့ရုပ်ပုံဟာ စိတ်ထဲမှာ စွဲနေတယ်။

လဆန်းလာလို့ လဝန်းဟာ ကောင်းကင်ပြာမှာ ပြည့်ပြည့်လာရင်ပဲ ရဲဘော်ရဲ့ ရုပ်ပုံလွှာဟာလည်း နှလုံးသားထဲမှာ ထင်းထင်းကြီး ပေါ်လာတယ်။ ညလယ်ရဲ့ အိပ်မက်လို ဘာကယ်ပဲ လဝန်းမှာ သူ့ပုံလွှာ ထင်လာဦးမှာလားလို့ စောင့်ပြီး ကြည့်နေမိတယ်။

ခံစားရတဲ့ဝေဒနာဟာ ရင်ထဲမှာ နာကျင်သွားသလိုပဲ။

သူ ကျဆုံးသွားပြီး နောက်နေ့ ကျွန်တော်တို့ဘက်က လက်ရဖမ်းမိလိုက်တဲ့ ကရင်ခေါင်းဆောင်တစ်ယောက်ကို ကျွန်တော့်ဆီခေါ်လာကြတယ်။ ကျွန်တော်က ဝတ္တရားအတိုင်း မေးမြန်းပြီး မော်လမြိုင် တပ်ရင်းရုံးကို ပို့ရမှာကိုး။

ဒီလူကို မြင်မြင်ချင်း အံ့အားသင့်သွားတယ်။ ကျွန်တော်နဲ့ ကောလိပ်မှာ အတူစာသင်ခဲ့တဲ့ စောရွှေမောင် ဖြစ်နေတယ်။

ရုပ်ရည်က ဖြူဖြူချောချောမှာ ပြုံးလိုက်တော့ မျက်နှာဟာ တော်တော်ချစ်စရာကောင်းတယ်။ ကျွန်တော်ဖြင့် အရင်လိုပဲ သူ့လက်ကိုဆွဲပြီး ဖျစ်ထားမိတယ်။

သူကတော့ ခပ်ရှိုးရှိုး ဖြစ်နေတယ်။

သူ လွတ်လွတ်လပ်လပ်နဲ့ ရဲရဲဆက်ဆံအောင်လို့ ကျွန်တော် မုန့်တွေဘာတွေ ထုတ်ကျွေးရတာပေါ့။

ပြီးစာပေ



သူလည်း နောက်တော့ ပြုံးပြုံးပြုံးပြုံးနဲ့ ကျွန်တော့်ကို စကားစပြောလာတယ်။ ကျောင်းတုန်းကအကြောင်းတွေနဲ့ သူ တောခိုလာတဲ့အထိ ပြောပြနေတယ်။

သူ့ပြုံးပုံက စောဘဦး ပြုံးပုံနဲ့ တော်တော်တူတယ်။

ကျွန်တော်က စကားပြောရင်း ကြည်မောင်လေး ဆုံးတဲ့အကြောင်း ပြောပြမိတယ်။

“ခင်ဗျားတို့ စ,ခဲ့တဲ့စစ်ပွဲမှာ ကြည်မောင်လို လူ့အဖိုးတန်အပြစ်မဲ့တဲ့ ရဲဘော်လေးတွေ တော်တော်ကျဆုံးခဲ့တယ်။ ခင်ဗျားတို့ဘက်မှာလည်း ဒီလိုကျဆုံးတာ ရှိမှာပဲနော်”

စောရွှေမောင်က ကျွန်တော့်မေးခွန်းကြောင့် ငေးသွားပြီ။

“ရှိတာပေါ့ သူငယ်ချင်းရယ်၊ ငါလည်းပဲ နှမြောပါတယ်။ မင်းကတော့ ငါလိုလူ တောခိုသွားလို့ အံ့ဩမှာပဲ။ ငါ ဒီကိုပြန်လာတော့ ဘတ်နိုင်သလောက် ကရင်ပရိတ်သတ်ကို ရှင်းလင်းပြပါတယ်။ နောက်ဆုံး သူတို့ကို မလွန်ဆန်နိုင်တော့ ငါပါ ပါရတာပဲ။ ကရင်ထဲမှာက ကရင်ကောင်းတွေရှိသလောက် ကရင်ဆိုးတွေလည်း ရှိတာပဲ။ ပထမတစ်ခေါက် ပြန်ရောက်တုန်းကဆို ကျောင်းပိတ်ရက်မှာ လွှတ်တော်နဲ့ပတ်သက်ပြီး ရှင်းပြပါတယ်။ တို့ဟာ လူဦးရေအလိုက်ဆို ကရင်အမျိုးသား ၁၀ နေရာပဲ ရသင့်တယ်။ ဒါပေမယ့် ကရင်အတွက် ၂၄ နေရာ ပေးထားတဲ့အကြောင်း၊ ပြီးတော့ စစ်ဘက်မှာ ကရင်အမျိုးသားကို စစ်သေနာပတိအဖြစ် ခန့်ထားတဲ့အကြောင်းပါ ပြောပြပါတယ်။ ဒါပေမယ့် တချို့ ကရင်ခေါင်းဆောင်တွေက အထင်ကြီးတာကိုး။ သူတို့ဟာ ကွန်မြူနစ်တွေ သောင်းကျန်းနေတုန်း ရောပြီးထရင် လူထုဟာ သူတို့ဘက်ပါလာမယ် ထင်နေတယ်”

ပြီးစာပေ

www.burmeseclassic.com



"အင်း အဲဒါကိုက မှားတာပဲ၊ တကယ်သာ လူထုက ခင်ဗျားတို့ကို လိုလားခဲ့ရင် ကျွန်တော်တို့မြို့တွေ ဘာပြန်သိမ်းလို့ ရမလဲဗျာ၊ ခုတော့ ကျွန်တော်တို့ တပ်မတော်က တိုက်တာလည်း အမှန်ပဲ၊ လူထုကိုယ်တိုင်ကလည်း ဝင်တိုက်ပေးတယ်။ အမှန်တော့ ငြိမ်းချမ်းရေးမှာ လူထုရဲ့ ဆန္ဒအင်အားဟာ တစ်ဝက်လောက်ပါတယ်" လို့ ကျွန်တော်က ပြောလိုက်တယ်။

"မှန်ပါတယ်ဗျာ၊ မှန်ပါတယ်"

စောရွှေမောင်ဟာ ခေါင်းတညိတ်ညိတ် လုပ်ရင်း မသက်မသာ သက်ပြင်းချနေတယ်။

"ကျုပ်တို့ရဲ့ သောင်းကျန်းမှုကို လူထုက မလိုလားတော့ဘူးဆိုတာ ကရင်ခေါင်းဆောင်တွေ ကောင်းကောင်း သိလာပါပြီ။ ပြီးတော့ ကျုပ်တို့ သောင်းကျန်းခါစကတော့ နိုင်ငံခြားသတင်းစာတွေက မြှောက်ပေးတော့ နည်းနည်းအားရှိခဲ့မိတာပေါ့။ ဒါပေမဲ့ ဗြိတိသျှ ပါလီမန်အမတ် (မစ္စတာ ဝုဒ်ဒရောဝိုင်ယက်)က ဒီ မြန်မာပြည်မှာ အကြာကြီးနေပြီး အခြေအနေမှန်ကို သိသွားတယ်။ သူ ပြောလိုက်တဲ့စကားဟာ နိုင်ငံခြားသားတွေ အမှန်သိသွားတာ"

စောရွှေမောင်ဟာ မုန့်ကို ဝါးစားရင်း ပြုံးလိုက်တယ်။ အမှန်တော့ မချိပြုံးပဲ။ သူ့မျက်နှာကို မော့ပြီး ကျွန်တော့်ကို စေ့စေ့ကြည့်ရင်း စကား ဆက်ပြောပြန်တယ်။

"ဝုဒ်ဒရောဝိုင်ယက်က ဘာပြောလည်းဆိုတော့ ဝန်ကြီးချုပ်နဲ့ အပေါင်းပါ ဝန်ကြီးတွေဟာ ကရင်တွေကို နယ်တစ်နယ်ပေးမယ်လို့ ကတိပေးတဲ့အခါမှာ သူတို့ပြောသလို တကယ်ဆောင်ရွက်မယ်ဆိုတာ ကျုပ် ကောင်းကောင်းသိပါတယ်တဲ့။ သူတို့ဟာသူတို့ကတိကို ပြန်ဖျက်ဖို့ လုံးလုံးစိတ်မရှိပါဘူးတဲ့။ သူတို့တစ်တွေကို လုံးဝ ယုံကြည်အားထားနိုင်ပါတယ်တဲ့၊ ဝန်ကြီးများဟာ လူမျိုးရေးအဓိကရုဏ်းဖြစ်မှာ အင်မတန် စိုးရိမ်တယ်တဲ့။ သူတို့ထက် စိုးရိမ်တဲ့ လူကို ဘယ်အခါမှ မတွေ့ဖူးပါဘူးတဲ့။ နောက်ပြီးတော့ မိမိတို့ သဉ္ဇာကျေးမှုနဲ့ မိမိတို့ ဘာသာဘာဝအတိုင်း တတ်နိုင်သမျှ နေထိုင်သွားဖို့ လူတိုင်းလူတိုင်းကို အခွင့်ပေးတဲ့နေရာမှာလည်း၊ မြန်မာနိုင်ငံအုပ်ချုပ်ရေးအဖွဲ့ဝင် လူစုမျိုးလို လူမျိုးကို သူ မတွေ့ဖူးသေးဘူးတဲ့။ နောက်ဆုံးပြောတာကတော့ ကရင်အမျိုးသားများဟာ လက်နက်ကိုင်ပြီး တရားမဲ့ ထကြွသောင်းကျန်းနေတဲ့ ကရင်တစ်စုရဲ့ လိမ်လည်လှည့်ဖြားတာကို မခံကြပါနဲ့။ သူတို့တွေဟာ မြန်မာနိုင်ငံကို မအုပ်ချုပ်နိုင်ပါဘူး၊ သူတို့တတွေဟာ ပျက်စီးဖို့လောက်သာ ဖန်တီးနိုင်ပါတယ်တဲ့" ဒီလိုပဲ ပြောသွားတယ်။ ခုတော့ ကရင်ခေါင်းဆောင်တွေဟာ နိုင်ငံခြားက သူတို့ အကြောင်းရင်းမှန်ကို သိသွားလို့ စိတ်ပျက်နေကြပါပြီဗျာ"

စောရွှေမောင်ဟာ ထိုင်ရာကထပြီး ပြတင်းပေါက်နား သွားရပ်ရာက မျက်နှာ မသာမယာ ဖြစ်လာခဲ့တယ်။

"သူငယ်ချင်း တင်မောင်၊ ငါဟာ ခုလို လူမျိုးရေးဖြစ်အောင် ဖန်တီးတဲ့အထဲဝင်ပြီး သတ္တဝါတွေကို ပျက်စီးအောင် လုပ်မိတဲ့အတွက် ဘုရားသခင်က ခွင့်လွှတ်မှာ မဟုတ်ဘူးနော်"တဲ့။

သူပြောတုန်း သူ့မျက်လုံးထဲမှာ မျက်ရည်တွေ ဝဲနေတယ်။ ပြီးတော့ ဒူးထောက်ရာက "အဖဘုရားသခင်"လို့ တိုင်တယ်ပြီးတော့ ဒူးထောက်ရာက ခွင့်လွှတ်ဘို့ ခရစ်ယာန်တွေ ထုံးစံအတိုင်း ဆောင်းပန်နေတယ်။







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲ တော်တော်ဆွေးသွားတယ်။

"ကိုယ့်အပြစ် ကိုယ်သိတဲ့ လူတစ်ယောက်ကို ဘုရားသခင်ဟာ ခွင့်လွှတ်နိုင်ပါလိမ့်မယ် သူငယ်ချင်းရယ်"

ကျွန်တော်လည်း စိတ်သက်သာရာရအောင် ပြောပြီး ထုံးစံအတိုင်း သူ့ကို မေးစရာရှိတာတွေ မေးပြီး သူတို့ဖို့ထားတဲ့ တဲစခန်းကို ပြန်ပို့လိုက်ရတယ်။

ဩော်-စောရွှေမောင် စောရွှေမောင် ဘုရားသခင်က ခွင့်လွှတ်ပါစေ။

\+ \+ \+



လေး

စောရွှေမောင်နဲ့ ကြည်မောင်အကြောင်းဟာ ကျွန်တော့်သက်တမ်းမှာ မှတ်တမ်း မတင်ထိုက်ဘူးလားဗျာ။

ကျွန်တော်က ကျွန်တော့်အသည်းထဲမှာ စွဲနေတဲ့ မှတ်တမ်းကို ပြန်ဖတ်နေတုန်း ရေပူးစမ်းဘေးက ရဲဘော်တွေဟာ ပြန်ဖို့ပြင်နေပြီ။ သူတို့ပစ္စည်းလေးတွေ သိမ်းနေတယ်။

ပါးစပ်ကတော့ သီချင်းသံပြိုင် ဆိုနေကြတာပဲ။ ကျေနပ်အောင် ပျော်ကြတယ် ထင်ပါရဲ့။

သာအောင်ကတော့ ထုံးစံအတိုင်းပေါ့ဗျာ- ပါးစပ်ကလည်း စကားပြော၊ လက်ကလည်း လုပ်ရက်ပေါ့။ အမြဲပဲ ပြုံးပြုံးရွှင်ရွှင်နဲ့ ပတ်ဝန်းကျင်ကို ပျော်အောင် ဖန်တီးနိုင်တဲ့လူပဲ။

အသားမည်းပေမယ့် ရယ်လိုက်တိုင်း ဖွေးပြီးပေါ်လာတဲ့ သွားသွားတွေနဲ့ သူ့မျက်နှာဟာ ကလေးကြီးတစ်ယောက်လို ချစ်စရာကောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရေပူစမ်းကနေ သိန္နီဘက်ကို ထွက်လာကြတယ်။

သိန္နီရောက်ရင်ပဲ လားရှိုးက ဆင်းလာတဲ့တပ်က ကားတစ်စင်းနဲ့ သွားတွေ့တယ်။

ကားထဲမှာ ဗိုလ်ရဲခေါင်ကြီး ပါလာတယ်။ သူ ရန်ကုန်က ပြန်လာတာကိုး။

သူက ကားထဲကနေ ကုန်းအော်နေတယ်။

"ဖိုးတင်မောင် ဟေ့-ဖိုးတင်မောင်၊ ခင်ဗျား မိန်းမဆီက စာပါလာတယ်ဗျို့"တဲ့။

သူလည်း တော်တော် ပျော်ပျော်ရွှင်ရွှင် နေတတ်တဲ့ ချစ်စရာကြီးပဲ။

ကျွန်တော်တော့ ဘာပြောကောင်းမလဲဗျာ၊ အမြန်ဆုံး ပြေးပြီး သူ့လက်ထဲကစာ ယူဖတ်တာပေါ့။

စာအိတ်ဖောက်လိုက်တော့ စာနဲ့တွဲရက် ဓာတ်ပုံတစ်ပုံ ထွက်လာတယ်။

ဟိုနှစ် ခဏတွေ့ကြတုန်းက နှစ်ယောက်တွဲ ရိုက်ထားတဲ့ပုံပေါ့ဗျာ။ ဒီတုန်းက သူ့ခေါင်းမှာ စံပယ်ပွင့်တွေဝေလို့ ပန်ထားလိုက်တာ။

ဟဲ ဟဲ ကျွန်တော့်ချစ်ဇနီး မရွှေချောရဲ့ ဓာတ်ပုံထဲက အပြုံးကတော့ဖြင့် မြင်လိုက်ရင်ပဲ အသည်းထဲကို အေးသွားတာပဲ။

"ဟေ့-ဖိုးတင်မောင်၊ သည်းလိုက်တာလွန်ရော၊ မိန်းမတော့ ခေါ်မထားဘဲနဲ့"

ဗိုလ်ရဲခေါင်က ပြောပြောဆိုဆို လက်ထဲက ဓာတ်ပုံ ဆွဲလုပြီး ပြောပြနေတယ်။

သူလည်း ပထမ မိန်းမ, ရစကတော့ ကွတ်ခိုင်မှာ သူ့ဇနီးကို





ခေါ်လာသေးတယ်။ နောင်တော့ ကွတ်ခိုင်ရဲ့ အအေးဟာ သူ့ဇနီး ကျန်းမာရေးကို ထိခိုက်လာတာနဲ့ ပြန်ပို့လိုက်ရတယ်။

ကားပေါ်မှာ မြလေးဆီကစာကို ကျွန်တော်ဖြင့် ဖတ်လို့မဆုံး ဖြစ်နေတာပေါ့ဗျာ။ သူ ကျောင်းမှန်မှန်တက်နိုင်ကြောင်း ကျန်းမာကြောင်းတွေလည်း ရေးထားတယ်။

ပြီးတော့ နိုဝင်ဘာလ ၂၃-ရက်နေ့ဟာ ကျွန်တော်တို့လက်ထပ်တာ ၃-နှစ်မြောက်တဲ့နေ့မို့ ဒီနေ့ ကျွန်တော့်လက် ဒီစာ ရောက်ပါစေလို့ ဆုတောင်းပါတယ်တဲ့။

အဲဗျာ ဒီနေ့ဟာ နိုဝင်ဘာလ ၂၂-ရက်နေ့ပဲ၊ ဟုတ်တယ်ဗျို့။ ကျုပ်တို့ လက်ထပ်တာ သုံးနှစ်ပြည့်သွားပြီး။

သုံးနှစ်မြောက် လက်ထပ်ပွဲ အထိမ်းအမှတ်နဲ့ ဓာတ်ပုံလေး ပို့လိုက်တယ်တဲ့။

သူ ကျွန်တော့်ကို သတိရနေသေးတာပေါ့ဗျာ။ ပတ်ဝန်းကျင် ပြောသလောက်တော့ မဆိုးသေးဘူး ထင်ပါရဲ့။

စပယ်ပွင့်တွေ ဝေနေအောင်ပန်ထားတဲ့ ဆံထုံးကို ဓာတ်ပုံထဲ ကြည့်ရင်း-

"အင်း- မြလေးရယ်၊ ဒီဆံထုံးမှာ ပန်နေကျ စံပယ်ပွင့်လေးပဲ ပန်ပါကွယ်၊ နှင်းဆီပွင့်တွေ ဘာတွေများ အသစ်မပန်လိုက်ပါနဲ့"လို့ စိတ်ထဲက ပြောမိပါသေးတယ်။

စာကို ဆက်ဖတ်တော့ ဒီနေ့မှာ ကျွန်တော့်အတွက် သီချင်းတောင်းထားတယ်ဆိုပဲ။ အင်း-တပ်ထဲရောက်တော့မှ အေးအေးဆေးဆေး နားထောင်ရဦးမယ်။ ပြီးတော့ နောက်ဆုံးစာရွက်မှာ ရေးထားတာကတော့ ထူးခြားသားပဲ။



www.burmeseclassic.com

www.burmeseclassic.com



" သူ ကျောင်းမှာ ကျောင်းဆရာမလုပ်ပြီး ရတဲ့လခကိုတော့ အိမ်စရိတ်အတွက် သုံးတယ်တဲ့။ ကျွန်တော် ၅ဝိ စ, တစ်ရာစပို့တဲ့ ငွေကိုတော့ စုထားတာ ၃-နှစ်မှာ ၁၆ဝဝိ လောက်ရလို့ စန္ဒရား တစ်လုံး ဝယ်ထားတယ်တဲ့။ မြလေးဟာ တစ်မျိုးပဲဗျာ- စိန်ရွှေ လက်ဝတ်လက်စား အဝတ်အဆန်းကို ပူဆာရမယ့်အစား ကျွန်တော်နဲ့တွေ့ရင် စန္ဒရားကိုပဲ ပူဆာတတ်တယ်။ ခုတော့ သူ့ဆန္ဒ ပြည့်သွားပြီ။

အဲ- နောက်စာပိုဒ်မှတော့ ပညာဝန်ထောက် ဦးကျော်မင်းဆိုတဲ့ လူက သူ့ကိုစန္ဒရား လာသင်ပေးတဲ့အကြောင်း၊ ဒီလူနဲ့ပဲ နေ့အားတွေမှာ လည်တဲ့အကြောင်း၊ ခု နိုဝင်ဘာ ၂၃-ရက်ဟာလည်း တနင်္ဂနွေနေ့နဲ့ တိုက်တဲ့အတွက် မင်္ဂလာဒုံက ကျိုက်ကလို့ဘုရားကို ဦးကျော်မင်းနဲ့ အတူသွားပြီး ကျွန်တော့်အတွက် ဆုတောင်းမေတ္တာ ပို့မယ့်အကြောင်း ရေးထားတယ်။

အင်း ဘုရား ဘုရား၊ ပတ်ဝန်းကျင်ကပြောတာ ဦးကျော်မင်းနဲ့ များလား။

ကျွန်တော်ဖြင့် စာကို အပြန်ပြန်ဖတ်ရင်း ကားပေါ်မှာ အလုပ် ရှုပ်လာတာပဲ။

စာရဲ့နောက်ဆုံးပိုင်းမှာ မေမေကောင်းကောင်းမမာတဲ့ အကြောင်း ရေးထားတယ်။ ဖေဖေတော့ သံန်သန်မာမာနဲ့ ဟင်းသီးဟင်းရွက် တွေ စိုက်တဲ့အကြောင်း၊ နွားတွေလည်း ကုလားတစ်ယောက် အကူ အညီနဲ့ မွေးထားတဲ့အကြောင်း အတော် ပြည့်ပြည့်စုံစုံပဲ ရေးထား တယ်။

စာဖတ်ရတာကတော့ တစ်ဝကြီးပါပဲ၊ ကျွန်တော်တို့ လူစုလည်





ကွတ်ခိုင် ရောက်ကြပြီ။ တွေ့နေကျအအေးဓာတ်နဲ့ ပုလဲရည် နှင်းစက်တွေ ပြည့်နေတဲ့ လေကတော့ ဆီးကြိုလိုက်တာပဲဗျို့။

ညဉ့်စာ စားတာ ဘယ်လိုစားလိုက်မိမှန်းတောင် မသိဘူး။ ညဉ့်စာ လည်းစားပြီးရော အရာရှိရိပ်သာ ရေဒီယိုနဲ့နီးရာကို ကျွန်တော် ကမန်းကတန်း ထွက်လာမိတယ်။ နှင်းတွေထဲ ဖြတ်လျှောက်လာ ရပေမယ်လို့ အေးတယ်ဆိုတာတောင် စိတ်က အမှတ်မထားလိုက် နိုင်ဘူး။

ဟိုရောက်တော့ ချောင်ကောင်းကောင်းက ကုလားထိုင် တစ် လုံးမှာ ကျွန်တော်ဝင်ထိုင်ပြီး ရေဒီယိုသံကို နားထောင်နေတယ်။

တချို့ ဗိုလ်တွေ အရက်သောက်နေပေမယ့် တိတ်တိတ် ဆိတ် ဆိတ်ပဲ။ သူတို့လည်း ကိုယ်စီအတွေးတွေနဲ့ပဲ ထင်ပါရဲ့။

စစ်သားဆိုတာ တိုက်ချိန်မှာလည်း စိတ်ပါလက်ပါ တိုက်ပြီး နားချိန်ကျတော့လည်း စိတ်ကူးယဉ်မိကြတာပဲ။

"စစ်စခန်း တစ်နေရာရှိ ကယားပြည်နယ် တပ်ရင်း ၁-မှ ဗိုလ်တင်မောင်အတွက် ၃-နှစ်မြောက် လက်ထပ်ပွဲအထိမ်းအမှတ်" ဆိုတဲ့ ကြေညာချက်ဟာ အေးအေးလေး ထွက်လာတော့တယ်။

ခွဲလာခဲ့တာ တစ်နှစ်ပြည့်တော့မယ်၊ ဘာသီချင်းများပါလိမ့်။

ဟော မမေရှင်ကြီးရဲ့ 'ကျေးစေတမန်' သီချင်းပါလားဗျာ။

ငြိမ်သက်အေးချမ်းတဲ့ မေရှင်အသံဟာ ပတ်ဝန်းကျင်မှာ နွဲ့နွဲ့ လေး လွင့်နေတယ်။ ပြတင်းရဲ့ အပြင်မှာ လရဲ့ငွေရောင်ဟာ မှုန် မွှားမွှား ဖြစ်နေတယ်။

ထင်းရှူးပင်တွေဟာ ဆောင်းလေအေးကြောင့် တအိအိ ယိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရာက လရောင်အောက်မှာ အရွက်တွေဟာ ဖွားခနဲ ဖွားခနဲ ယိမ်းက နေသလိုပါ။

ဂီတဟာ ညက်ညော သိမ်မွေ့သလောက် သီချင်းသားကလည်း ချောမွေ့တယ်။

"မြသွေးဖြာတဲ့ ကျေးတမာ . . . ပေါက်လည်းဝါ- ခိုင်ရွှေညာ . . . မေစက်ရာ ရွှေသဇ္ဈာသို့ တူယှဉ်လာ. . . မေမှာစမ်းမယ် . . . လွမ်းသူရဲ့ သဝဏ်ကိုယူကာ . . . စစ်မြေတလင်းမှာ- ချစ်နေရင်း သူလေးသို့သာ. . . ပေးပါတော့ မြသွေး ငှက်ကျေးရွှေတမာ. . ."

ခဏတော့ဖြင့် ဂီတနှင့်သီချင်းသံမှာ မိန်းမောသွားမိပါတယ်။ ရန်ကုန်မြို့လယ်ခေါင်လို ပျော်စရာတွေ ပတ်လည်ဝိုင်းပြီး သီချင်းသံတွေမြိုင်နေတဲ့ နေရာတွေမှာဖြင့် ဒီရေဒီယိုက သီချင်းတွေဟာ ဘာမှ ထူးခြားမှာ မဟုတ်ပါဘူး။

ဒါပေမယ့် အေးချမ်းတိတ်ဆိတ်ပြီး အင်မတန်ခေါင်တဲ့ ခုလိုနေရာမှာ ဒီဂီတသံလေးတွေဟာ အလွန်အဖိုးတန်တာပေါ့။

ချစ်သူဆီက ပို့လိုက်တဲ့ ချစ်စာတေးသံဆိုတော့ ပိုပြီး ကြည်နူးဘာပေါ့လေ။

ကျွန်တော့်အဖို့မှာ "စစ်မြေတလင်းမှာကွယ်-ချစ်နေရင်း သူကလေးကိုသာ" ဆိုတဲ့ အပိုဒ်ဟာ အထူးခြားဆုံးပဲ။ ပါးစပ်က ပြန်ပြီးရေရွတ်မိတယ်။

"ချစ်နေရင်းသူ"ဆိုတော့ ကျွန်တော့်ကို ချစ်နေပါသေးတယ်ပေါ့နော်၊ ဟုတ်ပါတယ် သူ ချစ်နေဦးမှာပါပဲ။ ကျွန်တော် ပြန်ချင်လာ





တယ်ဗျာ။ လက်ထပ်တဲ့ ၃-နှစ်မှာ အတူနေရတဲ့ရက်တွေ ပေါင်းလိုက်ရင် အားလုံး ၁၆-ရက်ပဲ ရှိတယ်။

တဲကိုပြန်ရောက်လည်း အိပ်ရာထဲလှဲပြီး တွေးနေမိတယ်။

သာအောင်တစ်ယောက် အပြင်ရောက်နေပြန်ပြီ။ သူ့အသံကိုကြားနေရတယ်။

". . . လ,မင်း အလင်းအောက်. . .၊ ညတွင်းချင်း နှစ်ယောက်၊ အတူတွေ့ကာ၊ မေ့ စကားတွေ၊ အစဉ်ကြားနေ၊ သည်မောင့် အသည်းထဲက မေ့ဘူးသက်လျာရေ၊ မျှော်ရင်း ဖော်ကင်းမဲ့တဲ့လူမှာလေ၊ ဖိုးလသာရှာတိုင်း ငေးလို့နေ၊ တစ်မြေစီမှာခြားလို့နေ၊ စောင့်ရသူပျို တစ်ပါး၊ ဆိုစကားတွေ အဟုတ်ကိုမှာချင်သလေ"

သီချင်းသံဟာ လေထဲမှာ လွင့်လာပြန်တယ်။ ကျွန်တော်တော့ စောင် ခေါင်းမြီးခြုံပြီး နေလိုက်တော့တယ်။

လွန်ခဲ့တဲ့ ၃-နှစ်က နိုဝင်ဘာလ ၂၃-ရက်၊ လက်ထပ်ချိန်ကို မျက်စိထဲ ပြန်မြင်လာတယ်။

မင်္ဂလာဦး-မင်္ဂလာဦးကို စိတ်စောမိပြန်တယ်။

\+ + +



www.burmeseclassic.com

www.burmeseclassic.com

## ငါး

လက်ထပ်မယ့်ရက်က ၂၃-ရက်နေ့။ ကျွန်တော်က ၂၁-ရက်နေ့ မနက် မော်လမြိုင်မှာပဲ ရှိသေးတယ်။ တပ်က ရေးကို ခိုင်းလိုက်၊ ထားဝယ် ရောက်လိုရောက်၊ သထုံဘက် ခရီးလွန်နဲ့၊ ဗိုတုန်းက အလုပ်များလိုက်တာ လွန်ပါရော။

ရက်ချိန်းကလည်း အားလုံး ၂၃-ရက်နေ့မှာ စီစဉ်ထားတယ်။

မင်္ဂလာဆောင် ရက်သတ်တာတောင် သံကြိုးနဲ့ ရက်သတ်ရတယ်။ စစ်သားဟာ လူထဲကလူတစ်ယောက်ဆိုတော့ လက်မထပ်ဘဲလည်း မနေနိုင်သေးဘူး။ သူလည်းလေ လောကီသားပေမို့ပေါ့ဗျာ။

၂၁-ရက်နေ့ ညနေ မြလေးတို့ အိမ်ရောက်သွားတယ်။ သတို့သားဟာ တစ်ခါတည်းပဲ သူတို့အိမ်တန်းပြီး တက်သွားရတာပေါ့။ ကျွန်တော့်မှာ အိမ်မှမရှိပဲ။

အဘိုးကြီးနဲ့အဘွားကြီးက ခုမှရင်ထဲ စိတ်အေးသွားတဲ့ပုံနဲ့ လှမ်းပြီး နှုတ်ဆက်ကြတယ်။

**ပြုံးစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"မင်းလာမယ် မလာဘူးဆိုတာ မသေချာလို့ ဖိတ်စာတောင် ရိုက်ထားပြီး မကမ်းရဲသေးဘူး။ တို့တော့ လူနည်းနည်းပဲ ဖိတ်ဖို့ စီစဉ်ထားတယ်"

ကျွန်တော့်မှာ ရုတ်တရက် ဘာစကား ပြန်ပြောရမှန်း မသိဘူး၊ ကြောင်နေတယ်။

"ဟုတ်ကဲ့-ကျွန်တော်လည်း တိုက်ပွဲထွက်နေရာက ထလာတာပဲ"လို့ ဖြေလိုက်ရတယ်။

အိမ်ခန်းထဲ ပစ္စည်းတွေသွင်းတော့ မရွှေစာ မြလေး ပေါက်လာတယ်။

"ဟင်း- ကိုတို့များ ပြန်လာဖြစ်သေးတယ်နော်၊ လူများဖြင့် လက်ထပ်ဖြစ်ပါမလားလို့ ထိတ်နေတာပဲ"တဲ့။

ပြောရင်း နှုတ်ခမ်းစူထားလိုက်တာ နဂိုက ပွံ့ပွံ့ကြီး ဖြစ်ဖြစ်နေတဲ့ ပါးစုန့်ဟာ ဖောင်းနေတော့တယ်။

ကျွန်တော့်ဝမ်းထဲက ကိုယ့်အဖြစ်လည်း ကိုယ်ရယ်ချင်တယ်။ ဒါပေမယ့် မညားသေးတော့ စိတ်ထိန်းရတယ်။

အလိုက်မသိတဲ့လူလို့ ထင်ရင်လည်း ခံရမှာပဲ၊ ကျွန်တော် ခုမှပဲ သတိရတယ်။ လက်ထပ်ဖို့ဝတ်စုံ ကျွန်တော့်မှာ မရှိသေးဘူး။

ခက်လိုက်တာ အချိန်ကလည်း မရှိဘူး။ ယူနီဖောင်းနဲ့ပဲ ပြီးနေတော့ ပိုးပုဆိုးသစ်သစ်တောင် မရှိဘူးဗျာ။

ကျွန်တော် စိတ်အိုက်နေတုန်း မြလေးက ညစာစားဖို့ လာခေါ်တယ်၊ ကျွန်တော့်ရဲ့အခက်အခဲကို ပြောရတာပေါ့။

"မြလေး ကိုယ်မှာ လက်ထပ်ပွဲဝတ်ဖို့ ဝတ်စုံလည်း မချုပ်ရသေးဘူး။ အချိန်ရပါ့မလားဟင်"





ဒီတုန်းက မြလေးကြည့်ရတာ ကျွန်တော့်ကို ဆွဲထုချင်ပုံပေါက်နေတယ်။

"ကို့ အကြောင်းတွေကို မြလေးက သိပြီးသား၊ ဒီလိုဖြစ်လာမယ်ဆိုတာ သိတယ်"

သူက ခပ်သွက်သွက်ပြောပြီး ကျွန်တော့်ဘေးက ဘီရိုကို ဖွင့်ပြတယ်။ ပြီးတော့ ကျွန်တော့်ဖို့ လက်ထပ်ပွဲဝတ်စုံကို ထုတ်လာတယ်။

"အရင် အိမ်မှာနေတုန်းက ကျန်ခဲ့တဲ့အကျီနဲ့ တိုင်းချုပ်ထားတာကို၊ တော် မတော် ဝတ်ကြည့်ပါဦး"

ကျွန်တော်လည်း သူထုတ်ပေးတဲ့ ဝတ်စုံကို မှန်ကြည့်ပြီး ဝတ်နေတုန်း၊ သူ စက္ကူဘူးလေး ယူလာတယ်။ ကျွန်တော့်ကို လက်ဝါးဖြန့်ခိုင်းပြီး သွန်ချလိုက်တော့ ကျွန်တော် ရယ်မိတယ်။

"မြလေး ကိုယ့်အကြောင်းတွေ သိနေပြီလား"

"သိတာပေါ့ ကိုရယ်၊ ရှပ်အကျီလက် ကြယ်သီး မတပ်ဘဲ အပ်ချည်ကြိုးနဲ့ ချည်ထားတာပဲဟာ၊ ဒါကြောင့် လက်ကြယ်သီးကအစ ဝယ်ထားတယ်"

ဒီတစ်ခါတော့ ကျွန်တော် စိတ်မထိန်းနိုင်ဘဲ သူ့ပခုံးကို ဆွဲဖက်တယ်ဗျာ။

"တော်တော် တော်တဲ့ မိန်းမပဲ"လို့ ပိုင်စိုးပိုင်နင်းလည်း ပြောလိုက်မိတယ်။

ကျွန်တော် သူပေးတဲ့ကြယ်သီးကို တပ်နေတုန်း သူ့မျက်နှာတစ်ခုလုံးဟာ ရှက်သွေးတွေ ဖြာနေတာပဲ။

"ကို ထမင်းစားရအောင်"လို့ တိုးတိုးခေါ်ပြီး အပြင်ကို ထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ကိုယ့်ကိုယ်ကို မှန်ထဲကြည့်ရင်း ဘဝနှယ် ဖြစ်မှဖြစ်တတ်ပလေလို့ အံ့ဩမိတယ်။

စစ်သားတစ်ယောက်ရဲ့ လက်ထပ်ချိန်ဟာ ဒီလိုပဲပေါ့ဗျာ-

ကျွန်တော့်ဘဝကို ကြိုတင်နားလည်ထားကြပေလို့ပဲ၊ နို့မို့ရင် ကျွန်တော်လုပ်ပုံဟာ ခွင့်လွှတ်နိုင်စရာ မရှိဘူး။

နောက်နေ့ မနက်မှာတော့ သတို့သမီးနဲ့ သတို့သားဟာ အနား မနေနိုင်ဘူး။ မြလေးခမျာလည်း ရှင်းရလင်းရ၊ လက်ထပ်ပွဲအတွက် အိမ်ကို ပြင်ရဆင်ရတာနဲ့ မအားရဘူး။

ဟို သတို့သမီးတွေလို ဟန်နဲ့ပန်နဲ့ ရှက်နေချိန် မရပါဘူးဗျာ။

ကျောင်းက ဆရာမလေးတွေလည်း လာကူကြတယ်။

အလုပ်တွေ တော်တော်လည်း ပြီးကုန်ပြီ။ နောက်ဆုံး အိပ်ရာ ခမ်းနားပြင်ဖို့ ကျန်သေးတယ်။

အကျယ်ချဲ့နိုင်တဲ့ လူတွေအဖို့တော့ 'သား သမီး ပြည့်ပြည့်စုံစုံနဲ့ လင်စုံမယားဘက် ဇနီးမောင်နှံမှ အိပ်ရာပြင့်ရတာ'တို့ ဘာတို့ ခမ်းနားတာပေါ့ဗျာ။

ကျုပ်တို့နှစ်ယောက်တော့ ဘာပြောကောင်းမလဲ၊ အရောင် တဖိတ်ဖိတ်တောက်နေတဲ့ ခုံတင်ဘောင်တွေကို နှစ်ယောက်သား သယ်ပြီး ကိုယ့်အိပ်ရာခမ်းနား ကိုယ်ပြင်လိုက်ကြရာ မလေးရဲ့ အိမ်ခန်းကလေးဟာ ပြည့်သွားတာပဲ။

သူရဲ့ ဆရာမသူငယ်ချင်း လင်မယားကတော့ ဇာခြင်ထောင်ရဲ့ ကြိုးကို ဖဲပွင့်လို ချည်ပေးကြတယ်။

နောက်နေ့မနက်မှာ ကျွန်တော်တို့ဘဝ ကျွန်တော်တို့ ထူထောင် လိုက်ရတဲ့ လက်ထပ်ပွဲဟာ ပြီးသွားတယ်။

**ပြီးစာပေ**



ကျွန်တော်တို့ အခန်းအပ်တော့ မြလေး ဖေဖေနဲ့ မေမေက ပုလဲကြိုးနဲ့ချည်ထားတဲ့ နှင်းဆီပွင့် အဖြူစည်းကို လာပေးကြတယ်၊ မေမေက ပါးစပ်က တိုးတိုးလေးရွတ်ပြီး ဆုတောင်းနေတယ်။

ကျွန်တော်တို့လည်း ဖေဖေနဲ့ မေမေကို ကန်တော့ရတာပေါ့။ အဲဒီအချိန်မှာဖြင့် ကျွန်တော်ဟာ ဖေဖေနဲ့ မေမေကို သတိရလာပြန် တယ်။ ကောင်းကင်မှာ လေလွင့်တဲ့ငှက်လို ဖြစ်နေပြီလို့ အော်ပြီး တော့ကာ ပြောချင်တာပဲ။

ကျွန်တော့်ကိုယ်က ဘာဇာတာပါလာလဲ မသိဘူး။ ၂၅-ရက်နေ့ လည်းကျရော ခွင့်မှမစေ့သေးဘူး တပ်က အမြန်ပြန်လာရမယ် ဆိုတဲ့ သံကြိုးနဲ့ အမိန့် ရောက်လာတာပဲ။

ဇနီး အသစ်စက်စက်ကို ၂-ရက်သာ ပေါင်းပြီး ခွဲထားခဲ့ရတာ ပေါ့လေ။

စစ်သားဆိုတာ ဒီလိုပဲဟဲ့လို့ ကိုယ်စိတ်ကို တင်းရတယ်။

အဲဒီနေ့တုန်းက သတိရသေးတယ်၊ ခြံစည်းရိုးမှာ ကရမက် ပန်းနွယ်တွေ ပွင့်လိုက်တာ အိနေတာပဲ၊ လေတိုက်ရင် ရွရွလေး လှုပ်နေကြတယ်။

ဖေဖေတို့ မေမေတို့လည်း စိတ်မကောင်း ဖြစ်နေကြတယ်။ စကားကျယ်ကျယ် မပြောကြဘူး၊ တိတ်တိတ်ဆိတ်ဆိတ်နဲ့ လုပ်စရာ ရှိတာတွေ လုပ်နေကြတယ်။

သူတို့ရဲ့ သမီးလေးကိုလည်း သနားနေကြတယ် ထင်ပါရဲ့၊

မြလေးဟာ အစောကြီးထပြီး ဘုရားမှာ ကရမက်ပန်းတွေ[illegible] ပြီး ရှိခိုးနေတယ်။

ဆောင်းနံနက်ရဲ့ နေခြည်နွေးနွေးလေးဟာ က[illegible]

**ပြီးစာပေ**

www.burmeseclassic.com

www.burmeseclassic.com



တွေပေါ်မှာ မြူးနေတယ်၊ နှင်းစက်ကလေးတွေလည်း နေခြည်နဲ့ ငွေရောင်လက်နေကြတော့တယ်။

ရန်ကုန်ရဲ့ ဆောင်းဆိုတော့ သိပ်မအေးလှဘူး။

မြလေးဟာ တခြားနေ့တွေလို သွက်သွက်လက်လက် မရှိလှဘူး။

သူ နက်ဖြန်ခါဆို အလုပ်ပြန်ဝင်ပြီး ကျောင်းစ,တက်တော့မယ်တဲ့။

ကောင်းပါတယ်လေ၊ အိမ်ထဲထိုင်ပြီး ငုတ်တုတ် လွမ်းနေတာစာတော့ အလုပ် လုပ်နေတာက စိတ်ပြေလက်ပျောက် ရှိသေးတာပေါ့။

ဒီကတည်းက စ,ခွဲလာရတာ နောက်နှစ် နွေဦးပေါက်ကျမှပဲ တစ်ခေါက် ပြန်နိုင်တော့တယ်။

\+ + +

ပြီးစာပေ

## ခြောက်

ဘဝမှာဖြင့်ရင် ဇာတိစ, လာကြကတည်းက လောကဓံရဲ့ လှိုင်းမှာတော့ မိကြတာချည်းပဲ။

လူ့ဘဝရဲ့ တစ်စခန်းမှာ ပါဝင်နေတဲ့ ကျွန်တော်တို့ စစ်သားတွေမှာလည်း ဘဝရဲ့ လောကဓံဟာ မကင်းနိုင်ကြပေဘူးပေါ့။

ကျွန်တော် နောက်တစ်ခေါက် အိမ်ကို ပြန်ရတဲ့အချိန်ဟာလည်း စစ်သားတွေရဲ့ လောကဓံမှာ မှတ်တမ်း တင်လိုက်တာပဲ။

အမှန်တော့ ဒီလောကဓံဟာ ကျွန်တော်ကိုယ်တိုင် တွေ့ရတာတော့ မဟုတ်ပါဘူး။ ကျွန်တော့် မိတ်ဆွေ ဗိုလ်ကြီးတစ်ယောက်ရဲ့ ကြုံရတဲ့အဖြစ်မှာ ကျွန်တော်ဟာ အတော်ပဲ သံဝေဂ ရခဲ့တယ်။

ဒီတုန်းက ကျွန်တော်တို့တပ်ဟာ မော်လမြိုင်မှာပဲ ရှိနေသေးတယ်။

နွေဘက်ရောက်လာပေမယ့် မော်လမြိုင်ဟာ နေသာထိုင်သာရှိတဲ့မြို့ပဲ။

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ နယ်က တစ်ခါမှ မော်လမြိုင်ကို မရောက်မိသေးဘူး။ ဒီနေ့တော့ တပ်ရင်းမှူးအမိန့်နဲ့ မြို့ကို လာခဲ့ရတယ်။ ကျွန်တော် ရောက်ကြောင်းကို သတင်းသွားပို့ရင်ပဲ ဗိုလ်မှူးက ညကျရင် ဗိုလ်ကြီးသန်းအောင်ကိုပါခေါ်ပြီး သူ့အိမ်ကို လာခဲ့ဖို့ ပြောလိုက်တယ်။

ညဘက်ရောက်ရင်ပဲ ဗိုလ်မှူးအိမ်ကို ကျွန်တော်တို့နှစ်ယောက် ရောက်လာကြတယ်။ ဗိုလ်မှူးဟာ လက်အောက် စစ်ဗိုလ်တွေနဲ့ဖြစ်ဖြစ်၊ စစ်သားတွေနဲ့ဖြစ်ဖြစ် စကားပြောရင် ရင်းရင်းနှီးနှီး ပြောတတ်တယ်။

"ကဲ ဖိုးတင်မောင်၊ မင်းတော့ ရန်ကုန် သွားရလိမ့်မယ်၊ သန်းအောင်နဲ့ လိုက်သွားရမှာပဲ"

ကျွန်တော်တော့ ဗိုလ်မှူးစကားကြောင့် ဝမ်းသာသွားပေမယ့် ဘာကြောင့်သွားရမယ်ဆိုတာ မသိသေးဘူး။

ဗိုလ်သန်းအောင်ဟာ သက်ပြင်းတစ်ချက်ချပြီး ဗိုလ်မှူးကို လှမ်းပြီး စကားပြောနေတယ်။

"ဟိုကျရင် ကျွန်တော် ဆိုင်ရာလူကြီးတွေကို ရှင်းပြရင် ပြီးရော မဟုတ်လား"

ဗိုလ်မှူးက ခေါင်းညိတ်ပြပြီး-

"ကဲ ဖိုးတင်မောင်၊ မင်း ဘာမှ သိဦးမှာမဟုတ်ဘူး၊ ဖြစ်တာက ဒီလိုကွ၊ ဗိုလ်သန်းအောင်ဟာ ကရင်တွေ မြစ်ဝကျွန်းပေါ်မှာ သောင်းကျန်းတုန်းက ပဲခူးဘက်နဲ့ ဟင်္သာတဘက်မှာ သူ တိုက်ခဲ့ရတာတွေကို မင်းသိမှာပေါ့"

"ဟုတ်ကဲ့၊ ဗိုလ်မှူး"





"အဲဒီတိုက်ခဲ့တာတွေနဲ့ ပတ်သက်ပြီး ဟိုတုန်းက သူကလည်း တပ်မတော်ကို မဝင်သေးဘူးကွ၊ ကျောင်းကထွက်ပြီး စစ်ဝန်ထမ်း အနေနဲ့ တိုက်ခဲ့တာပေါ့၊ အဲဒါကို အုပ်ချုပ်ရေးဘက်က လူကြီးတွေက ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီး မကျေနပ်ဘူးတဲ့ကွယ်၊ ရန်ကုန်မှာ လာရောက်ရှင်းစေချင်တယ်တဲ့။ အဲဒါ သူသွားရှင်းရင် မင်းက အဲဒီတုန်းက သေသေချာချာသိတဲ့လူမို့ အကူအညီရအောင် လိုက်သွားရမယ်"

ကျွန်တော်ဖြင့် ဗိုလ်မှူးစကား ကြားကြားချင်း မယုံနိုင်ဘူး။ ဗိုလ်သန်းအောင်ဟာ စစ်ထဲဝင်တာ မကြာသေးပေမယ့် အရင်းမြန်မာ့ တပ်မတော်သားဟောင်း တစ်ယောက်ပေါ့။ စစ်တိုက်နေတုန်းမှာဆိုရင် အရိုးသားဆုံးနဲ့ စည်းကမ်းအကြီးဆုံး" လူတစ်ယောက်ပဲ ဒီလူ့ ရာဇဝင်ကိုတော့ စစ်ဘက်ကလူတိုင်းလိုလို သိကြတယ်။ ကျွန်တော်ဖြင့် ဖြစ်မှဖြစ်ရလေလို့ အောက်မေ့မိတယ်။

"ဗိုလ်မှူးရာ သူတို့ ဒီတုန်းကအခြေကို ဒါလောက်ပဲ မသိကြဘူးလား။ ဒီတိုင်းပြည် ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် ချောက်ထဲမကျရင် ပြီးရောဆိုပြီး ဝင်တိုက်ရတာ။ ဒီတုန်းက ဘယ်စည်းကမ်း နည်းလမ်း၊ ဘယ်ဥပဒေကိုမှ ဖတ်မနေနိုင်ဘူး။ ဖိုးတင်မောင် ခင်ဗျားသည်း သိမှာပေါ့၊ ဟင်္သာတတုန်းကဆို ဗိုလ်မှူးနှယ် ဘယ်လိုလုပ်ရတယ် အောက်မေ့လဲ၊ ကိုယ်တံဆိပ် ကိုယ်ရိုက်၊ ရွာသားတွေ အကျီမှာ တပ်ပေးပြီး။ ကဲ မင်းတို့ စစ်သားဖြစ်ပြီ၊ ရော့ သေနတ်၊ ရော့ ငွေ ဆိုပြီး တိုက်ခိုင်းရတာ။ သင်တန်းတို့၊ ကြပ်မတ်မှုတို့ဆိုတာတွေ ဘယ်ရှိမလဲဗျာ။ အေးလေ လုပ်ချင်တာ လုပ်ကြပေါ့ဗျာ၊ ကျုပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်ငွေဆိုရင် နှမ်းတစ်လုံးစာတောင် ကိုယ်ရေးအတွက် အလွဲသုံးစား မလုပ်ခဲ့ပါဘူးဆိုတာ ဘုရားသခင်မှာ တိုင်တည်ပ ပါတယ်"

ဗိုလ်သန်းအောင် ပြောနေတုန်း ဗိုလ်မှူးဟာ လေးလေးစားစား နားထောင်နေတယ်။ သူ့ မျက်လုံးကလည်း ကြင်ကြင်နာနာရှိတဲ့ အကြောင်း ဖော်ပြနေတယ်။ ပြီးတော့မှ သူ စကားစ,လာတယ်။

"ဒီမှာ သန်းအောင်၊ တို့က ဝတ္တရားရှိတဲ့အတိုင်းသာ သွား ရှင်းပြစေချင်တာပါ၊ ဟိုတုန်းက ဘယ်လို တိုက်ခဲ့ရတယ်ဆိုတာ တချို့လူကြီးတွေ သိပါတယ်။ ရန်ကုန် မကျအောင် ကာကွယ်ရှင်း များ မပြောချင်တော့ပါဘူး။ ဟိုတုန်းက အခြေအနေကို နားလည် မရှိဘဲနဲ့ ကတ်သီးကတ်သတ် လိုက်လုပ်ရင်တော့ ဘယ်သူမှ တာဝ ကင်းမှာ မဟုတ်ဘူး။ စစ်သားမှာလည်း လောကဓံနဲ့ ဘယ်ကင်းနိုင် ပါ့မလဲ။ တို့က မှန်တယ်လို့ယူဆပြီး အသန့်ရှင်းဆုံး လုပ်ပေးမယ် ဥပဒေ မျက်လုံးနဲ့တော့ ငြိချင်ငြိမှာပဲ။ တော်တော်ကြာ တို့က တို ရလို့ အခွင့်အရေးယူတယ် ဖြစ်နေပါဦးမယ်"

"ဘာဘဲဖြစ်ဖြစ်ပေါ့ကွာ၊ ကိုယ့်ကိုယ်တိုင်က သန့်ရှင်းရင် ပြ တာပဲ ခမောင်တို့၊ ဒီအရေးတော်ပုံနဲ့ ပင်းပြီး ကိုယ်ကျိုးရှာတဲ့ မသမာတွေ ရှိနေတော့ မင်းတို့ကိုယ်ကို ဒီလို အထင်လွဲခံရတာဟ မဆန်းပါဘူးကွာ၊ ဘယ်သူ တရားပျက်ပျက်၊ ကိုယ်မပျက်ရင် ပြ တာပဲ"

ဗိုလ်သန်းအောင်ဟာ သူ့ရှေ့မှာလာချတဲ့ ဖျော်ရည်ခွက်ကို ယူသောက်နေတယ်။

ပြီးစာပေ



"ကျွန်တော်က ဒီလိုပါဗိုလ်မှူး၊ ကျွန်တော်တို့ လုပ်သမျှတွေဟာ ခြောက်ပစ်ကင်းလို့တော့ မဆိုလိုပါဘူး။ တချို့ မှားတာတွေလဲ ရှိချင် ရှိမယ်။ ဒါပေမယ့် ကိုယ်ရေးကိုယ်တာအတွက်တော့ ဘယ်တော့မှ သစ္စာမဖောက်ဘူး။ ကမောက်ကမနဲ့ ထိန်းမရ သိမ်းမရတဲ့အချိန် မှာ ကျွန်တော်တို့ဟာ ဖြစ်တဲ့နည်းနဲ့ အခြေအနေကို ထိန်းထား ရတာပဲ"

ဗိုလ်သန်းအောင်ဟာ ဖျော်ရည်ဖန်ခွက်ကို ချပြီး စိတ်ပါလက် ပါ ပြောနေတယ်။ ဗိုလ်မှူးလည်း အတော်ပဲ စိတ်ဝင်စားပြီး နား ထောင်နေတယ်။ ပြီးတော့မှ စကားစလာပြန်တယ်။

"တိုင်းပြည်တစ်ခုမှာ ပြည်တွင်းဆူပူ လှုပ်ရှားမှုတွေပဲ ဖြစ်ဖြစ်၊ တခြားတိုင်းပြည်နဲ့ပဲ စစ်ဖြစ်ဖြစ်၊ ဒီလို ဖြစ်ပုံကလေးတွေကတော့ တွေ့ရတာပေါ့ကွာ။ မင်းရာဇဝင်ကို လူတိုင်းက သိပြီးဖြစ်နေတော့ ဘာမှဖြစ်မှာ မဟုတ်ပါဘူးကွာ၊ မှန်တဲ့အတိုင်း ဘယ်လို လုပ်ခဲ့ရ တယ်ဆိုတာသာ ရှင်းပြလိုက်ရင် ပြီးတာပဲ။ ရာဇဝင်သာ အမည်း စက်မထင်အောင် နေကြ။ ကဲ- ငါကတော့ နက်ဖြန်ပဲ သွားစေ ချင်တယ်"

"ဟုတ်ကဲ့၊ သွားမယ် ဗိုလ်မှူး"

"ဘယ့်နှယ် ဖိုးတင်မောင်တော့ ပျော်မယ် ထင်တယ်ဟေ့။ မြလေးနဲ့ တွေ့ရမှာမို့ ဟုတ်လား"

ကျွန်တော့်ကို ဗိုလ်မှူးက လှမ်းပြီး ပြောသေးတယ်။ ကျွန်တော် တို့လည်း ဗိုလ်မှူးအိမ်က ပြန်လာကြတယ်။

ဗိုလ်သန်းအောင်က လမ်းမှာမေးတယ်။ "သူ့ အပြစ်နဲ့ပတ် သက်ပြီး ဘယ်လိုသင်ခန်းစာ ရသလဲ"တဲ့။

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ ဖြေလိုက်ပါတယ် "သင်ခန်းစာထက် စစ် သံဝေဂကိုတော့ တော်တော်ရတယ်ဗျာ"လို့။

အမှန်လည်း သံဝေဂ ရပါတယ်။ စစ်သားဆိုတဲ့ ဘဝဟာ အတော်စည်းကမ်းကြီးတာပဲ။ ငါ တိုင်းပြည်အတွက် ကာကွယ်နေရသူပဲလို့ ဥပဒေမဲ့ လုပ်လို့မရဘူး။ ဘုရားသခင်ရဲ့ သားတော် သံဃာတော်မြတ်တွေဟာ ၂၂၇-ပါးသော သိက္ခာပုဒ်ကို ကျပ်ကျပ်တည်းတည်း စောင့်ထိန်းရသလိုပဲ၊ စစ်သား တစ်ယောက်ဟာလည်း ပြင်ပက ပြည်သူ့ဥပဒေနဲ့ စစ်ဥပဒေကြားမှာ အတိမ်းအစောင်း မခံဘဲ အင်မတန် သတိထားနေရတာပဲ။

\+ + +

နောက်နေ့မှာ ဗိုလ်မှူး အမိန့်ပေးတဲ့အတိုင်း၊ ရန်ကုန်ကို ထွက်လာကြတယ်။

ဗိုလ်သန်းအောင်လည်း ဆိုင်ရာလူကြီးတွေနဲ့သွားတွေ့၊ ရှင်းလင်းစရာရှိတာတွေ ရှင်းလင်းရနဲ့ မအားရရှာဘူး။

ကျွန်တော်လည်း သက်ဆိုင်တဲ့နေရာတွေမှာ လိုက်သွားပြီး ရှင်းလင်းပြောပြရတာပေါ့။

အချို့လူကြီးတွေကတော့ ဒီလိုတပ်သားသစ်တွေ ဘာတွေ စစ်တပ်တစ်တပ်နီးနီး ဖွင့်တာကို ဘာလို့ ကြိုတင်အမိန့် မတောင်းသလဲတဲ့။

ကျွန်တော်ဖြင့် ဝမ်းထဲက ရယ်ချင်တယ်။

ဗိုလ်သန်းအောင်ကတော့ စကားပြော ရေမွန်ရှာပါတယ်။

"လူကြီးမင်းများခင်ဗျာ"လို့ စကားစပြီး "အဲဒီတုန်းက ဟာသာ





ဟာ ရန်သူတွေဝိုင်းပြီး ကျရတော့မယ်။ ရန်ကုန်နဲ့ဆိုတာလဲ လုံးလုံး အဆက်ပြတ်ပြီး ဘယ်လိုမှ ဆက်သွယ်လို့ မရပါဘူး။ တကယ်လို့သာ ကျွန်တော်တို့ဟာ ဥပဒေထုံးစံတွေအရ စီမံကိန်းဆွဲ၊ ကုန်ကျမယ့်ငွေများကို စာရင်းလုပ်၊ ဆိုင်ရာ ရန်ကုန်ကဌာနကို တင်ပြ၊ တစ်ခါ ဘဏ္ဍာရေးက ခွင့်ပြုသင့် မပြုသင့် စဉ်းစားနေနဲ့ လက်ရှိရုံးတွေရဲ့ စနစ်နဲ့သာဆို ဒီကိစ္စဟာ အနည်းဆုံး ခြောက်လ၊ အများဆုံး တစ်နှစ်တော့ ကြာမှာပဲ။ ဒီလိုသာ ကျွန်တော်တို့လုပ်နေရင် ယခုလို အချိန်မှာ လူကြီးမင်းနဲ့ ကျွန်တော်တို့ဟာ ရန်ကုန်မှာ အေးအေးဆေးဆေး ယခုလို တွေ့နိုင်မှာတောင် မဟုတ်ပါဘူး" တဲ့။

ဗိုလ်သန်းအောင်က ဆက်လက်ပြောတယ်။

"တစ်တိုင်းပြည်လုံးကို ရှိစုမဲ့စုစစ်တပ်တွေ ဖြန့်ထားရတဲ့ အချိန်မှာ ရန်ကုန်မြို့ကြီး မကျအောင်နဲ့ မြောက်ဘက်က ပြိုကျလာတဲ့ ရန်သူတွေကို ကာကွယ်ရတဲ့နေရာမှာ ဒီတုန်းကရှိတဲ့ စစ်သားဦးရေကို လူကြီးမင်းများ သိမှာပဲ။ အဲဒီစဉ်အခါက မရှိမဲ့ ရှိမဲ့ စစ်သားတွေကို ဒီလိုမှ မတိုးချဲ့ မခေါ်လို့လည်း မဖြစ်ပါဘူး။

"ဒီတုန်းက ဖြစ်သလိုစုပြီး တိုက်ရတဲ့ စစ်သားအင်အားနဲ့၊ အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့တဲ့ ကျဆုံးသွားရှာသူ ဗိုလ်မှူးစိန်မှန်ကိုပဲ ကျွန်တော်တို့ဟာ ချီးကျူးလို့မဆုံးပါဘူး ခင်ဗျာ"တဲ့။

ဗိုလ်သန်းအောင်ဟာ တတ်နိုင်သမျှတော့ ရှင်းလင်းရှာပါတယ်။

လူကြီးတွေလည်း မေးစရာရှိတာ မေးနဲ့ အခြေအနေဟာ တော်တော်လေး ပြေပြစ်လာပါတယ်။

နောက်နေ့မှာတော့ တနင်္ဂနွေဖြစ်နေလို့ ကျွန်တော်လို့



www.burmeseclassic.com

www.burmeseclassic.com



မလိုတော့ဘူး။ ပိုလ်သန်းအောင်လည်း အားနေတယ်။

ကျွန်တော့်ဖို့လည်း ရန်ကုန်သာ ပြန်လာတယ်၊ မြလေးကလည်း ကျောင်းပိတ်ရက် မဟုတ်၊ ကျွန်တော်ကလည်း မအားတော့ စိတ်အေးလက်အေးနဲ့ ကျွန်တော်တို့ချင်း မတွေ့ကြရသေးဘူး။

\+ + +

တနင်္ဂနွေနေ့တော့ ဖေဖေနဲ့ မေမေလည်း အစောကြီးကတည်းက ရန်ကုန်ထဲကို ထွက်သွားကြတယ်။

မြလေးက နေ့လယ်စာအတွက် ပေါင်မုန့်ကို နွားနို့နဲ့ ပေါင်းနေတယ်။ နောက်ဖေးချောင်ထဲဝင်လိုက်၊ ထမင်းစားခန်း လာလိုက်နဲ့ သူလှုပ်ရှားနေပုံတွေဟာ ကျွန်တော့်စိတ်ထဲ ပျော်စရာလိုပဲ။

ပါးစပ်ကလည်း သီချင်းဆိုတဲ့အခါ ဆိုနေသေးတယ်။

နောက်ဘက်လယ်ကွင်းက စပါးတွေလည်း ရိတ်ပြီးလို့ ရိုးပြတ်နဲ့ ဟာ လေတိုက်လိုက်တိုင်း သင်းနေတာပဲ။

လွန်ခဲ့တဲ့ နှစ်နှစ်ကဆို လယ်ပြင်ပေါ်မှာ စစ်ခင်းခဲ့ကြတာပေါ့။

ကျွန်တော်ဖြင့် မြလေး လှုပ်ရှားနေတာနဲ့အမျှ သူ့အနား ကပ်ပြီး လိုက်နေမိတယ်။

"ကို ဘာလုပ်တာလဲ"တဲ့။

ကျွန်တော့်ကို ပြုံးပြီး မေးနေတယ်။ မကြာခင်ပဲ နေ့လယ်စာဟာ စားပွဲပေါ်မှ အဆင်သင့် ဖြစ်နေတယ်။

ကာဖီပူပူနွေးနွေး တစ်ကရား၊ ပေါင်မုန့်နဲ့နွားနို့ ပေါင်းထားတာရယ်၊ ပြီးတော့ စပျစ်သီးရယ်။





မြလေးက ကျွန်တော့်ကုလားထိုင်နား ကပ်ပြီး ပေါင်မုန့်ကို ထည့်ပေးတယ်။

တစ်ခါတလေမှ အိမ်ကမိန်းမရဲ့ လက်ရာကို စားရလို့လား မသိဘူး။ အရသာရှိလိုက်တာ အလွန်ပဲ။

စပျစ်သီး တစ်လုံးကို ဖြုတ်ဝါးပြီး ကျွန်တော့်လက်တစ်ဘက်က မြလေးကို ဖက်ထားတယ်။

"မြလေး တစ်လရတဲ့လခနဲ့ အိမ်စရိတ် လောက်ရဲ့လားဟင်"

"လောက်ပါတယ်၊ ခုတလော မေမေက ကောင်းကောင်း နေမကောင်းလို့ ဆေးဖိုး နည်းနည်းပိုသုံးရတဲ့အတွက် မလောက်တာပါ"

ကျွန်တော် စိတ်မကောင်း ဖြစ်မိသွားတယ်။ လစဉ် မှန်မှန် ကျွန်တော် ငွေမပို့နိုင်ဘူး၊ ပို့တဲ့အခါလည်း တစ်ခါမှ ၁၀၀ မပြည့်ဘူး။ တစ်ခုအံ့သြတာက မြလေးဟာ ကျွန်တော့်ကို ဘယ်တော့မှ ငွေနဲ့ပတ်သက်လို့ မစစ်ဘူး။ ဘာလို့ ငွေမှန်မှန် မပို့သလဲတဲ့လည်း မမေးဘူး။ လခ ဘယ်လောက်ရလဲ၊ ဘာတွေ သုံးပစ်သလဲလို့လည်း မမေးဘူး။

ကျွန်တော့်အတွက် ကော်ဖီ ငှဲ့ထည့်ပေးရင်း မြလေးက ပြောပြတယ်။

အိမ်မှာ နွားမွေးထားတော့ နွားနို့ လှိုင်လှိုင်သောက်ရတယ်။ ပိုက်ဆံလည်း နည်းနည်းပါးပါးရတယ်"

"မြလေး အလုပ်တစ်ဘက်နဲ့ စာသင်ပါလား"

သူက ကျွန်တော့်ပခုံးကို မှီရာက တည့်တည့်ထိုင်လိုက်တယ်။

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က တိုင်းပြည်အေးအေးဆေးဆေးနဲ့ အနယ်ထိုင်သွားရင် စစ်ထဲကထွက်မှာ၊ ဒီတော့ ရှေ့နေရေး စားရေးအတွက် ပြင်ဆင်ရအောင်ပေါ့။ ခုဆို လက်ဖတင်နင် ဖြစ်တော့မယ်၊ စာအုပ်ဖိုး တစ်လ ၁၀၀ိ မှန်မှန်ပို့ပေးမယ်လေ ဘယ့်နှယ့်လဲ"

မြလေးဟာ နားမလည်သလို ကျွန်တော့်ကို လှမ်းကြည့်နေတယ်

သူက ဆရာဖြစ်သင်ကောလိပ်မှာ သင်ရာက ဆရာဖြစ်လာတော့ I.A ပဲရှိသေးတယ်။ ကျွန်တော်က B.A မှာ ဆက်ပြီး သင့်ဖို့ တိုက်တွန်းတယ်။

မြလေးဟာ နောက်ဘက် ပြတင်းပေါက်ကနေ မြင်နေရတဲ့ လယ်ကွင်းပြင်ကို ငေးနေရာက ကျွန်တော့်ရင်ခွင်ထဲကို မှီလိုက်တယ်။

သူ့လက်နှစ်ဖက်နဲ့ လည်ပင်းကို သိုင်းဖက်ပြီး "ကို" တဲ့။

ကျွန်တော့်ကို တိုးတိုးခေါ်တယ်။ ကျွန်တော်လည်း သူ့နဖူးလေးကို နမ်းရင်း သူပြောတာကို နားထောင်နေတယ်။

"ဒီမှာ ကိုရယ် တစ်ခါတလေများ မြလေး အားရှိအောင်လို့ မိန်းမရေ တို့ဘဝအတွက်တော့ စိတ်ချရပြီပေါ့၊ အေးအေးနေတော့လို့ ပြောစမ်းပါလားဟင်။ အဲဒီလို ဘယ်တော့ ပြောနိုင်မလဲ ကိုရယ်"

ကျွန်တော်ဖြင့် ငိုင်သွားတာပဲဗျာ။ သူ့ခမျာ မိန်းမတစ်ယောက်အနေနဲ့ ဒီလိုစကားမျိုးကို ကြားချင်ရှာပေလိမ့်မယ်။ သူ့ရဲ့ နေရေးစားရေး နောက်ပိုင်းဖူလုံရေးအတွက် လုံးဝ တာဝန်ယူနိုင်မယ့် ယောကျ်ားတစ်ယောက်အဖြစ် ကျွန်တော့်ကို မြင်ချင်ရှာပေလိမ့်မယ်။

ကျွန်တော်ဟာ သူ့ကို တင်းတင်းကျပ်ကျပ်ကြီး ဖက်လိုက်ပြီးတော့မှ စကားပြောမိတယ်။





"ပြောချင်တာပေါ့ မြလေးရယ် ယောကျ်ားတစ်ယောက်အနေနဲ့ ကိုယ်ဟာ မြလေးကြားချင်တဲ့ စကားမျိုးကို ပြောချင်တာပေါ့၊ ဒါပေမယ့် အခြေအနေနဲ့ အချိန်တွေက မဖန်တီးသေးဘူးကွယ်။ တစ်နေ့သောအခါတော့ ပြောနိုင်လိမ့်မယ်လို့ အောက်မေ့တာပဲ၊ ဒါပေမယ့် အဲဒီ တစ်နေ့သောအခါဟာ ဘယ်တော့လို့ဖြင့် မပြောနိုင်ဘူး"

"ဘာ"

မြလေးဟာ အဓိပ္ပာယ်မရှင်းဘူး ထင်ပါရဲ့၊ သူ့မျက်လုံးဝိုင်းကြီးဟာ တွေတွေကြီးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။

"ခုနေအခါမှာတော့ ဒီပြည်ထောင်စုသားတွေ ငြိမ်းငြိမ်းချမ်းချမ်း နေရအောင် ရန်သူတွေကို တိုက်နေရတဲ့ အချိန်မှာ ဒီပြည်သူလူထု ငြိမ်းချမ်းစွာ နေရတာနဲ့အမျှတော့ မြလေးလည်း လူထုထဲက လူတစ်ယောက်အနေနဲ့ ခံစားရမှာပေါ့"

မြလေးဟာ ကျွန်တော့်စကားအပေါ်မှာ စိတ်ဝင်စားလာတယ်။ ရင်ခွင်ထဲက ထွက်ပြီး ဘေးတိုက်ထိုင်ရာက ကျွန်တော့်ဘက် လှည့်ပြီး နားထောင်နေတယ်။

"ကိုယ်စစ်ထဲဝင်တာက မြလေးအတွက် စားရေးသောက်ရေး ဖူလုံဖို့ ဝင်တာမှ မဟုတ်ဘဲကွယ်၊ ဒီတပ်ထဲမှာ ရှိနေသမျှတော့ ကိုယ်လုပ်တာတွေဟာ မြလေး တစ်ယောက်တည်းအတွက် မဟုတ်ဘူး၊ မြလေးဘဝတာဖူလုံဖို့ စစ်တပ်ထဲမှာ ငွေရှာလို့လည်း မရဘူး"

"အို မြလေးက တပ်ထဲမှာ ငွေရှာရမယ်လို့ မဆိုပါဘူး ကိုရယ်"

"အဲလေ မြလေးပြောတာကို နားလည်ပါတယ် မြလေး စိတ်



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ကိုလည်း ကိုယ်သိပြီးသားပါ။ ဒါပေမယ့် ကိုယ်တို့အဖြစ်ကို ပြောပြတာပါ။ စစ်သားတစ်ယောက်ဟာ စစ်မြေပြင်က ပြန်လာတဲ့အခါ အသက်နဲ့ကိုယ် မြရက် အိမ်ကို ပြန်လာရင်ပဲ အမြတ်လို့ အောက်မေ့ပေတော့။ ဒါကလွဲလို့ဖြင့် စစ်သားတစ်ယောက်ဟာ အမြတ်မရှိဘူး မြလေး။ ဒီစစ်သားဟာ ငွေအမြတ်ကို ရှာချင်လို့ တပ်ထဲဝင်ရင်တော့ဖြင့် စစ်သားကောင်းလည်း မဖြစ်နိုင်ဘူး။

"ဒါကြောင့် ခုအချိန်မှာ မြလေးကြားချင်သလို စိတ်ချတော့ မိန်းမရေ၊ တို့ဘဝတော့ ဖူလုံပြီလို့ ကိုယ် မပြောနိုင်သေးတာကို ခွင့်လွှတ်ပါ မြလေးရယ်"

မြလေးဟာ ပြုံးနေတယ်။ ကျွန်တော့် ရင်ထဲမှာတော့ သနားသွားတယ်။ သူ့ကိုယ်လေးကို ကျွန်တော်ပွေ့ပြီး အိပ်ခန်းထဲ ယူသွားနေမိတယ်။

ခုတင်ပေါ် မြလေးကို တင်လိုက်ပြီး နှစ်ယောက်သား လုံးထွေးနေမိတယ်။

ကျွန်တော့် စေတနာ အမှန်မှာတော့ ကိုယ့်မိန်းမကို ဘိုးစိန်ကြီးတို့ ဟဲသလို အဟဲမျိုးနဲ့ "မြင့်မိုရ်ဂရွှေတောင် လုံးသာပလေး"တို့ ဘာတို့ လုပ်ချင်တာပေါ့၊ နှမလေးအတွက်ဆို မောင်ဟာ သီတာ ခုနစ်တန် တောင်စဉ်ခုနစ်ထပ်ပဲ ဖြတ်သန်းရပေစေ၊ အသည်းနှလုံးပုံပြီး နှမတော်လိုချင်တဲ့ မနောမယ ပတ္တမြားကို ယူပေးပါ့မယ် ဆိုတာတွေ၊ ဘာတွေ ပြောချင်တာပေါ့။

ဒါပေမယ့် ကျွန်တော့် အသည်းနှလုံးတွေဟာ လက်ရှိအချိန်မှာတော့ ပြည်သူ့ထူထု လက်ထဲမှာပဲ ရှိနေသေးတာကိုး။





ဒီကြားထဲမှာ ဗိုလ်သန်းအောင် ကိစ္စကလည်း သံဝေဂရစရာကြီးဖြစ်နေတော့ ကျွန်တော်ဟာ ဘယ်လိုလုပ်ပြီး ကိုယ်ရေးကိုယ်တာအတွက် စဉ်းစားနိုင်မှာလဲ။

ကျွန်တော့်အတွက် တစ်ဘက်ကနေ ခွင့်လွှတ်နေရှာတဲ့အတွက် မြလေးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်ဟာ တစ်ဘက်မှာ မစွမ်းဆောင်နိုင်တာရဲ့တန်ဖိုးကို ပေးဆပ်တဲ့အနေနဲ့ တစ်ဘက်မှာဖြင့် သစ္စာရှိစွာ နေခဲ့ပါတယ်။ အနယ်နယ် ရောက်ခဲ့ပေမယ့် ဘယ်မိန်းကလေးတွေနဲ့တွေ့တွေ့၊ ကျွန်တော်မဖောက်ပြန်ခဲ့ဘူး။ စစ်သားဆိုတာ မျိုးစုံတွေ့ရတာပဲ၊ အတွင်းခံ ကိုယ်ကျပ်ဘောင်းဘီပဲဝတ်ပြီး၊ အပေါ်က နိုင်လွန်လို ဂျော်ဂျက်လို ပါးပါးလုံချည်ပွင့်တွေဝတ်ပြီး စစ်သားတွေ၊ ဗိုလ်တွေကို ဖမ်းနေတဲ့ မိန်းမတွေနဲ့လည်း တွေ့ရသေးတာကိုး။ ပြီးတော့ ကွတ်ခိုင်လိုနေရာမျိုးကို ရောက်နေပေစေ၊ မှားမှာကို စိုးလွန်းလို့ အရက်ကိုဖြင့် ကျွန်တော် မသောက်ပါဘူး။

မြလေးဟာ ကျွန်တော့်ရင်ခွင်ထဲ မှိန်းနေရာက-

"မြလေးကို အထင်မလွဲနဲ့နော်"တဲ့၊ ကျွန်တော်လည်း အထင်မလွဲတဲ့အကြောင်း ပြောပြပါတယ်။ သူ့သူငါငါ ဘယ်မိန်းမ,မဆို ဒီလိုပဲ ရှိမှာပေါ့။ မိန်းမတစ်ယောက်အနေနဲ့ သူလည်း အားကိုးချင်ရှာမှာပေါ့။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာတော့ သူ ကောလိပ်ဘက်ကို ထွက်သွားပြီး စာမေးပွဲဖြေဖို့ စာအုပ်စာရင်းတွေ တောင်းလာတယ်။

ဖေဖေနဲ့မေမေလည်း ကျွန်တော်ပြန်လာလို့ ပျော်နေပုံရတယ်။ သူတို့နှစ်ဦးကလည်း ကြည်ညိုစရာကြီးတွေလိုပဲ၊ ကျွန်တော်နဲ့ တွေ့ရင် ပြုံးပြုံးပြုံးပြုံးနဲ့ သူတို့ ပန်းပင်လေးတွေအကြောင်း နွားအကြောင်းလောက်ပဲ ပြောတယ်။

အဘွားကြီးကလည်း ကျွန်တော်စားချင်တဲ့ ဟင်းလျာလောက်ပဲ မေးတယ်၊ ဘာမှ ထွေထွေထူးထူး ငွေရေးကြေးရေးတွေကို မမေးဘူး။

ရန်ကုန် ပြောင်းပါလား၊ မြလေးကို မခေါ်ဘူးလား ဆိုတာတွေ များ လေသံတောင် မဟပါဘူး။

အဘိုးကြီးကဖြင့် မနက်ဆို သူ့နွားမက နွားနို့ ယူလာတာပဲ။ “ဒီနေ့ ဖိုးတင်မောင်ဖို့ မုန့်လုပ်ပါဟေ့” ဒါလောက်ပဲ ပြောကြတာပဲ။ ကျွန်တော်ဖြင့် တစ်ခါတစ်ခါ ဒီအိမ်သားတွေနဲ့ ကျွန်တော့် အဖြစ်ကို တွေးပြီးရယ်မိတယ်။

ဘုရားသခင် တန်ခိုးတော်ပဲဗျာ၊ အေးအေးဆေးဆေး ပြေပြေပြစ်ပြစ်နဲ့ပဲ ဗိုလ်သန်းအောင်ကိစ္စဟာ ပြီးသွားပါတယ်။

ခုနှစ်ရက် တစ်ပတ်လောက်ပဲ ရန်ကုန်မှာကြာပြီး ကျွန်တော်တို့ ပြန်ဖို့ ပြင်ဆင်ရပြန်ရော။

မပြန်ခင် တစ်ညနေကဖြင့် မြလေးနဲ့ ကျွန်တော် နောက်ဘက်က လယ်ကွင်းကြီးမှာ ထွက်လျှောက်ကြသေးတယ်။





ညနေဟာ လိမ္မော်ရောင် လွှမ်းနေတယ်။ နေလုံးရဲရဲကြီးဟာလည်း အနောက်ဘက်မိုးကုတ်စက်ဝိုင်းမှာ အရောင်တွေဖျော့သွားပြီ။

ကွင်းပြင်ကို ဖြတ်လာတဲ့ လေကလည်း အေးအေးနဲ့ ဖြည်းဖြည်းလေး တိုက်နေတယ်။

မြလေးရဲ့ အပြာပွင့်ခက်တွေနဲ့ လုံချည်ဟာလည်း လေထဲမှာ လွင့်နေတယ်။

သူ့အသားလေးတွေဟာ လိမ္မော်ရောင်သန်းပြီး ချစ်စရာဖြစ်နေတယ်။

ကျွန်တော့်ဘေးက မားမားမားမားနဲ့ ယှဉ်လျှောက်လာတဲ့ သူ့ရုပ်သွင်ဟာ ညနေစောင်းရဲ့ အလှမယ်ပါပဲ။

ပြောလိုက်တဲ့ စကားတွေကတော့ လူ့အကြောင်းကို မပါဘူး။ သစ်ပင်တွေအကြောင်း၊ ပန်းပွင့်တွေနဲ့ ကျွန်တော်တို့ လျှောက်လာတဲ့ လယ်ကွင်းပြင်အကြောင်း၊ နွားအကြောင်း ဒါတွေပဲ မြလေးဟာ ပြောလာတယ်။

ဘာ့လို့များ သူဟာ လူ့အကြောင်းကို မပြောလဲ မသိပါဘူးဗျာ။

နောက်နေ့တွေမှာဖြင့် ဒီလယ်ကွင်းထဲမှာ သူတစ်ယောက်တည်း လျှောက်နေရရှာတော့မှာပဲ။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com

## ခုနှစ်

အဲဒီတုန်းက ကျွန်တော်မှာ ဒုတိယအကြိမ် အိမ်ပြန်ခြင်းလို့ ဆိုရမှာပေါ့။

နောက်ဆုံးအကြိမ်ကတော့ တပ်ရင်း-၅ ကနေ ကွတ်ခိုင်ကို ပြောင်းရတုန်းမှာ ရန်ကုန်ကို ခဏဝင်တုန်း တွေ့ရတာပဲ။

စုစုပေါင်း ၃-နှစ်မှာ နှစ်ယောက်တွေ့ရတဲ့ရက်ဟာ ၁၆-ရက်လောက်ပဲ ရှိပါလိမ့်မယ်။

ကွတ်ခိုင်ဟာ အရေးကြီးတဲ့ နေရာဖြစ်ပေမယ့် လောလောဆယ်တော့ဖြင့် ကြီးကြီးကျယ်ကျယ် တိုက်ပွဲဆင်ရတယ်လို့တော့ မရှိသေးပါဘူး။ ပတ်ဝန်းကျင်မှာရှိတဲ့ ရှမ်းနယ်သူနယ်သားတွေနဲ့ ဆက်ဆံရတာလည်း တော်တော်လေး ပြေပြစ်တာပဲ။

တောင်ကြီးဘက်က တပ်တွေမှာတော့ဖြင့် ကျွန်တော်တို့နဲ့ စာရင် နည်းနည်း ပြဿနာတွေ ပိုတယ်ဆိုရမှာပေါ့။

တောင်သူတို့ ပအိုဝ်တို့နဲ့ ရှမ်းပဒေသရာဇ်တွေ အဆင်မပြေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကြားထဲမှာ တပ်မတော်ကို နှစ်ဘက်လုံးက အစမှာ အထင်လွဲကြတယ်။ ပအိုဝ့်တွေ၊ တောင်သူတွေဟာလည်း တပ်မတော်ဟာ ရှမ်းပဒေသရာဇ်တွေနဲ့ တွဲပြီး သူတို့ကို နှိမ်မယ်လို့ ထင်ကြတယ်။

ပဒေသရာဇ်နယ်ရှင်တွေကလည်း တပ်မတော်ဟာ တောင်သူတွေနဲ့ပဲ ပူးပေါင်းပြီး စော်ဘွားတွေကို တိုက်မယ်လို့ အယူအဆလွဲနေကြတာကိုး။

ဒါပေမယ့် ခုတော့ဖြင့် သူတို့အထင်လွဲချက် ပြဿနာဟာ တော်တော် ပြေရှင်းသွားကြပါပြီ။ တပ်မတော်ဟာ ဘယ်သူ့ကိုမှ ရန်မူဖို့ မဟုတ်ဘဲ မြန်မာပြည်နယ်စပ်ကို ကျူးကျော်စော်ကားလာတဲ့ K.M.T. ကူမင်တန်တွေကို တိုက်ခိုက်ဖို့သာ ရောက်လာတာကို ပရိသတ်က တော်တော်သိသွားပါပြီ။

မြန်မာပြည်မ,မှာတောင် ကျုပ်တို့ဟာ ကရင်အနေ ကွန်မြူနစ်အနေနဲ့ ပုဂ္ဂိုလ်စွဲဝါဒစွဲ တိုက်ကြတာမှ မဟုတ်ဘဲ။

ဘယ်သူပဲဖြစ်ဖြစ် လူထုရဲ့ ငြိမ်းချမ်းစွာနေရေး၊ အသက်စည်းစိမ်အိုးအိမ်တွေရဲ့ လုံခြုံရေးကို ထိပါးစော်ကားတဲ့ လူဟူသမျှကို တပ်မတော်က နှိပ်နင်းမှာပဲ။

ခုတော့ဖြင့် တပ်မတော်ရဲ့ သဘောထားကို ရှမ်းပြည်နယ်တစ်ခုလုံးက ရှမ်းပရိသတ်တွေဟာ သိသွားပါပြီ။

စော်ဘွားတွေနဲ့ရော တောင်သူနဲ့ရော ဆက်ဆံရေးဟာ တစ်နေ့ထက် တစ်နေ့သာ တိုးတက်ပြီး ပြေပြစ်လာတယ်။

+ + +





အအေးဓာတ်ဟာ ပြင်းထန်တယ် ဆိုပေမယ့် ညဥ့်လရောင်ထဲမှာ တဖြည်းဖြည်းလွှင့်လာတဲ့ နှင်းပွင့်လေးကို မြင်ရရင် ငွေလွှာတွေများ ကောင်းကင်က၊ ကျလာသလိုလိုနဲ့ ဖွေးဖွေးနေတဲ့ ပတ်ဝန်းကျင်အလှဟာ အအေးဒဏ်ကို မေ့သွားလောက်ပါတယ်။

ဒီနေ့ဟာတော့ ကွတ်ခိုင်မှာ နေရတဲ့အချိန်ပိုင်းမှာ အပျော်ဆုံးအချိန်ဆိုပါတော့။

ဘာဖြစ်လို့လည်းဆိုရင် ဗိုလ်မှူးက ဒီနေ့မနက်ပဲ ကျွန်တော့်ကို ခေါ်ပြီး ၃-ပတ်လောက် အိမ်ပြန်ဖို့ ခွင့်ပေးတဲ့အကြောင်း ပြောပြတယ်။ ကျွန်တော် ခွင့်မယူတာလည်း ကြာခဲ့ပြီကိုး။

ကျွန်တော် ဝမ်းသာအားရဖြစ်နေတုန်း စာတစ်စောင် ရောက်လာတယ်။

စာကို ဖောက်ဖတ်လိုက်ရင်ပဲ ကျွန်တော် တော်တော်အံ့သြသွားတယ်။

ဖေဖေကိုယ်တိုင် ကျွန်တော့်ဆီရေးတဲ့ စာဖြစ်နေတာကိုး။

သား

ဖေဖေ စာရေးလိုက်သည်။ ဒီစာရရင် သားဟာ ဖေဖေတို့ဆီ ပြန်လာခဲ့စေချင်တယ်။

သား အိမ်ကထွက်သွားတာလည်း ရက်ရှည်လှပြီ။ အမှန်တော့ ခုချိန်ဟာဖြင့် သား ပြန်လာဖို့ အချိန်ကောင်းပဲလို့ ယူဆပါတယ်။

www.burmeseclassic.com



ဖေဖေနဲ့ မေမေ့မေတ္တာကို ထောက်ထားတဲ့အနေနဲ့ သား အလုပ်တွေကို ခဏရပ်နားပြီး လာခဲ့စေချင်ပါတယ်။

သား ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းပါစေ။

သားရဲ့ဖေဖေ
ထင်ကျော်

မဟုတ်ခါမှလွဲရော၊ မရွှေမြလေးရဲ့ ပြဿနာဟာ တော်တော် အရေးကြီးလာပြီ ထင်ပါရဲ့ဗျာ။

ဘာဖြစ်လို့ "ဖေဖေနဲ့ မေမေရဲ့မေတ္တာကို ထောက်ထားတဲ့အနေနဲ့"လို့ ရေးရတာလဲဗျာ။

မြလေးအကြောင်းကို လုံးလုံးထည့်မရေးဘူး။

ကျွန်တော်တော့ ရင်ထဲမှာ တအုံနွေးနွေးနဲ့ ပြန်ဖို့ပြင်ဆင်ရတာပဲ။

သာအောင်ကြီးကဖြင့်-

"ဗိုလ်ကြီး မြန်မြန်ပြန်လာပါ"တဲ့။

"အေးပေါ့ကွယ်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ ငါပြန်လာနိုင်ပါလိမ့်မယ်" လို့ ကျွန်တော့်မှာ စိတ်တင်းပြီး ပြောလိုက်ရတယ်။ တကယ်တော့ ကျွန်တော် ပြန်လာချိန်ကို ကျွန်တော် တွေးတောင်မတွေးရဲဘူး။

ဘယ်လိုပဲ ဖြစ်နေနေပေါ့လေ၊ လားရှိုးရောက်တော့ မြလေးအတွက် သဇင်ခိုင်တွေကိုဖြင့် ကျွန်တော် ဝယ်လာခဲ့ပါသေးတယ်။

+ + +



## ရှစ်

ကျွန်တော်ပြန်လာမယ့် အကြောင်းကို ကြိုတင်အကြောင်းကြား မထားမိလို့ လေယာဉ်ပျံကွင်းမှာ ဘယ်သူမှလာမကြိုဘူး။

အငှားဂျစ်ကားနဲ့ပဲ ကျွန်တော်ဟာ အင်းစိန်အိမ်ကို ညနေ ၆ နာရီလောက်မှာ ရောက်သွားကယ်။

ဖေဖေဟာ ပင်ကိုယ်ပြုံး မျက်နှာနဲ့ပေါ့၊ ခြံတံခါးကို သူကိုယ်တိုင် လာဖွင့်ပေးရှာတယ်။

အထုပ်တွေကိုလည်း သူ့လက် တုန်တုန်ယင်ယင်နဲ့ ကူပြီး သယ်ရှာတယ်။

မြလေးရဲ့အရိပ်ကိုဖြင့် မတွေ့ရသေးပါဘူးဗျာ။ ကျွန်တော်ဟာ ကားခပေးပြီး အိမ်ပေါ်တက်လိုက်တယ်။

အိမ်ထဲမှာ မီးတွေဟာလင်းနေတယ်။ စန္ဒရား ညိုညိုကြီးဟာ ဧည့်ခန်းရဲ့ခြေရင်းမှာ ငြိမ်သက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သား မင်းမေမေ နေမကောင်းလို့ အိမ်ထဲမှာ သွားနှုတ်ဆက်လိုက်ပါဦး၊ မြလေးတော့ ဒီနေ့ သူတို့ကျောင်းမှာ ကျောင်းကပွဲရှိလို့ သွားတယ်။ ည ၉ နာရီလောက်မှာ ပြီးမှာပါပဲ"

ကျွန်တော်လည်း အဝတ်အစားမှမလဲဘူး၊ မေမေ့အခန်းထဲ ဝင်သွားတယ်။

မေမေဟာ မျက်နှာတစ်ခုလုံး ဝမ်းသာလွန်းလို့ ပြုံးရွှင်နေတာပဲ။

"သား ပြန်လာပြီလားဟင်"

သူ့အသံဟာ တုန်နေတယ်။ ကျွန်တော့် လက်နှစ်ဖက်ကို ဆွဲယူပြီး ရင်ပတ်ပေါ် တင်ထားတယ်။ သူတို့ဟာ ကျွန်တော်ရဲ့ အဖေ အမေ အရင်းလိုပါပဲ။

"မေမေနေမကောင်းတာ ကြာပြီလား"

"ကြာတော့ ကြာပါပြီ။ ခုတော့ ရောဂါရယ်လို့ မရှိတော့ဘူးကွယ်။ မေမေက အားနည်းလွန်းလို့ အိပ်ရာထဲမှာပဲ နေရတယ်။ သား ထမင်းစားဦး၊ မြလေးတစ်ယောက်တော့ ကျောင်းကပွဲ သွားနေတယ်။ သားပြန်လာမယ့်အကြောင်း ကြိုကြိုတင်တင် အကြောင်းကြားရှာပေါ့ကွယ်"

မေမေဟာ မမောနိုင်မပန်းနိုင် လျှောက်ပြောနေလိုက်တာ သူတို့စကားပြောတဲ့အထဲမှာ မြလေးလို့ နာမည်ပါလာတိုင်း ကျွန်တော့်ရင်ထဲမှာ ဒိန်းခနဲ ဒိန်းခနဲ ဖြစ်သွားတာပဲ။

ကျွန်တော် အပြင်ကို ထွက်လာရင်ပဲ ဖေဖေဟာ ညစာစားဖို့ အတွက် ကိုယ်တိုင်ဝင်ပြီး စီမံနေတယ်။

ရင်ထဲမှာ ဟာလိုက်တာ လွန်ပါရောဗျာ၊ အိပ်ခန်းထဲ ဝင်လိုက်





ရင်လည်း ခြောက်ကပ်ကပ်ကြီး၊ ကျောင်းကပွဲသွားတာမှ ဟုတ်ရဲ့လား။ ကျွန်တော် ပြန်ရောက်ရောက်ခြင်း ဖေဖေတို့က မပြောချင်လို့ အချိန်ပဲ ဆွဲထားသလား၊ မြလေး အိမ်မှာမှ ရှိသေးရဲ့လားနဲ့ အိုရင်ထဲမှာဖြင့် သံသယတွေဟာ ရှုပ်ပွေပြည့်သိပ်နေတာပဲ။

ထမင်းစားရတာလည်း စိတ်မပါပါဘူး၊ ဝမ်းထဲ ဘယ်လိုရောက်သွားမှန်းတောင် မသိဘူး။

ထမင်းစားပြီးတော့ အိမ်ရှေ့ ဖိနပ်ချွတ် ကွပ်ပျစ်မှာ ဖေဖေက ရေနွေးကြမ်းရယ်၊ ငါးခြောက်ဖုတ်ရယ် ပြင်ပြီး စောင့်နေတယ်။

ကျွန်တော်လည်း ဖေဖေ့အနားမှာထိုင်ရင်း ငါးခြောက်ကို ဝါးနေမိတယ်။

အပြင်မှာတော့ မှောင်နေပြီ။ ပန်းပင်ပုပုလေးတွေကို ကြယ်ရောင်နဲ့ပဲ မြင်ရတယ်။

မှောင်ထဲကနေ လေအေးတွေတိုက်လာတာကလည်း စိတ်လှုပ်ရှားစရာကြီးပဲ။

ဖေဖေဟာ ကျွန်တော့်ကို စကားပြောချင်နေတယ်။ ကျွန်တော့် ဝမ်းထဲက သိနေသလိုပါပဲ။ ဖေဖေ ဘာပြောမလဲဆိုတာ ကျွန်တော် နားထောင်ချင်တာမှ အလွန်ပဲ။ ဒါပေမယ့် စကားလည်း စ,မမေးရဲဘူး။

အင်း ကျွန်တော် ထင်သလိုပါပဲ၊ ဖေဖေ စကားစပြောလာတယ်။

"ဖိုးတင်မောင် ပြန်လာတာ အချိန်ကောင်းပဲဟေ့"

တော်ပေသေးဗျာ၊ "အချိန်ကောင်း"ဆိုတဲ့ စကားလုံးထဲမှာ ဘာမှ လွန်လွန်ကျွံကျွံ မကောင်းတဲ့အဖြစ်တွေ မဖြစ်သေးဘူးဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခိပ္ပာယ် အများကြီးပါတာပေါ့နော်။

ဖေဖေဟာ ခဏ စဉ်းစားသလို တွေးပြီးမှ -

"သားကို စာရေးခေါ်လိုက်ရတာက ဖေဖေ့မှာ သမီးရှင် အနေနဲ့ စကားတွေ အများကြီး ပြောစရာရှိတယ်"

ကျွန်တော့်ရင်ထဲမှာ တဒိတ်ဒိတ်နဲ့ ရင်ခုန်သံဟာ ဖေဖေတောင် ကြားမလား မသိဘူး။

"မြလေး ဒီမှာခွဲရစ်နေခဲ့ပြီး သူ့အလုပ် သူလုပ်နေတာ မနှစ်က အထိတော့ဖြင့် တော်တော်လေး အခြေအနေကောင်းပါတယ်။ ဒါပေမယ့် ဒီနှစ် နှစ်ဦးကစပြီး သူ့မှာ မိတ်ဆွေတစ်ယောက် တိုးလာတယ်၊ သူ့မိတ်ဆွေက ဦးကျော်မင်းတဲ့၊ ဒီလူက အင်းစိန်နယ်မှာ ပညာဝန်ထောက်ကိုး"

ဟုတ်ပါပြီလေ၊ ကျွန်တော်ထင်တဲ့ ဇာတ်လမ်းကတော့ ခုမှ သေသေချာချာ စပါပြီ။ ဖေဖေကတော့ လေးလေးနဲ့ မှန်မှန် ဆက်ပြောနေတယ်။

"ပညာဝန်ထောက်နဲ့ ဆရာမဟာ အဆက်အဆံတော့ ရှိရမှာပေါ့ကွယ်၊ ဒီကြားထဲမှာ သမီးဟာ သူစုလို့ရတဲ့ ပိုက်ဆံလေးနဲ့ စန္ဒရား ဝယ်ချင်တယ်ဆိုတော့ ဖေဖေ ဝယ်ခွင့်ပြုလိုက်တယ်။ သူ နေရထိုင်ရတာကလည်း အမြဲလိုလို တစ်ယောက်တည်းဆိုတော့ ဖေဖေက သမီးကို သနားတယ်။ ခက်တာက မိန်းကလေးကလည်း လူများများရှိတဲ့ ပျော်ပွဲရွှင်ပွဲတွေကို သိပ်သွားတတ်တာမှ မဟုတ်ပဲကိုး။

"တနင်္ဂနွေနေ့တိုင်း ဦးကျော်မင်းဟာ သမီးဆီကို လာတယ်။ သမီးကို စန္ဒရား သင်ပေးတယ်။ ဖေဖေဟာ ဂီတကို နားမလည်ပေ





မယ့်၊ သူ့အသံဝါကြီးနဲ့ သီချင်းဆိုပုံ စန္ဒရားတီးပုံတွေဟာ အလွန် နားထောင်ကောင်းတယ်။ နောက်တော့ စနေနေ့ပါ ဦးကျော်မင်း လာတယ်။ သမီးနဲ့ရင်းနှီးမှုဟာလည်း တော်တော်များလာပုံရတယ်။

"ဖေဖေကတော့ ဒီလောက် ရင်းရင်းနှီးနှီးနေတာကို မကြိုက်ချင်ဘူး။ သမီးကို ပြောမိတယ်။ ဦးကျော်မင်းနဲ့ မိတ်ဆွေဖြစ်တဲ့ အကြောင်း ဖိုးတင်မောင်ဆီ စာထည့်ရေးပါလို့ သူရေးရဲ့လား မသိဘူး"

"ရေးပါတယ်ဖေဖေ၊ စာထဲမှာ ဦးကျော်မင်းအကြောင်း တော်တော်လေးစုံပါတယ်"

"အင်း နောက်တော့ဖြင့် ဦးကျော်မင်းနဲ့ အပြင်ထွက်ထွက်လာကြတယ်။ တစ်ခါနှစ်ခါတော့ ဖေဖေ ခွင့်လွှတ်ပါတယ်၊ နောက်တော့ ဖေဖေ ရှင်းရှင်းဝန်ခံရရင် မြလေးကို ကြည့်ရတာ ဦးကျော်မင်းနဲ့ တွေ့ရတဲ့အချိန်ကို အင်မတန် သာယာနေသလိုပဲ။ ဒီအချိန်မှာ မင်း မေမေကလည်း တော်တော်မမာနေတယ်။ ဖေဖေ့မှာတော့ ဝတ္တရားရှိလာတော့ မနေနိုင်ဘူး။ လွန်ခဲ့တဲ့ နိုဝင်ဘာလ ၂၃ရက်မှာတော့ သူတို့နှစ်ယောက် ကျိုက်ကလို့ဘုရားကို သွားတယ်။ အဲဒီကပြန်လာတော့ ဖေဖေဟာ စကား စရတာပဲ။ ဦးကျော်မင်းကို တစ်ယောက်တည်း အတွေ့ခံပြီး ဖေဖေတို့ရဲ့ စေတနာကို ထောက်ထားတဲ့အနေနဲ့ နောင် မြလေးကို လာမတွေ့ပါဘူးဆိုတဲ့ ကတိကို တောင်းရတာပဲ။ အဲ သူက ဘာမှလည်း မဖြေရှင်းဘူး၊ ဘာမှလည်း မပြောဘူး၊ အင်မတန်စိတ်ကောင်းတဲ့ မျက်နှာနဲ့ ကတိပေးသွားတာပဲ။ ဒီနေ့ထိတော့ အိမ်မလာတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

ဖေဖေနဲ့ ကျွန်တော် ပြိုင်တူ သက်ပြင်းချသံဟာ တိတ်ဆိတ်နေတဲ့ ညဦးကို လှုပ်ရှားပစ်လိုက်သလိုပဲ။

"ဒီကိစ္စနဲ့ပတ်သက်လို့ သားဟာ နောင်ခါကျမှ မသိစေချင်ဘူး"

'ကျွန်တော့်ကို ဘေးပရိသတ် ပြောပြလို့ သိပြီးပါပြီ"လို့ ဝမ်းထဲက ဖေဖေ့ကို ပြောလိုက်မိတယ်။

"ကဲ သား ဒီကိစ္စကို ဘယ်လို အရေးယူချင်သလဲ"

ကျွန်တော်ဖြင့် ဒီမေးခွန်းကို ဘယ်လိုဖြေရမလဲ မသိဘူး။ ဘယ်လို ဖြေရပါ့မလဲဗျာ။ ဖေဖေဟာ ဘာအဓိပ္ပာယ်နဲ့ မေးနေမှန်းလည်း မသိဘူး၊ သူ့အသံ လေးလေးမှန်မှန်ကြီးဟာ ပေါ်လာပြန်တယ်။

"ဂီတဆိုတာကလည်း ဒီလိုကိစ္စမျိုးတွေမှာ သိပ်စိတ်ကူးယဉ်စရာ ကောင်းတယ်။ သား မြလေးကို ခွင့်လွှတ်နိုင်ပါ့မလားဟင်။ ခွင့်လွှတ်နိုင်မယ်ဆိုရင် သားအပြန်မှာ ခေါ်သွားစေချင်တယ်။ ဖေဖေတို့ရဲ့ နေရေးစားရေးကို ဖေဖေ ကြည့်ဖန်တီးပါ့မယ်"

ကျွန်တော်ဟာ ငိုင်ပြီး တွေးနေမိတယ်။ သူ့သမီးကို ခေါ်သွားဖို့ အဘိုးကြီးဟာ ပထမဆုံးအကြိမ် ပြောခြင်းပဲ။ မတွေးနိုင် ··မန်နိုင်တဲ့စကားပြောနေတဲ့ နှစ်နာရီလောက်အချိန်ဟာ ကျွန်တော့်ရင်ထဲမှာတော့ နှစ်ကမ္ဘာလောက် ကြာမယ်ထင်တယ်။ ဖေဖေ့မေးခွန်းကိုလည်း အဖြေ မပေးနိုင်ဘူး။

"ဘာလို့များ ဒီလိုဖြစ်ရပါလိမ့်"ဆိုတဲ့ စကားလုံးတွေသာ ကျွန်တော်ရင်ကဲ လှိုင်းခတ်နေတာပဲ။

မြန်မာ့တပ်မတော် ပီ-ဘီ-အက်ဖ်တုန်းကလည်း တော်လှန်ရေး





ပြီးလို့ ပြန်တယ်ဆို ရွာရောက်ရင်ပဲ ဖေဖေ့ကို မတွေ့ရသေးဘူး၊ ဖေဖေဟာ တော်လှန်ချိန်မှာ ဆုံးသွားရှာတယ်။ အိုးအိမ်ဆိုတာ ဘာတော့ ဗလာပါပဲ။

ကျွန်တော့် ကံကြမ္မာဟာ အားလုံး ခြေလွှတ် လက်လွှတ်ချည်းပါပဲ။ တပ်မတော်က ပြန်လာချိန်ဆိုတာ လုံးတီးဘဝပဲ မဟုတ်လား။

ပြင်းထန်လွန်းတဲ့ အမျိုးမျိုးဘဝတွေဟာ ကျွန်တော့်ခေါင်းကို ရိုက်ခက်လွန်းလို့ စိတ်ထဲမှာဖြင့် ကျွန်တော့်ခေါင်းဟာ သွေးချင်းချင်းနီနေပြီလို့ ထင်ပါတယ်ဗျာ။

ဒါပေမယ့် ဗိုလ်ချုပ် အမြဲရေရွတ်တတ်တဲ့ Unconquerable Soul ဆိုတာလို အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်နဲ့ ကျွန်တော်ဟာ တိုးထွက်ခဲ့ပါတယ်။

ခုတော့ သွေးချင်းချင်းနီနေတဲ့ ဦးခေါင်းတွင်မက အသည်းနှလုံးတွေကို နောက်ထပ် ရိုက်ခတ်ကြပြန်ပါပြီဗျာ။

ကျွန်တော် ငေးပြီး ဖေဖေ့မေးခွန်းကို မဖြေရသေးခင်ပဲ ဝင်းတံခါးမှာ မြလေး ပေါ်လာတယ်။

သူ့ဆရာကို လှမ်းနှုတ်ဆက်ပြီး အိမ်ဘက်ကို လှည့်လိုက်တယ်။

ဒီချိန်မှာ ကျွန်တော်ဟာ အိမ်တံခါးဝမှာ မားမားကြီး ရပ်နေတာပေါ့။

"ဟာ ကိုရဲ"

မြလေး အော်လိုက်တဲ့အသံဟာ တစ်ခြံလုံး လွှမ်းလာတယ်လို့ ထင်ရတယ်။

မြေနီလမ်းပေါ်မှာ ဘယ်လောက် မြန်မြန်ပြေးလာလဲ မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပြေးဖက်လိုက်တော့ ကျွန်တော်ဟာ နောက်ဘက်ကို တောင် ယိုင်သွားတာပဲ။

သူ့လက်တွေဟာ တုန်နေတယ်။ သူ့ပါးစပ်ကတော့ ဝမ်းသာ လွန်းလို့ ရယ်နေတယ်။ သူ့မျက်လုံးမှာ မျက်ရည်တွေ ဝိုင်းနေတယ်။

"ကို ပြန်လာမှာကို ဘာလို့ အကြောင်းမကြားလဲ"တဲ့။

ဒီလိုမြင်လိုက်ရတော့ ခုတွင်က ရှုပ်ထွေးနေတဲ့ စိတ်တွေဟာ ဘယ်ရောက်သွားလဲ မသိဘူး။ သူ့ပခုံးကို ဖက်ပြီး အိမ်ထဲခေါ်လာ ခဲ့မိတယ်။

"ကမန်းကတန်း ပြန်ရလို့ပါကွယ်"လို့ ဖြေလိုက်ရတယ်။

သူ့အဝတ်တွေမလဲခင် မေမေ့ အိပ်ခန်းထဲ ဝင်သွားလိုက်သေး တယ်။ ဖေဖေက အပြင်ကနေ ကျွန်တော်တို့ နှစ်ယောက်ကို အကဲ ခတ်နေတယ် ထင်ပါရဲ့။

မြလေးဟာ အိပ်ခန်းထဲဝင်လာပြီး ကျွန်တော့်ကို အားရပါးရ ဖက်တယ်။ ပြီးတော့ သူနမ်းနေကျအတိုင်း လေးလေးနဲ့ ရှည်ရှည် ကြီး ရက်ရက်စက်စက် ကျွန်တော့်ကို နမ်းပစ်လိုက်တယ်။

ကျွန်တော်ဟာ သူ့ကို ရင်ခွင်ထဲမှာ ပွေ့ထားလိုက်တယ်။

သူ့ ပါးစုန့်ညိုညိုပေါ်ကို ကျွန်တော့်ပါးနဲ့ ဖိထားလိုက်တယ်။

မြလေးရဲ့မျက်လုံးထဲမှာ ဘာမှ သက်မကင်းစရာ လျှို့ဝှက် ထားတာရယ်လို့ မတွေ့ရဘူး။

ကျွန်တော်က သူ့ကို မလိုက်ပြီး -

"ကဲ အဝတ်တွေလဲ၊ ကိုယ့်ကို စန္ဒရား တီးပြစမ်း"လို့ ပြော လိုက်တယ်။





ကျွန်တော် အခန်းထဲက အရင်ထွက်ပြီး စန္ဒရားအဖုံးကို ဖွင့် လိုက်တယ်။ စန္ဒရားခလုတ်တွေ ကြည့်ရင်း မမြင်ဖူးတဲ့ ဦးကျော် မင်းရဲ့ လက်ရာတွေကို အတွေးနဲ့ မှန်းကြည့်မိတယ်။

စောစောက တိတ်ဆိတ်နေတဲ့ အိမ်လေးဟာ မြလေးရဲ့လှုပ်ရှား မှုတွေနဲ့ အသက်ဝင်လာသလိုပဲ။ သူဟာ နောက်ဖေးခန်းက ထွက် လာတော့ လက်ထဲမှာ ငွေပန်းအိုးလေး ပါလာတယ်။

ငွေပန်းအိုးလေးထဲမှာတော့ ကျွန်တော့်ရဲ့ ငွေသဇင်ခက်တွေ ပါပဲ။ သူဟာ ပန်းအိုးကို စန္ဒရားပေါ် တင်လိုက်တယ်။

"မြလေး ပန်းတွေကို ပန်လည်းထားဦးလေ"

ကျွန်တော်က ပန်းအိုးထဲက သဇင်ခက်ကို ယူပြီး သူ့ခေါင်းမှာ ပန်ပေးလိုက်တယ်။ သူ့မျက်နှာဟာ ကျေနပ်ပျော်ရွှင်နေပုံရတယ်။

"ကဲ ဘာသီချင်း တီးရမလဲ၊ ကို ဆိုနိုင်တဲ့သီချင်း တီးမယ်လေ"

ကျွန်တော်ကလည်း သီချင်းများများမရဘူး။

"ပြီးတော့မှ မြလေးဘာသာဆိုပြီး မြလေးတီးမယ်၊ ကဲ ကို ဆို"

သူက စန္ဒရားကို အသံစမ်းနေတယ်။

ကျွန်တော်လည်း စဉ်းစားနေရင်းက-

"ဆယ်ကမ္ဘာရွှေစေတော့. . . ဘုန်းမသွေပါ . . . မုန်းလေနဲ့ ချစ်ဦးညှာ"

ဆိုတဲ့ သီချင်းကို တတ်သလောက် ဆိုပြရတယ်။

တကယ်တော့ ကျွန်တော့်သီချင်းဟာ ကျွန်တော့်အသံ ကောင်း တာ မကောင်းတာထက် ကျွန်တော် သူ့ကို ဘယ်လောက်ချစ်တယ် ဆိုတာ ဖော်ပြရလို့ ကျွန်တော့်အဖို့တော့ တော်တော်ကျေနပ်မိတယ်။

အို သူ့အလှည့်ရောက်လာပြီ။ မြလေးက ပြုံးပြုံးကြီးနှင့်ရာတာ

www.burmeseclassic.com



"မြလေးဆိုမယ့်သီချင်းက ဦးကျော်မင်း စပ်တာ၊ ဒီသီချင်းဟာ ဘယ်အဖွဲ့ကမှ မသီဆိုသေးဘူး၊ သူကိုယ်တိုင် စပ်တာ၊ ဒီလူဟာ ဂီတမှာတော့ ရှားပါတယ်။ စကားလုံးလေးတွေကလည်း လှတယ်၊ တီးကွက်ကလည်း သိပ်မြိုင်ပြီးတော့သာတယ်"

ကဲ ခင်ဗျာ၊ သူ့ ဦးကျော်မင်းရဲ့သီချင်းကို ကျွန်တော့်ကို တီးပြီး မလို့တဲ့။ သူစကားပြောတုန်းမှာ ဦးကျော်မင်းဆိုတဲ့ စကားလုံး ရောက်ရင် သူ့အသံတွေဟာ လေးလေးတွဲ့တွဲ့ ဖြစ်သွားပြီး၊ မျက်လုံးဟာ မှိုင်းသွားသလိုပဲ။ ဒါတစ်ခုတော့ သိသာသလိုပဲ။

"ကို ၊ သီချင်းရဲ့နာမည်က **ကျွန်းဇကာရီ** တဲ့၊ နားထောင်နော်"

မြလေးဟာ စန္ဒရားကို စတီးရင်း သီချင်းကို ဆိုနေတယ်။

တစ်အိမ်လုံးဟာဖြင့် မြလေးလက်သံနဲ့ တေးသံဟာ ရွှန်းရွှန်း ဝေနေတာပဲ။ ပြတင်းကို ဖြတ်ဝင်လာကြတဲ့ လေအေးတွေဟာလည်း သူ့ရဲ့ တေးသံနဲ့တွေ့ပြီး ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ မြူးနေသလိုပါပဲ။ သဇင်နံ့ဟာလည်း တိုးလို့ပဲ သင်းလာတော့တယ်။

အမှန်ပါပဲ။ သီချင်းကတော့ဖြင့် တော်တော်ကို မြိုင်မြိုင်နဲ့ သာယာတဲ့သီချင်းပဲ။ မြလေးရဲ့ အသံဟာလည်း နွဲ့နွဲ့နဲ့ အေးအေးလေး လွင့်နေတော့ ကျွန်တော့်ရင်ထဲမှာ ဂီတလှိုင်းတွေဟာ ကြွလာသလိုပဲ။

သီချင်းကိုတော့ မရပါဘူး၊ သီချင်းသား အဓိပ္ပာယ် ခြုံလိုက်ရင်တော့ -

"ရေပြာတွေ ဝိုင်းနေတဲ့ ကျွန်းတစ်ကျွန်းမှာ ဇကာရီဘုရင်မ တစ်ပါး ရှိတယ်တဲ့၊ ဘုရင်မဟာ တစ်နေ့မှာ ငွေဖောင်တော်နဲ့ ရေပြာပေါ်မှာ လှည့်လည်သွားတုန်း ပင်လယ်ကမ်းပါးမှာ မြေနွယ်ပွင့်ကြီး





တစ်ပွင့် ပွင့်နေတာကို တွေ့တယ်တဲ့။

"ပန်းပွင့်ရဲ့ ဝတ်လွှာအဖြူတွေဟာ ရေပြာရဲ့အရိပ်မှာဖြင့် ငွေပွင့်ကြီးလိုပဲတဲ့။ ကျွန်းရဲ့ ဇကာရီဟာ ဒီပန်းပွင့်နား ရောက်တဲ့အခါမှာ သူ့ရဲ့ တောက်ပဝိုင်းစက်တဲ့ မျက်လုံးကြီးနဲ့ ပန်းပွင့်ကြီးကို မျှော်ပြီး ကြည့်နေတယ်တဲ့။ အဝေးကို ရောက်သွားတာတောင် လည်တံမော့မော့နဲ့ ငေးပြီး ဝေးသထက် ဝေးသွားတော့တယ်တဲ့။

"မြေနွယ်ပွင့်ဖြူကြီးဟာ ကျွန်းဇကာရီရဲ့ မြင်ကွင်းကလည်း ပျောက်ပါရော ဇကာရီရဲ့ရင်ခွင်မှာ မနားရတဲ့ဒုက္ခကြောင့် ပင်လယ်ပြာပြာပေါ်ကို ကြွေကျသွားတာ ဝတ်လွှာအဖြူတွေဟာဖြင့် အစိတ်စိတ် ကွဲကုန်တာပဲတဲ့။

"တစ်နေ့ ဘုရင်မဟာ ကျွန်းရဲ့ကမ်းစပ်မှာ ငေးနေတုန်း ပင်လယ်ရေပြင်ပြာပေါ်မှာ တရွေ့ရွေ့ မျောလာတဲ့ မြေနွယ်ပွင့်ရဲ့ ငွေဝတ်လွှာတစ်ဖတ်ကို မြင်ရတဲ့အခါမှာ ဘုရင်မရဲ့ မြရောင်မျက်လုံးက မျက်ရည်တွေဟာ ပင်လယ်ရေပြာပေါ်ကို ကျသတဲ့။ မျက်ရည်ဥတွေဟာ ပုလဲအဖြစ်နဲ့ ပင်လယ်အောက်ကို ရွေ့ရှားသွားကြတယ်တဲ့။

သီချင်းအဓိပ္ပာယ်ကတော့ ဒါပါပဲခင်ဗျာ။ ကမ်းစပ်ကို ရေပြာလှိုင်းတွေ ရိုက်ခတ်တယ်ဆိုတဲ့ နေရာမှာဖြင့် ကျွန်တော် ကိုယ်တိုင်ပဲ လှိုင်းခတ်သံကို ကြားရသလိုပါပဲ။ ဂီတဟာ သယ်သွားနိုင်တယ်။ တီးလုံးဟာ အမြင့်ဆုံးကနေ တဖြည်းဖြည်း လျှောကျ တိတ်ဆိတ်သွားပုံက စိတ်လှုပ်ရှားစရာပဲ။

ကဲ ကဲ ကျွန်တော်ဟာ တိုက်ပွဲမှာ လုံးပန်းနေချိန်မှာ **ဦး**ကျော်

www.burmeseclassic.com



မင်းက မြလေးကို နောက်ပိုင်းကနေ ဂီတနဲ့ လှုပ်ဖျိုလှည့်နေတာပေါ့ဗျာ။

ဘုရင်မရဲ့မျက်လုံးဟာ မြရောင် စိမ်းနေသတဲ့။ မြလေးက သူ့ကို စိမ်းတယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ်နေဘိ။ မြနွယ်ပွင့်ဆိုတာတော့ ကျွန်တော် နားမလည်ဘူး။

အရင်ချိန်တွေကဆို ခု ကျွန်တော် ထိုင်နေတဲ့ နေရာမှာ ဦးကျော်မင်းဟာ ထိုင်နေမှာပေါ့ဗျာ။

ကျွန်တော်လို စစ်သားရဲ့ ရင်တွင်းက ထွက်လာတဲ့ ကာရန်ဝါကျမညီတဲ့ အချစ်နဲ့စာရင် သီချင်း ဂီတတွေ သီပြီး ညီညီနွဲ့နွဲ့ ထွက်လာတဲ့ ဦးကျော်မင်းရဲ့ ရင်ထဲက အချစ်ကို မိန်းမတစ်ယောက်ဟာ ပိုမိုပြီးသာယာတာ မဆန်းပါဘူးဗျာ၊ ခွင့်လွှတ်ထိုက်ပါတယ်။

ဒါပေမယ့် ကျုပ်တို့ရဲ့ အသည်းထဲမှာတော့ ကာရန်မညီပေမယ့် အဖိုးမဖြတ်နိုင်တဲ့ သစ္စာတရားကိုတော့ မြလေး မြင်စေချင်ပါတယ်။

ကျုပ်တို့ကို "ဟေ့ မင်းတို့အချစ်ဆိုတာကကော ဘာဖြစ်လို့ မိန်းမတစ်ယောက်စွဲအောင် ကဗျာမဆန်သလဲ"လို့ မေးရင် "ပတ်ဝန်းကျင် အခြေအနေကိုယ်ကမှ မဖန်တီးလေတော့ ကျုပ်တို့ကို ကဗျာဆန်နိုင်ပါ့မလား"လို့ ဖြေရမှာပဲ။

ကျွန်တော်ရဲ့ ကြည်မောင်ကို သတိရပါသေးရဲ့လား။ စစ်မြေပြင်မှာ ခဏတာလေး ကဗျာဆန်ပြီး သာယာမိတာဟာ ဘယ်လို ဖြစ်သွားပါသလဲ။

ချစ်ဇနီးကြီး မမြလေးကတော့ ကျွန်တော် အတွေးလွန်နေတုန်း စန္ဒရားကို ညင်ညင်သာသာ ပိတ်လိုက်တယ်။





ကျွန်တော်လည်း ဘာမှ ဝေဖန်ချက်မပေးနိုင်ဘဲ ပြတင်းကို ထသွားမိတယ်။

နက်ပြာရောင် ကောင်းကင်မှာတော့ ကြယ်ပွင့်တွေ လက်နေကြတယ်။ အရှေ့ဘက် မိုးကုပ်စက်ဝိုင်းမှာ လရောင်ဟာ ရေးရေး ပေါ်လာတယ်။ ခုမှ လထွက်မယ်ထင်တယ်။

ဆောင်းလေအေးဟာ ခြံစည်းရိုးမှာ ပွင့်နေတဲ့ ကရမက်ပွင့်တွေကို ကစားနေတယ်။ ကရမက်ပွင့်ဖြူတွေဟာလည်း လာတော့မယ့် လရောင်ခြည်ကို မျှော်တလင့်လင့် ဖြစ်နေကြတယ် ထင်ပါရဲ့။

"ကဲ ကိုရေ အိပ်ခါနီး ကော်ဖီပူပူ သောက်ရအောင်"

မြလေးဟာ ကျွန်တော့်နောက်က လာခေါ်တယ်။ ကျွန်တော် နေတတ် စားတတ်တဲ့ အကျင့်တွေကို သူ အမြဲသတိထားနေတုန်း၊ အလိုက်သိနေတုန်းပဲ ဆိုတာကလည်း ပြနေတာပဲ။

ဩော် ခက်ပါတယ်၊ ခက်သမှ အကြီးအကျယ်ပါပဲ။ ဒီတစ်ခါတော့ ဣန္ဒြေပျက်အောင်ကို တိတ်တိတ်ဆိတ်ဆိတ်နဲ့ ထမင်းစားခန်းဘက်ကို သူ့နောက်က လိုက်သွားမိတယ်။

ခုနေခါများ သူဟာ ဦးကျော်မင်းနဲ့ ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ဖွင့်ဟဝန်ခံတဲ့စကားတွေ ပြောပြမယ်ဆိုရင် ကျွန်တော်ဟာ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်မိမှာပဲ။

ကျွန်တော်က စတင် စွပ်စွဲရမှာကလဲ ဘာအကြောင်းမှ မပြနိုင်၊ ပြီး သူ့အမူအရာတွေဟာ ဘာမှ မပျက်ဘူး၊ စတင်ရန် ခက်ပါဘိ ဆိုတာမျိုးလို ဖြစ်နေတော့တာပါပဲ။

\+ + +



www.burmeseclassic.com

www.burmeseclassic.com

# ကိုး

"ကဲ ဒါပါပဲ မခင်ယုရယ်၊ ကျွန်တော့်ဇာတ်လမ်းက ရှင်းပါပြီလား"

ကျွန်မမှာ ဗိုလ်တင်မောင်၏ စေ့စေ့စုံစုံ ပြောချက်များကို နားထောင်ရင်း ရုတ်တရက် စကားပြတ်သွား၍ အံ့အားသင့်နေပါသည်။ သူ့ဇာတ်လမ်းမှာ တကယ်လည်း ကြေကွဲစရာ ကောင်းလှပါသည်။

"ဘယ့်နှယ်လဲ မခင်ယု၊ ကျွန်တော် ဘာလုပ်ရင် ကောင်းမလဲ"

သူ့မေးခွန်းကို ကျွန်မက သာ၍ပင်မဖြေနိုင်ပါ။ ဖြေနိုင်လောက်အောင်လည်း ကျွန်မမှာ အရည်အချင်းရှိမည်·မထင်ပါ။ ဗိုလ်တင်မောင်ထက်ပင်ငယ်သေးသော ကျွန်မမှာ သူတို့၏ အိမ်ထောင်ရေးပြဿနာကို ဘယ်လိုမှဝင်၍ မရှင်းတတ်ပေ။ ကျွန်မက မတောက်တစ်ခေါက်နှင့် ဝင်၍စွက်လိုက်လျှင် အဆင်ပြေပြေ ဖြစ်သွားကတော်ပါသေး၏။ ကျွန်မပယောဂကြောင့် တစ်စုံတစ်ခုများ အဆင်မပြေ ဖြစ်သွားပါက ကျွန်မပါ တစ်သက်လုံး ယူကျုံးမရ ဖြစ်ရမည့်ကိစ္စပင် ဖြစ်ပေသည်။

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ဝမ်းထဲမှ နာကျင်လှသော စိတ်ဝေဒနာ၏ အရိပ်အရောင်မှာ ဗိုလ်တင်မောင့်မျက်နှာတစ်ခုလုံးကို လွှမ်းနေပါသည်။ ရှည်လျားသော သက်ပြင်းကိုချရင်း မဝေခွဲနိုင်သော အနာဂတ်ကို သူ့မျက်လုံးများက မျှော်မှန်းလျက် ရှိနေပါသည်။

"ဒီမှာ မခင်ယုရယ်၊ အင်မတန် ပွင့်ပွင့်လင်းလင်း ဘာမဆိုမလျှို့ဝှက်တတ်တဲ့ ကျွန်တော့်မိန်းမဟာ တကယ်ဆို အရိပ်အမြွက်လောက်တော့ ဖွင့်ပြောသင့်ပါတယ်။ အေးလေ မိန်းမတွေဟာ ဒီလိုကိစ္စတွေမှာကျတော့ ပိပိရိရိ လျှို့ဝှက်တတ်တယ် ထင်ပါရဲ့။"

အမှန်တော့ ဗိုလ်တင်မောင်စကားလုံးများမှာ မိန်းမများကို စော်ကားရာကျနေပေမယ့် ယခု လောလောဆယ်အားဖြင့် သူပြောသမျှတွေကို ကျွန်မက ခွင့်လွှတ်ရမှာပဲဖြစ်သည်။ ကရုဏာ ဒေါသနှင့် အသည်းနှလုံးတွင် ခိုအောင်းနေသမျှကို ပွင့်ထွက်နေခြင်းဖြစ်၍ ကျွန်မသည် သူပြောသမျှကို ငြိမ်သက်စွာ နားထောင်နေပါသည်။

"ကျွန်တော် ပြန်လိုက်ဦးမယ်နော်၊ ခွင့်မစေ့ခင်တော့ တစ်ခုခုဆုံးဖြတ်ရမှာပဲ မခင်ယု၊ ခင်ဗျားလည်း ကူစဉ်းစားပေးစမ်းပါ"

သူသည် ထိုင်ရာမှထ၍ ချက်ချင်း ထွက်မသွားသေးပဲ-

"ဒီမှာ တကယ်လို့ မမြလေးရဲ့ ချစ်မေတ္တာတွေဟာ ဦးကျော်မင်းဆီမှာပဲ ရှိနေတော့တယ်ဆိုရင်တော့ ကျွန်တော်ဟာ ရှောင်ပေးတော့မှာပဲ။ သူ့ရဲ့ ချစ်မေတ္တာကို ဗီလိန်တွေလို အတင်းယူပြီးတော့ဖြင့် ပေါင်းမနေချင်ဘူး။ အဲဒီလို ပေါင်းနေရရင်လည်း ကျွန်တော်ဟာ 'ဝတ္ထုရေးရှိသည့်အတိုင်း'ဆိုတဲ့ 'လင်ငုတ်တုတ်ကြီး' ဖြစ်နေမှာပေါ့၊ အူထဲအသည်းထဲက မပါဘဲနဲ့တော့ ဘယ်သူ့အပြုအမူ အယုအယကိုမှ ကျွန်တော်က မခံချင်ဘူး၊ ကဲ သွားမယ်နော်"





ယခုအခါ "သွားမယ်နော်" ကျခါမှပင် ဗိုလ်တင်မောင်မှာ တကယ်ပင် လှမ်း၍ ထွက်သွားပါတော့သည်။ သူ့ခြေလှမ်းများမှာ လေးလေးနှင့် မှန်မှန်ကြီး လျှောက်သွားလျက်ရှိလေသည်။

ကျွန်မသည်လည်း သူ့နောက်ကွယ်တွင် စိတ်မော၍ ကျန်ရစ်ခဲ့ပါသည်။

မများလှသော ခွင့်ရက်ပိုင်းမှာ မြလေးနှင့် ဗိုလ်တင်မောင်တို့၏ ကံကြမ္မာကို ဖန်တီးတော့မည်ဖြစ်သည်။

ကျွန်မမှာ မြလေးနှင့်ပတ်သက်၍ ဗိုလ်တင်မောင်နှင့် သိရသော်လည်း မြလေးနှင့်ထပ်တူ သူ့အပေါ်တွင် ခင်မင်မိပါသည်။

ကျွန်မတို့အိမ်မှာ အင်းစိန်ဆေးရုံ နောက်ဘက်တွင်ဖြစ်၍ မြလေးတို့အိမ်နှင့်စာလျှင် အင်းစိန်မြို့ထဲကို ပို၍ကျပါသည်။

ဦးကျော်မင်းနှင့် မြလေးတို့အကြောင်းကို ပတ်ဝန်းကျင်က ပြောကြသည်မှာတော့ ကျွန်မနားသို့ပင် ရောက်ခဲ့ပါသည်။ ဒါပေမယ့် ဒီလိုကိစ္စမျိုးဆိုသည်မှာ ကာယကံရှင်က ဖွင့်ဟမပြောဘဲ ဘေးလူက ဝင်ရောက်စွက်ဖက်ရမည်မှာ အင်မတန် မျက်နှာထားရခက်သော အလုပ်ပင် ဖြစ်ပါသည်။

ဦးကျော်မင်းမှာလည်း ခေသူမဟုတ်။ အင်းစိန်ထဲတွင် လူကြီးလူကောင်းတစ်ယောက်အဖြစ် ထင်ရှားသည် ဖြစ်ပါသည်။

အကျင့်စာရိတ္တ အနေအထိုင်မှာလည်း ရွယ်တူချင်းပင် ဦးစားပေးလောက်အောင် အေးအေးဆေးဆေး သေသေဝပ်ဝပ် နေတတ်သူ ဖြစ်ပါသည်။

အသားဝါဝါ၊ ထင်ရှားပြေပြစ်သော နှာတံနှင့် လမ်းလျှောက်လျှင်လည်း ခန့်ခန့်ထည်ထည်နှင့် ယောကျ်ားချောတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ ဆရာ ဆရာမတွေနှင့် စကားပြောပြော ကလေးများကိုပင်ပြောပြော မျက်နှာထားမှာ ပြုံးပြုံးပြုံးပြုံးနှင့် ညင်ညင်သာသာ စကား ပြောတတ်ပါသည်။

ခဏခဏပင် အင်းစိန်မြို့ရေး ရပ်ရေးကိစ္စများတွင် သွားတိုင်း ဦးကျော်မင်းနှင့် ကျွန်မ တွေ့ရပါသည်။

အမှန်တော့ ဂီတကိုသာ အဖော်လုပ်နေသော လူပျိုကြီး တစ်ယောက်ဖြစ်ပါသည်။ ကျွန်မကိုလည်း တော်တော်ခင်မင်နေပါသည်။

\+ + +

ပြည်တွင်းစစ်ကို မဖြစ်-ဖြစ်အောင် ဖန်တီး၍ သောင်းကျန်းကြသော လက်ချက်ဖြင့် အမျိုးမျိုးသော မြို့ရွာအခြေအနေများ လယ်ကွင်း ယာခင်းများ၊ အလုပ်အကိုင်များ ပျက်စီးကြသည်ကို နှမြောတသခြင်း အလွန်အကျွံ မဖြစ်မိပေ။

တစ်နေ့သောအခါ ထိုဟာများသည် ပြန်၍ထူထောင်လျှင် ရကြမည့်အရာများသာ ဖြစ်လေသည်။

သို့သော် အစားထိုး၍ မရနိုင်သော ကိုယ်ကျင့်တရား ပျက်စီးမှုကိုဖြင့် ကျွန်မစိတ်ထဲတွင် ကြေကွဲ၍မဆုံးနိုင်အောင် ဖြစ်မိပါသည်။

မြလေးကို ကြည့်လျှင်လည်း ရုတ်တရက် လင်ပေါ်တွင် သစ္စာဖောက်သူအနေနှင့် အပြစ်တင်ကြ၊ ရှုတ်ချကြမည်မှာ မလွဲပင်ဖြစ်သည်။

သို့သော် စစ်ဘေးဒုက္ခတစ်ခုကို ကြုံလာတိုင်း ပုထုဇဉ်လူသားတို့၏ ကိုယ်ကျင့်တရား၊ ထိန်းသိမ်း စောင့်ရှောက်ရမည့် စာရိတ္တတို့မှာ ချွတ်ယွင်းပျက်စီး ကျိုးပေါက်ကြသည်မှာ ဓမ္မတာပဲဖြစ်ပေသည်။

ပြီးစာပေ



ပုထုဇဉ်ထဲမှ မြလေးသည် လူသားတစ်ယောက်အနေဖြင့် ကြံ့ကြံ့ခိုင်၍ နေနိုင်ပါမည်လား။

ကျွန်မရင်ထဲတွင် ရှုပ်သထက် ရှုပ်၍သာ လာပါတော့သည်။

သူငယ်ချင်း မြလေးထံကိုလည်း ပြေး၍ မေးချင်ပြောချင်သည်။ ဒါပေမယ့် ဘာက စ,ရမည်ကိုလည်း တွေးမရအောင် ဖြစ်နေတော့သည်။

ရက်ပိုင်းမျှလောက်သာ အချိန်အတွင်းတွင် သူတို့နှစ်ယောက်၏ အရေးကိစ္စကို ပြေပြေပြစ်ပြစ် သာသာယာယာ ဖြစ်သွားစေချင်ပါသည်။

ဆောင်း၏ ညနေစောင်းတွင် မြူများသည် မြက်ခင်းနှင့် ချုံတန်းများပေါ်တွင် မှုံမှုံမွှားမွှားနှင့် လွှမ်းခြုံနေလေသည်။

ကျန်ရစ်သေးသော နေခြည်စများလည်း သစ်ပင်ချုံနွယ်များပေါ်တွင် ဖျော့ဖျော့လေး မြူးနေကြသည်။

ကျွန်မသည် အိမ်ရှေ့ မြက်ခင်းပေါ်တွင် လျှောက်ရင်း ဗိုလ်တင်မောင့်ကိုယ်စား သူတို့ပြဿနာများကို တွေးနေမိပါသည်။

"ကျွန်တော် ဝင်ခဲ့တော့မယ် ဒေါ်ခင်ယုရေ "

ဒေါ်ခင်ယု ဆိုကတည်းက ဝင်လာသူမှာ ဦးကျော်မင်း ဖြစ်ရမည်ကို ကျွန်မ သိပြီး ဖြစ်ပါသည်။

အင်းစိန်တွင် ကျွန်မကို ဒေါ်ခင်ယုဟူ၍ ဒေါ်တပ်ခေါ်သည်မှာ သူတစ်ယောက်တည်း ရှိလေသည်။

ဦးကျော်မင်းမှာ အသက် ၃၅ နှစ်ခန့်ရှိရာ အပျိုပေါက်အရွယ် မိန်းကလေးများမှလွဲ၍ မိန်းမတိုင်းကို ဒေါ်တပ်၍ ခေါ်တတ်ပါသည်။

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် မြလေးကိုမူ မမြလေးဟုပင် ခေါ်ပါသည်။

ညနေ လမ်းလျှောက်တိုင်း ဝတ်နေကြ သက္ကလပ် နက်ပြာ ဘောင်းဘီအရှည်နှင့် အပြာနုရှပ်လက်တိုကို ဝတ်ထားပါသည်။ ညနေစောင်း၏ အလှတွင်မူ ဦးကျော်မင်းလည်း လူချောကြီး တစ်ယောက် ဖြစ်နေလေသည်။

"လာပါ ဦးကျော်မင်း၊ ထိုင်ပါဦး"

ကျွန်မသည် ဆီးကြို၍ မြက်ခင်းဘေးမှ ခုံတန်းလျားကို ထိုင်ရန် ညွှန်ပြပါသည်။

"လမ်းလျှောက်ရအောင် ဒေါ်ခင်ယုလိုက်မလားလို့ ဝင်ခေါ်တာ၊ ဟိုဘက် ကျမ်းစာသင်ကျောင်းဘက်ကိုလေ"

"ဩော် ဟုတ်ကဲ့"

ကျွန်မမှာ ခဏ စဉ်းစားနေမိပါသည်။ ကျမ်းစာသင်ကျောင်း ရှေ့မှ လမ်းမကြီးအတိုင်း အရှေ့ဘက်လှမ်းလှမ်း လျှောက်သွားလျှင် မြလေးတို့အိမ်ကို တွေ့နိုင်လေသည်။

"ဒီနေ့ညနေ တော်တော်သာယာတယ်"

"ဟုတ်ပါတယ် ဦးကျော်မင်း၊ ကျွန်မလည်း လမ်းလျှောက်လိုက်မယ်၊ ခဏလေး စောင့်ပါဦးနော်"

ကျွန်မသည် အိမ်ပေါ်တက်၍ ဖိနပ်လဲပြီး ဦးကျော်မင်းနှင့် အတူ လမ်းလျှောက် ထွက်ခဲ့ကြပါသည်။

စကားတပြောပြောနှင့် လမ်းမကြီးအတိုင်း လျှောက်လာရာမှ ကျမ်းစာသင်ကျောင်းရှေ့ကို လွန်လာကြပါသည်။

ညဘက်ရှိ စပါးခင်းမှာ အစိမ်းရောင်မှ အဝါသို့ ပြောင်းခါနီး အချိန် ဖြစ်လေသည်။





စောင်းရွှေသွားပြီဖြစ်သော နေခြည် အကြွင်းအကျန်များလည်း စပါးခင်းပေါ်သို့ ရွှေမှုန်ကြဲသလို ဖြစ်နေပါသည်။ ဆောင်းလေသည် ယဉ်ယဉ်နွဲ့နွဲ့ တိုက်ခတ်ရင်း စပါးခင်းပြင်ပေါ်တွင် ရွှေလှိုင်းများ ၍ နေကြပေသည်။

မြလေးတို့အိမ်ကိုမူ ရေးရေးလောက်သာ မြင်ရလေသည်။

ဒါပေမယ့် ကျွန်မရှေ့တွင်မြင်ရသော စုံတွဲကြောင့် ကျွန်မ ခြေလှမ်းများ နှေးကွေးသွားပါသည်။

ထိုစုံတွဲမှာ မြလေးတို့စုံတွဲ ဖြစ်ပေသည်။ ဦးကျော်မင်းကမူ ဘာယ်လိုမှ မထူးခြားသလို မှန်မှန်ပဲ လျှောက်လာသည်။ မြလေးသည် ဗိုလ်တင်မောင်နှင့် ယှဉ်လျှောက်ခါမှပင် သူ့ကိုယ်လုံး၏ အလှမှာ ပို၍ထင်ပေါ်နေလေသည်။

ကြော့ရှင်းသည် ဆိုသည်မှာ မြလေး၏ အလှမျိုးပင်လား။ ကြော့ကြော့မော့မော့နှင့် ယဉ်လှသည်။ ညနေ၏ နေခြည်ထဲတွင် လှုပ်ရှားနေပုံမှာ စိတ်ဝင်စားစရာ ကောင်းတော့သည်။

"ဦးကျော်မင်း ရှေ့က မမြလေးတို့စုံတွဲပဲ"

"ဟုတ်ကဲ့၊ သူ့ခင်ပွန်း ရောက်လာပြီထင်တယ်"

"ဟုတ်တယ်လေ၊ ဗိုလ်တင်မောင်ပြန်လာမှ ဦးကျော်မင်း မမြလေးတို့အိမ် မရောက်သေးဘူးလား"

ဦးကျော်မင်းသည် ခဏ တွေနေပြီးမှ-

"ခုတလော ကျောင်းကိစ္စလေးတွေကြောင့် မရောက်မိဘူးဗျာ"

သူ့အသံမှာ ထိန်းထားသလို ဖြစ်နေပါသည်။ ကျွန်မသည် လမ်းလျှောက်ရင်းမှ သူတို့စုံတွဲအကြောင်းကို ပြောလာပါသည်။ မှိုးချုပ်စပြုလာ၍ အင်းစိန်ဘက်သို့ ပြန်လျှောက်လာကြသည်။



www.burmeseclassic.com

ကျွန်မက ဗိုလ်တင်မောင်တို့၏အကြောင်း ပြောသည့်အထဲတွင်မူ ဦးကျော်မင်းမှာ စွက်ဖက်မပြောဘဲ "အင်း"လိုက်ရင်းသာ လျှောက်လာခဲ့ပါသည်။

ကျွန်မတို့အိမ်ရှေ့သို့ ရောက်လာသော်လည်း သူသည် ဆက်၍ မလျှောက်တော့ဘဲ အိမ်ထဲသို့ ဝင်လိုက်လာပါသည်။

"ခဏ နားပါဦးလား ဦးကျော်မင်း"

သူသည် ပြုံး၍ လျှောက်လာကာ ဧည့်ခန်းမှာ ဝင်၍ထိုင်လိုက်ပါသည်။ သူ့အနားသို့ လိမ္မော်ရည်တစ်ခွက် ချထားလိုက်စဉ်မှာပင် ရေဒီယိုသီချင်းသံသည် ပေါ်၍လာလေသည်။

"ဒါနဲ့ ဦးကျော်မင်းရဲ့ 'ကျွန်းကေရီ'သီချင်းဟာ တယ်ကောင်းတယ်ဆိုပါလား"

ဦးကျော်မင်းမျက်နှာမှာ ရုတ်တရက် ကြောင်သလို ဖြစ်သွားရင်းမှ-

"ဒေါ်ခင်ယုက ကြားပြီးလို့လား"

"မကြားရသေးပါဘူး၊ မမြလေးပြောလို့"

"သြော်၊ ဟုတ်ကဲ့ ဟိုတစ်လောက သူ့ကို သီချင်းတက်ပေးမိတယ်၊ ဂီတမှာတော့ ပင်ကိုယ်ဉာဏ်ရှိတဲ့ မိန်းကလေးပဲ။ ဒါနဲ့ ကျွန်တော့်ရဲ့ သီချင်းကို အဆင်သင့်ရင် အသံလွှင့်ဌာနကနေ အသံလွှင့်မယ် စိတ်ကူးတယ်"

"ကောင်းသားပဲ ဦးကျော်မင်းရယ်"

ဦးကျော်မင်း စိတ်ထဲတွင်မူ ထူးထူးခြားခြား ဖြစ်ချင်မှဖြစ်မည်၊ ကျွန်မ စိတ်ထဲတွင်မူ ဗိုလ်တင်မောင်နှင့် တွေ့ပြီးကတည်းက ဦးကျော်မင်းကို စကားပြောရသည်မှာ စိတ်မလုံသလို ဣန္ဒြေဆယ်





၍ ပြောနေရပါသည်။ သို့သော် ကျွန်မစကားတွင် ဗိုလ်တင်မောင်၏အကြောင်း ပါလာလျှင်မူ ကျွန်မ အထူးသတိထား၍ လေးလေးနက်နက် ပြောပြပါသည်။

"အေးလေဗျာ၊ ကျွန်တော်ဖြင့် မမြလေးနဲ့သာ မိတ်ဆွေဖြစ်ခဲ့ရတယ်၊ ဗိုလ်တင်မောင်ကိုဖြင့် တစ်ခါမှ မတွေ့ဖြစ်သေးဘူး"

"လက်ထပ်ပြီးကတည်းက သူလည်း အိမ်မှာနေရတယ်မှ မရှိပဲ"

"အခွင့်သင့်ရင်တော့ ကျွန်တော် ဗိုလ်တင်မောင်နဲ့ မိတ်ဆွေဖြစ်ချင်ပါတယ်"

သူ ဘယ်လိုအဓိပ္ပာယ်နှင့် ပြောသည်ကိုတော့ ကျွန်မ နားမလည်ပါ။

"တစ်နေ့တော့ သွားလည်ကြတာပေါ့၊ ကျွန်မ မိတ်ဆက်ပေးပါ့မယ်။ မိတ်ဆွေဖြစ်လို့တော့ ကောင်းတဲ့ လူတစ်ယောက်ပါပဲ"

"အေးဗျာ၊ အခွင့်သင့်ပါစေ ဆုတောင်းပါတယ်၊ ကဲ ကျွန်တော်ပြန်ဦးမယ်"

နှုတ်ဆက်ရင်း ဦးကျော်မင်း ထွက်သွားပုံမှာ နွေးကွေးလှသည်။ သူသည် တစ်စုံတစ်ခုကို စဉ်းစားနေပုံရသည်။ ကျွန်မ စကားပြောစဉ်တွင် မြလေးတို့အကြောင်းရောက်တိုင်း စူးစူးစိုက်စိုက်နှင့် စိတ်ဝင်စားစွာ နားထောင်နေပါသည်။

ဗိုလ်တင်မောင်ထံမှလည်း ဘာသတင်းမှ မကြားရသေးပေ။

\+ + +



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# တစ်ဆယ်

ာယကံရှင်ဖြစ်သော မြတ်လေးစိတ်ထဲတွင် ဗိုလ်တင်မောင်၏ ခွင့်ရက်အတွက် စိတ်စောချင်မှ စောမိပေလိမ့်မည်။

ကျွန်မအဖို့တွင် ခွင့်ရက်စေ့သွားမည်ကို စိုးရိမ်နေပါသည်။ ကြေကွဲစရာ မရှုမလှအဖြစ်များကို ကျွန်မမျက်မှောက်တွင် မတွေ့မမြင်လိုပါ။ ချစ်လှစွာသော မိတ်ဆွေများ၏ဘဝကို သာမော လှပစွာပဲ ဖြစ်စေချင်ပါသည်။

ယနေ့တော့ ဗိုလ်တင်မောင်တို့အိမ်ကို သွားရန် ဆုံးဖြတ်လိုက်ပါသည်။

မနက်ခင်းမှာ သာသာယာယာနှင့် နေခြည်များလည်း တောက်နေပါသည်။

"မမ မနက်အစောကြီး ဦးကျော်မင်းအိမ်က လူတစ်ယောက် လာပေးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဗိုလ်တင်မောင်တို့အိမ်သို့ မသွားခင် အိမ်မှ မိန်းကလေး က စာလာပေးပါသည်။

စာအိတ်ထောင့်တွင် ကျော်မင်းဟု အမည်ထိုးထားပါသည်။

ကျွန်မ ထူးခြားသောစာကြောင့် ရင်ထဲတွင်ပင် လှုပ်လှုပ်ရှား ရှား ဖြစ်သွားပါသည်။ စာကို ဖတ်ရှုချိန်တွင် အံ့ဩခြင်းမှာ ပိုမို ဖြစ်လာပါတော့သည်။

+ + +

**ဒေါ်ခင်ယု ခင်ဗျား**

ကျွန်တော် လေးမြတ်စွာ စာရေးလိုက်ပါတယ်။

ဟိုသီတင်းပတ်ထဲက ဒေါ်ခင်ယုနဲ့ ကျွန်တော် လမ်းလျှောက် ခဲ့တဲ့ညနေကို သတိရမိပါသေးသလား။

ကျွန်တော့်တစ်သက်တာမှာ ဒီညနေဟာ 'နှောင်တ' တရားကို ရလာအောင် ဘုရားသခင်က ဖန်တီးပေးတဲ့ ညနေပါပဲ။

ကျွန်တော် ပွင့်ပွင့်လင်းလင်း မိတ်ဆွေကြီးကို ဝန်ခံပါရစေ ခင်ဗျား။ အမှန်တော့ ဒီအကြောင်းဟာ အင်းစိန်ရဲ့ ပညာရေးပိုင်းမှာ သတင်းလွှင့်ပြီးမှ ကျွန်တော်ဝန်ခံတာတောင် နောက်ကျနေပါပြီ။

ဘာလဲဆိုတော့ ကျွန်တော်နဲ့ မမြလေး အကြောင်းပဲ။ ကျွန်တော် ဟာ မမြလေးကို စချစ်မိတုန်းက အိမ်ထောင်နဲ့မှန်း မသိတာ အမှန် ပါပဲ။ နောက် ဗိုလ်တင်မောင်ရဲ့ ချစ်ဇနီးမှန်း သိတဲ့အခါမှာတော့ ကျွန်တော့်ချစ်မေတ္တာကို နောက်ဆုတ်လို့မရအောင် ဖြစ်ခဲ့ရတယ်။

ကျွန်တော် မမြလေးကို ဂီတမှာ ယစ်မူးအောင် လုပ်ခဲ့ပါတယ် ကျွန်တော့်ရင်ခွင်မှာ သာယာအောင် ကျွန်တော် ကြိုးစားခဲ့ပါတယ်

ပြုံးစာပေ



ကျွန်တော် တကယ်ချစ်ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်တို့ နှစ် ယောက် ဖောက်ဖောက်ပြန်ပြန် ကျူးကျူးလွန်လွန် မဖြစ်ကြသေး ပါဘူး။ ဒီအကြောင်းကိုတော့ ဗိုလ်တင်မောင် သိစေချင်ပါတယ်။

ဟိုနေ့ ညမှာတော့ဖြင့် သူတို့နှစ်ယောက်ကို နောက်ကကြည့် ရင်း ရင်ထဲမှာ ဆွေးလာတယ်။ ကိုယ့်ကိုယ်ကိုလည်း ကိုယ် ရှက်စိတ် တွေဟာ ဝင်လာတယ်။

တတ်နိုင်ရင် ဗိုလ်တင်မောင်ကို ပြောပေးပါ ဒေါ်ခင်ယုရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါလို့။ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ပြစ်မှု အတွက် ဘုရားသခင်က ခွင့်လွှတ်တောင်မှ ကျွန်တော့်ကိုယ် ကျွန်တော် ခွင့်မလွှတ်နိုင်တဲ့ နှောင်တတရားကို ကျွန်တော် ရပါပြီ။

ဗိုလ်တင်မောင်ဟာ ကျွန်တော်တို့အကြောင်း သိပြီး ဖြစ် ကောင်းဖြစ်ပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ မြလေးဖေဖေက ကျွန်တော့်ကို အိမ်မလာဖို့ ပြောပြီးပြီကိုး။

ခုတော့ဖြင့် ကျွန်တော်ဟာ အောင်မြင်စွာ ဆုတ်ခွာလိုက်ပါပြီ။

ဒါပေမယ့် ကျွန်တော့်ရဲ့ ချစ်မေတ္တာတွေကတော့ မမြလေး ပေါ်မှာ အစဉ်သာယာခဲ့တာမို့ မေ့ပျောက်လို့ မရပါဘူး။

အချစ်ဆိုတာ မခက်ပါလား ဒေါ်ခင်ယု။ ဘုရားသခင်ရဲ့ တရားတော်တွေ၊ လူကျင့်ဝတ်တွေ၊ လောကနီတိတွေကြောင့်သာ ဘယ်သူကို မချစ်သင့်ဘူး၊ ဘယ်သူကိုတော့ ချစ်ရမယ်၊ ချစ်သင့် တယ်ဆိုတာ "စိတ်" ဆိုတဲ့တရား ရှိနေသရွေ့တော့ လွတ်လပ်စွာ တွေးတောတာနဲ့အမျှ အချစ်ဆိုတာလည်း ချစ်ချင်သူကို ချစ်နေ တာပဲ။

ပြုံးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မတော်လွန်းတဲ့ ကျင့်ဝတ်တရားကြောင့် ကျွန်တော်ဟာ နောက်ဆုတ်လိုက်ရပါတယ်။ ဒီစာ ဖတ်ရတဲ့အချိန်မှာ ကျွန်တော် ဟာ D.P.I အကူအညီနဲ့ တခြားမြို့ကို တိတ်တိတ်ဆိတ်ဆိတ် ပြောင်းရွှေ့သွားပါပြီ။

ဗိုလ်တင်မောင်နဲ့ မမြလေးဘဝဟာ သာယာပါစေလို့ ရိုးသား စွာ ဆုတောင်းခဲ့ပါတယ်ခင်ဗျား။

ဒေါ်ခင်ယု ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရွှင်လန်းပါစေ။

မိတ်ဆွေကြီး
**ကျော်မင်း**

ပြဿနာမှာ သူ့ဟာသူ ဖြေရှင်းသွားပေပြီ။ ကျွန်မက ဒီလို ယူဆလိုက်ပါသည်။ အမှန်တော့ စာဖတ်ရချိန်တွင် ဝမ်းနည်း သည်နှင့်အမျှ ဝမ်းလည်းသာမိပါသည်။

ကျွန်မခေါင်းထဲတွင် မျှော်လင့်ချက် အရိပ်အရောင်များ ရုတ်တရက် ဝင်လာပါသည်။ ယခုအချိန်တွင် မြလေး ကျော် တက်သွား၍ အိမ်တွင်ရှိမည် မဟုတ်ပေ။

"ကဲ ကိုသာဘော် ဗိုလ်တင်မောင်တို့အိမ်ကို မြန်မြန်သွား ပြီးတော့ ဒီအိမ်ကို ခုလာပါလို့၊ မနက်စာလည်း ဒီမှာစားလို့ တစ် တည်းမှာခဲ့နော်"

ကျွန်မသည် ခြံစောင့်သည့်လူအား ဗိုလ်တင်မောင်ဆီသို့ လွှတ် လိုက်ပါသည်။

မနက်စာကို ဗိုလ်တင်မောင်အတွက်ပါ ပြင်ဆင်ရန် မီးဖိုချော





ထဲသို့ ဝင်ခဲ့ပါသည်။ ဦးကျော်မင်း တိတ်ဆိတ်စွာ ထွက်ခွာသွား သည့်အတွက်လည်း စိတ်မကောင်းသလို ဖြစ်နေလိုက်မိပါသေးသည်။

လောကကြီးနှင့် ပုထုဇဉ်လူသားတို့မှာ ပြော၍မကုန်၊ ရေး၍ မကုန်အောင်ပင် ဆန်းကြယ်လှပေ၏။

ထမင်းပွဲကို ပြင်ရင်းဆင်ရင်းနှင့်ပင် ၁၀-နာရီလောက်တွင် ဗိုလ်တင်မောင် ရောက်လာပါသည်။

အိမ်ဝကတည်းကပင်-

"ဘယ်နှယ့်လဲ မခင်ယု၊ ဆုံးဖြတ်ချက်လေးများ ရပြီလားဗျို့။ နောက်တစ်ပတ်ထဲ ပြန်ရတော့မယ်"ဟု အော်၍ပြောကာ ဝင်လာ ပါသည်။ ကျွန်မမှာ ပြုံး၍နေရင်း ဘာမှ ပြန်မပြောတတ်သလို ကြောင်နေမိပါသည်။ ဘာပဲဖြစ်ဖြစ် ထမင်းအရင်စားသည်က ကောင်းမည် ထင်သည်။

"ကဲ ဗိုလ်တင်မောင်၊ ထမင်းစားပြီးမှ စကားပြောရအောင်"

"အောင်မယ်၊ စားရင်းပြောပေါ့ မခင်ယုရယ်၊ ပြောမယ့်စကား က ကျွန်တော့်စိတ်ကို ထိခိုက်သွားရင် အစားပျက်မယ်များ ထင်လို့ လား။ စစ်သားဟာ စိတ်ထိခိုက်တိုင်းသာ အစားပျက်ရရင် စစ် မြေပြင်မှာ အစာငတ်တာနဲ့ သေမှာ"

ကျွန်မက ရယ်နေပါသည်။

"ကဲလေ ဒီလိုဆိုလည်း စားပါ။ လာ တစ်ခါတည်းစားရင်း စကားပြောတာပေါ့"

နှစ်ယောက်စလုံး ထမင်းစားပွဲတွင် ထိုင်လိုက်ပါသည်။ ကျွန်မ သည် ထမင်းများထည့်ရာမှ



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်မင်း မရှိတော့ဘူး"

"ဘာဗျာ"

"ဦးကျော်မင်း ပြောင်းသွားပြီ။ ရော့ ဒီစာဖတ်ကြည့်စမ်း"

ဦးကျော်မင်းစာကို သူ့လက်ထဲ ထည့်လိုက်ပါသည်။ ထမင်းကို ဝါးရင်းပင် စာကို ဖတ်နေလေသည်။ စာက တဖြည်းဖြည်း ဆုံးခါနီးလေ၊ သူ့မျက်နှာများမှာ ပြုံး၍လာလေဖြစ်နေပါသည်။ စာဖတ်ပြီးသည်နှင့် တစ်ပြိုင်နက်-

"တော်တယ်ဗျို့ ၊ ဦးကျော်မင်းကို ကျုပ် ချီးကျူးတယ်။ တစ်ယောက်ယောက်က ဖွင့်ဝန်ခံလိုက်ရင် ကျွန်တော် ကျေနပ်ပြီ"

"ဒါဖြင့် ရှင့်ဆုံးဖြတ်ချက်က ဘယ်လိုလဲဟင်၊ မြလေးကို ခေါ်မလား"

ကျွန်မမှာ စိုးရိမ်တကြီး ဖြစ်သွား၍ အလန့်တကြား မေးမိပါသည်။

"အမယ် မခင်ယုရယ်၊ ခေါ်သွားမှာပေါ့။ သူ ဦးကျော်မင်းဘက် စိတ်ယိုင်နေရင် တစ်ခါတည်း လိုက်သွားမှာပေါ့ဗျာ။ ခုထိလည်း ကျွန်တော့်အပေါ်မှာ မူမပျက်ပါဘူး။ ဒီမှာ မခင်ယု၊ အမျိုးမျိုး လောကဓံကို ဖွတ်ဖွတ်ကြေအောင်ခံလာရတဲ့ ကျွန်တော့်လို စစ်သားတစ်ယောက်ဟာ အချစ်နဲ့ပတ်သက်တဲ့ ဒီလောကဓံလောက်ကို ဘာလို့ မခံနိုင်ရမှာလဲ။ မြလေး ဖြစ်ခဲ့တာတွေအတွက် ကျွန်တော် ခွင့်လွှတ်နိုင်ပါတယ်"

ကျွန်မရင်ထဲမှ ခုမှ ဒိုးဒိုးချ၍ စိတ်အေးလက်အေး ဖြစ်သွားပါတော့သည်။ ဗိုလ်တင်မောင်ကို ကြည့်ရသည်မှာလည်း အတော်ကျေကျေနပ်နပ် ဖြစ်နေပါသည်။





ထမင်းစားပြီးချိန်တွင်လည်း စိတ်လက်ပေါ့ပါးနေသလို ပြုံးပြုံးရယ်ရယ်နှင့် ရယ်စရာတွေကိုပဲ ပြောနေပါသည်။

"ကဲ ခင်ဗျားဆီပေးတဲ့စာကိုတော့ ခင်ဗျားပဲယူထားပေါ့"

ဦးကျော်မင်းစာကို ကျွန်မလက်ထဲ ပြန်ပေး၍ ပက်လက်ကုလားထိုင်မှာ မှီနေပါသည်။

"ဦးကျော်မင်းကြီး သနားသေးသဗျာ၊ တစ်ခါဖူးမှလည်း မမြင်လိုက်ရသေးဘူး။ ဒီလူ တော်တယ်နော်၊ ဪ အချစ်ဆိုတာလဲ ဟုတ်မှာပေါ့ဗျာ၊ မြလေးက လင်နဲ့သာဆိုတယ် အပျိုရည် မကုန်သေးသလိုပဲ"

တပြုံးပြုံးနှင့် သူ့ ချစ်ဇနီးအကြောင်းကို ပြောပြပြန်ပါသည်။

စကား တပြောပြောနှင့် ညနေ မြလေး ကျောင်းဆင်းချိန်နီးခါမှပင် ကျွန်မတို့အိမ်မှ ပြန်သွားပါတော့သည်။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



နောက် ရက်သတ္တပတ်အတွင်းမှာပင် ကျွန်မ၏ မိတ်ဆွေနှစ်ဦးကို လေယာဉ်ပျံကွင်းသို့ လိုက်ပို့ရပါတော့သည်။

အားလုံး ချောချောမောမော ပြေပြေပြစ်ပြစ် ဖြစ်သွားသည့်အတွက် ကျွန်မစိတ်ထဲတွင် ကျေနပ်မိပါသည်။

မြလေး ကြည့်ရသည်မှာလည်း ပျော်ပျော်ရွှင်ရွှင်နှင့် သွက်လက်နေပါသည်။ လေယာဉ်ကွင်းတွင်လည်း သူ၏ မက်မောစရာကောင်းလှသော အပြုံးနှင့် ကျွန်မတို့အား နှုတ်ဆက်နေပါသည်။

ဗိုလ်တင်မောင်ကလည်း အတိတ်တွင် ဘာမှ မဖြစ်ခဲ့သလို တစ်မျက်နှာလုံး ကြည်လင်ရွှင်ပြုံး၍ နေပါသည်။

ဇနီးမောင်နှံနှစ်ယောက် လှေကားမှ ဖြည်းညင်းစွာ တက်၍ လေယာဉ်ပျံထဲ ဝင်သွားကြပုံမှာ ကျွန်မ မျက်စိထဲတွင် စွဲမြဲ၍နေပါသည်။

ငွေရောင်တောက်သော လေယာဉ်မှာ ဖြူလွသော တိမ်ပြာကြားတွင် ဝင်ရောက် ပျောက်ကွယ်သွားမှ ကျွန်မလည်း ပြန်လာခဲ့ပါတော့သည်။ ကျွန်မက ဤတွင်ပဲ သူတို့ဇာတ်လမ်းကို အဆုံးသတ်ချင်ပါတော့သည်။ သို့သော်-

\+ + +



## တစ်

ယခုနှစ် ဇန်နဝါရီတွင် မြဝတီမဂ္ဂဇင်းထဲ၌ "ကျွန်းဧကရီ" ဝတ္ထုကို ရေးသားခဲ့ပါသည်။ အမှန်တော့ သူတို့သုံးဦး၏ ပုံပြင်ကလေးသည် ကျွန်မ ယခုနှစ်လောက်မှ ဖော်ပြခဲ့ပေမယ့် အင်းစိန်၏ ပရိသတ်တွင် မေ့လောက်အောင်ပင် ကြာမြင့်ခဲ့လေပြီ။

ဝတ္ထုထွက်ပြီး နောက်ပိုင်းတွင် ကျွန်းဧကရီဝတ္ထုကို ဝေဖန်သောစာများ တဖွဲဖွဲရောက်လာသည့်ကြားမှ ထူးဆန်းသောစာတစ်စောင်ကို ကျွန်မ ရရှိခဲ့ပါသည်။

ဖော်ပြသင့်သည့် လူ့အကြောင်းအရာကဖြစ်နှင့် ကျွန်မ၏ ဝတ္ထုရေးသားခြင်းအတွက် ဘယ်သူ့ကိုမျှ မထိခိုက်ပါစေနှင့်ဟု စာအိတ်ဖောက်ခင် ဆုတောင်းမိပါသည်။

စာအိတ်မှာ ကြီးမား၍ ရှည်လှသည်။ ဖောက်လိုက်သည့်အခါတွင် ရွက်ရေ ၁၀၀ ကျော်ကျော်ရှိ စာရွက်များကို တွေ့ရပါသည်။ ဓာတ်ပုံမျက်နှာများနှင့်အတူ စာရွက်အပြာလေးတစ်စောင်လည်း ပါလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် စာအုပ်ကို ဘေးချ၍ ခဏမှိန်နေစဉ်တွင် ဘယ်သူ ကတောင်းမှန်းမသိ "သက်ဆိုင်သူသို့ ကျွန်းကေရီ"သီချင်း ဆိုသော အသံကိုသာ ကြားလိုက်မိပါသည်။

ကျွန်မသည် ရုတ်တရက်ပင် လန့်သွားသလို ထ၍ပင် ထိုင်မိ ပါသည်။

"ကျွန်းကေရီ" ဆိုသော အသံမှာ ဦးကျော်မင်းအသံပင် ဖြစ် သည်။ သူ အခွင့်သင့်လျှင် အသံလွှင့်မည်ဟု ပြောခဲ့ဖူးလေသည်။

တကယ်ပင် ဗိုလ်တင်မောင်ပြောသကဲ့သို့ သီချင်းမှာ ညက် ညော ဂီတမှာ ညွှတ်နူးနှစ်သိမ့်ဖွယ် ကောင်းလှပါသည်။

ရင်တွင်းမှ ပွင့်၍ထွက်လာသော ဦးကျော်မင်းအသံသည် မြလေး သို့ ရည်ညွှန်းနေသည်ထင်ပါသည်။ သီချင်းသံမှာ ကြားရသူစိတ်ကို အထူး လှုပ်ရှားစေပါသည်။

"ကျွန်းကေရီ ကျွန်းကေရီ" ဟူ၍ တွန့်ကာ ထပ်ကာဆိုသံသည် လေထဲတွင် ပျံ့ဝဲနေတော့သည်။

နောက်ဆုံးမှာ ဗိုလ်တင်မောင် ပြောသလိုပင် ရေလှိုင်းသံများ သဖွယ် အမြင့်ဆုံးတီးလုံးသံ တက်နေရာမှ လျှောကျတိတ်ဆိတ်၍ တီးလုံးပျောက်ကွယ်သွားပုံမှာ နှမြောတသစရာ ကောင်းတော့သည်။

ဦးကျော်မင်း တခြားသီချင်းများဆိုသံ ကျွန်မ မကြားဖူးပေမယ့် ယခု "ကျွန်းကေရီ"လိုတော့ ဘယ်သီချင်းမှ မကောင်းပါ။

တစ်ညလုံးလိုလိုပင် သူတို့သုံးဦးကို သတိရနေသလို ခေါင်းထဲ တွင် ပေါ်လာလိုက် တွေးလိုက်နှင့် အိပ်ပျော်သွားပါတော့သည်။

\+ + +





ရက်သတ္တပတ်သည် တရွေ့ရွေ့နှင့် ကုန်ဆုံးသွားခဲ့လေသည်။

တစ်နေ့ မမျှော်လင့်ပဲ ဧည့်သည်တစ်ယောက် ရောက်လာပါ သည်။ ဧည့်သည်မှာ စစ်ဗိုလ်တစ်ယောက်ဖြစ်၍ ကွတ်ခိုင်မှာ လာ ခြင်း ဖြစ်ပါသည်။

သူသည် ရန်ကုန်သို့ ခဏလာကြောင်း၊ ဗိုလ်တင်မောင်ထံမှ စာတစ်စောင် ပေးလိုက်၍ လာပို့ကြောင်း ပြောကာ ပြန်သွား ပါတော့သည်။

ကျွန်မတွင် စာအိတ်ကို ကိုင်ရင်း ဝမ်းသာသွားမိပါသည်။ သူတို့ သုံးဦး အင်္ဂါစိန်မှ ထွက်ခွာသွားကတည်းက ပျင်းရိသလို ဖြစ်နေရာ စာရောက်လာ၍ ဝမ်းသာသလို၊ ပျော်သလို ဖြစ်သွားပါသည်။ စာမှာ တော်တော်ရှည်ရှည် ရေးထားပုံရ၍ အားရပါးရ ဖွင့်၍ ဖတ်လိုက် ပါသည်။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



မခင်ယုရေ

ကျွန်တော့် ဇီစာကိုရရင် ဖေဖေတို့ဆီကို စာရတဲ့အကြောင်း သွားပြောပေးပါ။

ဖေဖေ့ဆီကို ကျွန်တော် စာမရေးချင်တော့ဘူး။

မခင်ယုရေ အဖြစ်တွေကတော့ ဆန်းကြယ်လွန်းလို့ ကျွန်တေ ဖြင့် စာတောင် ရုတ်တရက် မရေးတတ်သလို ဖြစ်နေတယ် လူ့ဘဝဆိုတာ ကိုယ်အဆုံးသတ်ချင်သလို သတ်လို့မရပါလားဗျ ကံစီမံရာပဲနော်။

အရင် တစ်လလောက်အတွင်းမှာ ညဘက် ရေဒီယိုကို ထောင်မိသေးသလား။

ကျွန်တော် မြလေးကို ခေါ်သွားပြီး ကွတ်ခိုင်မှာ မထား လားရှိုးမှာ အိမ်ငှားပေးထားတယ်။ ကွတ်ခိုင်နဲ့စာရင် လားရှိုး အအေးသက်သာတယ်။ ကျွန်တော့်မယားလေး ချမ်းရှာမှာစိုး လားရှိုးမှာ ထားရစ်ခဲ့တာပေါ့။ အားတဲ့အခါတိုင်း ကွတ်ခိုင် လားရှိုးကို သွားပါတယ်။

လားရှိုးအိမ်မှာ ပစ္စည်းကတော့ မပြည့်စုံပါဘူး။ ဒါပေမဲ့ မြလေး ပျင်းမှာစိုးလို့ ရေဒီယိုတစ်လုံးတော့ ကျွန်တော် မ ဖြစ်အောင် ဝယ်ပေးထားပါတယ်။

အဲ ဟို ကျန်ခဲ့တဲ့ တနင်္ဂနွေပတ်ကပေါ့၊ ကျွန်တော်လ လားရှိုးကို ရောက်နေတယ်။ လင်မယားနှစ်ယောက် ချမ်းချမ်း





ကွပ်ပျစ်ပေါ်လှဲရင်း ရေဒီယို နားထောင်နေတာပေါ့။ ဘာသီချင်း လာတယ်ထင်လဲ မခင်ယု၊ ဦးကျော်မင်းရဲ့ "ကျွန်းကေရီ" သီချင်း ပါပဲဗျာ။

ထုံးစံအတိုင်း သူ့ သီချင်းသံကလည်း ကောင်းလေတော့ ကျွန်တော်တောင် ခဏတော့ မိန်းမောနေသလို တွေနေမိတယ်။ မြလေး ဆိုပြီးပြတာထက်တောင် ကောင်းသေးတယ်။ သီချင်းလည်း ဆုံးရော ကျွန်တော့်ရဲ့မရွှေချောဟာ အနားမှာ တရှုံ့ရှုံ့ငိုနေတော့ တယ်။ ကျွန်တော် ဘယ်လိုဖြစ်သွားမလဲ မခင်ယု စဉ်းစားသာကြည့် တော့၊ သူ့ကို ရင်ခွင်ထဲ ဆွဲသွင်းပြီး ဘာဖြစ်လို့လဲလို့ မေးလည်း မရဘူး၊ ကြူကြူပါအောင် ငိုတော့တာပဲ။

ကျွန်တော် ရှက်လိုက်တာဗျာ၊ အယူအဆတွေဟာ သိပ်မှားတာ ပဲ မခင်ယု၊ ကျွန်တော့်နောက်ကို သူလိုက်လာတာ စေတနာ အလျောက် လိုက်လာတာလို့ ကျွန်တော်တွက်မိတယ်။ ကျွန်တော့်ကို အချစ်မပြယ်သေးဘူးလို့ အောက်မေ့လို့လည်း ကျွန်တော်ခေါ်ခဲ့ တာပါ။ အင်မတန်ပီရိတဲ့ မိန်းမပါပဲဗျာ။ ခုတော့ သူ အောင့်အည်း ပြီး ကန္ဒြေလုပ်ခဲ့သမျှ မထိန်းနိုင်မသိမ်းနိုင်နဲ့ ငိုတော့တာပဲ။ ကျွန်တော်ဟာ နွား မဟုတ်ဘူးဗျ။

ကျွန်တော့်ခေါင်းထဲ မူးဝေနေတာပဲ။ ဒေါသ ဖြစ်ရမလား၊ ဝမ်းနည်းရမလား ဆိုတာတောင် မသိတော့ဘူး။ သူ့ပခုံးနှစ်ဘက် ကို ဆွဲလှုပ်ပြီး။

"မြလေး ရှင်းရှင်းဖွင့်ပြောစမ်းပါ။ ဦးကျော်မင်း သီချင်းသံ ကြားတာနဲ့ မင်းငိုတာဟာ ရုပ်ပျက်လွန်းပါတယ်" လို့ ကျွန်တော် ပြောတော့ ရှိုက်ပြီးသာ ဆက်ငိုနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ-

"မြလေးကို ခွင့်လွှတ်ပါ ကို"တဲ့၊ သူ ဒီမှာ ဆက်ပြီး မနေနိုင်တော့ဘူးတဲ့ဗျာ။ မနေနိုင်တော့ဘူးတဲ့။ တစ်ညလုံးဟာဖြင့် ငိုမဆုံး ဖြစ်နေတော့တယ်။ ဘေးမှာရှိနေတဲ့ ကျွန်တော့် လင်တော်မောင်ဟာ အနေရ ခက်လိုက်တာ လွန်ပါရော။

"ပြန်မလား" မေးတော့လည်း မပြန်ဘူးတဲ့။ ဒါပေမယ့် ဒီမှာလည်း မနေတော့ဘူးတဲ့။

ကဲ အဓိပ္ပာယ် နားလည်ပြီလား မခင်ယုရေ၊ လေထဲမှာ လွင့်လာတဲ့အသံကို သူ ရှာတော့မှာပေါ့ဗျာ။

ကျုပ်က နောက်နေ့မနက်မှာ သူ့အထုပ်အပိုးတွေ ကူပြီးပြင်ပေးလိုက်ပါတယ်။ ညနေစောင်းမှာတော့ မန္တလေးကရောက်လာတဲ့ လေယာဉ်ပေါ် တင်ပေးလိုက်တယ်။

သွားပြီလေ ခင်ဗျားရဲ့ သူငယ်ချင်း၊ ကျွန်းကေရီဟာ မြေနွယ်ပွင့်ကြီးရှိရာကို သွားပြီခင်ဗျာ။

ဖေဖေ့ဆီက စာတွေလာပေမယ့်လည်း ကျွန်တော် စာမပြန်ချင်တော့ဘူး။ ဒီစာမရေးခင် ဖေဖေ့ဆီက ငွေ ၁၀၀ ပို့လိုက်ပါတယ်။ ဒီအကြောင်းတွေကို ဖေဖေ့ဆီ ကျွန်တော် မရေးရက်တော့ဘူး။ မေမေတော့ မသိပါစေနဲ့ဗျာ။ ဒီစာရရင် မခင်ယု ဖေဖေ့ဆီသွားပြီး သူတို့ရဲ့သမီး "မိန်းမရိုင်း" ကြီး အကြောင်းကို ပြောပြလိုက်ပါတော့။ ဖေဖေတို့ရဲ့ နောင်ရေးကိုလည်း ကျွန်တော် ဖိုးတင်မောင်က လုံးဝတာဝန်ယူမှာမို့ ဘာမှ စိတ်မပူဖို့လည်း ပြောပြလိုက်ပါဗျာ။

ဒီစာရေးပြီးတော့ ပြတင်းက ကြည့်လိုက်ရင် လဝန်းကို အရှေ့





ဘက်မှာ မြင်နေရတယ်။ လကို မြင်တော့ ကျွန်တော် ဘာကို သတိရတယ်ထင်လဲ၊ ကျွန်တော်ရဲ့ ရဲဘော်ကြည်မောင် ရုပ်ကလွဲလို့ ကျွန်တော် ဘာကိုမှ တွေးလို့မရတော့ဘူးဗျာ၊ ကျွန်တဲ့ အတိတ်တွေကိုဖြင့် ကြိုးစားပြီး မေ့လိုက်ပါပြီခင်ဗျာ။

မခင်ယု ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ရွှင်လန်းပါစေ။

မိတ်ဆွေ

တင်မောင်

ခေတ္တ-လားရှိုး

ကျွန်မက "မိန်းမတတ်ကြီး"လုပ်၍ သူတို့မောင်နှံ၏ ကံကြမ္မာကို ဖန်တီးလိုက်ရ၊ လုံးပမ်းလိုက်ရသည်မှာ စိတ်မောလူမောပင် ဖြစ်ရပါသည်။

ယခုလို ဖြစ်ပျက်သွားတော့ကော ကျွန်မက ဘာများတတ်နိုင်ပါဦးမည်နည်း။

ကံကြမ္မာ၏ အလိုကျအတိုင်းသာ ဖြစ်ရမည် မဟုတ်ပါလား။

ခင်နှင်းယု



www.burmeseclassic.com

www.burmeseclassic.com

# မိန်းမရိုင်း

www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆယ့်တစ်

ဆောင်း၏နောက်ပိုင်းဖြစ်၍ ညတာမှာ ရှည်သည်နှင့်အမျှ ပို၍ အေးလာပါသည်။

ကွင်းပြင်ကိုဖြတ်၍ တိုက်ခိုက်လာသော လေမှာလည်း အိပ်ခန်းထဲတွင် စိမ့်၍ လာစေပါသည်။

စာအုပ်တစ်အုပ်ဖတ်ရင်း ကျွန်မသည် ညဦးဦးကို မေ့ပျောက်ပစ်လိုက်ပါသည်။

စာဖတ်ရင်း ဘာကြောင့်မှန်းမသိ ကွတ်ခိုင်ကို ထွက်သွားကြသော မြလေးတို့ဇနီးမောင်နှံကို သတိရနေပါသည်။ စာအုပ်ကို အသာပိတ်၍ ခုတင်ပေါ် လှဲနေရင်း သူတို့အကြောင်းကိုသာ စဉ်းစားနေမိပါသည်။

မကြာခင်တွင်ပင် ရေဒီယိုမှ သီချင်းသံသည် လွင့်၍လာပေသည်။ အိမ်သားများ သီချင်းကို ဖမ်းယူနားထောင်နေကြသည် ထင်ပါသည်။

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စာရွက်ပြာကို ဖတ်၍ကြည့်မိသည်။ လက်ရေးမှာတော့ ကျွန်မ မျက်စိတန်းမိသော လက်ရေးဖြစ်သည်။

မခင်ယု

နှိုင်းကောင်းလိမ့်မည်တော့ မထင်ပါ။ ဒါပေမယ့် နှိုင်းလိုက်ရဦးမယ်။ ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်းဝတ္ထုကို မခင်ယု ဖတ်ဖူးလိမ့်မယ်။ သောနုတ္တိုရ်မုဆိုးဟာ ဆဒ္ဒန်ဆင်မင်းရဲ့ စွယ်တော်ကို ယူပြီး မိဖုရားသုဘဒ္ဒါအား စွယ်တော်ဆက်တဲ့စာပိုဒ်ကို ဂရုပြုမိမှာပေါ့။

စာကလည်း ဘာအဓိပ္ပာယ်မှန်း မသိ။ ကျွန်မသည် စာကို ဖတ်ရင်း ကြောင်တောင်တောင် ဖြစ်၍သွားမိသည်။ ဒါပေမယ့် သူ့စာမှာ စ,ချီလာပုံကတော့ စိတ်ဝင်စားစရာပေပဲ။ ကျွန်မ ဆက်၍ ဖတ်ပြန်သည်။

"မုဆိုးတစ်ပိုင်း မိန်းမရိုင်းကို၊ ငါမှာတိုင်း ပြောပါလေ" လို့ ဆဒ္ဒန်ဆင်မင်းက မှာလိုက်တဲ့စာပိုဒ်မှာ-

" . . . ငါ ဆဒ္ဒန်ဆင်မင်းသည်၊ မြေတွင်လုံးလုံး၊ မြှားချက်နှင့် ဆုံးပါပြီ၊ ရွှေသုံးရုံခြယ်၊ ကြာရိပ်လယ်မှာ၊ ရယ်ကာမောကာ၊ မျက်နှာ ငွေလ၊ ရွှင်ပပနှင့်၊ ခင်မ ဝမ်းမြောက်ပါလေတော့"

အဲဒီ ငေါ့တော့တော့စကားလုံးကို သုဘဒ္ဒါကြားတော့၊ နွေနှောင်းမှာ အင်ကြင်းပွင့်တွေက လှိုင်လှိုင်ပွင့်တုန်း သူနဲ့ ဆဒ္ဒန်ဆင်မင်းနဲ့ အချစ်ပြိုင်ခဲ့တာတွေ-

တွေးရင်းတွေးရင်း၊ အတိတ်အဖြစ်တွေက နှလုံးသားနဲ့ မဆန့်အောင် ကျယ်ပြန့်လွန်းလို့ သုဘဒ္ဒါဟာ ရင်ကွဲပြီးသေရတာပဲ။

အခုလည်း မခင်ယုရဲ့ ကျွန်းဇကရီကို ဖတ်ပြီး၊ ရင်ထဲမှာ အခံရ





ခက်လွန်းလို့ ဒီစာကို ရေးရတာပဲ။ မခင်ယု မေ့လောက်ပြီလား။ ကျွန်မ မမြလေးလေ။ ဝတ္ထုကိုဖတ်ရင်း ရင်ထဲမှာနင့်လာတယ်။ ဟိုတုန်းက ကိုနဲ့ ချစ်ခဲ့ကြရတာတွေဟာလည်း ရင်ထဲမှာ လျှံပြီး ထွက်လာတာပဲ။

ဒါပေမယ့် မခင်ယုရဲ့ဝတ္ထုက မဆုံးဘူး။ ဗိုလ်တင်မောင်ဆီက ကျွန်မ ထွက်လာပြီး ကျွန်မ ဘာဖြစ်နေတယ်ဆိုတာကို မသိလို့နဲ့ တူတယ်၊ ဖော်ပြမထားဘူး။ သိလဲ သိမှာမဟုတ်ဘူးလေ။

ကိုကတော့ -

"နောက်လင်ငယ်၏ ကြာရိပ်လယ်မှာ ရယ်ကာမောကာ၊ မျက်နှာငွေလ၊ ရွှင်ပပနှင့် ခင်မ,ဝမ်းမြောက်ပါလေတော့"

ဆိုတဲ့အနေနဲ့ မြလေးကို ဦးကျော်မင်းဆီ လွှတ်လိုက်တာပဲ။

ဆင်စွယ်ကို မြင်ပြီး သုဘဒ္ဒါ ရင်ကွဲရသလိုပဲ။ ကျွန်းဇကရီဝတ္ထုကို ဖတ်ရင်း ရင်ထဲမှာပူလာတယ်၊ ပြောသင့်သလောက် ပြောပါစေအနေနဲ့ ကျွန်မရဲ့ ဖြစ်ကြောင်းကုန်စင်ကို ဖွင့်ပြီး ရေးလိုက်ပါတယ်။ ရှက်ဖို့ မရှက်ဖို့ဆိုတာကတော့ ကျွန်မမှာ ပတ်ဝန်းကျင်နဲ့ လုံးဝအဆက်ပြတ်ပြီမို့ အကြောင်းမထူးတော့ပါဘူးလို့ သဘောရပါတယ်။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။

မြလေး

ကန္ဒီ



www.burmeseclassic.com

www.burmeseclassic.com



မြလေးထံမှ စာပါလား ။ သူမျက်နှာလေးကို ကွက်ခနဲ ပြန်၍ မြင်လိုက်မိသည်။ ကန္တီက စာရေးလိုက်သည်ဆိုတော့ ဝေးလွန်းလှသည်။ ကန္တီသည် ချင်းတွင်းမြစ်ဘေးတွင်ရှိ၍ ခေါင်လှသည်။

သူ၏ နောက်ဆက်တွဲစာရွက်များကို ဖတ်ရင်း ကျွန်မသည် စိတ်ချမ်းသာသောအကြောင်းများ ဖြစ်ပေါ်စေရန် ဆုတောင်းမိပါသည်။

သူ့စာရွက်များကို တစ်ရွက်စီလှန်၍ ဖတ်လိုက်ပါသည်။

\+ + +

မြောက်လေသည် မြူးပျံ့ရင်းပင် နှင်းစက်များကို အန္တံ့ ကျဲ၍ချခဲ့၏။ ယာခင်းရှိ သီးရွက်ပင်တွေသည် နှင်းငွေ့ကိုရသည့် တစ်ပြိုင်နက် လူးလွန်လှုပ်ရှား၍ လာကြသည်။

အမှန်တော့ ဆောင်းသည် ယမန်နှစ်က လာမြဲပင်လာခဲ့သည်။ ရှည်လျားသောညများကို ဖန်ဆင်းခဲ့၍ နွေဦးပေါက်လောက်တွင် သူ၏နှင်းလွှာများကို ရုပ်သိမ်း၍ ငြိမ်သက်စွာ ထွက်ခွာမြဲပင် ဖြစ်၏။

ဒါပေမယ့် ကျွန်မသည် ဘာဖြစ်၍များ ဆောင်းဦးတွင် စိတ်လှုပ်ရှားခဲ့ရပါလိမ့်။ ဆောင်း၏အငွေ့များကိုလည်း မက်မောမိပါ၏။ ဆောင်းဝင်လာတော့မည်ဆိုရင်လည်း နှစ်သိမ့် ဝမ်းမြောက်မိပါ၏။

ဂေါ်ဖီရွက်များပေါ်တွင် နှင်းစက်များကို မြင်ရသည်ကိုပင် ကြည်နူးခဲ့ပေမယ့် စိတ်လှုပ်ရှားသည်က ဝေဒနာတစ်ခုပေပဲ။

ကျွန်မ ကြိုးစား၍ မေ့ပျောက်ခဲ့ပြီဖြစ်သော အတိတ်ပုံပြင် တစ်ခုကို မနှစ်ကဆောင်းဦးတွင် ပြန်၍သတိရခဲ့၏။ မြဝတီ





မဂ္ဂဇင်း၏ ဆောင်းဦးကဏ္ဍတွင် 'ကျွန်းကေရီ'ကို ခင်နှင်းယုက ရေးခဲ့သည်။ သူကား စာရေးသူတစ်ယောက်အနေနှင့် ဝတ္ထု တစ်ခု ဖြစ်မြောက်သွားခြင်းဖြစ်၍ နှစ်သိမ့်ရောင့်ရဲပေမည်။

ကျွန်မကတော့ သည်ပုံပြင်ကို မျက်ရည်စက်လက်နှင့် ဖတ်ခဲ့ရပါ၏။

ကျွန်းကေရီကို ပရိသတ်က မေ့ကောင်းမေ့ကြမည် မဟုတ်သော်လည်း။ ကျွန်မကိုတော့ မြလေးအနေနှင့် ဘယ်သူကမျှ သတိရကြတော့မည် မဟုတ်ပေ။

ဖေဖေတို့တစ်တွေလည်း အင်းစိန်အိမ်လေးတွင် ရှိချင်မှ ရှိကြပေတော့မည်။ ဗိုလ်တင်မောင်နှင့် ဦးကျော်မင်းကလည်း ကျွန်မကို ကြိုးစား၍ မေ့ကြမည်ပင်ဖြစ်၏။

မေ့ကြပါတော့၊ အားလုံးမေ့ကြ၍ ပစ်ကြမည်ဆိုလျှင်လည်း ဘဝသစ်တစ်ခုအနေနှင့် မသေသေးသ၍ နေရပေဦးမည်။

ကျွန်မ၏ဘဝက မြောက်လေ ဆန်ခဲ့ပေသကိုး။

\+ + +

လက်ထပ်ပြီးသည်မှာ တစ်နေ့ကပဲ ဖြစ်ခဲ့၏။ လွန်ခဲ့သော သုံးရက်က အပျိုဘဝ ရှိခဲ့သေးပေမယ့် ယနေ့မှာ လင်နှင့်သားနှင့်ပါကလား။ လက်ထပ်၍ တစ်ရက်မြောက်သော အချိန်မှာ ကျွန်မဘဝကို ကာလနာသတ်ခဲ့၏

မနက်က စောစောထ၍ ကို ပြန်တော့မည့်အချိန်အတွက် ပြင်ဆင်ရပုံများ လေယာဉ်ပျံကွင်းကို လိုက်ပို့ရသည်များမှာလည်း အိပ်မက်တွေပဲလား။ ကျွန်မ အိမ်ပြန်ရောက်ချိန်တွင် ယနေ့



www.burmeseclassic.com

www.burmeseclassic.com



တွေကထက် အိမ်သည် ပို၍ တိတ်ဆိတ်နေသည်။ ဖေဖေနှင့် မေမေကလည်း ယခင်ကလောက်မျှ စကားသွက်သွက်မပြောကြ။ ဘာလို့များ တိတ်ဆိတ်နေကြပါလိမ့်။

"သူသွားပြီး၊ ဘယ်တော့များ ပြန်လာမှာပါလိမ့်"

မောမောနှင့် အိပ်ရာပေါ်လှဲရင်း ကိုကို တွေးနေမိ၏။ ကိုတလည်းပဲ ယခုလို လက်ထပ်ပြီးစ ထွက်ခွာသွားရခြင်းကို လိုလားရှာပေလိမ့်မည်မဟုတ်။ ယခုလို ဖြစ်ရမည်များကို ကျွန်မ မသိ၍မှမဟုတ်ပဲ။ ကျွန်မကို လက်မထပ်ခင်ကတည်းက ကို စစ်သားတစ်ယောက် ဖြစ်သည်ကိုလည်း သိခဲ့ပြီ။ ကို့တွင် ကျောထောက်နောက်ခံဟူ၍ ဘာမျှမရှိ။ ကိုသည် ဘဝတစ်ခုအတွက် ပိုင်နိုင်စရာဝတ္ထုပစ္စည်း တစ်စုံတစ်ခုလည်း ရှိသူမဟုတ်။

"ဘာမျှ မဆန်းပါဘူးလေ၊ ငါကမှ သူသွားရာကို မလိုက်နိုင်ပဲ"

စိတ်ကို ဒီလိုပဲ တင်းလိုက်ရပေမယ့် သူ ဒီလို ဘာလို့သွားရသလဲ၊ ဒါလောက်ရက်ပိုင်းလေးမှာ ငါတို့နှစ်ယောက် ဘာ့ကြောင့်အတူမနေနိုင်ရမှာလဲ။ စိတ်ထဲမှာတော့ တစ်ခုခုကို မကျေမချမ်းအလိုမကျ ဖြစ်နေသည်မှာ အမှန်ပဲဖြစ်သည်။ ဒါပေမယ့် ဘာကိုဆိုသည်ကိုတော့ စိတ်ထဲတွင် မဖော်ပြနိုင်ပေ။ ငြိမ်နေရသည်ကိုစိတ်ပျက်သွားပြန်သည်။ ခုတင်ပေါ်လှဲရာက ထလိုက်မိပြန်၏။ အခန်းလေးထဲမှာ ကို နေပုံထိုင်ပုံတွေက တစ်ကွက်ပြီးတစ်ကွက်ပေါ်လာကြပြန်သေး

"ဩော် ခက်ပါဘိတော့"

တစ်နေ့ညတုန်းက မင်္ဂလာဦးညသည် အိပ်မက်ပင် ဖြစ်လိုက်ရပါတော့သည်။ အိပ်မက်ဆိုလျှင် အသက်ဝင်လှုပ်ရှားစရာ ဘာမျှ





မရှိ။ ယခုတော့ တစ်နေ့ညသည် ပုံဟူ၍ ပြောရမှာလည်းအခက်၊ ဘကယ်ဝင်ရောက်၍ ကပြခဲ့ရသော ဇာတ်လမ်းတစ်ခုကို ကြိုးစား၍ အတင်းမေ့ပစ်နေရခြင်းမှာ ဝေဒနာတစ်ခုပါပဲ။

\+ + +

"မေမေ"

"ဟေ"

သူတို့နှစ်ဦးလုံးသည် အခန်းပြင်မှ သံပြိုင်ပြန်ထူးကြ၏။ အမှန်တော့ သူတို့သည် ကျန်ရစ်သောသမီးကို အလွမ်းမင်းသမီးလေးလိုချစိုက် ကြည့်နေကြပုံရသည်။ ကျွန်မသည် အိပ်ခန်းထဲမှ ထွက်ခဲ့၏။ ဖေဖေနှင့် မေမေကလည်း မောနေပုံရသည်။ ကြမ်းပေါ်တွင်သင်ဖြူးခင်း၍ ခေါင်းအုံးကိုယ်စီနှင့် လှဲနေကြသည်။

"သမီးကော လှဲနေပါလား၊ အခန်းထဲက မအိုက်ဘူးလား"

"လူတော့ မအိုက်ဘူး၊ စိတ်အိုက်စရာချည်း မေမေရယ်၊ စကားတို ကျယ်ကျယ်ပြောစမ်းပါ၊ အိမ်ကလည်း တိတ်လိုက်တာ"

ကျွန်မမှာ ဖေဖေ့ကို မေ့သွားသည်။ မေမေ့အနားမှာ ထိုင်ရင်းစိတ်ချောက်ချားသလို ဖွင့်၍ ပြောလိုက်သည်။ ဖေဖေကလည်းရွှေအဘိုးကြီးမှ မဟုတ်ပဲ။ ကျွန်မစကားနှင့် ကျွန်မ၏ စိတ်ဝေဒနာကို ရိပ်မိတန်ကောင်းပါရဲ့။

"သမီးက ထင်လို့ပါကွယ်။ ငါတို့အိမ်ဟာ အစကတည်းကဒီလိုပါပဲ။ တို့များသားအဖတွေ ညနေကျရင် နောက်ဘက်ဆယ်ကွင်းနား လမ်းလျှောက်သွားရအောင်"

ဖေဖေသည် ပြောရာမှထ၍ အတွင်းခန်းသို့ ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် မေမေ့ဘေးတွင် ဝင်ပူး၍ နေမိသည်။ အရင်ကတော့ ဘာပဲဖြစ်ဖြစ် ယခုလို မေမေ့ဘေးနား ဝင်ခွေလိုက်လျှင် စိတ်မောပြေ၏ ယခုတော့ ခပ်မောမောပင် ဖြစ်နေဆဲပါလား။

"သမီးတို့ဖေဖေ ပင်စင်ယူတဲ့အထိ မေမေတော့ အမြဲလိုက်နေတာပဲ။ သမီးဖေဖေကလည်း လက်ထပ်ပြီးကတည်းက မထားရစ်ခဲ့ဘူး"

အမေသည် သူတို့ခေတ်ကို ပြန်၍ဖော်၏။

"အဲဒါတောင် တစ်ခါတစ်လေ ခရီးထွက်ရင် စိတ်မောသား သမီးလည်း ဟာနေမှာပေါ့"

အမေကလည်း ကိုယ်ချင်းစာနေပြန်ပြီ။

"ခက်ပါတယ်မေမေရာ မေမေ့လို သမီးက မလိုက်နိုင်ပဲကိုး"

"အေးပါကွယ်၊ တို့တုန်းကတော့ ဘာမှလဲ မောကြီးပန်းကြီး ဖြစ်ကြ၊ ပျက်ကြတယ်လို့ တယ်လည်းမရှိပါဘူး"

"အခု သမီးက အလုပ်ထွက်တယ်ပဲထားဦး၊ သူ့ဆီ ဘယ်လို လုပ် လိုက်ရမလဲ။ ကွတ်ခိုင်က သိပ်အေးတာပဲ၊ ပြီးတော့လည်း မိန်းကလေးတွေနဲ့လည်း မတော်ပါဘူးလေ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အနည်းဆုံး တစ်လ လောက်တော့ နေသင့်ပါတယ်"

"ဘယ်တတ်နိုင်မလည်း၊ သမီးလည်း မနက်ဖြန် ကျောင်းတက်တော့မယ်"

"ဟင်"

"ကို့ကိုလည်း ပြောလိုက်ပြီ။ စိတ်လွတ်နေတာနဲ့စာရင်တော့ အလုပ်ပြန်ဝင်တာပဲ ကောင်းပါတယ်"

\+ \+ \+

ပြုံးစာပေ

နှစ်

နောက်နေ့ ကျောင်းပြန်တက်ချိန်တွင် ကျောင်းသားတွေက ဝမ်းသာအားရ ဆီးကြိုကြသည်။

"ဆရာမက ချက်ချင်း ကျောင်းပြန်တက်တာပဲ"

သူတို့လေးတွေပါးစပ်မှ ချက်ချင်း ကျောင်းပြန်တက်ခြင်းကို တအံ့တသြ ပြောနေကြသည်။ စိတ်ထဲမှာတော့ ကျောင်းသားတွေကို သနားမိ၏။

"မင်းတို့ငါတို့ ကံတူအကျိုးပေးတွေပါကွယ် တကယ်တော့ ငါတို့တစ်တွေ လူဖြစ်ချိန်ဟာ စစ်ခေတ်ကြီးပဲ"

ကျွန်မပြောလိုက်သည်ကို သူတို့သည် ခပ်ငိုင်ငိုင် နားထောင်ကြသည်။ ယနေ့မှာ အင်္ဂလိပ်ကဗျာများကို သင်ရမည့်နေ့ ဖြစ်သည်။

"ဒီနေ့ တို့ကဗျာလေးတွေ ဘယ်ရောက်ပြီလဲကွယ်"

"ဂွန်ဂလ်ပင်သင်ရမယ် ဆရာမ"

ပြုံးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ဂလ်ပင်မှာ တကယ်တော့ ရယ်စရာပင်ဖြစ်၏။ သင်မယား နှစ်ယောက် အလုပ်တွင်လည်းကြိုးစား ကပ်စေးနဲလွန်းသည့် အတွက် လက်ထပ်ပြီးကတည်းက ဟန်းနီးမွန်း မထွက်ဖြစ်ခဲ့ကြ။ တစ်နေ့ထွက်မည်၊ တစ်နေ့ထွက်မည်နှင့် အသက်ခြောက်ဆယ်မှ ဟန်းနီးမွန်း ထွက်ကြသည့် အကြောင်းလေးပင်ဖြစ်၏။

ကဗျာကို သင်နေရင်းပင် စိတ်ထဲမှာရွှင်ဖို့ကို သတိမရပေ။ ကဗျာများကို ရွှင်လာအောင် သင်ရမည်ဖြစ်၏။ စာသင်ရသည်ကို စိတ်မပါပေ။

"ဒီမှာ ဆရာမတို့ကော ဘယ်တော့ ဟန်းနီးမွန်းထွက်မလဲ"

ကရင်ကပြားလေး အောင်စိန်သည် စာသင်ရာမှထ၍ မေးသည်။ သူတို့လေးတွေသည် ပြုံးလာကြပြန်သည်။

"စစ်မတိုက်ရတဲ့ တစ်နေ့ကျရင် ထွက်မှာပေါ့"

ကျွန်မရှေ့တည့်တည့်မှ ကလေးမလေးသည် သူ့ဘာသာ ပြန်၍ ဖြေ၏။

သူတို့လေးတွေ အားလုံးသည်လည်း စစ်မတိုက်သော အချိန်ကို မျှော်လင့်ကြဟန် တူသည်။ တစ်နေ့လုံးပင် ကျောင်းသင်ခန်းစာများကို ပြီးသွားပေမယ့် စာသင်ရသည်ကို စိတ်ထဲ နည်းနည်းမျှ မပါပေ။

အိမ်ပြန်ရောက်ချိန်တွင် မေမေက ခြံဝမှ ဆီးကြို၏။

"သမီး ထမင်းဆာပြီလား"

"မဆာသေးဘူးမေမေ၊ ခွာညိုပွင့်တွေ အပင်မှာကျန်သေးတယ် ထင်တယ်၊ ဒီညနေ ခက်လိုက်ဦးမယ်"





"ထမင်းစားပြီးမှပဲ ခက်ပါ၊ ခုဆို ခြံထဲမှာ နည်းနည်းပူပါသေး တယ်"

မေမေတို့အမှုအရာတွေမှာ ကို ထွက်သည့်နောက်ပိုင်းတွင် ပို၍ ဂရုစိုက်ကြဟန် ရှိပေသည်။ ထမင်းစားချိန်မှာလည်း ယခင်လို စကားမနည်းကြ။ ဖေဖေကလည်း နောက်မွေးသည့် နွားအဖြူ ပြောက်လေးအကြောင်းကို ပုံဆန်ဆန်ပင် ပြောနေပြန်သည်။

တကယ်တော့ အားလုံး ဟန်လုပ်၍ တစ်ယောက်စိတ်ကို တစ် ယောက် ထိန်းနေကြ၏။ အမှန်တော့ ထွက်သွားသော ကို့ကို သူတို့ တလည်း သမက်အသစ်ကလေးတစ်ယောက်အနေနှင့် လွမ်းကြ သည်။ ကျွန်မ လင်ချစ်တစ်ယောက်အနေနှင့် လွမ်းမိသည်။

ယခု ရက်သတ္တပတ်အတွင်းမှာတော့ စိတ်ဟာမှုများဟာ အိမ်သားတိုင်း ခံစားရပေသည်။

\+ + +

ခွာညိုချုံမှ အပြာပွင့်ဖတ်များသည် မြက်ခင်းပေါ်တွင် ကြွေ၍ နေသည်။ သူ့ရနံ့မှာ မွှေးသည်ဆိုပေမယ့် မလှိုင်လှပေ။ နေဝန်း မရှိတော့၍ အလင်းရောင်ရိပ်ရိပ်သည် ပတ်ဝန်းကျင်တွင် ကျန်ရစ် သေးသည်။ မှုန်ဖြူဖြူ မြူတန်းများသည် မြက်ခင်းများပေါ်တွင် တဝေ့လည်လည် ရစ်၍နေကြသည်။

ဆောင်းညနေသည် ဘာဖြစ်၍များ မှုန်ပြာပြာ ဖြစ်နေရပါ လိမ့်၊ လေတိုက်ပုံကလည်း အေးစိမ့်စိမ့်ပါလား။ ခွာညိုပန်းတို့ ခက်နေရပေမယ့် စိတ်ထဲတွင်တော့-

'ကိုသာရှိရင်'



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အတွေးကိုသာ ထပ်တလဲလဲ တွေးနေမိသည်။ မဆာန်းကြသည်မှာတော့ အမှန်ပဲဖြစ်ပေမယ့် စိတ်လှုပ်ရှားသည်က အခံရခက်လှ၏။

အင်းစိန်လိုနေရာမျိုးတွင် ဆောင်းညနေသည် မြူဆိုင်းရုံဆိုင်း၍ အေးစိမ့်စိမ့်နေလျှင် ကွတ်ခိုင်လိုနေရာမှာတော့ ဘယ်လောက်များ အေးလိုက်မလဲ။

ပန်းတွေကို ခက်ပြီးလျှင် ဘုရားစင်ရှိရာကို ယူသွားသည်။ ညောင်ရေအိုးကို ရေလဲ၊ သောက်တော်ရေကိုလည်း အသစ်ကပ်ပြီးလျှင် ဘုရားကို ဝတ်ပြုဖို့အတွက် စိတ်ကို ထိန်းပေမယ့် မရနိုင်။ လိပ်ပြာများသည် အသည်းနှလုံးနားမှ ကပ်၍ ပျံကြ၏။ ဘုရား၏ မုခပါဌ်တော်များကို ရွတ်ဖတ်ရမည့်အစား ရှေးအိုင်ချင်းတစ်ခုကို သတိရလာပြန်သည်။

စိတ် ဆိုသည်ကလည်း လက်ဖျစ်တစ်တွတ်တွင် ကုဋေကရာမက ဖန်ဆင်းလှပါကလား။

ဘ,ကိုလွမ်းလည်း၊ သောက်တော်ရေချမ်း၊ စားတော်ကွမ်းနှင့် သွန်းတဲ့ညောင်ရေ ပန်းသပြေနှင့်၊ ပြေဖူးငယ်ရှင့်။

ဇ်မောင်ကလေး၊ မောင့်ကိုလွမ်းတော့ သောက်တော်ရေချမ်း စားတော်ကွမ်းနှင့်၊ သွန်းတဲ့ညောင်ရေ ပန်းသပြေနှင့်၊ မပြေပါလို့၊

သောက်ရေအိုး၊ ကျွမ်းထိုးကောင်နှယ်၊ အပျိုဖြူ ငယ်နှမမှာလာ ကြုံရတတ်သရင်။

ရာဇာမိရာဇ် ဒဂုံသို့ချီရာတွင် ရာဇာမိရာဇ်၏ မိဖုရားက သူ့ အလွမ်းကို အိုင်ချင်းနှင့်ဖော်၏။ မိဘကို လွမ်းတော့ ဘုရားပန်းနှင့် ရေချမ်းလဲ၍ ဆုမွန်တောင်းရုံပဲ ဖြစ်၏။ လင်ကိုလွမ်းတော့ ပန်း





ရေချမ်းလဲ၍ ဖြေရုံနှင့် မပြေ။ ရေချမ်းအိုးထဲရှိ ပိုးလောက်လန်းကောင်သဖွယ် ကျွမ်းပျံ၍နေရပုံကို သရုပ်ဖော်ကောင်းလှသည်။

မိမြလေးလည်း ထိုလေပြီ။

နောက်ဆုံး စိတ်ကို တင်း၍ ဘုရားကိုး စူးစိုက်အာရုံပြုရတော့၏။ ရှိခိုး၍အပြီးတွင် ဆုတောင်းတွေက ရှုပ်ရှက်ခက်နေသည်။

"ရတနာသုံးပါး ဂုဏ်ကျေးဇူးနဲ့ ကို တစ်ယောက် ဘေးကင်းပါစေ၊

မြန်မြန်လည်း ပြန်ရောက်ပါစေ၊

စစ်လည်း ဘယ်တော့မှ မဖြစ်ပါစေနဲ့"

ရေချမ်းသယ်လို အစီအစဉ်နှင့်တော့ ဆုတောင်းကို မရွတ်တတ်ပေ။ ဒါပေမယ့် စိတ်ထဲရှိသမျှကို ဘုရားသခင်ရှေ့တွင် ဖွင့်ဟဆုတောင်းမိ၏။

ဒုက္ခ သုက္ခတွေများလာလျှင် ဘုရားထံတွင် ဖွင့်ရွတ်ဆိုခြင်းသည် စိတ်တစ်မျိုး သက်သာလှသည်။

ဆင်းတုတော်၏ မျက်နှာတော်သည် စက္ခုနြေခြဲချ၍ ချမ်းငြိမ်းခြင်း, တည်ကြည်ငြိမ်သက်ခြင်းတို့နှင့် ပတ်ဝန်းကျင်ကို စိုးမိုး၍နေသည်။ ခွာညိုပန်း၏ မွှေးပုံသည်ပင်လျှင် ခြံထဲမှာလို လွင့်ပျံ့ခြင်းမရှိ၊ သင်းသင်းလေးနှင့် ကြွေရဲစွာ ခပ်အုပ်အုပ်မွှေးနေသလိုပင် စိတ်ထဲမှာ ထင်မိပေသည်။

ဘာပဲဖြစ်ဖြစ် ကာမဂုဏ်မီးတို့ဖြင့် ပူပန်လောင်ကျွမ်းနေသော လူ့ဂေဟာတွင်ပင် ဓမ္မ၏စိုးမိုးရာ ဘုရားခန်းသည် ချမ်းမြေ့တည်ငြိမ်ခြင်းကို ပေးစွမ်းပေသည်။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



နောင်နှစ်များတွင်လည်း ဆောင်းဝင်လာပုံသည် ရိုးရိုးပင်ဖြစ်၏။ ရာသီနတ်မိမယ်၏ ဝတ်လွှာတွင် ညိုမှိုင်းမှိုင်း ကျောက်မျက်ရွဲတွေကို မဆင်တော့ပေ။

ဖြူလွှသော ပုလဲတွေသာ သူ၏ငွေဝတ်ရုံတွင် တွဲရရွဲ သီနေကြသည်။ ဆောင်းလေသည် တော့၍ကစားတိုင်း ငွေဝတ်ရုံမှ ပုလဲရည် ပုလဲစက်တွေသည် မြေပြင်သို့ ဖြာ၍ ကျလာကြပြန်သည်။

"ဩော် ဆောင်းဝင်လာပြန်ပြီကိုး"

"ဆရာမ ဒီညေ့ခံပွဲမှာ သီချင်းဆိုရမယ်၊ တီးလည်း တီးရမယ်"

ကျွန်မတို့ တစ်ကျောင်းလုံးတွင်လည်း တန်ဆောင်တိုင်အတွက် လှုပ်လှုပ်ရွရွ ပြင်ဆင်နေကြသည်။

ဆရာမကြီး မေတ္တာရပ်ခံသည့်အတိုင်း ကျောင်းပွဲတွင် စန္ဒရား တီးရဦးမည်။ သီချင်းကိုတော့ မဆိုချင်ပေ။ စိတ်ထဲတွင် စစ်မဖြစ်ခင်က ရောင်းပစ်လိုက်ရသော စန္ဒရားကို သတိရလာမိသည်။ ညေ့ခံပွဲတွင် ဝတ္တရားအတိုင်း ပါဝင်ရမည့်ဖြစ်ပေမယ့် စိတ်ထဲကမူ လူများများနေရာဆိုလျှင် ဘယ်ကိုမျှ မသွားချင်ပေ။

ကျောင်းသားတွေက မီးပုံးနီနီလေးတွေကို ပြိုင်ပြီး အလှချိတ်ကြ၏။ မြို့ထဲမှ မြို့မိမြို့ဖတွေကိုလည်း ဖိတ်ဖို့ စီစဉ်နေကြသည်။

အားလုံး လှုပ်လှုပ်ရွရွဖြစ်နေပုံကမူ ဆောင်းဦးကို အသက်သွင်းပေးလိုက်သလို ထွေးထွေးနွေးနွေးရှိလှသည်။

လဆန်း ၁၄-ရက်နေ့ဆိုလျှင် တန်ဆောင်တိုင်ပွဲကို စကြတော့မည်။

ပြီးစာပေ



ဒီပွဲတွင်များ ကို တစ်ယောက်ရှိရင် ဘယ်လောက်ကောင်းမလဲ၊ ကွတ်ခိုင်လိုနေရာတွင် တန်ဆောင်မုန်းသဘင်၏ အရသာကို သူတို့တော့ ခံစားရမည် မဟုတ်ပေ။

၁၄-ရက်နေ့တွင် လရောင်၏ ရွှန်းအိပုံမှာ ကြည့်ရက်စရာ မရှိပေ။ သစ်ရွက်လေးတွေသည် တဖိတ်ဖိတ် ငွေရောင်တောက် လာကြသည်။

ကျောင်းပတ်ဝန်းကျင်တွင် မီးပုံးတန်းတွေက မြူများကို ဖောက်၍ လင်းနေသည် ကြတ္တိကာနတ်မင်းကို မီးရောင်စုံခြယ်၍ ပူဇော်နေကြသည်။ ရွှေပွဲလာသူတွေကလည်း လှုပတောက်ပြောင်ကြပါ၏။ စုံတွဲတွေမျက်နှာကလည်း ပြုံးပြုံးချိုချိုနှင့် ပို၍ပဲ ချစ်စရာကောင်းသလို ထင်ရသည်။ ဒါတွေကို မြင်တော့ စိတ်ထဲမှာ မနာလိုသလို အခံရခက်သောဝေဒနာမှာ ဝင်လာပြန်သည်။ အမှန်တော့ တန်ဆောင်တိုင်ပွဲမှာ ကျွန်မဘဝကို တစ်ဝက်ချိုးပစ်လိုက်ခြင်းပင် ဖြစ်သည်။

သူ့ကို စ၍တွေ့သည်မှာ ဒီတန်ဆောင်တိုင်ပွဲပဲ မဟုတ်လား။

"ဆရာမ ၊ ဒီက အခုပြောင်းလာတဲ့ ပညာဝန်ထောက် ဦးကျော်မင်းပါ။ ဦးကျော်မင်း၊ ဆရာမ မမြလေးဆိုတာ"

"ဩော်"

သူသည် ဣန္ဒြေရရပြုံး၍ ကျွန်မကို ကြည့်သည်။

"ဟုတ်ကဲ့၊ ပညာဝန်ထောက် ပြောင်းလာတယ်တော့ ကြားပါတယ်"

ကျွန်မသည် စကားကို ဆုံးအောင်ပြော၍မရ။ သူပြုံးသည် စိတ်ကို ချုပ်၍ထားလိုက်သလို ဖြစ်သွားသည်။

ပြီးစာပေ

www.burmeseclassic.com



"ဒီညပွဲမှာ စန္ဒရားတီးမှာကတော့ မမြလေးပဲ၊ ဦးကျော်မင်းက သီချင်းဆိုဝါသနာပါတယ်၊ မမြလေးနဲ့ အတူဆိုပါလိမ့်မယ်"

ဆရာကြီးသည် သူနှင့်အတူ ကျွန်မဘေးတွင် ထိုင်နေရင်း ပြောပြသည်။

"သိပ်ဝမ်းသာပါတယ်။ ကျွန်မကလည်း စန္ဒရားပဲ တီးတတ်တယ်"

ဆရာကြီးမှာ မိတ်ဆက်ပေးရင်း နောက်ဧည့်သည်များ ရောက်လာ၍ ထသွားပြန်တော့သည်။

"မမြလေးအတီးကို ကျွန်တော် မီအောင်မှ ဆိုနိုင်ပါ့မလား မသိဘူး"

"တီးတဲ့အခါကျရင် ကျွန်မလက်ကျကို သိမှာပါပဲ၊ မတီးတာလည်း ကြာပါပြီ"

နောက်တစ်သုတ် ဝင်ရောက်လာသော ဧည့်သည်များကို သူက လှမ်းကြည့်သည်။ သူ ကြည့်ပုံသည် တစ်ခုခုလွမ်းနေသလို တန်ခိုးရှိလှသည်။ သူ၏အရပ်မှာ ခပ်မြင့်မြင့်ဖြစ်၍ ကိုယ်လုံးကိုယ်ထည်က တောင့်တင်းပုံရသည်။ ဖြူသောမျက်နှာပေါ်တွင် မျက်လုံးနှစ်ခုမှာ ပတ္တမြားညိုကြီးတွေလို အရည်ဖိတ်မတတ် ဖြစ်နေသည်။ သူ့လှပပုံ၊ ခံညားပုံများကို ကျွန်မစိတ်ထဲတွင် အမှတ်မထင် စိတ်ဝင်စားမိသည်။

"ကဲ ကျွန်တော်တို့ သီချင်းဆိုကြဖို့ အချိန်ရောက်ပြီ ထင်တယ်"

သူနှင့်ကျွန်မသည် တီးဝိုင်းရှိရာသို့ ထသွားသည်။ ပထမဦးဆုံး သီချင်းခံ၍ ဘုန်းတော်ဘွဲ့တစ်ခုကို သူက စဆိုသည်။

ဘုန်းတော်ဘွဲ့တို့သည် ဆိုနေကျ၊ တီးနေကျ ရိုးနေကြပေပြီ။





ဒါပေမယ့် ကျွန်မရင်ထဲတွင် တုန်လာသည်။ ပရိသတ်ကလည်း တိတ်၍ ငြိမ်သက်လာသည်။ သူ့ အသံလှိုင်းများသည် ပတ်ဝန်းကျင်ကို စိုးမိုးလာသည်။ ကျွန်မရင်ထဲသို့လည်း ဖောက်ထွင်း တိုးဝင်လာကြသည်။ စန္ဒရားခလုတ်ပေါ်ရှိ ကျွန်မလက်ချောင်းများသည်၊ သူ့အသံ၏ စေစားချက်ဖြင့် လှုပ်ရှားနေရသလို ဖြစ်လာသည်။

သီချင်းဆုံးလျှင် ပရိသတ်က သူ့ကို ဝိုင်း၍ ဩဘာပေးကြသည်။ ကျွန်မကိုယ်ကမူ ရုတ်တရက် လှုပ်ရှား၍မရ။ ပတ်ဝန်းကျင် လေထဲတွင် ကျန်ရစ်သော သူ့အသံလှိုင်းများသည် ကျွန်မကို ရစ်ပတ်ထားသလို ငြိမ်နေမိသည်။ ပညာဝန်ထောက်တစ်ယောက်လုံး ဖြစ်နေပြန်၍ မြို့မိမြို့ဖအချို့မှာ သူ့ကို လက်ထိလက်ရောက် ချီးကျူးရန် ကျွန်မတို့ရှိရာဆီသို့ ထလာကြသည်။ ကျွန်မသည် တီးဝိုင်းမှသာ ထလာခဲ့၍ ကျောင်းခန်းမအပြင်သို့ ထွက်လာခဲ့သည်။

အပြင်ဝရံတာတွင် ဖယောင်းတိုင်အချို့ ငြိမ်းစပြု၍ ဖယောင်းစက်လေးတွေမှာ သမံတလင်းပေါ်မှာ ပုံနေကြသည်။ ဆောင်းလေစိမ့်စိမ့်မှာ အပြင်မှ ဆီးကြိုတိုးဝှေ့လိုက်သည်။ ဧည့်ခန်းထဲတွင် နေရသော ငြီးစီစီ အိုက်လှောင်လှောင်ဝေဒနာမှာ ရုတ်တရက် ဆိုသလို ပျောက်သွားတော့သည်။ အပြင်တွင် လရောင်သည် ပို၍ တောက်ပလာပေမယ့် နှင်းမှုန်များသည် ပြည့်သိပ်လာ ကြပြန်သည်။

ကျွန်မသည် မှောင်ရိပ်တွင်ရပ်ရင်း ဧည့်ခန်းထဲသို့ ပြန်ကြည့်မိ၏။ လူတွေ၏ ရယ်ပုံရွှင်ပုံ မြက်ခင်းများမှာ မီးရောင်အောက်တွင် တောက်ပသာယာလှသည်။

ကို၏ ပတ်ဝန်းကျင်မှာတော့ မီးရောင်လက်လက်မှ ရှိ



www.burmeseclassic.com

www.burmeseclassic.com



မလား၊ ပိတ်မှောင်သော ချုံ့တွေအကြားတွင် ကို တစ်ယောက်တော့ ရန်သူကို တထိတ်ထိတ်နှင့် ဂရုပြုနေရပေမည်။ ကွတ်ခိုင်၏ နှင်းထု အောက်တွင် ခိုက်ခိုက်တုန်အေးကာ လရောင်ခြည်ကိုမျှ ကို မြင်ရ ပါ့မလား။ တန်ဆောင်မုန်း ပွဲချိန်ရောက်ပြီကို အကြောင်းတော့ ကြားလိုက်ချင်ပါရဲ့။ နှင်းမှုန်လေးတွေက သူတို့ချင်းချင်း သတင်း ပါးရင်းဖြင့် ကို တစ်ယောက် တန်ဆောင်တိုင်ပွဲချိန်ကို သတိရတန် ကောင်းပါရဲ့။

"မမြလေး ဒီရောက်နေတာကိုး"

"ဟင်"

ကျွန်မသည် ရုတ်တရက် အသံထွက်သွားမိသည်။ အနားကို ရောက်လာသူမှာ ဦးကျော်မင်း ဖြစ်သည်။

"အထဲမှာ ငြီးစီစီနေလို့ ထွက်လာခဲ့တယ်"

"ဟုတ်တယ်၊ ဆောင်းဦးပေါက်သာဖြစ်တယ်၊ ညှော်ခန်းက လူငွေ့နဲ့မွှိုထင်တယ်၊ လှောင်ထားသလိုပဲ"

သူသည် ကျွန်မအနားတွင် လာရပ်၍ အိတ်ထဲမှ လက်ကိုင်ပဝါ ကို ထုတ်ကာ မျက်နှာကို သုတ်လိုက်သည်။ တစ်ဖက်မှ လရောက် မှာ သူ့ညာဘက်မျက်နှာ တစ်ခြမ်းပေါ်ကို လျှောကျ၍ တစ်ဖက် မှ မီးပုံးအဝါရောင်မှာ သူ့ဘယ်ဘက်မျက်နှာကို ဟပ်၍နေသည်။ ရုပ်ကတော့ ဂီတသမား ဆန်လှသည်။ နူးညံ့သိမ်မွေ့ပုံရ၍ လှလွန်း လှသည်။ ယှဉ်၍ရပ်နေချိန်တွင် သူ့အရပ်သည် ကျွန်မကို မိုး နေသည်။

"ကြိုတင်တိုက်မထားပဲနဲ့ အဆိုနဲ့အတီး ခုလိုဟပ်မိတာဟာ အံ့ဩစရာပဲ။ မမြလေးလက်သံဟာ အတော်ညက်သားပဲ"

ပြုံးစာပေ



"ဟုတ်ကဲ့၊ ဒီလောက် အောင်မြင်လိမ့်မယ်လို့ ကျွန်မလည်း မမြော်လင့်ဘူး"

"ဟုတ်တယ်၊ ကျွန်တော်က ဘုန်းတော်ဘွဲ့ထက် ရာသီဘွဲ့တွေ ကို ပိုကြိုက်တယ်"

သူသည် ကွင်းပြင်ဘက်ကို မျက်နှာလှည့်လိုက်သည်။

"လသာတာကိုလည်း ရိုးရိုးသာတာထက် အခုလို နှင်းမှုန်လေး တွေစွက်တာကို ကျွန်တော်က ပိုသဘောကျတယ်။ မိုးတွင်းများ လသာရင် ပိုပြီးပျော်စရာကောင်းတယ်။ လရောင်ထဲ မိုးစက်ကျပုံ ဟာ ငွေမျှင်နဲ့ ရက်ကန်းရှယ်သလို"

ဘုရား ဘုရား သူစိတ်ကူးယဉ်ပုံမှာ ပညာရေးသမား ဆန်လှ သည်။ ကျွန်မကို ဒါလောက် ရင်းရင်းနှီးနှီး ဆက်ဆံပြောနေ သည်ကို စိတ်ထဲတွင် အံ့ဩလာသည်။

"ကျွန်တော်လေ ကိုယ့်ဘာသာ သီချင်းစပ်ပြီး တီးချင်တယ်။ ဒါပေမယ့် စကားလုံးရွေးရတာ သိပ်ခပ်တာပဲ။ ကျွန်တော်က တစ်မျိုးပဲ ဒီမှာလေ ဆရာမ "

"အင်း ဟုတ်ကဲ့"

သူသည် သူ့စကားတွင် စိတ်ဝင်စားလွန်းနေသည်။ သူ့စကား ပြောပုံကို ကျွန်မကလည်း ဂရုစိုက်နေချင်ပုံရသည်။

"လူကိုပေမယ့် ကြယ်နဲ့နှိုင်းချင်တယ်။ လူဟာ သေတယ်ဆို ရင် ကျွန်တော့် သီချင်းထဲမှာ ကြယ်ကြွေသွားတယ်လို့ စပ်ချင်တယ်။ တန်ခိုး အာဏာတွေ မရှိတော့ဘူးဆိုရင်လည်း ကြယ်လေးဟာ အရောင်မှိန်သွားပြီလို့ ရေးချင်တယ်။ ဥပမာဆိုပါစို့ သီချင်းသား တတော့ ကြယ်နဲ့ မိုးတိမ်တွေပဲ ပါချင်ပါမယ်။ ဒါပေမယ့် အဓိပ္ပာယ်

ပြုံးစာပေ

www.burmeseclassic.com

www.burmeseclassic.com



က လူတစ်ယောက်အကြောင်း ဖြစ်ရမယ်။ ဒီတော့ ကျွန်တော့်သီချင်းကို ဘယ်သူတွေ နားလည်မလဲနော်"

သူသည် သူ့စကားကို သူ့ဘာသာ အဖြေပေး၍ အပြင်ကို ငေးနေပြန်သည်။

"ဒါကကော့ ရှေးသီချင်းတွေမှာလည်း မိန်းကလေးတို့ ရှင်ဘုရင်တို့ကို လတို့ နေတို့နဲ့ နှိုင်းကြသားပဲ"

"သူတို့ နှိုင်းတာမျိုးလည်း မကြိုက်ဘူး၊ အေးလေ တစ်နေ့နေ့တော့ ကျွန်တော်ကြိုက်တဲ့ သီချင်းတစ်ပုဒ်တော့ ရေးရဦးမှာပေါ့"

စိတ်ထဲတွင် စကားများလွန်းသည်ဟု ထင်လာသည်။

"အထဲမှာ နည်းနည်းကူစရာရှိသေးလို့ ကျွန်မကို ခွင့်ပြုပါဦး ဦးကျော်မင်း"

"အဲ အဲ ဟုတ်တယ်၊ မမြလေးသွားပါ၊ ကိစ္စမရှိပါဘူး"

ကျွန်မသည် သူ့အနီးမှထွက်၍ ဧည့်ခန်းတွင်းသို့ ပြန်ဝင်လာသည်။ ဧည့်ခံပွဲမှာ အစားအသောက် ကျွေးမွေးပြီး၍ ရုပ်သိမ်းခါနီးပေပြီ။ ဆရာမတွေနှင့် ကူသိမ်းရင်း သူကျန်ရစ်ခဲ့သော ဝရံတာကို မကြာခဏ ကြည့်မိသည်။ ဆရာတစ်ယောက်မှာ ကျွန်မအနားလာရပ်ရင်း-

"ခုဏ ဘယ်ပျောက်သွားသလဲ မမြလေး"

"ဝရံတာ ထွက်သွားတာပါ၊ ဦးကျော်မင်းနဲ့ ဆုံနေလို့၊ ဒီပညာဝန်ထောက်က သိပ်စကားကြောရှည်တာပဲ"

"ဟင်"

ဆရာမ တင်တင်သည် အံ့ဩသလို ပြန်ကြည့်၍-

"သိပ်စကားနည်းတဲ့လူ၊ အင်မတန်လည်း အေးတယ်။ ကိုယ်





မြောင်းမြမှာလုပ်တုန်းက သူက မြောင်းမြ ပညာဝန်ထောက်ပေါ့"

ကျွန်မစိတ်ထဲတွင် သံသယဖြစ်လာသည်။ အင်မတန်အေးသော သူသည် ကျွန်မရှေ့တွင် ဘာကြောင့် စကားအများကြီး ပြောပါသလဲ။ တွေ့ရခြင်းမှာလည်း ပထမဆုံးအကြိမ် မဟုတ်ပါလား။

ကျွန်မသည် လုပ်စရာရှိတာတွေကို လျှောက်လုပ်၍ သူ့ကို မေ့ပစ်လိုက်သည်။

ဧည့်ခံပွဲကြီး ပြီးဆုံး၍ အားလုံးပြန်ရန် စီစဉ်ကြတော့သည်။

ကြုံရာကားနှင့် နီးစပ်ရာလူတွေကို အတူပြန်ရန် ဆရာကြီးက စီစဉ်ပေးနေသည်။

ကိုယ်တော်ချောမှာ ဘယ်က ပေါက်လာပြန်သည်မသိ။ ကျွန်မ အနားတွင် ရောက်လာပြန်သည်။

"မမြလေးရဲ့အိမ်က ဘယ်နားမှာလဲ"

"ဟိုမြို့ပြင် ကျမ်းစာသင်ကျောင်းရဲ့ ဟိုဘက်ကျပါတယ်"

"ဆရာကြီး မမြလေးကို ကျွန်တော် လိုက်ပို့လိုက်မယ်"

"အဲ၊ အတော်ပဲ ဝန်ထောက်မင်း၊ သူ့ဘက်ကို ကြုံတဲ့ကားလည်း မရှိဘူး"

အားလုံး ဆရာတွေ၊ ဆရာမတွေသည် တစ်ပြိုင်တည်း ကျွန်မကို ဝိုင်း၍ ကြည့်လိုက်ကြသည်။

"ဘုရား ဘုရား"

သူတို့ မျက်လုံးအရှိန်များက ကျွန်မရင်ထဲကို လှိုင်းခတ်၍ သွားတော့သည်။

ကားမှာ ဒရိုင်ဘာမောင်း၍ သူက ဒရိုင်ဘာဘေးက ထိုင်သည်။ ကျွန်မသည် ကားနောက်မှာ တစ်ယောက်တည်း ထိုင်၍ ငြိမ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



လေးလိုက်လာသည်။ တိတ်ဆိတ်သောည၏ လရောင်အောက်တွင် ယခုလို ကားမောင်းလာရသည်မှာ နှစ်သိမ့်စရာ ကောင်းလှသည်။

"ဟို ရှေ့ကအိမ်ဝင်းဟာ ကျွန်မတို့အိမ်ပဲ"

သူသည် အိမ်ကို မျှော်ကြည့်၍ ဒရိုင်ဘာကို ပြောပြနေသည်။ အိမ်ဝင်ဝတွင် ကားရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ဖေဖေ အိမ်အဝ မတ်တတ်လာရပ်သည်။

ကားတံခါးကို ဖွင့်ပေးရင်း သူသည် အိမ်ဘက်ကို သေသေချာချာကြည့်၏။

"ကဲ မမြလေး၊ သွားတော့နော် ညဉ့်နက်နေပြီ။ ကျွန်တော် နောက်မှပဲ လာလည်ဦးမယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ နောက်လည်း လာလည်ပါ"

သူ့ကို နှုတ်ဆက်၍ ကျွန်မသည် အိမ်ဝင်းထဲသို့ ခပ်သုတ်သုတ် ဝင်လာသည်။

"သမီး ဘယ်သူ့ကားကြီးနဲ့ လိုက်လာသလဲ"

ဖေဖေက အိမ်ဝက ဆီးကြိုသည်။

"နောက်ရောက်တဲ့ ပညာဝန်ထောက် ဦးကျော်မင်းတဲ့ဖေဖေ။ မေမေ့ရော အိပ်ပြီလား"

"မအိပ်သေးဘူးကွယ်၊ သူ နည်းနည်းမောနေလို့ မှိန်းနေတယ်"

"သမီးတို့အိမ်က မီးပုံးလေးတွေ အစောကြီးငြိမ်းကုန်ပြီထင်တယ် ဖေဖေ"

"အေး ညဉ့်ဦးတုန်းက တော်တော်လှသားပဲ"

ကျွန်မသည် အဝတ်မလဲခင် မေမေရှိရာသို့ ဝင်သွားသည်။

"သမီး ပြန်လာပြီလား၊ မေမေ သက်သာပါပြီ"





မေမေ့မှာ နည်းနည်းနွမ်းနေပုံရသည်။ ကျွန်မသည် ဂလူးကို့စ် တစ်ခွက်ကို ဖျော်၍ မေမေ့အနားသို့ ယူလာသည်။

"မေမေ ဒီတစ်ခွက် ထပ်သောက်ဦး၊ အိပ်ခါနီး ရင်အေးသွားမယ်"

မေမေသည် ပြုံး၍ ကျွန်မတိုက်သည်ကို သောက်လိုက်သည်။

"မေမေ နေကောင်းပါတယ်၊ ညဉ့်နက်ပြီ သမီး သွားအိပ်တော့"

မေမေ့ကို သိပ်ထားခဲ့၍ ကျွန်မအိပ်ခန်းသို့ ကူးလာခဲ့သည်။ အိပ်ခန်း၏ ဘေးတံခါးကို ဖွင့်လိုက်မှ လေအေးများမှာ အပြင်မှ ဝင်လာသည်။ လရောင်များမှာ ပြတင်းမှ အရောင်ဟပ်သဖြင့် မွေ့ယာဖြူသည် လင်း၍နေတော့သည်။

အဝတ်အစားလဲပြီး မီးမှိတ်ကာ အိပ်ရာပေါ်တွင် ခဏလှဲ၍ နေမိသည်။

အိပ်၍ကား မရပေ။

ကျွန်မညာဘက်တွင် မွေ့ယာအကျယ်ကြီးဖြစ်၍ ဖြူလင်းလင်း ဖြစ်နေသည်ကို စိတ်ထဲက မကြည့်ချင်သလို ဖြစ်လာသည်။ မျက်စိ ကို ကြိုးစားမှိတ်၍ အိပ်ပေမယ့်လည်းမရ ကျောင်းကမောလာသော အရှိန်နှင့် အိပ်လိုက်ဖို့ကောင်းသည်။

စိတ်ထဲမှာ မောသလိုလို၊ ခေါင်းကပဲ အုံခဲနေသလို ဖြစ်လာ သည်။ အခန်းထဲတွင် မှောင်အတိကျ၍ နေစေချင်သည်။ ဒါပေမယ့် ခန်းမှအရောင်ဟပ်သော လရောင်ကို ဘယ်လိုများ ပိတ်၍ ထားရ ပါမလဲ၊ ဝင်မလာပါနဲ့ လရောင်တွေရယ်။

အိပ်ရာထဲမှာ လှိမ့်လွန်း၍ ကျောက ပူလာပြန်သည်။ စိတ်သာ မောအိုက်အိုက် ဖြစ်လာသည်။ လူကတော့ အိပ်၍မရ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဝေါက်ခနဲထလိုက်ကာ ဘေးတံခါးရှိရာသို့ ထွက်လာမိသည်။ အပြင် ဝရံတာသို့ ထွက်ကာ ပတ်လက်ကုလားထိုင်တွင် ပစ်၍ မှီနေတော့ သည်။ လေအေးကမူ စိတ်လန်းဆန်းစရာ ကောင်းပါသည်။

စိန်ပန်းကိုင်း ရှည်ရှည်ကြီးတွေသည် ပြာသောကောင်းကင်သို့ သူယောင်မယ်၏ လက်တွေကို လှမ်း၍ တလွန့်လွန့်လှုပ်နေကြ သည်။ နှင်းနတ်မယ်သည် ပုလဲလုံးများကို ခွေချ၍နေပြန်သည် ငွေမှုန်များသည် စိန်ပန်းရွက်ပေါ်တွင် တလက်လက်မြူး၍ စပယ် ရွက်များပေါ်တွင်လည်း တဖိတ်ဖိတ် တောက်နေကြသေးသည် ညဥ့်သည် ဘာဖြစ်၍များ သန်းခေါင်ယံတွင် ပြိုးပြိုးပြက်ပြက် တောက်ပ၍နေပါလိမ့်။

သန်းခေါင်လေ သယ်ယူလာသော ပန်းရနံ့များကလည်း စိတ် နိုးကြွစရာကောင်းအောင် မွှေးလှိုင်လာသည်။ ဘုရား ဘုရား ဘယ်လိုညများပါလိမ့်။

ဝရံတာကို လက်ထောက်၍ ခေါင်းငုံ့နေမိသည်။ ငွေရော တောက်နေသော အဖြူပွင့်များ၊ မျက်လုံးအောက်တွင် ဆယ့်နှ ရာသီပွင့်သော နှင်းဆီမှ အဖူးလေးတွေသည် တရွရွလှုပ်၍ တဖြည် ဖြည်းအာလာသည်။ လရောင်ရှိရာသို့ တပ်မက်ခြင်း ပြင်းစွာနှ မော့၍လာသည်။ နှင်းစက်များသည်လည်း သူတို့၏ ပွင့်ဖတ်များ ပေါ်တွင် နားကြပြန်ပြီ။

ခွာညိုပန်းနွယ်များပင် အညွန့်လေးတွေထောင်၍ လရော တွင် ပွင့်လာကြပြန်သည်။

လှပသောညဥ့်တွင် ပန်းပွင့်လေးတွေ ပွင့်လာကြပါပတော **ကျွန်မရင်ထဲတွင်** လှုပ်ရှားလာမှုထိန်း၍မရ ငိုချင်လာသည်။ ဟင်





ငိုချင်သည်။ လှပသော ညဥ့်တွင် ကျွန်မ ဘာကြောင့် တစ်ယောက် တည်း နေရသလဲ။ ပန်းပွင့်လေးတွေကို အလှ၏ အရသာကို မခံစားရပါသလဲ။ စိတ်တွေများ ဖောက်ပြန်လာပြီလား အိပ်ခန်း ထဲသို့ ကမန်းကတန်း ပြန်ဝင်လာမိ၏။ ဒါလောက်လှသော ညဥ့်ကို တျမှ ကျွန်မ မကြည့်သင့်ပေ။ ဒိမ္မေ့ယာတွင်လည်း မအိပ်ချင် တော့။ အခန်းဒေါင့်တွင် သင်ဖြူးတစ်ချပ်ခင်း၍ ခေါင်းအုံးတစ်လုံး ဆွဲကာ ခွေနေမိတော့သည်။

ခေါင်းခဲ၍လာကာ တစ်ခုခုဖိထားသလို ရင်ထဲက ကျပ်မော မောကြီး ဖြစ်လာတော့သည်။

\+ + +

နောက်နေ့မနက်တွင် ခါတိုင်း အိပ်ရာထလို လန်းလန်းဆန်းဆန်း မရှိပေ။ ခေါင်းတွေ အုံနေသည်။ ကော်ဖီဝိုင်းတွင် ငိုင်နေချင်သည်။ တကယ်တော့ အိပ်လျှင်လည်း အိပ်၍ပျော်မည် မဟုတ်ပေ။ ကျောင်းပိတ်ရက်အတွင်း တစ်ခုခုတော့ လုပ်မှဖြစ်မည်။

"သမီးတို့ကျောင်းပွဲမှာ ညတုန်းက သမီး စန္ဒရားတီးတယ်"

"သမီး အရင်ကလို တီးလို့ရသေးရဲ့လား"

"ရတော့ ရပါတယ်၊ ဒါပေမယ့် အကွက်ဆန်းကျတော့ နည်း နည်းထစ်ချင်တယ်၊ သမီး ခုတလော သိပ်ပျင်းတာပဲ၊ စန္ဒရားတစ်လုံး တော့ ဝင်ရင်ကောင်းမှာပဲ"

ဖေဖေတို့သည် ငိုင်၍သွားသည်။

"အေးကွယ်၊ အပြင်ပွဲတွေလည်း သမီးက မသွားချင်ဘူး အသစ်တော့ ဝယ်လို့ဖြစ်မယ် မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဟောင်းထဲက ကောင်းတဲ့ စန္ဒရားတွေ ရှိပါတယ်၊ ကို ပို့တဲ့ငွေထဲက သမီးဝယ်မယ်လေ"

သူတို့နှစ်ဦးလုံးသည် သဘောတူပုံရသည်။ စန္ဒရား လိုက်ဝယ်ဖို့ကို သူ စီစဉ်ပေးမည်ဟု ဖေဖေပြောသည်။

စိတ်ထဲတွင် အငြိမ်နေ၍မရတိုင်း မီးဖိုချောင်နှင့် အိမ်ရှေ့ကို ကူးနေမိသည်။ မိသားစုသုံးယောက်အတွက် ထမင်းချက်ရသည်ကလည်း အချိန်မကြာလှ။ ခဏချင်းပင် ပြီးသွားတော့သည်။ ထမင်းပွဲပြင်ထားခဲ့၍ ကျွန်မအခန်းသို့ ပြန်လာခဲ့သည်။

ကျောင်းပိတ်ရက်က ပျင်းစရာ ကောင်းလှသည်။ လုပ်နေကျဆို၍ ဘာမျှမလုပ်ချင်။ စာအုပ်ဆိုသည်မှာတော့ ဝေးရာ။ ချုပ်နေကျ ခြေနင်းစက်ကိုလည်း ကြည့်တောင် မကြည့်ချင်ပေ။

ကို့ ဆီကိုတော့ စာရေးမှဖြစ်မည်။ တစ်ခေါက်တစ်လေတော့ တစ်နှစ်အတောအတွင်း လာသင့်သည် မဟုတ်ပါလား။ စာမရေးခင် ပြတင်းမှ အပြင်သို့ လှမ်းကြည့်မိသည်။ မြက်ခင်းသည် ညဥ့်က အတိုင်းပေမယ့် ညကလို မလှတော့ပေ။ ညဥ့်တုန်းက ငွေရည်မှုန်ထားပုံမှာ တမင်းပင် ဖန်ဆင်းထားလေရော့သလား၊ ဖန်ဆင်းသူမှာ ကျွန်မနှလုံးသားတွေပဲ ဖြစ်ပေမည်။





တိုရေ

မြလေး ရှိသေစွာ စာရေးလိုက်ပါတယ်။ မနေ့က မြလေးတို့ကျောင်းမှာ တန်ဆောင်တိုင်ပွဲလုပ်တယ်။ ပွဲကတော့ ပျော်စရာကြီးပါပဲ။ ဒါပေမယ့် မြလေးကတော့ သိပ်ပျင်းတာပဲ။

ကို တို့ဆီမှာ တန်ဆောင်တိုင်ပွဲ လုပ်ဖြစ်သလား။ ခုလောက်ဆိုရင် အတော်အေးရောပေါ့ ဒီနှစ်အတွင်း ကို တစ်ခေါက်လောက်တော့ ပြန်လာဖို့ကောင်းတယ်။ ညဥ့်ကဖြင့် အိပ်လို့လည်း မပျော်ဘူး။ 'သန်းခေါင်ဝေဒနာ'ထင်ပါရဲ့။ စိတ်ချောက်ချားစရာ လွန်ပါရော။

ကျောင်းများပြန်ဖွင့်ရင်တော့ ကလေးတွေကို စစ်မှန်းတီးရေး စိတ်ဓာတ်တွေကို သွင်းပေးလိုက်ဦးမယ်။ စစ်ရဲ့ဒုက္ခတွေကို ကလေးတွေ အသည်းမှာ စွဲနေအောင် သင်ပေးလိုက်ဦးမယ်။

ကို ပြန်မလာနိုင်ဘူးပဲထားဦး၊ စာတော့ ခဏခဏ ရေးသင့်ပါတယ်။ ပျင်းတာမှ အလွန့်ကို ပျင်းတာပဲ။

ချမ်းမြေ့ရွှင်လန်းပါစေ။

မြလေး

\+ \+ \+

စန္ဒရား ရလာသောနေ့၏ နောက်ပိုင်းတွင်မူ ယခင်ကလောက် စိတ်မလေတော့။ ကို့ကို သတိရသည်ပဲထားဦး "နောက်အိပ်တော်ဆောင်ရိပ်မှာ လွမ်းစိတ်နဲ့ဆွေး"သီချင်း တစ်ပိုဒ်ကို တီးလိုက်လျှင် စိတ်သက်သာလာသည်။ လွမ်းတာပေမယ့် ပြဇာတ်ဆန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆို၍ လက်ကတီးကာ လွမ်းလိုက်ခြင်းသည် ပြဇာတ်၏ အလွမ်း မဟုတ်ပါလား။ အမှန်တော့ ရင်ထဲတွင် လှုပ်ရှားလာသော ရမ္မက်ကို ပျောက်မှပျောက်ပါစေတော့ဟု စိတ်ကို လမ်းလွှဲပေးလိုက်ရခြင်းပင် ဖြစ်ပေသည်။

ဦးကျော်မင်း ပထမဆုံး အိမ်လာလည်သောနေ့ကမှ ဘယ်လိုနေရမှန်းမသိ။

"ဖြစ်မှ ဖြစ်ရပလေ မိမြလေးရယ်"

ကျွန်မသည် ညည်းညူမိ၏။ သူသည် ခပ်အေးအေးပြုံး၍ ဧည့်ခန်းက ကုလားထိုင်တွင် ဝင်ထိုင်သည်။

"ဖေဖေ သမီးတို့ အင်းစိန်ကို နောက်ပြောင်းလာတဲ့ ပညာဝန်ထောက် ဦးကျော်မင်းတဲ့"

ဖေဖေနှင့် မိတ်ဆက်ပေးရသည်ကိုပင် အသံက တုန်နေသည်။ ဘယ့်နှယ်များ ဖြစ်နေပါလိမ့်။ အနားမှာလည်း ကြာကြာထိုင်မနေချင်ပေ။ သူ့ကို ကြည့်ရသည်မှာ အတော်နုသူ ဖြစ်သည်။ မန္တလေး ပန်းကွက်လုံချည်ကို သပ်သပ်ရပ်ရပ် ဝတ်ထားသည်။ ပိုးရှပ်အဖြူမှာ သူ့ကိုယ်ပေါ်တွင် အံ၍ကျနေသည်။ မဆီမဆိုင် ရှပ်အကျႌလက်ရှည်ကို လက်ကြယ်သီးမတပ်ဘဲ ကြိုးချည်ဝတ်သော ကိုကို့ကို သွား၍ သတိရလိုက်မိ၏။

သူထိုင်သော ကုလားထိုင်မှာ ကို ပထမဆုံး ကြည်မောင်နှင့်အတူ လာလည်ကြတုန်းက ထိုင်သော ကုလားထိုင်ပင် ဖြစ်သည်။ စကားပြောသည်ကလည်း စီကာပတ်ကုံး ဖြစ်၏။

ဖေဖေတို့ကလည်း ရွေးဆန်သည်နှင့်တော့ အံကျ၍နေသည်။ ဒါပေမယ့် ကျွန်မရင်ထဲတွင် မောနေသည်။ သူ လှမ်း၍ကြည့်လိုက်





တိုင်း ထွက်၍ပြေးချင်သည်။ သူ့မျက်လုံးသည် ရင်ထဲကို ဖောက်သွားသလို အခံရခက်လှ၏။ ဒါပေမယ့်လည်း အဲဒီမျက်လုံးနှင့် ကျွန်မဘက်ကို ခဏခဏ ကြည့်စေချင်သည်။ ဩော် စိတ် စိတ်။

"ဖေဖေတို့က ဦးကျော်မင်း လက်သံကိုရော၊ သီချင်းသံကိုရော တော်တော်ပဲ မျှော်လင့်နေကြတယ်၊ တစ်ပုဒ်လောက်တော့"

သူသည် တိုးတိုးရယ်လိုက်သည်။

"ဟုတ်ပါတယ် သမီးကတော့ မောင်ကျော်မင်း လက်သံကို တော်တော်ပဲ ပြောထားလို့ ဦးတို့က ကြားချင်ပါတယ်"

သူကိုယ်တိုင်လည်း စန္ဒရားကို တော်တော်တီးချင်ပုံရသည်။ ကြာကြာ မတောင်းပန်ရဘဲနှင့်ပင် စန္ဒရားခုံသို့ ရောက်သွားတော့သည်။

စန္ဒရားဘေးရှိ ထိုင်ခုံတွင် ထိုင်၍ စည်းကို ကောက်ကိုင်လိုက်သည်။ သူ စန္ဒရားကို အသံစမ်းလိုက်သည်ကပင် အတော် သပ်သပ်ရပ်ရပ်ရှိလှသည်။ တီးတွက်မှာလည်း မြိုင်၍ လက်ကျ သိုသိပ်လှသည်။

ရဝိန် . . . ဒေါင်းယဉ်ပျံ . . .

သီချင်းကို စ၍ဆိုလိုက်ပုံက ဝေလျှိုင်းများကို ဂယက်ထသွားသလိုပင် ပတ်ဝန်းကျင်သည် ငြိမ်၍သွားသည်။ အမှန်တော့ 'ညို့ဓာတ်' ပါနေသလိုပင် နားထောင်ရသူသည် သူ့အသံမှာ ငြိမ့်၍နေတော့သည်။

နှင်း . . . ငွေကျန်၊ လေပြန်လောင်းလို့ . . . ညာညောင်း ကြွေလုစုံတခွင် . . . စုံတခွင် . . .၊ ဂေါ်ဖီအင်ကြင်းငယ်တို့လေး ဂေါ်ဖီအင်ကြင်းငယ်တို့လေး . . .၊ ပွင့်ချိန်ခိုင်ညာတဲ့ . . .

www.burmeseclassic.com



အေးချိုချို . . . နေညိုချမ်းမို့ . . .

သူ့အသံသည် တီးလုံးများနှင့်ရော၍ ရွှက်ကြွေတောများဆီသို့ လှည့်ပတ် ထွက်ခွာသွားပုံ ရလေသည်။

သီချင်းအဆုံးတွင် ကျွန်မသည် ငိုင်နေမိသည်။ သူ့ မျက်လုံးတွေသည် ပို၍ ရွှန်းလာသလို တောက်ပလာသည်။

"ကျေနပ်ပြီမဟုတ်လား မမြလေး"

စကား ပြောမရ၍ ကျွန်မသည် ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော် အရင်ကျောင်းမှာတွေ့တုန်းက ပြောခဲ့သလို သီချင်းတစ်ပုဒ်တော့ စပ်နိုင်အောင် ကြိုးစားဦးမယ်"

"ဟုတ်ကဲ့"

"အဲဒီသီချင်းထဲမှာ လူကို ဘာနဲ့ သရုပ်ဖော်ရမယ်ဆိုတာပဲ တွေးလို့ မရဘူး"

"လူ အကြောင်းပဲလား"

"ဆိုပါတော့လေ၊ အမှန်မှာတော့ သူမှာပဲ အသက်ရှိတာကိုး"

သူ ဘာကို ဆိုလိုလိုက်သည်ကို ကျွန်မ နားမလည်ပေ။

"ကျွန်တော့်ကို ပြန်ဖို့ ခွင့်ပြုပါဦး"

ဖေဖေသည် ခပ်လှမ်းလှမ်းတွင် ထိုင်နေရာမှ ထ၍လာသည်။

"မောင်ကျော်မင်းရဲ့အသံဟာ အတော့်ကို စိုးမိုးနိုင်တာပဲ နောင်လည်း အိမ်ကိုလာပါ၊ သမီးအတွက် အဖော်တစ်ယောက်ရလို့ ဦးတို့လည်း အတော်ဝမ်းသာပါတယ်"

အမှန်တော့ ဖေဖေတို့ ဖိတ်ခေါ်မှုကြောင့် နောင်တွင် သူနှင့် ကျွန်မ နီးစပ်ခဲ့ရသည်။





ပြန်ခါနီးတွင် သူ့ကို ဝင်းဝအထိ ကျွန်မလိုက်ပို့မိသည်။

"မမြလေးကသာ လာခွင့်ပြုမယ်ဆိုရင် ကျွန်တော် ညနေတိုင်း လာပါရစေလား"

"ရှင်"

ကျွန်မသည် သူ့ကို လာခွင့်ပြုသင့် မပြုသင့် ချက်ချင်း စဉ်းစားမိသည်။

"ကျွန်တော်တို့အိမ်မှာ ကျွန်တော် တစ်ယောက်တည်းရယ်၊ ဒီဘက်ကို ညနေပိုင်း လမ်းလျှောက်ထွက်ရတာ ဦးနှောက်ရှင်းတယ်၊ ပြီးတော့လည်း မမြလေးတို့အိမ်ဝင်းက ငြိမ်ငြိမ်သက်သက်ရှိတယ်"

ကျွန်မသည် သူ့မေးခွန်းကို အဖြေ မပေးနိုင်ဘဲ ခေါင်းငုံ့ လျှောက်လာသည်။ မြေနီလမ်းဘေးရှိ စပယ်ပင်မှ ပွင့်ဖတ်လေး လေမှာ မြေသို့ကျနေသည်။ ကို ပထမဆုံး ရောက်စနေ့ကလည်း စပယ်ပွင့်များသည် ဖွေးဖွေးလှုပ်အောင် ပွင့်နေကြသောနေ့ပဲ မဟုတ်လား။

"ကျွန်တော့်ကို လာခွင့်မပြုချင်ဘူးလား"

"ဩော် အင်း မဟုတ်ပါဘူး ဦးကျော်မင်း လာစေချင်ပါတယ်၊ ကျွန်မက"

ကျွန်မသည် ဘာဆက်၍ ပြောရမှန်းမသိ၊ ကြောင်နေမိသည်။ သူသည် မျက်လုံးရွဲကြီးတွေနှင့် တစ်ချက်စိုက်ကြည့်ရင်း

"မိုးရွာတဲ့ ညနေတွေတော့ မလာပါဘူး၊ ကဲ ကျွန်တော် ပြန်တော့မယ်နော်"

ဝင်းတံခါးမှရပ်၍ သူထွက်သွားသည်ကို စိတ်မောမောနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိသည်။ မိန်းမ ဆိုသည်မှာ ခက်ပါကလား။ အပျိုဘဝတွင် ဣန္ဒြေကို ထိန်းသိမ်း၍ နေရသည် မှန်၏။ အိမ်ထောင်ကျလာသော အခါတွင် ပို၍ ထိန်းသိမ်းရပါကလား။ ပိုင်ရှင် သတ်မှတ်ပြီးပြီလေ၊ **အနေအထိုင်** ဆင်ခြင်ရလေပင်။ ကိုယ့်လင်သယ်နှင့် ဝေးနေချိန်**တွင် သူစိမ်း**တစ်ယောက်၏ ရင်းရင်းနှီးနှီးဆက်ဆံမှုကို လက်ခံလို့မှ **ကောင်းပါ့**မလား၊ လက်မခံလျှင်လည်း ရိုင်းရာကျမည်။

**"အို** ငါ ဘာလို့ ဒီလိုတွေးရမလဲ၊ သူကလည်း မိတ်ဆွေလိုခင်လို့ လာတာ၊ ဘာမှ မဖြစ်နိုင်ပါဘူး"

ကျွန်မလည်း ကိုယ့်စိတ်ကို ကိုယ်ပင် လိမ္မာပါးနပ်စွာ ဖုံးဖိလိုက်ပါသည်။

အမှန်တော့ သူလာစေချင်သည်။ ညနေတိုင်း မပေါ်လာလျှင်ပင် မျှော်မိသည်။ ကျောင်းဆင်းချိန်တွင် ဆရာကြီးရုံးခန်းမှာ သူရှိ မရှိကိုပင် တစေ့တစောင်း ကြည့်မိပေသည်။

\+ \+ \+



## သုံး

ကို့ ဆီကစာမှာ လအတော်ကြာမှပင် ရခဲ့လေသည်။ စာရပြန်တော့လည်း စာကို ကိုင်ရင်း လက်တွေမှာ တုန်နေသည်။ ကို တစ်ယောက်တော့ မိမြလေး လှုပ်ရှားမှုတွေကို သိရသည်မဟုတ်။ စာကို ဖတ်ရမည်ကိုပဲ ရှက်သလို၊ ဝမ်းနည်းသလို ဖြစ်လာသည်။ အမှန်တော့ ကို့ အပေါ်တွင် ကျွန်မ တော်တော်စော်ကားမိလေပြီ။

မြလေး

ကို စာရေးလိုက်တယ်။ ခုတလော ကို ကွတ်ခိုင်မှာမရှိဘူး။ တပ်ခွဲတစ်ခုနဲ့ တစ်နေရာကို သွားနေရလို့ မြလေးစာကို အရ နောက်ကျသွားတယ်။

ကို ကလည်း မြလေးဆီကို စာ ခဏခဏ ရေးချင်ပါရဲ့၊ အချိန်မရတာက ခက်တယ်ကွယ်။ အခုရေးလိုက်တဲ့ စာကတော့ အားတုန်းမှာ ကျုံးပြီးတော့ ရေးလိုက်ရတာပဲ။ စာက သိပ်ရှည်မယ်ဆိုရင်လည်း သည်းခံပြီးဖတ်ပါ။ ကိုယ့်မှာတော့ မြလေးကို နှစ်သိမ့်အောင် ဘာမှ မလုပ်နိုင်ပါဘူးကွယ်၊ စာပဲ ရေးနိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်တိုင်တုန်းကတော့ မြလေးတို့ဆီမှာ ပျော်စရာ နေမှာပါပဲ။ ဒီတုန်းက ကို ကွတ်ခိုင်မှာ မရှိဖါဘူး။ မြို့ပေါ်က ပရိသတ်တွေ တပြုံးပြုံးဖြစ်နေချိန်မှာ ကိုတို့တော့ ရန်သူကို တထိတ်ထိတ်နဲ့ စောင့်နေရချိန်ပေါ့။

မြလေးရဲ့စာထဲမှာ 'ကလေးတွေကို စစ်မုန်းတီးရေး စိတ်ဓာတ်တွေ သွင်းပေးလိုက်ဦးမယ်'ဆိုတဲ့ စာပုဒ်ကို ဖတ်လိုက်ရပါတယ်။ မြဇုလးတစ်ယောက် စစ်ကို မုန်းနေပြီဆိုတာ ကို သိပါတယ်။ မုန်းလည်း မုန်းထိုက်ပါတယ်။

နူးညံ့တဲ့ မွေ့ယာပြင်ပေါ်က ထွေးထွေးနွေးနွေး အိပ်စက်နားနေရတဲ့ မိန်းကလေးတစ်ယောက်က စစ်ကို မုန်းမယ်ဆိုရင် သူတကာတွေ အိပ်လို့ကောင်းချိန် မိုးသောက်ယံမှာ သေနတ်ကို ဆွဲပြီး နှင်းမိုးပေါက်ကြီးတွေ တဖြောက်ဖြောက်ရွာကျနေတဲ့ တောထဲမှာ Dawn attack မိမျာစိုးလို့ ရန်သူကို ငံ့လင်နေတဲ့ စစ်သားတစ်ယောက်က စစ်ကို ဘယ်လောက် ငြီးငွေ့မုန်းတီးမယ်ဆိုတာ မိန်းကလေး တွေးနိုင်ကောင်းပါရဲ့။

ဒါပေမယ့် မြလေးရယ်၊ ကို တိုက်နေရတဲ့ စစ်ပွဲဟာ ဘာလဲဆိုတာတော့ မင်း သိစေချင်တယ်။

၁၂-ရာစုအတွင်းမှာ ဘာသာရေး အမြင်ကျဉ်းမှုနဲ့ ပတ်သက်ပြီး ဂျေရုဆလမ်မြို့ကို ခရစ်ယာန်နဲ့ မဟာမေဒင်တွေ လုကြတဲ့ ကရူးဆိတ် (Crusades) စစ်ပွဲမျိုးလား။

စပိန်နဲ့ အင်္ဂလိပ်တွေ တစ်ခေတ်ထဲမှာ ပြိုင်ပြီး နယ်ချဲ့ကြတုန်းကဆိုရင် ပင်လယ်ရပ်ခြားနယ်ပယ်တွေကို အပြိုင်အဆိုင် လုယက်တိုက်ခိုက်ခဲ့ကြတယ်။ အင်္ဂလန်ဘုရင်မ အယ်လီဇဘက်က





ခရစ်ယာန်ဂိုဏ်းသစ်၊ စပိန်ဘုရင် ဒုတိယ ဖိလစ်က ခရစ်ယာန်ဂိုဏ်းဟောင်း။ ဒီတော့ စပိန်က သူပိုင်တဲ့ နယ်သာလင်နိုင်ငံတွေ ခရစ်ယာန် ဂိုဏ်းဟောင်းကို မကိုးကွယ်တယ်လို့ နှိပ်စက်တိုက်ခိုက်ကြတဲ့အတွက် အင်္ဂလိပ်တွေကလည်း အာမေဒါရေတပ်ကြီး ဖွဲ့ပြီး အင်္ဂလန်ကျွန်းကို တိုက်ခိုက်ကြတယ်။ ဘာပြောပြော နောက်ဆုံးတော့ နယ်လုကြတာပဲ၊ အဲဒီလိုစစ်ပွဲမျိုးလား။

၁၈၀၄-ခုလောက်က နပိုလီယာန်ဟာ ဧကရာဇ်ဘွဲ့ကို ယူပြီးတဲ့နောက် စိတ်ကြီးဝင်ပြီး အနိုင်နိုင်ငံတွေရဲ့ ဧကရာဇ်ဘွဲ့ကို ယူချင်အားကြီးတဲ့ အဲလ်ပတောင်တန်းကို ဖြတ်ကျော်ပြီး သြစတီးယား၊ ဂျာမဏီ၊ ရုရှား၊ စပိန်၊ အီတလီ၊ နယ်သာလင်၊ ပိုလန် စတဲ့ တိုင်းပြည်တွေကို တိုက်ခိုက်ခဲ့တဲ့ ဧကရာဇ်ရူး စစ်ပွဲမျိုးလား။ ဒါမှမဟုတ် အင်္ဂလိပ် မှူးကြီး မတ်ကြီးနဲ့ မိန်းမတွေ သိုးမွှေးဝတ်တာမြင်ပြီး စပိန်မှူးမတ်တွေနဲ့ မိန်းမတွေကလည်း သိုးမွှေးဝတ်ချင်ကြတော့ သိုးမွှေးကို နှစ်နိုင်ငံ အပြိုင်ရှာရာမှာ ဘာမှမဆိုင်တဲ့ တိုင်းရင်းသားပိုင် သိုးမွှေးထွက်တဲ့ ကနေဒါပြည်ပေါ်ကို တက်ကြပြီး အင်္ဂလိပ်နဲ့ ပြင်သစ် တိုက်ခိုက်ခဲ့တဲ့ 'သိုးမွှေးစစ်ပွဲ'မျိုးလား။

အဲမျိုးမျိုးအကြောင်းပြတွေနဲ့ ကုန်သွယ်ရာက မြန်မာပြည်ကို လိုချင်တော့ ၃-ကြိမ်တိုင်တိုင် အပြစ်ရှာပြီး တိုက်ခိုက်ခဲ့တဲ့ 'အင်္ဂလိပ်နယ်ချဲ့စစ်ပွဲ' မျိုးလား၊ စဉ်းစားပါ မြလေး၊ စဉ်းစားပါ။

ကျွန်မသည် ကို့စာကို ဖတ်ရင်း စိတ်မကောင်းဖြစ်သွားသည်။ ကောတ္တ ကျွန်မရေးတဲ့စာကို ဖတ်ရင်း ကို တစ်ယောက် စိတ်ထိခိုက်သွားဟန်ရှိသည်။ ဒါကြောင့် ဒါလောက် စာရှည်ရှည်ကို တိတိကျကျ ပြီး ရေးလိုက်ပေသည်။ သူ့စာကို ဆက်၍ ဖတ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြလေးရေ

လက်နက်နိုင်ငံကြီးတွေဟာ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ရာက အချင်းချင်း လန့်ပြီး နယ်လုရာမှာ အင်္ဂလိပ်၊ ပြင်သစ် ရုရှားတို့က တစ်ဖက်၊ ဂျာမနီ၊ ဩစတီးယား၊ ဟန်ဂေရီနဲ့ ဥရော အလယ်ပိုင်း တိုင်းပြည်တွေက တစ်ဖက် ယှဉ်ပြိုင်တိုက်ခိုက်ကြတဲ့ ၁၉၁၄-ခုနှစ် 'ပထမကမ္ဘာစစ်ကြီး'မျိုးလား။

မြလေး မမွေးလောက်သေးတဲ့ ၁၉၃၈-ခုနှစ်တုန်းကဖြစ်တဲ့ စစ်မျိုးပေါ့၊ ဂျာမနီက ပိုလန်ကို စတိုက်တာလေ။ အမှန်တော့ ဖက်ဆစ်နယ်ချဲ့သမားနဲ့ အရင်းရှင်နယ်ချဲ့သမားတွေ ယှဉ်ပြိုင်တိုက်ခိုက်ကြတဲ့ 'ဒုတိယကမ္ဘာစစ်'မျိုးလား။

ကို မေးတဲ့ မေးခွန်းလေးတွေကို တစ်ခုစီ ဖြေကြည့်စမ်းပါ မြလေး။ ကို တို့ဟာ နယ်ချဲ့ဖို့ဆိုတာထားဦး၊ သူများမြေကို လ တစ်ဝါးစာတောင် မကျူးကျော်ခဲ့သေးပါဘူး။ တစ်လက်မတော မသိမ်းခဲ့သေးပါဘူး။

ဒါပေမယ့် ကိုယ်တို့တိုင်းပြည်က အားသေးသည်ပဲဖြစ်ဖြစ် ဆိုးရွက်လောက်ပဲဖြစ်ဖြစ်၊ ကိုယ့်တိုင်းပြည်ကို တစ်ဖက်က တ ကျော်စော်ကားလာတာကိုတော့ လူမျိုးတစ်မျိုးအနေနဲ့ လက်ပိုက် ကြည့်နေရမလား။

ကိုယ့်ဘာသာ ရိုးရိုးအေးအေးနေချင်တဲ့ ငါတို့တိုင်းပြည်မှ လက်ယာနယ်ချဲ့သမားပဲ အုပ်သွားမလား၊ လက်ဝဲနယ်ချဲ့သမား အုပ်သွားမလားနဲ့ တထိတ်ထိတ်နဲ့ စိုးရိမ်နေရတဲ့အချိန်ပါ။

တကယ်လို့ လက်ယာ၊ လက်ဝဲ နိုင်ငံကြီးတွေက စစ်ကို တကယ် မလိုလားပါဘူး၊ သူတို့အော်သလို ငြိမ်းချမ်းရေးကို တကယ်တ





မက်မောလွန်းလို့ပါဆိုပြီး သူတို့တိုင်းပြည်မှာရှိတဲ့ နှလုံးပြူသေနတ်က စပြီး အနုမြူဗုံးအထိ ပင်လယ်ထဲ လွှင့်ပစ်ကြပါစေ။ အဲဒီအချိန်မှာ မြလေးရေ ကိုတစ်ယောက်လည်း လက်ထဲက သေနတ်ကို စွန့်ပြီး မင်းဆီကို အမြန်ဆုံး ပြေးလာပါရဲ့။ ပြည်တွင်း ဆူပူမှုဆိုတာလည်း အမှန်တော့ ဗုံတီးပေးတဲ့လူ ရှိလို့သာ ကနေကြတဲ့ သဘောပါပဲ။ တကယ်လို့သာ မြောက်ဘက်ကုန်းပြင်မြေက ဗုံတီးပေးမယ့်လူ မရှိရင် ဘယ်သူမှ သူတို့ဆိုင်းချက်နဲ့ ကကြတော့မှာ မဟုတ်ပါဘူး။

ဒီတော့ မြလေးတစ်ခု စဉ်းစားပါ။ စစ်ဖြစ်ရေးကိုတော့ မလိုလားစေချင်တာ အမှန်ပေမယ့် မင်းရဲ့ကျောင်းသားတွေကို တို့တိုင်းပြည် ဘယ်လိုပဲဖြစ်ဖြစ် လက်ပိုက်ကြည့်နေမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးပဲ သွင်းပေးမလား။

မတရားသဖြင့် နိုင်ထက်စီးနင်း ကျူးကျော်လာသူတွေကို ခေါင်းငုံ့ခံပြီး၊ အမျိုးပြုတ်တဲ့အထိ မျက်စိမှိတ်ခံနေတဲ့ စိတ်ဓာတ်မျိုး သွင်းပေးမလား။

လူမသတ်ဘဲ ရနိုင်တဲ့ ပြည်သူ့အာဏာကို လက်နက်သုံးပြီး လုယူတယ်ဆိုရင်ကော ဒီလိုအဖြစ်မျိုးကို ငြိမ်သက်ခံနေတဲ့ စိတ်ဓာတ်မျိုး သွင်းပေးမလား စဉ်းစားပေတော့ မြလေး။

မြလေးဟာ ဆရာမပဲ၊ နောင်တစ်ခေတ်အတွက် ကလေးတွေရဲ့ ဘဝဟာ မင်းတို့လက်ထဲမှာ ရှိတာပဲ။ မင်းတို့သွင်းသမျှ ပုံအတိုင်း ဖြစ်လာမှာပဲ။

အမှန်တော့ ငြိမ်းချမ်းရေးကို မြတ်နိုးတယ်ဆိုတာ မြလေးတို့က မွေ့ယာပေါ်က **အတွေးပါ။ မြလေးတို့က စစ်မြေပြင်ရဲ့** ကြောက်လန့်စရာတွေကို **မတွေ့သေးပါဘူး။**



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခသုခတွေ ဗလပွနဲ့ သွေးလွှမ်းနေတဲ့ မြေပြင်ကို တကယ်တွေ့နေရတာက ကိုတို့ပါ။ ကိုတို့ဟာ စစ်မီးလျှံတွေကြားက ငြိမ်းချမ်းရေးကို ဘယ်လောက် တောင့်တမယ်ဆိုတာ တွေးလို့သာ ကြည့်ပေတော့။

ဒါပေမယ့် သူတို့ မငြိမ်းချမ်းသရွေ့ ကိုတို့ဟာ နွားဖြစ်မခံနိုင်ဘူး။ ယနေ့ လက်နက်နိုင်ငံကြီးတွေက ငြိမ်းချမ်းလိုက်စမ်းပါ။ ဗုဒ္ဓရဲ့ တရားလွှမ်းခြုံနေတဲ့ ကိုတို့နိုင်ငံမှာ စစ်နဲ့တူတာဆိုလို့ အနီရောင်တောင် မမြင်စေရပါဘူး။ ရှင်းရှင်းပြောရရင် ဘယ်ကောရာ် အစွ အတွက်ကိုမှ ကိုယ်တို့ တိုက်ပေးနေတာ မဟုတ်ဘူး။

ဒီစာကိုဖတ်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပါစေကွယ်။

ကိုတော့ ဒီနှစ် မပြန်နိုင်တော့ဘူး၊ နောင်နှစ် နွေဦးမှပဲ မျှော်မေတော့။

တို

**P.S** မြလေးကို စတွေ့တုန်းက လက်ခုပ်ပင်အောက်မှာ ရဲဘော်ကြည်မောင်နဲ့ မြလေးပြောခဲ့တဲ့ စကားတွေကို သတိရသေးလား ကရင်သောင်းကျန်းမှုနဲ့ ပတ်သက်ပြီး ပြောခဲ့တာတွေလေ၊ အဲဒီ စကားလေးတွေကို မေ့ပစ်ပြီလား မိန်းကလေးရယ်၊ မိန်းကလေးမှာ တစ်ခုခုတော့ ပြောင်းလဲနေပြီ ထင်ပါရဲ့။

အမှန်တော့ ပြောင်းလဲနေပါပြီ။ ကျွန်မ ပြောင်းလဲချက်များကို ကို တစ်ယောက် ရိပ်မိနေပြီ ထင်ပါသည်။ စာကို ခေါင်းအုံးအောက် ထားလိုက်ပြီး မျက်နှာကို ခေါင်းအုံးထဲတွင်ဝှက်၍ ထားလိုက်မိသည်။

\+ + +



## လေး

မိုးနှောင်းသွားပေမယ့် ပေယ်ပွင့်များမှာ ပွင့်နေဆဲပင် ဖြစ်သည်။ စပယ်ရုံဘေးတွင် ဖျာခင်း၍ထိုင်ရင်း စပယ်ပွင့်တွေကို သီ၍နေသည်။

ယခုတလော သူ့ကို မတွေ့အောင် ရှောင်၍နေလိုက်သည်။ ကျွန်မစိတ်များမှာ အတော်ပင် ငြိမ်ငြိမ်သက်သက်နှင့် ထိန်း၍ရလာသည်။ ရှေ့လျှောက်၍လည်း ယခုလိုပဲ ဖြစ်ပါစေဟု ဆုတောင်းမိ၏။ အမှန်တော့ ကိုကို ဖယ်ခွာ၍ သစ္စာမဖောက်ချင်သည်မှာ အမှန်ဖြစ်၏။ ကို နှင့် ကွေကွင်းကွဲကွာရခြင်းကိုလည်း မဖြစ်လိုပေ။ ဒါပေမယ့် ကို့ အပေါ်ထားသည့်စိတ်မှာ မေတ္တာစိတ်ဖြစ်သည်။ မေတ္တာစိတ်လွှမ်းနေစဉ် ငြိမ်သက်၍ နေသလောက် ဦးကျော်ခင်းနှင့် တွေ့ချိန်တွင် ကွဲပေါက်လာသောစိတ်မှာ ရမ္မက်ပါပဲ။ ရမ္မက်ဆိုသည်မှာတော့ မေတ္တာလို ရင်မအေး၊ ပူလောင်သည်ပါကလား။



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ဖောက်ပြန်ပြန် မဖြစ်စေချင်ပေမယ့် စိတ်ကို တစာယ် တမ်း ထိန်းရသည့်အခါကျတော့ အလွန်မှခက်ပါကလား။

စပယ်ပွင့်ကလေးတွေကို သီရင်း မျက်ရည်တွေမှာ စိမ့်၍ ကျလာကြပြန်သည်။

"မမြလေး"

သူ့ အသံပါပဲ။ ကျွန်မသည် ခေါင်းကို မော့၍မရ။ ကျွန်မ ရှေ့တည့်တည့်တွင် သူလာ၍ ရပ်နေပေပြီ။ သုံးရက်လောက် ကျွန်မ ရှောင်နေသည့်အတွက် အရအမိ လိုက်လာခြင်း ဖြစ်ပေသည်။

သူသည် ကျွန်မရှေ့က မြက်ခင်းပေါ်တွင် ထိုင်လိုက်သည်။ စပယ်ကုံးကို အသာချ၍ ကျွန်မ မျက်ရည်တွေကို မသိမသာ သုတ် ပစ်လိုက်သည်။

"ကျွန်တော်တို့ မတွေ့တာ အတော်ကြာသွားပြီနော်"

"ဟုတ်ကဲ့"

သူကလည်း ငြိမ်၍နေသည်။ ကျွန်မ သူနှင့် ဆက်ဆံနေခဲ့ သည့် အတော်အတွင်းတွင် ဗိုလ်တင်မောင့်အကြောင်းကို တစ်လုံး မပြောမိ။ ကို သာသိလျှင် အသည်းနာရှာမည်။ အင်မတန် ပွင့်လင်း ပါသည်ဆိုသည့် မိန်းကလေးတစ်ယောက် ယခုလို လူတစ်ယောက် က ပိုးနေမှန်း သိလျက်နှင့် ကိုယ့်လင်သားအကြောင်းကို ဘာလို့မှ ဖွင့်မပြောမိပါလိမ့်။ ကျွန်မ စိတ်ကိုတင်းလိုက်သည်။

"ကျွန်မ ဒီခြံထဲမှာရှိတယ်လို့ ဦးကျော်မင်း ဘယ်လိုသိသလဲ"

"မမြလေးဖေဖေက ပြောလိုက်တယ်"

သူသည် စပယ်ပွင့်လေးတစ်ပွင့်ကို ကောက်ယူ၍ နမ်းနေပြန် သည်။





"ကျောင်းဆင်းချိန်တွေမှာလည်း ကျွန်တော် စောင့်နေသေး တယ်၊ မမြလေးကိုလည်း မတွေ့ဘူး"

"ခုတလော ဘယ်မှ မသွားဖြစ်ပါဘူး"

"ကျွန်တော့်ကို ညနေတိုင်း စောင့်နေပါလား"

"အို ဘာလို့ စောင့်ရမှာလဲ"

"ခင်ဗျာ၊ ကျွန်တော်ပြောတာ လွန်သွားလို့လား၊ အမှန်တော့ ညနေတိုင်းလေ ကျွန်တော် မမြလေးနဲ့ တွေ့ချင်တယ်၊ အပင်ကပွင့်တဲ့ ပန်းချင်း တူပေမယ့် မမြလေးတို့ခြံထဲက ပန်းတွေဟာ ပိုပြီး မွှေးပါတယ်ခင်ဗျား"

ကျွန်မသည် သူ့ကို မျက်စိချင်းဆိုင်၍ မကြည့်ရဲ၊ လက်ထဲမှ သီလက်စ စပယ်ကုံးကိုပဲ ချေ၍နေမိသည်။ သူ့မျက်လုံးရှိန်ကို မိလျှင် ကျွန်မ လက်မြှောက်မိမည် ဖြစ်ပေသည်။

"ကျွန်မတော့ ခွင့်ယူဦးမယ် စိတ်ကူးတယ်"

"ဘယ်လို မမြလေး၊ ဘာလို့ ခွင့်ယူမှာလဲ"

"ဗိုလ်တင်မောင့်ဆီ လိုက်သွားမလို့"

သူသည် ငိုင်နေပြန်သည်။

"ဗိုလ်တင်မောင်ဟာ မမြလေး ယောကျ်ားနော်၊ ကျွန်တော် မမြလေးနဲ့ စတွေ့ပြီး တစ်လလောက်ကြာမှ ဗိုလ်တင်မောင့် အကြောင်းကို သိရတယ်"

သူလည်းပဲ လက်ထဲမှ နောက်ထပ်ပန်းတစ်ပွင့်ကို အမှန်ဖြစ် မတတ်ပင် ချေပစ်နေပြန်သည်။ အမှန်တော့ နှစ်ယောက်လုံး၏ စိတ်လှုပ်ရှားမှုကို စပယ်ပွင့်လေးများသည် အလူးလိုမ့်ခံနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူတွေဟာ မကောင်းတာကို သိပေမယ့် လွတ်အောင် မရှောင်နိုင်းဘူးဆိုတာ မမြလေးယုံလား"

ဘုရား ဘုရား သူက ပွင့်ပွင့်လင်းလင်း စတော့မှာပါကလား ရင်ထဲမှာ တုန်လှုပ်ချည်ရဲ့၊ လက်ဖျားတွေလည်း တုန်လာသည် ကိုနှင့် စတွေ့တုန်းကထက် စိတ်လှုပ်ရှားရပါကလား။

"ကျွန်မ ဘာမှ မသိဘူး၊ မသိဘူးဆို မသိဘူး"

ကျွန်မသည် သွေးရူးသွေတမ်းနှင့် တောက်လျှောက်ကြီး ပြောလိုက်မိသည်။

"မသိဘူးဆိုရင်တော့ ကျွန်တော် မမေးလိုပါဘူး၊ ဒါပေမယ့် ကျွန်တော် သိပ်စိတ်ညစ်တယ်"

"ကျွန်မလည်း ညစ်တာပဲ၊ အမှန်တော့ ကျွန်မတို့နှစ်ယောက် မတွေ့ကြရင် ကောင်းမှာပဲ။ အိုလေ ဘယ်တော့ဆို ဘယ်တော့မှ မတွေ့ကြရင် ကောင်းမယ်"

ကျွန်မသည် ပြောရင်း မျက်ရည်တွေကျလာ၍ ငိုမိသည်။

"ဟာ ဘာလို့ ငိုရတာလဲ မမြလေး၊ မငိုနဲ့လေ၊ တွေ့ကြလို့ မကောင်းကြဘူးဆိုရင်လည်း မတွေ့ဘဲနေကြတာပေါ့။ ကျွန်တော်လည်း တွေ့တာဟာ မကောင်းဘူးဆိုတာတော့ သိပါတယ်။ ဒါပေမယ့် မတွေ့ရတာဟာလည်း အလွန်စိတ်ဆင်းရဲတာပဲ၊ မတွေ့ဘဲ ကြိုးစားပြီး နေကြည့်ကြသေးတာပေါ့"

"ဟုတ်တယ်၊ မတွေ့ရလို့ စိတ်ဆင်းရဲစရာရှိလည်း ဘာမှ အကြောင်းမရှိပါဘူး၊ ကျွန်မ သွားတော့မယ်"

ကျွန်မသည် ပန်းပွင့်များကို မြက်ခင်းပေါ်တွင် ထားခဲ့၍ မတ်





တတ်ရပ်လိုက်သည်။ မျက်ရည်တွေကို ပွတ်ပစ်လိုက်ရင်း သူ့မျက်နှာကို ကြည့်လိုက်မိပြန်သည်။

"မတွေ့ရလို့ စိတ်ဆင်းရဲစရာအကြောင်း မရှိဘူးဆိုရင်လည်း မမြလေး မငိုသင့်ပါဘူး၊ ကျွန်တော်ကတော့ စိတ်ညစ်ရတာအမှန်ပဲ။ ကျွန်တော် စိတ်ညစ်ရတာကိုလည်း မမြလေး သိစေချင်သေးတယ်"

သူ၏ မျက်လုံးအရှိန်အောက် ကျွန်မသာ ခွတ်ထွက်လာခဲ့ရသည်။ ခြေကို အမြန်ဆုံးလှမ်း၍ ကမန်းကတန်းပင် အိမ်ဘက်သို့ ထွက်လာမိသည်။ အိမ်သည်တစ်ယောက်အနေနှင့်တော့ ကျွန်မ အပြုအမူသည် အတော်ရိုင်းစိုင်းပေသည်။

ဒါပေမယ့် ရိုင်းမှ ရိုင်းမှုပဲဖြစ်မည်။ မရိုင်းရင် ကျွန်မစိတ်ကို ဘယ်လိုမှ ထိန်း၍ရမည် မဟုတ်ပေ။

အိမ်ထဲရောက်လျှင် သူထွက်သွား မသွားကို တစေ့တစောင်း ကြည့်မိသည်။ သူထွက်သွားလျှင် သွားခြင်းပင် ကျွန်မသည် စပယ်ရုံရှိရာသို့ ပန်းများကို ယူရန် သွားမိသည်။ ဒါပေမယ့် ပန်းလေးတွေ တစ်ပွင့်မှ မရှိတော့ပေ။

စာရွက်ဖြူခေါက်လေး တစ်ခုသာ ကျန်ရစ်ခဲ့သည်။ ကျွန်မသည် အပျိုပေါက်လေးနှင့် တူလာသည်။ ပတ်ဝန်းကျင်ကို ကြည့်၍ ဘယ်သူမှမတွေ့တော့မှ စာကို ကောက်၍ ဖတ်လိုက်မိသည်။

"ပါပါ၊ မကောင်းမှုကို။ အာရတီစ၊ ဝေးစွာ ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း"

စာထဲတွင် ဒါပဲပါသည်။ သူ ဘာဆိုလိုသည်ကို ကျွန်မ နားလည်လိုက်ပါ၏။ အမှန်လည်း အဝေးက ရှောင်ကြဉ်ရခြင်းမှာ သွယ်သလောက်၊ အနီးကပ်လာခြင်းကို အထူးသဖြင့် ရှောင်ကြဉ်ရခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို အတော်ထိန်းရပေသည်။ အိမ်ထဲရောက်ချိန်တွင်ပင် ရင်မှာ တဒိတ်ဒိတ် ခုန်နေသေးသည်။ မေမေကလှမ်း၍ -

"သမီးရဲ့ ပန်းတွေရော"

"သမီး ဒီနေ့ပန်း ပန်းမသီဘူးမေမေ"

အသံကို မနည်းထိန်း၍ဖြေရင်း အခန်းထဲသို့ ဝင်လာမိသည်။

ခက်သည်၊ ခက်သည်။ ကိုရေ မြလေးတော့ ခက်ပြီ။ ကျွန်မသည် အိပ်ရာထဲ ပစ်လှဲ၍ ငိုမိသည်။ အမှန်တော့ သူနှင့် မတွေ့ရခြင်းမှာ တကယ်စိတ်ဆင်းရဲပါ၏။ စိတ်ကို တင်း၍ ပြောလိုက်ရပေမယ့် သူ့ကို နေ့တိုင်းပဲတွေ့ချင်သည်။ ယခုအခြေအနေသို့ရောက်မှ ကျွန်မသည် မိန်းမကောင်းတစ်ယောက် ဖြစ်လာနိုင်တော့မည်လား။

ညဉ့်အိပ်ချိန်တွင်လည်း ယခင်ကလို 'သန်းခေါင်ဝေဒနာ' မပေါ်လာတော့။ အတွေးများမှာ ကွတ်ခိုင်ဆီသို့ အဝေးကြီး မသွားတော့ပဲ အင်းစိန်တွင်ပဲ ဝဲလည်၍နေတော့သည်။

ပါးစပ်က သူနှင့် မတွေ့ချင်ဘူး ပြောလိုက်ပေမယ့် နောက်နေ့ ညနေ ကျောင်းဆင်းချိန်တွင် သူလာကြိုသည်ကို ကျွန်မ လက်ခံလိုက်သည်။ သူကလည်း စိတ်ကို ဖြတ်၍ရပုံမပေါ်၊ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုနှင့် တွေ့ကြပြန်သည်။ ကားပေါ်တွင် သူသည် သက်ပြင်းမှုတ်ရင်း-

"ကျွန်တော်တို့ ဘာဖြစ်လို့ ဟန်ဆောင်နေမိလဲ မသိဘူး။ မနေ့က ညနေပြောတဲ့ စကားတွေကို မေ့ပစ်ရအောင်နော်"

သူသည် ကျွန်မဘက်မှ ပြောမှန်းသိ၍ တိုးဝင်လာလေပြီ။

"နော်"

"အို သဘောပေါ့"

ပြီးစာပေ



ခပ်ပြတ်ပြတ်ပင် သူ့ကို ဖြေလိုက်သည်။

"မမြလေးရာ ကျွန်တော်တော့ မတတ်နိုင်တော့ဘူး၊ ဖွင့်ပြီးတော့ ဝန်ခံစမ်းပါ၊ မမြလေးစိတ်တွေ အို ကျွန်တော် သိပါတယ်"

ကျွန်မသည် သူ့စကားကို မကန့်ကွက်မိ၊ ငြိမ်၍နေလိုက်မိသည်။

"မမနေ့က စပယ်ပန်းတွေအားလုံး ကျွန်တော်ယူသွားတယ်။ အကုန်လုံးကို အားရအောင် နမ်းတယ်။ ပြီးတော့ ကျွန်တော့်အိပ်ရာပေါ်မှာ အားလုံးခင်းလိုက်တယ်။ ပထမတော့ ကျွန်တော့်အိပ်ရာပေါ်မှာ ပန်းလေးတွေနဲ့ အိပ်မလို့ပဲ၊ ဒါပေမယ့် ပန်းလေးတွေ နွမ်းမှာစိုးလို့ ညတုန်းက အိပ်ရာပေါ်မှာ မအိပ်ဘူး"

"ဖြစ်မှဖြစ်ရပလေ ဦးကျော်မင်းရယ်"

"တကယ်တော့ ကျွန်တော်က အသက်ကြီးပေမယ့် လူပျိုဆိုတော့ မောင်ကျော်မင်းပဲ ဖြစ်ထိုက်ပါတယ်။ မမြလေးက အသက်ငယ်ပေမယ့် လက်ထပ်ပြီးသူဆိုတော့ ဒေါ်မြလေး ဖြစ်ထိုက်တာပေါ့။ မြလေးက ကျွမ်းကျင်ပြီးသား ကိုယ်တွေ့သမားဆိုတော့ 'ဖြစ်မှဖြစ်ရပလေ'လို့ ပြောမှာပေါ့။ ကျွန်တော်က အသက်သာကြီးတယ် လူပျိုဆိုတော့ စိတ်ကူးယဉ်ရတာပေါ့။ ဘာပဲဖြစ်ဖြစ်လေ ဒီညနေ ကျွန်တော် သိပ်ပျော်တာပဲ"

ကျွန်မရင်ထဲတွင် ဘုရားတရင်း ငြိမ်၍နေလိုက်မိသည်။ အိမ်ရောက်လျှင် ဖေဖေနှင့်မေမေ မရှိ၊ ဘယ်ကို သွားကြပါလိမ့်၊ အိမ်ဆောင့် ဒရဝမ်ကုလားက ဝင်းတံခါးဖွင့်ပြီး နောက်ဘက် နွားတင်းကုတ်သို့ ထွက်သွားတော့သည်။

**ကျွန်မမှာ နောက်ဆုံးအချိန်အထိ ဟန်လုပ်ရင်းသင်**

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"တဲ ဦးကျော်မင်းရယ် ကျေးဇူးတင်ပါတယ်"

သူကပြုံး၍ အိမ်ထဲအထိ လိုက်လာသည်။

"ဟန်မဆောင်ပါနဲ့တော့ ဒေါ်မြလေးရယ်၊ ချက်ဆို နားခွက်က မီးတောက်တဲ့သူက ဒါလောက်ဟန်ဆောင်နေတော့ ရယ်စရာကောင်းတယ်"

သူက ပြုံးပြုံးရွှင်ရွှင်နှင့် ပြောသလောက် ကျွန်မမှာ မျက်နှာပူ ရှက်လွန်းသဖြင့် ခေါင်းမော့၍မရ။

ကျွန်မနားသို့ တိုးလာကာ နားနားကပ်၍-

"ပန်းကလေးလို လှတာကိုလည်း ကြည့်ချင်ပါသည်၊ ပန်းကလေးလို ညှိုးမှာကိုလည်း စိုးရိမ်မိသည်"

ခပ်ပျော်ပျော်ပင် သီးချင်းတိုလေးဆိုကာ ကားရှိရာသို့ ထွက်သွားတော့သည်။

\+ + +



## ငါး

မေမေသည် ယခင်ကလို သွက်သွက်လက်လက် မရှိလှ။ အိပ်ရာပေါ် နေသည့်အချိန်ပဲ များနေတော့သည်။ ဦးကျော်မင်း လာတိုင်းလိုလို မေမေ့အတွက် သီချင်းတစ်ပုဒ်တော့ တီး၍သွားရသည်။

ဖေဖေ့ မျက်နှာအမူအရာမှာ ယခုတလော ဦးကျော်မင်းလာသည်ကို နှစ်သက်ပုံမရပေ။ ခပ်မှန်မှန်ပင် စကားပြော၍ တည်တည်ကြီး နေလေတော့သည်။ အမှန်တော့လည်း ကျောင်းပတ်ဝန်းကျင်မှ သတင်းလျှံလာ၍ ဖေဖေတစ်ယောက် သိနေပြီထင်သည်။ ကျွန်မသည် တတ်နိုင်သလောက် အနေအထိုင် ဆင်ခြင်လိုက်သည်။ သူ့ကိုလည်း မတတ်သာ ခပ်ခွာခွာနေဖို့ တောင်းပန်လိုက်ရသည်။

နိုဝင်ဘာလ ၂၃-ရက်နေ့မှာ ကိုနှင့် ကျွန်မတို့၏ ၃-နှစ်မြောက် လက်ထပ်ပွဲနေ့ ဖြစ်ပေသည်။

စိတ်ထဲတွင် လက်မထပ်ခင်က အကြောင်းလေးတွေနှင့် ထို အကြောင်းလေးတွေကို တသီကြီး ပြန်တွေးမိလာသည်။ လက်ထပ်

www.burmeseclassic.com



သည့်နေ့က အကြောင်းလေးတွေလည်း ပုံလေးတွေပြောသလိုပင် နားထဲမှ ကြားလာမိသည်။ စိတ်ထဲမှာ ဝမ်းနည်း၍သွားမိသည်။ ဟိုတုန်းကလည်း ကို့ အပေါ်တွင် မြတ်မြတ်နိုးနိုးနှင့် ယူခဲ့ရခြင်းပင် ဖြစ်ပါ၏။ ယခုမှ ဘာများဖြစ်ရပါလိမ့်။

မေမေ ကောင်းကောင်းနေမကောင်း၍ နှိပ်ပေးရင်းပင် နက်ဖြန် မနက် ၂၃-ရက်နေ့ ဖြစ်တော့မည်ကို သတိရနေမိသည်။ ဖေဖေ သည် မေမေ့ဘေးနားတွင် စာဖတ်နေသည်။

"ဖေဖေ နက်ဖြန် သမီးတို့လက်ထပ်တာ ၃-နှစ်ပြည့်တဲ့နေ့ပဲ"

"ဟင်"

ဖေဖေ့မျက်နှာသည် ရွှင်လန်းလာပုံရသည်။ လက်ထပ်ရက်ကို ကျွန်မ အသိအမှတ်ပြုခြင်းအားဖြင့် ကျွန်မအခြေအနေကို မဆိုး ကြောင်းကို သက်သေပြလိုက်သည်နှင့် တူသွားသည်။

"အေး၊ ဟုတ်ပါရဲ့ ၊ ၃-နှစ်တောင်ရှိသွားပြီ၊ သမီး ဘာလုပ် ချင်လို့လဲ"

"နက်ဖြန်ကျရင် ကျိုက်ကလို့ဘုရားကို သွားချင်တယ်၊ ကို့ အတွက်လည်း ပန်းတွေဘာတွေ ကပ်ခဲ့မယ်"

ဖေဖေသည် ခဏငိုင်နေပြီးမှ-

"အင်း၊ ကောင်းသားပဲ"

"မောင်တင်မောင် ဘယ်တော့ ပြန်လာမလဲ"

မေမေသည် မျက်စိမှိတ်ထားရာမှ မေးလိုက်သည်။

"နွေကျမှပဲ ခွင့်ရမယ်ထင်တယ် မေမေ"

အားလုံးသည် မြန်၍ တိတ်ဆိတ်သွားကြပြန်သည်။

\+ + +





နောက်နေ့ညနေတွင် ကျွန်မသည် ဝရံတာမှထွက်၍ ထိုင်နေမိ သည်။ လုပ်ခဲ့ပြီးသော အပြစ်တွေအတွက် တွေးရင်း ယူကျုံးမရ ဖြစ်ကာ ရင်ထဲမှာ ဆို့လာတော့သည်။

နေဝင်သွား၍ မှောင်စပျိုးချိန်တွင် ဦးကျော်မင်း ပေါက်လာ သည်။

"တစ်မနက်လုံး ဘုရားသွားတာနဲ့ မောနေပြီလား မမြလေး"

"ဟုတ်ကဲ့"

"နေလို့ကောင်းရဲ့လား"

"ကောင်းပါတယ်၊ ဒါပေမယ့် ဒီနေ့ဆိုရင် လက်ထပ်တာ ၃- နှစ်စေ့တဲ့နေ့ပဲ။ ဟိုတုန်းကအကြောင်းတွေဟာ ကျွန်မရင်ထဲမှာ ပေါ်လာပြန်ပြီ၊ ခက်တာပဲ ဦးကျော်မင်းရယ်"

သူသည် ကျွန်မအနားတွင်ထိုင်ရင်း ကြောင်၍ ကျွန်မကို ကြည့် နေသည်။ ဝရံတာသည် မှောင်ရိပ်ကျ၍ အိမ်ထဲမှ ကျွန်မတို့သို့ မမြင်နိုင်ပေ။

"ဟင်း"

သူ သက်ပြင်းချသံသည် အနားမှာ လှိုင်းထသွားသည်။

"ကျွန်တော် စန္ဒရားတီးပြရဦးမလား"

"မတီးပါနဲ့တော့"

"စိတ်သက်သာအောင်နေလေ"

"သိပ်တော့ဖြင့် မသက်သာဘူး၊ ဒီည ကို့ အတွက် သီချင်း



www.burmeseclassic.com

www.burmeseclassic.com



တောင်းထားတယ်၊ ရေဒီယိုပဲ ဖွင့်တော့မယ်။ ပြီးတော့ ကိုဆိတို့ အထိမ်းအမှတ်အနေနဲ့ နှစ်ယောက်တွဲရိုက်ထားတဲ့ ဓာတ်ပုံလည်း ပို့လိုက်တယ်။ သီချင်း လာခါနီးပြီထင်တယ်"

သူသည် အိမ်ထဲသို့ ဝင်သွား၍ ရေဒီယိုကို ဖမ်းလိုက်၏။ မကြာ ခင်ဝင် ကျွန်မတောင်းထားသော 'ကျေးစေတမန်'သီချင်းမှာ တို့ အတွက် ပါလာတော့သည်။ ကို တစ်ယောက်ကတော့ နှင်းပြင်တွေ ပေါ်မှာ ကျွန်မပို့သော သီချင်းလေးကို လေးလေးစားစားနှင့် နား ထောင်ရှာပေမည်။ တကယ်သာ ကျွန်မအကြောင်းတွေကို သိလျှင် ကျွန်မသည် ဆက်၍မတွေးနိုင်။

"စစ်မြေတလင်းမှာကွယ်၊ ချစ်နေရင်း သူလေးသို့သာ" ဆိုသော အပိုဒ် ရောက်လျှင်မူ ကျွန်မ ကြံခြွမဆောင်နိုင်တော့ပေ၊ ရှိုက်၍ ငိုမိသည်။

"မငိုနဲ့လေ၊ မမြလေး မငိုနဲ့"

ကျွန်မလက်တွေကို သူက ဆုပ်ထားသည်။

"မငိုလို့ အခု ကျွန်မချစ်နေတာက တစ်ယောက်ဖြစ်နေပြီ မဟုတ်လား၊ ကျွန်မ ဘာလုပ်ရမလဲ ဦးကျော်မင်း"

သူသည် လက်များကို တင်းကျပ်စွာဆုပ်၍-

"သွားပြီး အိပ်ချေတော့၊ စိတ်ကို ငြိမ်ငြိမ်ထား၊ ကျွန်တော်လည်း နက်ဖြန်မှလာတော့မယ်"

သူ ပြန်သွားပြီး အိပ်ရာဝင်တော့ တစ်ညလုံးလုံး ငိုနေမိတော့ သည်။

ဘယ်သူမပြု မိမိမှုပေပဲ။

\+ + +





နောက်နေ့မှာ တနင်္ဂနွေနေ့ ဖြစ်သည်။ ထမင်းစားချိန်လေး သူ ပေါက်၍လာသည်။

"ကျွန်တော် သီချင်းတစ်ပုဒ်စပ်တာ၊ ဒီနေ့ ပြီးသွားပြီ မမြလေး၊ အဲဒါကို တီးပြမလို့"

သူ့သီချင်းမှာ ခင်နှင်းယုရေးသည့် 'ကျွန်းဧကရီ'ပင် ဖြစ်ပါ သည်။

ကျွန်မသည် သူတီးပြမည်ဆိုတော့ နားထောင်၍နေမိပါသည်။

ပန်းပွင့်ကြီး အစိတ်စိတ်အမွှာမွှာကွဲ၍ ပင်လယ်ထဲတွင် မျော၍ သွားသည်။

ဆိုသော စာပိုဒ်တွင်မူ သူဆိုပုံပိုင်လွန်း၍ ရင်ထဲမှာ ဆို့လာ သည်။ တီးပုံကလည်း ဆန်းလွန်းလှသည်။ လေညင်းလေးတွေ တိုက်သော အပိုဒ်တွင် တီးပုံက ဖြည်းဖြည်းတွဲ့တွဲ့ရှိ၍ "ကမ်းစပ်ကို လှိုင်းပုတ်ခတ်"သည့် သီချင်းသားတွေ တီးကွက်သည် ဖျတ်ဖျတ် လတ်လတ် ရှိလေသည်။ အဆုံးသတ်မှာ အမြင့်ဆုံး ဆူဆူညံညံ တီးနေရာမှ ရုတ်တရက် လျှောကျ တိတ်ဆိတ်သွားတော့သည်။

"ဒီသီချင်းက တော်တော်ကောင်းတယ်နော်"

မေမေကပင် အခန်းထဲမှ လှမ်း၍ပြောသည်။ ဖေဖေကတော့ နွားနှင့် အလုပ်များနေ၍ ကြားပုံမပေါ်။

"ကျွန်တော်စပ်ချင်တဲ့သီချင်း စပ်ရလို့ ကျေနပ်ပြီ မမြလေး၊ ဘယ့် နှယ်လဲ သီချင်းထဲမှာ ပန်းပွင့်ဟာ ဘုရင်မ မျက်စိအောက်



www.burmeseclassic.com

www.burmeseclassic.com



ကလည်းကွယ်ရော၊ ပွင့်ဖတ်တွေ အစိတ်စိတ်အမွှာမွှာ ကွဲပြီး ပင်လယ်ထဲ ကျသွားတာလေ၊ အဲဒါမျိုးပေါ့"

သူစကားပြောပုံကလည်း စိတ်ချမ်းမြေ့ပုံရသည်။

"အမှန်တော့ ပန်းပွင့်ကြွေချိန်မှာ သွေးစက်တွေလည်း ပေ... တာကို နားထောင်တဲ့ပရိသတ်က သိပ့်ါမလား"

"ဘယ်သိမလဲ ဦးကျော်မင်းရယ်"

"ပန်းပွင့်က တကယ်တော့ လူလေ၊ လူကို တင်စားထားတာ... အေးဗျာ မမြလေးပဲ နားလည်မှာပါ။ ကျွန်တော် ဒီနေ့ ခင်ဗျာ... အလွတ်ရအောင် သီချင်းတက်ပေးခဲ့မယ်"

အမှန်တော့ သီချင်းတက်ပေးသော ထိုနေ့မှာ သူနှင့်ကျွန်... နောက်ဆုံးတွေ့ရခြင်းပင် ဖြစ်လေသည်။

ခင်နှင်းယု၏ ကျွန်းကေရီကို ဖတ်ပြီးမှပင် ဖေဖေက သူ... မလာရန် တောင်းပန်ကြောင်း ကျွန်မ သိရတော့သည်။

\+ \+ \+



# ခြောက်

ကို ပြန်လာသည့် အချိန်တွင် စိတ်များကို တတ်နိုင်သလောက် တင်း၍ပစ်လိုက်သည်။ ကို့အပေါ် ဟန်ဆောင်၍ နေသည်မဟုတ်ပါ။ အမှန်တော့ ပြုခဲ့ပြီးသော အမှားများမှာ ထိန်းလိုက်လျှင် ရနိုင်သေးသည် မဟုတ်ပါလော။

ကိုကလည်း ပြန်လာကတည်းက နေပုံ့၊ ပြောပုံတွေ သနားစရာ ကောင်းလာသည်။ ကိုက ယခုလိုနေပြလေလေ ကျွန်မ ကျူးလွန်ခဲ့သော အပြစ်အတွက် ယူကျုံးမရလေ ဖြစ်မိပါသည်။

"ဘာပဲဖြစ်ဖြစ် ငါ ကြိုးစားပြီး မေ့ပစ်မယ်၊ ကို့နောက် လိုက်သွားပြီး ကို့သဘောကျနေမယ်၊ မှားခဲ့တာတွေ မှားခဲ့ပြီပဲ၊ တစ်နေ့နေ့ သူ့ကို ငါ ဖွင့်ပြောမယ်"

ကိုယ့်စိတ် ကိုယ်တင်းကာ ကို့ အပေါ် ဝတ်မပျက်အောင် နေလိုက်ပါသည်။ လူဆိုတာကတော့ မှားကြမည်ပဲမဟုတ်လား။

ဒါပေမယ့် ကိုနှင့် အတူလိုက်မသွားခင်တွင် "သူမရှိတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်မှ ထွက်ခွာသွားပြီ”ဆိုသော သတင်းကို ကြားရပြန်တော့လည်း စိတ်ချောက်ချားမိပြန်သည်။

“ပန်းတစ်ပွင့် ကြွေတယ်ဆိုတာ လူတစ်ယောက်သေတာပဲ၊ ပွင့်ဖတ်တွေ အစိတ်စိတ်အမွှာမွှာ ကွဲတယ်ဆိုတာ နှလုံးတွေ ကွဲထွက်သွားတာပဲ၊ ပန်းဖတ်ထဲမှာ သွေးစက်ကို မြင်ရဲ့လား”

သူ့စကားမှာ နားထဲတွင် ပြန်ကြားလာ၍ နားကိုပင် ပိတ်ထားမိသည်။ အချစ်ကို တောင်းဆိုပုံတွင် လူနုများက ပို၍ စွဲမက်စရာကောင်းပါကလား။

တတ်နိုင်သမျှ ကောင်းကောင်းနေမည်။ ကြိုးစား၍ စိတ်ကိုထိန်းမည်။ ကို့ကို ဘာမှမဖြစ်သလို နေပြလိုက်သည်။ အပြုံးအရယ်မပျက် နေလိုက်သည်ကို ကိုကတော့ အတော် ဟန်ဆောင်ကောင်းသော မိန်းကလေးဟု ထင်ရှာပေမည်။

လားရှိုးကို လိုက်သွားရသည့်နေ့ကစ၍ လူသစ်လိုပင် နေလိုက်ပါသည်။ ဒါပေမယ့် လားရှိုးရောက်ချိန်တွင် ကိုက အတူမနေနိုင်၊ ကွတ်ခိုင်မှ နှစ်ပတ်တစ်ခါ၊ တစ်ပတ်တစ်ခါသာ လာခဲ့နိုင်လေသည်။

ပင်ကိုယ်က အိပ်မက်ဆန်၍ စိတ်ကူးယဉ်သူမှာ လားရှိုးလို နေရာမျိုးနှင့် တွေ့ရသောအခါ ဖုံးကွယ်မေ့ဖျောက်ထားသော စိတ်များသည် တစ်ဖန် နိုးကြားလာကြပြန်သည်။ ကြိုးစား၍ ထိန်းပေမယ့်လည်း မရ။

“သူ ဘယ်ရောက်အောင်များ ထွက်သွားမလဲ”

ကျွန်မလုပ်ပုံသည် တရားသည်ဟု မထင်။

စိတ်ဆိုသည်မှာ လိုသည့်ဘက်ကို ဆွဲယူ၍ တွေးချင်တိုင်း တွေးလို့ရပေသည်။





ကိုက အင်မတန်ဆိုးသူ ဆိုရင်တော့ အကြောင်းပြတစ်မျိုးမျိုးနှင့် စွန့်၍ထွက်ရလျှင် တော်သေး၏။ ယခုတော့ ကိုသည် တစ်ဖက်က တိုက်ပွဲ၏ ပင်ပန်းချိန်ကြားထဲမှ ကျွန်မကို အထူးဂရုစိုက်နေသည်။ အရင်ကလို မဟုတ်ပေ။ ကွတ်ခိုင်မှ ပြန်လာချိန်တွင်မူ အနားမှမခွာပေ။

“မြလေးဖို့လေ ကို ရေဒီယိုမှာလိုက်ပြီ။ နေရတာ ပျော်ရဲ့လား ဟင်၊ ကိုယ် နောက်မကြာဘူး။ ခွင့်ရက်ရှည်ရရင် တို့များနှစ်ယောက် ထားဝယ်သွားပြီး ဟန်းနီးမွန်း ထွက်ရအောင်”

သူက ရယ်ကာပြုံးကာနှင့် ပြောလေလေ၊ ကျွန်မရင်ထဲက နာလေလေ။

ကို့ကိုတော့ ကြာရှည် လိမ်နေ၍ ကောင်းမည်မထင်ပေ။ ကိုက သုယတိုင်း ဦးကျော်မင်းနှင့် နှိုင်းယှဉ်မိလိုက်ခြင်းမှာ အတိတ်ကို မမေ့သေးသော အထိမ်းအမှတ် မဟုတ်လား။

ကို ချစ်သည်ကို ခံစားရသည်မှာ စည်တော်ရွှမ်းသံကို နားထောင်ရသလို အသိုင်းအဝိုင်း မပါလှ။ ဦးကျော်မင်း ယုယပုံမှာ အာရီယာငါးပါး တီးသလို ညီးညီးညံညံနှင့် တဖြည်းဖြည်း ငြိမ့်ကာ သာယာနာပျော်ဖွယ် ရှိလှသည်။

ဒီလို ယှဉ်တွဲတွေးကတည်းက ကျွန်မ မကောင်းတော့ပေ။ ကိုယ့်ကိုယ်ကို မကောင်းလာပြီဆိုတာလည်း သိ၏။ သိပေမယ့်လည်း မပြင်နိုင်ပါလား။

လိမ္မော်သီးစိတ်၏ အကြောမျှင်လေးတွေကို သူသည် ခွာ၍ ကျွန်မကို ပေးသည်။ ကိုသည် ဘယ်တော့မှ အသေးစိတ်သူ မဟုတ်။ ယခုလို သေးသေးဖွဲ့ဖွဲ့လေးကို ဂရုတစိုက် လုပ်ပေးနေသည်



www.burmeseclassic.com

www.burmeseclassic.com



မှာ သနားစရာ ဖြစ်နေသည်။ သူပေးထားသော အဆင့်အတန်းနှင့် ကျွန်မ တကယ်ပင် မထိုက်တန်တော့။

"မြလေး ကို့ကိုယူတာ သိပ်ကံဆိုးတာပဲ။ ဒါပေမယ့် မြလေး ရာ အကြောင်းပဲကိုး၊ ကိုလေ မြလေးအပေါ်မှာ ခွဲထားပြီး ဝတ္တရား မကျေသလိုနေပေမယ့် ကို့စေတနာကိုတော့ အသိအမှတ်ပြုနော်"

လိမ္မော်စိတ်ကို နှာ၍ပေးရင်း ပြောပြနေသည်။ သူ့စကားတို့ နားထောင်ရင်း အပြစ်ရှိသူဖြစ်၍ စိတ်ကျဉ်းကျပ်လာတော့သည်။

"ခု တိုက်ရတာကလည်း ဘုရင်တစ်ပါး ကောင်းစားရေး၊ လူ တစ်ယောက်ရဲ့ အာဏာမြဲရေးမှ မဟုတ်ဘဲ၊ တိုက်နေရတဲ့ သဘော ကို မြလေးနားလည်ရင်တော့ ကိုယ့်ကို ခွင့်လွှတ်မှာပဲ"

"မြလေး နားလည်ပါတယ်"

"ကိုယ်တို့ အရင်တွေ့စတုန်းကလို အခု စကားတွေ့သွက်သွက် ပြောစမ်းပါကွယ်၊ မြလေးနေပုံက သိပ်ငြိမ်တာပဲ"

ကျွန်မသည် ကွပ်ပျစ်ပေါ် လှဲလိုက်ရင် သူ့ကို ငြိမ်၍ကြည့်နေမိသည်။ ဝမ်းထဲမှာ စိတ်ကလှုပ်ရှားရလွန်းလို့ အပြင်က ငြိမ်နေရတာလို့ပင် ပြောလိုက်ချင်သည်။ ကျွန်မအနားတွင် ကိုက လာ၍ ခွေနေသည်။ အပြင်တွင် မြူတွေကျ၍ လေတိုက်နေသည်။

ယခုလို ကြာကြာနေ၍တော့မဖြစ်၊ စိတ်ထဲ ဖြစ်သမျှတွေကို ဖွင့်ပြောမှ ဖြစ်မည်။ ယခုလို ကြာရှည်နေခြင်းမှာ ကို့ စေတနာကို စော်ကားရာကျပေမည်။ ကိုယ့်ယောကျ်ားရဲ့ ရင်ခွင်မှာ တခြားသူကို စိတ်ကူးနေခြင်းမှာ တကယ်သိလျှင် ဘယ်ယောကျ်ားမှ ခွင့်လွှတ် နိုင်မည်မဟုတ်။

ရေဒီယို ရလာချိန်တွင် ပျော်သလိုလို ဖြစ်လာပြန်သည်။





ဒါပေမယ့် ရေဒီယိုသည် နောက်ဆုံးဆုံးဖြတ်ချက်ကို ကျွန်မအတွက် ပေးခဲ့ပါပကော။

အပြင်၏ လရောင်တွင် ထင်းရှူးပင်ကိုင်းတွေက လှပစွာ ကနေ ကြပြန်သည်။ ကျွန်မသည် ကွပ်ပျစ်ပေါ်တွင် မှိန်းနေသည်။ လရောင်ကိုလည်း မမြင်ချင်တော့။

"မြလေးရေ၊ ဒီနေ့ သောတရှင်လိုရာ ရှိတယ်"

သူသည် ရေဒီယိုကို ဖမ်းခဲ့၍ ကျွန်မအနားတွင် လာထိုင်သည်။

"ဘာပြောပြော ခုလိုဝေးနေချိန်များ တစ်ယောက်ယောက်က ကိုယ့်အတွက် သီချင်းလေးဘာလေးများ ပို့လိုက်ရင် ကိုယ်တို့ကောင်တွေ မြူးသွားတာပဲ"

သူသည် အားရဝမ်းသာ ပြောပြနေပြန်သည်။ ရေဒီယိုမှာ ပထမဆုံးတစ်ပိုဒ် ပြီးသွားပြီး နောက်တစ်ပိုဒ်တွင်-

"သူမှ သက်ဆိုင်သူအတွက် ကျွန်းဧကရီသီချင်း"ဟု ကြားလိုက် ရသည်နှင့်တစ်ပြိုင်နက် ကျွန်မသည် လန့်သွားတော့သည်။

"ဟုတ်တယ်"

ကျွန်မအသံတွေ တုန်လာသည်။ သူ ဘာလို့ဆိုရသလဲ၊ ဒီသီချင်း သည် နှစ်ယောက်လုံး၏ အချစ် အချက်ပြ မဟုတ်ပါလား။ သူ ငါ့ကို မမေ့သေးဘူး။ ငါ့ကို မမေ့သေးဘူး။ အနားတွင် ကိုရှိသည်ကို လုံးဝ မေ့သွားတော့သည်။

နားထောင်ရင်းပင် လူးလှိမ့်၍ ငိုမိသည်။

"မြလေး ဘာဖြစ်တာလဲဟင်"

ကိုက လှုပ်၍ မေးပေမယ့် ကျွန်မ စကားပြော၍မရ၊ နှိုက်၍ သာ ငိုနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ပျက်လွန်းပါတယ် မြလေးရယ်၊ ဒီသီချင်းသံကြားတာ ငိုတယ်ဆိုတော့ ဘာဖြစ်လဲဟင် ပြောစမ်းပါ"

"မြလေး ဒီမှာ မနေပါရစေနဲ့တော့"

လှဲနေရာမှ ထပြီး အိပ်ခန်းထဲကို ဝင်သွားမိသည်။ သူတ ယောက်တည်း အိမ်ရှေ့ကွပ်ပျစ်မှာ ကျန်ရစ်ခဲ့တော့သည်။ တစ်ည လုံး အိပ်ခန်းထဲကို ကိုတစ်ယောက် ဝင်မလာတော့ပေ။ ဒါယော အခြေအနေဖြစ်ပြီးမှ ဆက်၍ ဟန်မဆောင်ချင်တော့၊ အမြန်ဆုံး ထွက်သွားရန် ဆုံးဖြတ်မိတော့သည်။ တစ်ညလုံး မအိပ်ဘဲ ပြန် အတွက် ပြင်ဆင်နေမိသည်။

မိုးလင်းခါနီးတွင် ကို အခန်းကို ဝင်လာ၍ ပစ္စည်းတွေကို သိမ်းပေးနေသည်။ ဒါပေမယ့် သူ့မျက်နှာကြည့်ရသည်မှာ သေ သောမျက်နှာလို ဘာအဓိပ္ပာယ်မျှ မရှိတော့။

အားလုံး သိမ်းဆည်းပြီးချိန်တွင် သူ ဘယ်အချိန်တုန်းက ခေါ် ထားသည်မသိ။ ဂျစ်ကားတစ်စီးက အိမ်ရှေ့သို့ ရောက်လာသည် ပစ္စည်းတွေအားလုံး တင်အပြီးတွင် ကျွန်မ သူ့ရှေ့မှာထိုင်၍ သူ့ ဦးချပြီး ကန်တော့လိုက်သည်။

"မြလေး ဒီမှာဆက်နေသ၍ ကို့ကို စော်ကားသလို ဖြစ်နေ သွားရတာပါ"

ကျွန်မသည် စကားပြောရင်း မျက်ရည်တွေ ကျလာတော့သည်။

"လေယာဉ်ကွင်းကို လိုက်ဦးမလား"

ကျွန်မ မေးခွန်းကို သူမဖြေ၊ လက်နှစ်ဖက်ကို မျက်နှာတွင် အုပ်၍ သူ့တစ်ကိုယ်လုံး တုန်နေသည်။





"တော်ပါတော့ မြလေးရယ်၊ ကိုယ် ဒီမှာပဲ နေရစ်ခဲ့ပါရစေ တော့"

ထိုအချိန်တုန်းက ကျွန်မစိတ်ကို ခုထိ ကျွန်မနားမလည်။ ကို့ကို စွန့်၍ ထားခဲ့ရက်နိုင်သော ကျွန်မစိမ်းကားမှုစိတ်ကို ယခု တွေးမိ တိုင်း အံ့ဩသည်နှင့်အမျှ ရင်ကွဲမတတ် အခံရခက်လှပါ၏။ ကိစ္စ များကား လွန်ခဲ့ပြီ။

လေယာဉ်ပျံတွင် ထိုင်ရင်း ရှေ့သို့လှမ်းရမည့် **အစီအစဉ်**ကို တွေးနေမိသည်။

\+ + +

ဦးကျော်မင်း အင်းစိန်မှ ထွက်သွားကတည်းက ဘယ်ကို ရွှေ့ပြောင်း သွားသည်ကို ကျွန်မ စုံစမ်းပြီးဖြစ်လေသည်။ သူ မန္တလေးသို့ ပြောင်းရွှေ့သွားခြင်း ဖြစ်သည်။

မန္တလေးရောက်ရောက်ချင်း ဆိုင်ရာပညာဝန်ရုံးသို့ တောက် လျှောက်ပင် ကျွန်မ လိုက်သွားသည်။

"ဦးကျော်မင်းရုံးထဲမှာ ရှိသလားလို့မေး။ ရှိတယ်ဆိုရင် ဒီ ကတ်ပြားလေးပေးလိုက်"

ကျွန်မသည် တက္ကစီဒရိုင်ဘာကို လွှတ်လိုက်၏။ ခဏအတွင်း တွင် ဦးကျော်မင်း အပြေးအလွှား ထွက်လာသည်။ သူသည် ရေတ ၍ မောနေသလို ကားနားကပ်လာသည်။

"မြ- မြ မမြလေး လိုက်လာတယ်"

ကားထဲကို သူ့ခေါင်းတိုး၍ တအံ့တဩ မေးလိုက်သည်။ သူ့ မျက်လုံးထဲတွင် ဝမ်းသာခြင်းနှင့် အံ့ဩခြင်း ရောနေသလို တစ်ဖက်

www.burmeseclassic.com



ထောင့်တွင်လည်း စိုးရိမ်ခြင်းနှင့် ကြောက်ရွံ့ခြင်းတွေက ပေါ်နေသည်။

"အစ်ကိုကြီးဆီကို မြ လိုက်လာတာ"

"အင်း ဒီလိုလုပ်၊ အစ်ကိုကြီးကားပေါ်ကို ပစ္စည်းတွေ ပြောင်းပြီး ထည့်ပြီးတော့ အိမ်ကိုသွားနှင့်။ ရုံးမှာ မကောင်းကြဘူး၊ ညနေကျမှ တွေ့ရအောင်"

သူသည် ကားတံခါးကို ဖွင့်ပေးလိုက်သည်။ ခပ်လှမ်းလှမ်းရှိ သူ့ကားနှင့် ဒရိုင်ဘာကို လှမ်း၍ခေါ်လိုက်သည်။

"အစိုးရအိမ် မရလို့ စိန်ပန်းရပ်ထဲမှာ အစ်ကိုကြီး ငှားနေတယ် ဒါပေမယ့် မြစ်နဲ့နီးလို့ အေးပါတယ်"

ကျွန်မစိတ်ထဲတွင်တော့ ဘာတွေပြောရမှန်းမသိ။

"ကဲ ကဲ မင်းမမကို အိမ်လိုက်ပို့လိုက်၊ ပစ္စည်းတွေကိုလည်း တက္ကစီပေါ်ကနေပြီး ကားပေါ်ပြောင်းတင်"

ဒရိုင်ဘာသည် ကျွန်မမျက်နှာကို လှမ်း၍ကြည့်ကာ သူ ခိုင်းသည့်အတိုင်း လုပ်သည်။

"ကဲ အိမ်ကို သွားနှင့်နော်"

လက်မြှောက်နှုတ်ဆက်၍ သူ့ကားပေါ်တွင် လိုက်ပါလာခဲ့ရသည်။ ဝမ်းသာသလို ဖြစ်နေပေမယ့် မအေးချမ်းလှ၊ စိတ်ထဲတွင် ပူလောင်နေသည်။ မျက်စိထဲတွင်လည်း လက်ဝါးနှစ်ဖက် မျက်နှာကိုအုပ်ထားသော ကို့ ရုပ်မှာ တဝဲလည်လည် ပေါ်လာတော့သည်။

အိမ်ရှေ့ ကားဆိုက်လျှင် ထမင်းချက်တစ်ယောက် ထွက်လာသည်။

"ဆရာက တယ်လီဖုန်းဆက်လိုက်တယ်"

"ဪ ဟုတ်ကဲ့၊ ဒီပစ္စည်းတွေ သယ်ပေတော့"





ကျွန်မသည် အိမ်ထဲရောက်လျှင် စိတ်ပေါ့ပါးသွားသည်။ ယခုမှ ကိုယ့်ယောကျ်ားအိမ်ကို ရောက်သလို နေသာထိုင်သာ ဖြစ်သွားသည်။ သူ ဘယ်လိုဖုန်းဆက်လိုက်သည်မသိ။ ကျွန်မပစ္စည်းမှန်သမျှ သူ့ အခန်းထဲတွင် အကုန်ထည့်ထားသည်။ ကျွန်မသည် မောလွန်း၍ သူ့အိပ်ရာပေါ်တွင် လှဲနေမိသည်။ ဘယ်အချိန် မေ့ခနဲ ပျော်သွားသည်မသိ။

"မြ မမြလေး"

သူ့ခေါ်သံကြားမှပင် လန့်၍နိုးတော့သည်။

"အိပ်ပျော်နေသလား၊ ရေတွေဘာတွေ ချိုးလေ"

သူသည် ကိုယ်ကိုညွှတ်၍ ကျွန်မနဖူးကို ရှိုက်၍ မွှေးလိုက်သည်။

"မြလေးတော့ ဒီကို ပြေးလာတာပဲ"

"သိပါတယ်"

"ဘာလို့ လေထဲမှာ သီချင်းကို လွှတ်ပြီး လူကို ခေါ်ရတာလဲ"

"မနေနိုင်တော့ဘူး သိလား၊ ထွက်လာကတည်းက သိပ်လည်း စိတ်ညစ်နေတယ်၊ သီချင်းကို ဘယ်မှာကြားရသလဲ"

"လားရှိုးမှာပေါ့၊ အိုလေ ဘယ်မှာကြားရကြားရ ဒီအကြောင်းတော့ မမေးပါနဲ့တော့"

သူ့မျက်နှာထားမှာ ရုတ်တရက် စိတ်မကောင်းသလို ပြောင်းသွားပြန်သည်။

"ဟို ဟိုလေ ဗိုလ်တင်မောင်ရော"

"လားရှိုးမှာ ကျန်ရစ်တာပေါ့၊ မမေးပါနဲ့တော့ အစ်ကိုကြီးရယ် မမေးပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျွန်မကို ဆွဲယူပွေ့ထူ၍ ခဏ ရင်ခွင်ထဲမှာ သိပ်ထား သည်။ ဒါတွေသည် အမှန်တော့ ကိုယ်ဆီမှ မရနိုင်သော အတွေ့များ ဖြစ်သည်။

"ကဲ ရေချိုးတော့"

စိတ်လက်ရွှင်ရွှင်နှင့်ပင် ကျွန်မ ရေမိုးချိုးလိုက်သည်။ ညစာ စားရင်း ပြင်ဆင်ကျွေးမွေးရသည်မှာ စိတ်ထဲမှာ နှစ်သိမ့်လိုက သည်။ လက်ထပ်ပြီးခါစ ဇနီးမောင်နှံလို အစစအဆင်ပြေလှသည် ကိုနှင့်တုန်းက ယခုလိုနေဖို့ အချိန်မရလိုက်ပေ။

"ကဲအဝတ်လဲ၊ ဂေါ်ဝိန်ဆိပ်ဘက် လမ်းလျှောက်ထွက်ရအောင်"

ကမ်းပါးထိပ်တွင် နှစ်ယောက်ထိုင်၍ မြစ်ကို ငေးနေမိသည် ဒါပေမယ့် သူ့ကို ကြည့်ရသည်မှာ တစ်စုံတစ်ခု အကြံခက်သ ခပ်ငိုင်ငိုင် ဖြစ်နေတော့သည်။

ဧရာဝတီမြစ်ကမူ ကျွန်မတို့နှစ်ဦးကို ဂရုမစိုက်။ သူ့ဘာသ စီးမြဲစီး၍ နေသည်။ တစ်ဖက်တွင် ပျပျမြင်ရသော မင်းဝံတောင်ရိုး သည် အရှက်မရှိသော ကျွန်မကို သရော်သလို ထင်ရသည်။

မနေ့က ယောကျ်ားတစ်ယောက်၊ ယနေ့ ယောကျ်ားတစ်ယောက် ရင်ထဲမှာ ရှက်သွားမိပြန်သည်။ စစ်ကိုင်းတောင်ရိုးမှ နေထိုင် နီနီကလည်း ကျွန်မကို ကွယ်၍ ကြည့်နေပြန်သည်။

သူ့မျက်နှာကို လှမ်းကြည့်မိသည်။ နေရောင်ဝါ တစ်စွန်းတစ် လျက်ထား၍ သူ့အသားတွေမှာ တောက်ပနေပေမယ့် မျက်နှာ ညှိုးနေသည်။

"ကိုကြီးတို့ ပြန်ကြစို့ မြလေးရယ်"





အိမ်ရောက်လျှင် သူသည် တိတ်တိတ်ဆိတ်ဆိတ် ဖြစ်နေပြန် သည်။ တစ်စုံတစ်ခုကို အတွေးရခက်နေသလို တဟင်းဟင်းနှင့် သက်ပြင်းသာချ၍ နေပြန်သည်။

အိမ်ရှေ့ဝရံတာတွင် သူတစ်ယောက်တည်း ထိုင်နေသည်။ သူ စိတ်မောနေမှန်းသိ၍ ကျွန်မသည် အိပ်ခန်းထဲတွင် လှဲနေရစ်သည်။

မကြာခင် သူဝင်လာသည်။

"ကိုကြီး အိပ်တော့မလား၊ အိပ်ရာ ပြင်ဦးမယ်"

ကျွန်မသည် သူ့အိပ်ရာကို သပ်သပ်ရပ်ရပ် ပြင်လိုက်သည်။

"ကိုကြီးတို့ ဘယ်လို အိပ်ကြမလဲ"

ဘုရားရေ၊ ရင်ထဲတွင် ဘယ်လိုဖြစ်သွားမှန်းမသိ။ မိန်းကလေး ကစ၍ မမေးရ၊ သူကစ၍ မေးလိုက်သည်။ ကျွန်မ ငိုင်၍နေမှ သူသည် ရုတ်တရက် မျက်နှာကို ပြင်လိုက်သည်။ ကျွန်မကို လှမ်း၍ ဖက်ကာ ငို၍မွှေးပြန်သည်။

"စိတ်မကောင်း မဖြစ်ပါနဲ့ကွယ်၊ လက်မထပ်ကြသေးတော့ ဘယ်လိုလုပ်ပြီး အတူအိပ်သင့်မလဲ၊ ဒါကြောင့် ပြောတာပါ"

ကျွန်မရင်ထဲတွင် မှန်းချက်နှင့် နှမ်းထွက်မကိုက်ပေ။ ရှက်လည်း ရှက်၍လာသည်။

"ဒါနဲ့ ဘာလို့ ဘာလို့ မြလေးကို မရ ရအောင်ခေါ်လဲ၊ ဒီ သီချင်းကို ဘာလို့ ဆိုရသလဲဟင်"

ကျွန်မ အတင်းရုန်း၍ထွက်၏။ ဒါပေမယ့် တင်းတင်းကျပ်ကျပ် ပင် ပြန်၍ဖက်ရင်း-

"ဒါကို မမေးသင့်သေးဘူး မိန်းကလေးရယ်၊ မင်း ကျေနပ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ကိုကြီးနေပါ့မယ်၊ ဒါပေမယ့် မြမှာ ထိခိုက်မလားလို့"

"တခြားခွဲအိပ်တော့ ဒီအစေခံတွေက ဘယ်လိုထင်မလဲ၊ လူများတို့ အပျက် အပေါ်စား အတင်းလိုက်နေတယ်လို့ မထင်ဘူးလား"

"ကဲ ကဲ စိတ်လည်း သိပ်ပင်ပန်းမနေနဲ့၊ လာလာ အိပ်အိပ်"

သူသည် ကျွန်မကို ပွေ့ယူ၍ ခုတင်ပေါ်တွင် သိပ်နေသည်။ ကလေးတစ်ယောက်ကို သိပ်သလို သိပ်နေပေမယ့် သူ့ရင်ခွင်ထဲတွင် ခေါင်းမြှုပ်ကာ တရှိုက်ရှိုက်ငိုနေမိသည်။

အိပ်ရာက တရေးနိုးချိန်တွင် သူ အနားတွင်မရှိပေ။ ကျွန်မ ထ၍ ကြည့်လိုက်မိသည်။ အခန်းထောင့်ရှိ ပက်လက်ကုလားထိုင်ပေါ်တွင် ခွေခွေလေး အိပ်နေတော့သည်။

အိပ်နေသည်ကို မနှောင့်ယှက်ချင်တော့။ မိန်းမကောင်း တစ်ယောက်အနေနှင့် ဒါလောက်ပဲ သင့်တော်ပေပြီ။ သူက အတူ မအိပ်လိုပါဘဲနှင့် ကိုယ်က ကဲရမည်မှာ မတော်တော့ပေ။ သူ့ ကိုယ်ပေါ်သို့ စောင်တစ်ထည် ခြုံပေးပြီး ကျွန်မအိပ်ရာတွင် ကျွန်မ ကြိုးစား၍ အိပ်သည်။ ဒါပေမယ့် အိပ်ကားမရ၊ ရင်ထဲမှာ မော၍ အဝေးကြီးကို ပြေးနေသလိုပင်။ တောတောင်တွေကိုလည်း ဖြတ်၍ ပြေးမိ၏။ ပြေးရှသည်မှာ မြန်လွန်း၍ တောင်ထိပ်တွေသည် ပတ်ချာလည် ကျန်ခဲ့ကြပြန်သည်။ တောတန်းများကို ဖြတ်သွားတိုင်းလည်း သစ်ကိုင်းတွေကလှုပ်ရှား၊ လေကလည်း နောက်မှအော်၍ အပြေး တိုက်လာကြသည်။ လမ်းကလည်း မပြင်ရတော့ပါကလား။ နှင်းမှုန်တွေ သိပ်၍သိပ်၍ ကျလာပြန်သည်၊ လေတိုက်သံသည် စူးလာ၍ သစ်ရွက်တွေလည်း စိုလာကြသည်။ နှင်းပွင့်တွေခဲ၍ ညွတ်နေသော





အပင်ငယ်လေးဘေးတွင် ကျွန်မ ဒူးညွတ်၍ လဲတော့သည်။ မသိသော ဝိညာဉ်တစ်ခုက ပြေးရန် တိုက်တွန်းနေပေမယ့် ကျွန်မမှာ လှုပ်ရှားဖို့ပင် အားမရှိတော့။

"အလို"

သစ်ကိုင်းလေးအောက်တွင် လူတစ်ယောက် ခွေခွေကလေး အိပ်နေပါလား။ ကျွန်မသည် ခြေကနာလွန်း၍ တွား၍ပဲ သွားကာ ကြည့်မိသည်။ သူ့ကိုယ်ပေါ်တွင် နှင်းစက်တွေ တပေါက်ပေါက်။

"ဟင် ကိုပါလား၊ ကို ကို"

ကျွန်မသည် အတင်းအော်၍ ကို့ကို လှုပ်နှိုးမိသည်။

"မြ မြ မြ ဘာဖြစ်တာလဲဟင်"

ကျွန်မမျက်လုံးကို ဖွင့်လိုက်ပြန်တော့ မျက်နှာပေါ်တွင် မှိုးနေသူမှာ ဦးကျော်မင်းပါလား။ စိတ်ထဲမှာ ဟိုက်၍နေသည်။

"ကိုလေ ကိုရယ်၊ နှင်းတွေထဲမှာ အိပ်နေတယ်"

"မဟုတ်တာကွယ်၊ မင်း အိပ်မက် မက်နေတာပဲ။ ကဲ ကဲ ပျော်အောင်အိပ်စမ်း"

သူ့ရင်ခွင်ထဲကို ပွေ့ယူ၍ သိပ်နေပြန်သည်။

ဆယ်ကမ္ဘာ ရွှေစေတော့ ဘုန်းမသွေပါ ။ မုန်းလေနဲ့ ချစ်ဦးညာ ကိုဖြအသံကို ကြားယောင် လာပြန်သည်။ ကြမ်းပါသည်ဆိုသည့် ဘဝထဲက ချစ်သူအတွက် ဂီတကို တတ်နိုင်သလောက် ဖော်ပြခဲ့သေးသည်။ ကျွန်မစိတ်သည် အားလုံးရောရှုပ်၍ ပါနေပါပကော။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com

## ခုနစ်

နောက်တစ်ပတ် တနင်္ဂနွေနေ့တွင် နှစ်ယောက်သား ကားနှင့် မြို့ထဲကို ထွက်လာကြသည်။ ဈေးချိုကိုဖြတ်၍ နန်းတော်ကျုံးဘက်ကို ကွေ့မောင်းသွားလိုက်သည်။

"ယူနီဗာဆယ်မှာဝင်ပြီး တစ်ခုခု စားရအောင်နော်"

ဆိုင်ရှေ့တွင် ကားဆိုက်ထားခဲ့၍ သူက ရှေ့မှဝင်သွားသည်။ နှန်တံခါးကို တွန်း၍ ဝင်လိုက်သည်တွင် ကျွန်မမှာ လန့်သွားတော့သည်။

"ဟ ဗိုလ်ရဲခေါင်ကြီးပါလား၊ ဘယ်သွားမလဲ"

ဦးကျော်မင်းက အားရဝမ်းသာပြော၍ ရှေ့လှမ်းသွားသလောက် ကျွန်မမှာ ခြေလှမ်း၍မရပေ။

ရင်ထဲမှာ တဒိတ်ဒိတ် ခုန်လာသည်။ ဗိုလ်ရဲခေါင်မှာ ဗိုလ်ထောင်မောင်တို့၏ ဒု-တပ်ရင်းမှူး ဖြစ်သည်။ သူ့ကို ကျွန်မ ကောင်းကောင်း သိသည်။ ဘုရား ဘုရား ကျွန်မတော့ ဒုက္ခပဲ။

ပြုံးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်မင်းပါလား၊ ဟသ်ာတကတည်းက ကျွန်တော်တို့ တွဲသွားတာ လာ လာ"

ကျွန်မ ဘာလုပ်ရမည်မသိ၊ ကျွန်မကို ဗိုလ်ရဲခေါင် မသိပါစေနှင့် မမှတ်မိပါစေနှင့်။

"ကျွန်တော့်ဇနီးပဲ၊ မြရေ ဒါက ဗိုလ်မှူးရဲခေါင်ဆိုတာ"

"ဟုတ်ကဲ့"

စိတ်ထဲတွင် ကျွန်မကြောင့် အရှက်မကွဲစေလို၊ ဗိုလ်ရဲခေါင်ကိုလည်း မကြည့်ရဲ။

"ကျွန်တော်တို့တပ် ခု မြစ်ကြီးနားကို ပြောင်းရမယ်"

သူတို့နှစ်ယောက် စကားပြောနေတုန်းပင် ကျွန်မ ထလာခဲ့တော့သည်။ အတော်ကြာမှ သူလိုက်လာသည်။

"မြန်မြန်သွားကြရအောင် ကိုကြီးရယ်၊ ကျုံးနားကိုလည်း မဖြတ်ပါနဲ့"

"ဘာဖြစ်သေးလဲကွယ်၊ ဒါလောက် စိတ်မလှုပ်ရှားပါနဲ့"

"ဟင့်အင်း၊ မြလေး ဘယ်စစ်ဗိုလ်စစ်သားမှ မတွေ့ချင်ဘူး သူတို့ကိုတွေ့ရင် စိတ်ထဲမှာ ကိုယ့်လိပ်ပြာက သူရဲ ဖြစ်ဖြစ်သွားတယ်"

"အလကားကွယ်"

သူသည် ကားကို ဖြည်းဖြည်းမောင်းရင်း-

"မြစိတ်ထဲမှာလည်း ဗိုလ်တင်မောင်ကို မမေ့သေးပါဘူး"

သူက တိုးတိုးပြောပေမယ့် မြစိတ်ထဲတွင် အကျယ်ကြီး ကြားလိုက်သည်။





"မေ့တာ မမေ့တာထက် သူလည်း ဒီမှာ ရှိချင်ရှိနေမှာ။ ဒါလောက်တော့ ဘယ်သူ ပြောင်ကျရဲမလဲ"

အိမ်ပြန်ရောက်ချိန်အထိ ရင်ထဲမှာ ထိတ်နေတုန်းဖုင် ဖြစ်လေသည်။

"နောင်ကို မြလေးတော့ အပြင်ကို မထွက်တော့ဘူး"

အဝတ်လဲရင်း ပြောလိုက်သည်။

"မထွက်ချင်လည်းနေပေါ့၊ ဒါပေမယ့် စိတ်မသက်သာတော့ မရှိနဲ့၊ မြ မပြောနဲ့ဆိုတဲ့ ဗိုလ်တင်မောင့်အကြောင်းကိုတော့ ပြောပါရစေ"

ကျွန်မ သူ့ကို ကြည့်နေသည်။

"နှစ်ယောက်လုံးလည်း စိတ်ချလက်ချဖြစ်အောင် ဥပဒေအရ လက်ထက်ကြရင် ဘယ့်နှယ်နေမလဲ"

"ကိုကြီးရဲ့ သဘောပဲ"

"ကိစ္စတော့ မရှိပါဘူး၊ ဒါပေမယ့် မြနဲ့ ဗိုလ်တင်မောင်နဲ့က ဥပဒေအရ ကွာရှင်းခဲ့ကြတာ မဟုတ်တော့၊ ကိုကြီးက မြကို လက်ထပ်နိုင်ပါ့မလားကွယ်"

ကျွန်မ ဘာအဖြေမှ မပေးလိုတော့၊ ငမ်းငမ်းတက် ဖြစ်မိသော ဘဝတွင် ဥပဒေ စည်းကမ်းတွေကို ဘာမျှ မမြင်တော့ပါလား။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ သူရုံးတက်ချိန်တွင် ကျွန်မသည် အိမ်အလုပ်တွေကို လုပ်နေရစ်ခဲ့သည်။ အိပ်ခန်းထဲကို ရှင်းရင်း သူ့စားပွဲပေါ်ရှိ စာအုပ်ကို သေသပ်စွာစီနေသည်။

ကိုကြီး ဒိုင်ယာရီ စာအုပ်မှာ မေ့ကျန်ရစ်သည် ထင်သည်။ စာအုပ်မှာ ကြားညပ်နေ၍ ကျွန်မ ဆွဲထုတ်လိုက်သည်။ စာအုပ်ကို ဖွင့်လိုက်သည်တွင် ကျွန်မဓာတ်ပုံကို ပထမဆုံး သပ်သပ်ရပ်ရပ် ကပ်၍ထားသည်။

ဒိုင်ယာရီမှာ ရုံးသို့ယူသွားသော ဒိုင်ယာရီ မဟုတ်။ သူ၏ ကိုယ်ရေးကိုယ်တာ မှတ်တမ်း ဖြစ်နေတော့သည်။ ကျွန်မသည် စာအုပ်ကို ဖွင့်၍ ဖတ်မိ၏။

. . . မြသည် လှသောမိန်းကလေး မဟုတ်။ ဒါပေမယ့် မိန်းကလေး တိုင်းတွင် လှပခြင်းသည် ယောကျ်ားများကို စွဲမက်စေသော အစိတ် အကြောင်း မဟုတ်ပေ. . .

. . . မြ ချစ်စရာကောင်းသည်မှာ သူ၏ လှုပ်ရှားပုံပင် ဖြစ်သည်။ ကိုယ်ဟန်ရွှေ့လျားသမျှ သူ့အပေါ်တွင် စွဲမက်ခဲ့ရသည်. . .

. . . ဒါပေမယ့် သူ့တွင် ကာမပိုင်နဲ့ပါလား။ အချိန်စောစောတ သူ့တွင် ပိုင်သူရှိသည်ကို မသိခဲ့။ သူ့ကို စွဲခဲ့ပြီးမှ သိရခြင်းကို ဘယ်လိုမှ ပြင်၍မရ . . .

. . . ကြိုးစား၍ စိတ်ကို ထိန်းခဲ့ပါသည်။ လင်သားနှင့် ဆိုပေမယ့် သူ့အမူအရာတွေက ဘာလို့ နိုးနိုးကြွကြွ အပျိုလေးတွေလို နေရပါလိမ့် . . .

ပြီးစာပေ



. . . လက်ထပ်ပြီး၍ နှစ်ရက်အကြာတွင် လင်သည်က စစ် ထွက်သွားခဲ့သည်။ ဘယ်တော့မှ ပြန်လာမည်မသိသူကို အိပ်ရာထဲ တွင် တခွေခွေနှင့် မျှော်နေရှာမည်ကို တွေးမိပြန်သည်။ ဒီလို တွေးမိခါမှ သူ့ကို ပိုသနားရပြန်သည် . . .

. . . အမှန်တော့ သူ လက်ထဲမှယူလာခဲ့သော စပယ်ပန်းများကို မွေ့ယာပေါ်တွင် ကြဲပြီးမှ ပန်းလေးတွေ နွမ်းမှာစိုး၍ မအိပ်မိခြင်း မှာ တကယ်တော့ ကျွန်တော် နောက်ဆုတ်ရမည့် အရိပ် နမိတ် ပါလား

. . . သူ့မှာ အိမ်ထောင်ရှိနေ၍ နောက်ဆုတ်ခဲ့ဦးတော့ ကျွန်တော့်အချစ်ကိုတော့ သူသိစေချင်သည်။ ဒါကြောင့်ပင် အချစ်ကို ဖွင့်ခဲ့ရပါ၏။ ဒါပေမယ့် ပွင့်ခဲ့သော ချစ်ပန်းများသည် အကြောင်းမညီခဲ့၍ အစိတ်စိတ်အမွှာမွှာ ကွဲကြေကြရသည်. . .

. . . မခင်ယုထံ စာရေးခဲ့၍ နောက်ဆုံး ထွက်ခွာရသော နေ့ကမူ ရင်အုံများ ကွဲထွက်မလားဟု စိုးရိမ်မိသည်. . .

. . . ဗိုလ်တင်မောင်ကို မတွေ့ရလျှင်မူ နောက်ဆုတ်မိမည် မဟုတ်။ အမှန်တော့ မြနှင့် ကျွန်တော့်အကြောင်းကို ဗိုလ်တင်မောင် သိသည်။ သိလျက်နှင့် ကြွေမြေမပျက် နေခြင်းအတွက် ဗိုလ်တင် မောင်ကို လေးစားမိသည်။ အမှန်တော့ သူ့အပြုအမူသည် လူ ဆန်တော့ပေ. . .

. . . အများ၏ ပြဿနာအရ ကိုယ့်တိုင်းပြည်ကို ကျူးကျော် စော်ကားသူ K.M.T တို့အား ဗိုလ်တင်မောင်က ထွက်၍ တိုက်နေ ချိန်တွင် ကျွန်တော်က သူ့မယားကို ကြာခိုနေသည်။ အမှန်တော့ နောက်ကျောကို ဓားနှင့်ထိုးခြင်းပင် ဖြစ်သည်. . .

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



. . . နောက်ဆုံး စိတ်ကို အနိုင်နိုင်ထိန်း၍ အင်းစိန်မှ ထွက် လာခဲ့သည် . . .

. . . မန္တလေးနွေက ခြောက်သွေ့နေသလောက် စိတ်ရေ လည်း ခြောက်လှပါကလား။ နေ၍ ထိုင်၍မရ၊ စိတ်များကလည်း အလကား ညစ်နေသည်။ မတတ်နိုင်တော့ပြီ။ သူ့ထံကို ကျွန်တော် တို့နှစ်ဦး အချစ်အချက်ပြည်သီချင်းကို လေထဲမှပင် စေလွှတ်မိသည်

. . . ကျွန်တော့်ပယောဂနှင့် သူလိုက်လာပြီ။

နောက်ပိုင်းမှတ်တမ်းများသည် ကျွန်မလိုက်လာပြီး ယခု အထ နေသည်ကို ရေးထားပြန်သည်။

. . . ရောက်စညက သူ့ကို ရင်ခွင်တွင် ထွေး၍သိပ်ရင်း ယောကျ်ားတန်မဲ့ ငိုချင်သည်. . .

. . . စစ်မြေပြင်က လူတစ်ယောက်မိန်းမကို ကျွန်တော် မ ရက်။ ကျွန်တော်တို့က ငြိမ်းချမ်းစွာ နေရသည်နှင့်အမျှ စိတ်ထ ယဉ်ယဉ်နှင့် အချစ်လောက်တိုပဲ တေးဖွဲ့နေသည်မှာ မတရားတော ပေ၊ စွဲမိသည်ကလည်း သူ့မယား . . .။

ဘုရား ဘုရား၊ ဘုရားမပါ။ ကျွန်တော် ဆက်၍မမိုက်ရဲတော့

မိန်းမတွေသည် သူတို့ တကယ်တမ်းစွဲမက်လာလျှင် မလုပ် သည်ဟူ၍ ဘာမျှ မရှိတော့ပါကလား။ စာကိုဖတ်ရင်း လက်ဖေ တဆတ်ဆတ်တုန်လာသည်။ မျက်လုံးတွေမှာ ပြာလာ၍ စာ မနည်း ဖတ်ရသည်။ မဖတ်ဘဲကလည်း မနေနိုင်။

မြလေး၊ သူ့ဘက်ကလည်း သနားစရာကောင်းသည်။ လင်တ ယောက်လုံးကို စွန့်၍ ကျွန်တော့်ဆီ ပြေးလာသူကို ဆီး၍မက ရက်ပါကလား။ အမှန်တော့ စသူမှာ ကျွန်တော်၊ ညွှတ်သူမှာ





မြလေး၊ လွှတ်သူမှာ ဗိုလ်တင်မောင်။

သူ့နဖူးကို မွှေးရတိုင်း စိတ်ထဲမှာ ဆွေးလာသည်။ ဘယ်လို လုပ်ရ မလဲ၊ ဘယ်လို လုပ်ရမလဲ။

ဘာလုပ်ရပါ့မလဲဆိုသည့် စကားလုံးသာ ကျွန်တော့်နှလုံးထဲ တွင် ခုန်နေတော့သည်။

. . . ကျွန်တော် ကြိုက်နှစ်သက်သူသည် ကျွန်တော့်အနားတွင် ရ၍ လှုပ်ရှားနိုင်ပါပကော။ အသာပွေ့ယူ၍ နှလုံးကြားတွင် တ်ထားရုံရှိသည်။

ဒါပေမယ့် ကျွန်တော့်ဝိညာဉ်ဟာ ကြောက်နေပြန်သည်။ နှလုံး သားက လက်မခံချင်ပေမယ့် ဦးနှောက်က ခွင့်မပြု. . .

ညဉ့်စာစားချိန်မှာ သူပြုစုပုံတွေက လင်သားတစ်ယောက်လို လေးလေးစားစား ယုယုယယ ရှိလှသည်။

ကျွန်တော့်စိတ်ကူးပုံတွေကို သူသာသိရင် သူလေး ရင်ကွဲရှာ တော့မည်။

ဘာလုပ်ရမလဲ ဟော ဒီစကားလုံးက နှလုံးထဲတွင် ခုန်လာ နေသည်။

သူ့ကို ညဉ့်ဦး သိပ်ခဲ့၍ ဘုရားခန်းထဲ ထိုင်နေမိသည်။ ဘုရား ခင်၏ရုပ်ပွားတော်ကမူ ပကတိ ငြိမ်းချမ်းလှပါတကား။ ကျွန်တော့် ပူလောင်လှ၏။ မြလေးကိုသာ ယူပြီးလျှင် ဘယ်စစ်သားနှင့်မျှ န်တော် မျက်နှာချင်းဆိုင်ရဲတော့မည် မဟုတ်။ ပတ်ဝန်းကျင် လည်း ကျွန်တော့်ကို သရော်ကြတော့မည်။ မကောင်းမှု ဟူသည် စိတ်ကွယ်ရာ မရှိပါလား။



www.burmeseclassic.com

www.burmeseclassic.com



အသံကျယ်ကျယ်ဆို၍ ရှိခိုးမိသည်။ အသံကျယ်မှ နားပါအာ
စိုက်၍ စိတ်ကငြိမ်မည်။ ငါးပါးသီလကို စ,ရွတ်ဆိုရင်း-

"ကာမေသု မိစ္ဆာစာရာ၊ ဝေရာမဏိ သိက္ခာပဒံ၊ သမာဒိ ယာ

အပိုဒ်ရောက်လျှင် စိတ်မှာ အထူး တုန်လှုပ်သွားတော့သည်
သူ့ကိုလည်း မစွန့်ရက်၊ ကျွန်တော်ကပဲ အရင်ထွက်ပြေးရမလာ
သူ့ကိုပဲ ဖွင့်ပြောရမလား။

သူ့မှတ်တမ်းမှာ ဤနေရာတွင် ရပ်သွားတော့သည်။ စာဖ
အပြီးတွင် အိပ်ရာပေါ်သွား၍ လှဲနေမိသည်။ ငိုလည်းမငိုချင် အ
လုပ်ရမည်လဲမသိ။ တကယ့်ကိုပင် လောလောဆယ်ဆယ် လုပ်
မည်ကို တွေးလို့မရ။ တစ်ခုခုတော့ လုပ်ရမည် မဟုတ်ပါလား

ကျွန်မအတွက် သူ အတော်စိတ်ဆင်းရဲ၍ နေပေပြီ။

"မဖြစ်ဘူး၊ မဖြစ်ဘူး ငါ-တစ်ခုခုလုပ်ရမယ်"

ကိုယ့်စိတ်ကို တင်းလိုက်ပေမယ့် ပြန်၍ ပျော့ကျသွားပြန်သည်

ခပ်ရိုင်းရိုင်းရေးလျှင်တော့ လင်ကြီးထံက ပြေးလာသည်။ လ
ငယ်က လက်မခံတော့။ ကျွန်မအတွက်နှင့်တော့ ဘယ်သူမျှ ဒု
မရောက်ကြပါစေနှင့်တော့။ အမှန်တော့ ကို့ အနေနဲ့လည်း ပြ
တွေက မှန်ပေသည်။ ဦးကျော်မင်း အနေနှင့်လည်း ဦးကျော်မ
ယူဆပုံသည် မှန်ပေသည်။

တကယ်တော့ ကျွန်မသာ ရှုံစရာ၊ မသတီစရာ ကောင်းသေ
မိန်းမပေပဲ။

"ထွက်ပြေးမှ ထွက်ပြေးမှ မဖြစ်ဘူး၊ ငါ ထွက်ပြေးတော့မ

ဘယ်မိန်းမ,မဆို ဒီလိုအဖြစ်ကို ရောက်လာလျှင် တစ်ခုခုတေ
ဆုံးဖြတ်ရမည်။ လုပ်ရမည်။

ပြုံးစာပေ



ကျွန်မသည် လူသစ်တစ်ယောက်လိုဖြစ်ကာ အိပ်ရာမှ ကမန်းကတန်း ထလိုက်သည်။ ကျွန်မပစ္စည်းတွေကို ယောင်လို့မျှမထိ။

အမြန်ဆုံးပင် အိမ်ပြင်သို့ ထွက်လိုက်မိသည်။ မန္တလေး၏ ကျဲကျဲတောက်နေသော နေရောင်အောက်တွင် အဆုံးကိုရှာရန် ကျွန်မ ထွက်ခဲ့သည်။

\+ + +

ပြုံးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ရှစ်

မမြလေးထံမှ စာမှာ ပြီးဆုံးသွားပေသည်။ ကျွန်းကေရီကို ရေးစဉ်ပါသော အချက်အလက်များမှာ ဗိုလ်တင်မောင်၏ တင်ပြချက်များဖြစ်၍ ယခု မမြလေးစာမှာ မမြလေးဘက်မှ တင်ပြချက်ဖြစ်ပေသည်။

ဘာမဟုတ်တာလေးနှင့် အားလုံး ကစဥ့်ကရဲ စိတ်မချမ်းမြေ့ဖွယ် ဖြစ်ခဲ့ရသည်။

မတတ်နိုင်ပြီ၊ မတတ်နိုင်ပြီ။

ဘုရားသခင်သော်မှ သတ္တဝါတွေအဲပေါ်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားကို ထားရန် ဟောခဲ့ပေမယ့် နောက်ဆုံး 'ကမ္ဘသကာ' ဘူ၍ပင် လျစ်လျူရှုပါရန် သူတို့သုံးဦးကို ကြိုးစား၍ မေ့လိုက်ပါသည်။

\+ + +

<u>ပြုံးစာပေ</u>

www.burmeseclassic.com

www.burmeseclassic.com



ကုန်ခဲ့သော မိုးလယ်၏ ညဥ့်ဦးတွင် ကျွန်မသည် ကျွန်မ၏ တစ်ဦးတည်းသောအဖော်ဖြစ်သည့် စာအုပ်နှင့်ပင် အခန်းထဲတွင် နေမိသည်။

မိုးပေါက်သံတွေသည် တဖြောက်ဖြောက်နှင့် စိုစွတ်သော ရာသီကို တေးလိုက်၍ ညည်းနေသည်နှင့် တူတော့သည်။

"မမ အောက်မှာ ဧည့်သည်တစ်ယောက် ရောက်နေတယ်"

"ဟေ"

ကျွန်မသည် စာအုပ်ကို ပစ်ချ၍ အောက်ထပ်သို့ ဆင်းလိုက်သည်။ ဧည့်ခန်းအဝင်ဝတွင် ခြေထောက်များသည် လှမ်းမရအောင် ရပ်တန့်သွားတော့သည်။

"ဒေါ်ခင်ယု"

"ဟုတ်ကဲ့"

ကျွန်မသည် တစ္ဆေကြီးကို မြင်ရသလို တုန်နေရာမှ စိတ်ကို ထိန်းလိုက်ရသည်။

"ဦးကျော်မင်းပါလား"

"အံ့သြသွားသလား ဒေါ်ခင်ယု"

ကျွန်မသည် ဧည့်ခန်းကို ဝင်ထိုင်ရပေမယ့် စိတ်ထဲမှာ လှုပ်ရှားနေသည်။ ဝမ်းသာသလို၊ ဒေါသဖြစ်သလို ဖြစ်နေသည်။

"တမင်တကာ ညပိုင်းကို ဝင်လာတာပဲ။ မခင်ယုရဲ့ 'ကျွန်ကေရီ'ကို ကျွန်တော် ဖတ်ရတယ်"

"ဟုတ်ကဲ့"

"နောက်ပိုင်း"





"အို နောက်ပိုင်းကိုလည်း ကျွန်မ သိပြီးပါပြီ"

"သိပြီးပြီ ဟုတ်လား"

ဦးကျော်မင်းသည် ကွဲကွာသွားသည့် နှစ်ပိုင်းများနှင့် မလိုက်အောင်ပင် အိုမင်းလှသည်။

"ဟို ၂-လလောက်က မမြလေး စာရေးလိုက်တယ်"

"ကန္တီက မဟုတ်လား"

"ဟုတ်ပါတယ်"

"ကန္တီမှာ သွားစုံစမ်းတော့လည်း သူမရှိတော့ဘူး၊ ပြီးတော့ ပြီးတော့ မခင်ယု ကြားပြီးပလား"

"ဘာကိုလဲ"

"လွန်ခဲ့တဲ့ အပတ်ထဲက စခန်းတစ်နေရာမှာ ဗိုလ်တင်မောင် တစ်ယောက် ကျသွားပြီတဲ့"

"အို"

"ကျွန်တော်လေ ကျွန်တော် သိပ်စိတ်ဆင်းရဲတယ်။ သေပြီးတဲ့ နောက်ပိုင်းမှာတောင် ဗိုလ်တင်မောင့်ဝိညာဉ်ဟာ ကျွန်တော့်ကို ခွင့်လွှတ်မှာ မဟုတ်ဘူး"

"ဘာ ဦးကျော်မင်းက ဝိညာဉ်ကိုတောင် အပြစ်တင်ဦးမလို့လား"

"ဒီလို မဟုတ်ပါဘူး၊ မြလေးကို ကျွန်တော် ကန်ထုတ်မိလို့"

သူ့စကားပြောပုံမှာ မောနေပုံရသည်။ မောလွန်း၍ ချွေးပေါက်ကြီးတွေ ကျလာသည်။

"မြလေးလည်း သေသွားသလိုလို သတင်းကြားတယ်။ သူက လည်း ကျွန်တော့်ကို ခွင့်လွှတ်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလောက် တွေးမနေပါနဲ့တော့လေ၊ ဖြစ်ပြီးပြီ မဟုတ်လား"

"မြလေးရဲ့ ဝိညာဉ်ဟာ ကျွန်တော့်ကို သိပ်စိတ်နာနေမှာပဲ ကျွန်တော်လေ"

"ကဲ တော်ပါတော့ ဦးကျော်မင်းရယ်"

"ဟင် ဟင် တမလွန်မှာ သူတို့အချင်းချင်း ဝိညာဉ်အနေနဲ့ပဲ ပူးပေါင်းမိပါစေလို့ ဆုတောင်းပါတယ်။ ဖြစ်ရာဘဝမှာလည်း မမြလေးဟာ ပန်းကို ပန်တာတောင် တစ်ပွင့်ပဲ ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းမိတယ်။

"ဆုတောင်းတာက နောက်ကျနေပါပြီလေ"

"ဟင် . . . ကျွန်တော့်မှာများ အပြစ်ရှိသေးလား။ ကျွန်တော် လုပ်တာ မှန်တယ်မဟုတ်လားဟင်" -

သူသည် အလိုလို လန့်၍ စိတ်ချောက်ချားပုံရသည်။

"မှန်တယ် မမှန်ဘူး၊ တရားတယ် မတရားဘူးဆိုတာ ရာဇဝင် က ဖြေပါလိမ့်မယ်၊ ကဲလေ စိတ်သက်သာအောင်နေပါ"

"ခွင့်ပြုပါ၊ ကျွန်တော် သွားတော့မယ်၊ ဘယ်တော့မှ ကျွန်တော် လေ မငြိမ်းချမ်းတော့ဘူး၊ စိတ်တွေကလည်း ဘယ်တော့မှ မအိပ် တော့ဘူး"

တဖျစ်တောက်တောက်နှင့် ရေရွတ်သလို ညည်းရင်း ထိုင်ရာမှ ထ၍ ထွက်သွားပါတော့သည်။

သဗ္ဗေသတ္တာ ကမ္မသကာပေပဲ။ ။

ခင်နှင်းယု

မြူးစာပေ

# အရိုင်းနှင့် အယဉ်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါရစေ၊ ဘဝကလျှင်
မြသားစိမ့်ယို၊ စမ်းရေညိုသို့။

ငါကပင်လည်း၊ ငွေစင်လွှာဆင့်
ပန်းတစ်ပွင့်သာ၊ ဖြစ်လိုက်ပါတော့။

ရေညိုရွှေ့ရာ၊ ငါမျောကာနှင့်
ဝတ်လွှာပြင်ထက်၊ တစ်မှေးစက်၏။

ရေယက်သံလား၊ တေးသံလားထင့်
ကမ်းပါးရေးရေး၊ စိမ့်ညိုသွေးက
ငှက်တွေးရင့်ရှု၊ နေနတ်သူလည်း
ပွင့်ဖြူပုလဲ၊ ရေမှာကျဲ၍
သည်းထဲလှိုက်ယူ၊ ငါ့ကိုမြူ၏။

အိပ်မက်ခန်းဝယ်၊ ချမ်းမြေ့ရွှန်းစို
ပျော်သလိုနှင့်၊ ကမ်းကိုမမြင်
လမ်းမမြင်တည့်။

နေပါရစေ၊ ရေညိုခွေတွင်
မျောချင်တိုင်းသာ၊ မျောရပါမူ
စက်ရာဘဝ၊ အိပ်မက်ကပင်
မနိုးချင်တော့။

<u>ပြုံးစာပေ</u>

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေချင်တိုင်းသာ ဖြစ်ရမည်ဆိုလျှင် မလေးနုသည် ပန်းပွင့်လေး တစ်ပွင့်သာ ဖြစ်လိုက်ချင်သည်။

ဘဝကိုလည်း စမ်းချောင်းကလေးတစ်ခု ဖြစ်စေချင်သည်။ စမ်းရေညိုက တရွေ့ရွေ့စီးသရွေ့ ပန်းပွင့်လေးက လိုက်ပါ၍ သွားချင်သည်။ မျှော်ချင်တိုင်း မျှော်ပါရစေတော့။

အမှန်တော့ သူ့စိတ်ကူးသည် အိပ်မက် ဆန်လွန်းလှပေသည်။ မနိုးသောအိပ်ချင်းဖြင့် အိပ်၍ အစဉ်အိပ်မက် မက်ချင်လှသည်။

ဘာကိုပင်ဖြစ်ဖြစ် တွေ့ထိရမှာကို ကြမ်းသလို ဖြစ်နေသည်။

သို့သော် အိပ်မက်ဆိုသည်မှာ ခဏသာပင် ဖြစ်လေသည်။

သူက ပန်းပွင့်လိုမျှော်၍ပင်၊ ယခုလည်း တစ်ဘဝ ပြောင်း… ရပြန်သည်။ ဘဝသစ် ဖန်တီးရေးအဖွဲ့တွင် ဆေးဘက်တာဝန်… အဖြစ်နှင့် နာဂတောင်တန်းကို ခရီးထွက်ခဲ့ရပြန်သည်။ လမ်း… တစ်လျှောက်လုံးတွင် မလေးနု ရယ်ချင်သည်။ နာဂတောင်လမ်း… သူ့ဘဝနှင့် တူလှသည်။ တစ်ချက်ကလေး သက်သာသည်ဟု မရှိ…

တောင်စောက်ကြီးကို ဆင်း၍ အပြင်းသွားရင်း တောင်ခြေ… ရောက်လျှင်တော့ အမောပြေမည်ဟု ထင်သည်။

သို့သော် တောင်ခြေကို ရောက်လျှင်ရောက်ချင်း မတ်စောက်… စောက်တောင်ကမ်းပါး၏ အတက်ကို တွေ့ရပြန်သည်။ အဆင်းမှာ… လည်း အဆင်းမို့ ခြေကို မြဲအောင် မနည်းကုတ်ရသည်။ အတက်… ကြပြန်တော့လည်း အားကုန်ခဲ့၍သွားရသည်။ တစ်ချက်မျှ မသက်… သာပါတကား။





တောလမ်းတွင် သစ်ပင်များ ယှက်နေသော်လည်း ဇောချွေးများပြန်လာကြသည်။ လောင်းဆောက်က ထွက်စကမူ တစ်ယောက်တစ်ပေါက်နှင့် စကား ပြောမိကြသေးသည်။ ယခုတော့ စကားပင် မပြောနိုင်ကြပေ။ လောင်းဆောက်မှ တစ်မိုင်ခရီးလောက်ကိုပင် အကြာကြီးတု ထင်ကြရသည်။ မလေးနုတို့လူစုသည် တောင်ထိပ်တစ်ခုကို ဖြတ်ကျော်၍လာကြရင်း စမ်းရေစီးသံကို ကြားရသည်။

စမ်းရေစီးသံသည် သူတို့ကို ပျော်၍လာအောင် တေးဆိုပေးသလို ဖြစ်လာသည်။ စမ်းရေရိပ်တွင်တော့ ခဏ အပမ်းဖြေရပေမည်။ တဖြည်းဖြည်းနှင့် တောင်ကို ဆင်း၍လာကြသည်။ စမ်းရေသည် တောင်ကြားထဲမှ ရယ်မော၍နေသည်။ ကျောက်စစ်များပေါ်မှ မြခက်ရေညှိလေးတွေသည် စမ်းရေအောက်တွင် လှုပ်ရှား၍နေကြသည်။ ထိုနေရာ ရောက်ပြန်တော့လည်း ပန်းသမျှအမောများ ပြေ၍သွားကြသည်။ ဒါပေမယ့် မလေးနုကတော့ စမ်းချောင်းကလေး၏လှပုံမှာ ဘိုင်စကုတ် ရိုက်ဖို့ကောင်းသည်ဟု ထင်သည်။ ဘိုင်စကုတ် ရိုက်ပြန်ရင်လည်း သူက မင်းသမီး လုပ်ချင်သည်။ မင်းသားကတော့ ကိုအောင်ဖေပဲ ဖြစ်စေချင်သည်။ ကိုအောင်ဖေကို လွမ်းလွမ်းနှင့် တောင်ကိုတက်ရင်း သူ့အကြောင်းကို ပြောသွားရလျှင် ပမ်းရမှန်း သိမည်မဟုတ်ပေ။ ဒါပေမယ့် သူ့အကြောင်းကို ဘယ်သူကမျှလည်း မသိ။ သူသည် တိတ်တိတ်ဆိတ်ဆိတ်ပင် ဆက်၍ ထွက်ခွာလာခဲ့ပေသည်။

ညနေ နေဝင်လုမှ ဟတ္တိရွာကို သူတို့ စ၍ဝင်ကြသည်။ နာဂရွာသားတွေသည် သူတို့ကို ဝိုင်း၍ ကြည့်ကြသည်။ နာဂတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ယူအမ်ပီ စစ်တပ်ရှိရာ တောင်ကုန်းနှစ်ခုကြားတွင်မှ သူတို့၏စခန်း ရှိနေသည်။

စခန်းရောက်လျှင် ဘယ်သူမျှ မလှုပ်ချင်ကြပေ။

\+ + +

ပထမ ရောက်သူက တောင်ကုန်းကို ရှင်းလင်းနှင့်ကြရသည်။ တောင်ကုန်းမှ နောက်ဘက်တောင်ကြားကို ကြည့်လိုက်လျှင် နန်းစလိန်ချောင်းသည် ခဲသားရောင် ခဲပြားကြီးလို ခွေခွေကြီး ငြိမ်၍ နေသည်။ အဝေးကကြည့်ရသည်မှာတော့ နန်းစလိန်ချောင်းသည် တောင်ရိပ်ကို ခို၍ ချစ်စရာရေညိုလေး ဖြစ်ပေသည်။ သို့သော် တကယ်တော့ အေးစက်သောရေက ထိချင်စရာမရှိပေ။ စီးလိုက်သည့်ရေကလည်း ဒလဟောဖြစ်၍ ဝဲကတော့တွေကလည်း ချောင်းရိုးမှာ ကြောက်စရာ ဖြစ်နေသည်။ ပစ္စည်းများသယ်လာသော နောက်တစ်သုတ်မှာ နန်းစလိမ်ချောင်းက လာကြရပေမည်။

တစ်ပတ်အတွင်းတွင် ရွက်ထည်တဲဖြူလေးတွေမှာ စခန်းတွင် ပြည့်၍သွားတော့သည်။

နာဂတို့နှင့် ဝင်ဆံ့ဖို့အတွက် ပထမဆုံး စခန်းမှူးက မောင်လှကို ခေါ်လာသည်။ မောင်လှရောက်ချိန်တွင် စခန်းတစ်ခုလုံးမှာ အံ့သြသွားကြသည်။ ဘယ်သူကမှ သူ့ကို နာဂဟုမထင်ပေ။ မြန်မာတစ်ယောက်ဟုပင် ထင်ရသည်။ တခြား နာဂများလို လန်ကွတ်တီ လက်တစ်ဝါးလောက်နှင့် မဟုတ်ဘဲ။ ပုဆိုးနှင့် စွပ်ကျယ်တို့ သပ်သပ်ရပ်ရပ် ဝတ်ထားပေသည်။ ဆံတောက်မှာလည်း နာဂ ဆံတောက် မဟုတ်ဘဲ မြန်မာတွေလိုပင် ဆံတောက် ကိုက်ထားပေ

ပြီးစာပေ



သည်။ မောင်လှသည် မြန်မာလို ကျကျနန ပြောတတ်သည်။ ရယ်လိုက်တိုင်း နာဂတို့၏ ရိုးသားမှုမှာ ပေါ်လာသည်။

မလေးနုတို့ ဆေးတာဝန်ခံသုံးယောက်အတွက် မောင်လှမှာ အရေးကြီးဆုံး ဖြစ်ပေသည်။ ရွာထဲသို့ ရုတ်တရက်ဝင်သည်ကိုပင် နာဂတို့က ကြိုက်နှစ်သက်သည်မဟုတ်ပေ။

\+ + +

အလုပ်ကို မစရသေးခင်ပင် နာဂတို့ကပွဲနှင့် ကြိုကြိုက်ရပြန်သည်။

နာဂကျေးရွာများကို လိုက်လံတိုက်ခိုက်နေသည့် ဆော်လော် နာဂများကို ယူအမ်ပီ တပ်များအကူအညီနှင့် ဟတ္ထိရွာသားတွေက အောင်ပွဲခံခဲ့ကြလေသည်။

ဆော်လော်ခေါင်းဆောင်၏ ခေါင်းကို ဖြတ်ယူခဲ့၍ အထိန်းအမှတ်အောင်ပွဲလုပ်ရန် တစ်ရွာလုံး တလှုပ်လှုပ်တရွရွ ပြင်ဆင်၍ အောင်ပွဲခံခဲ့ကြလေသည်။

ကပွဲတွင် တီးရန်အတွက် အကြီးဆုံးစုံကို ထွင်းနေကြသည်။ တစ်ရွာလုံးလူစု၍ စုံထွင်းရန် သစ်တုံးကြီးကို သယ်ကြသည်မှာ တပျော်တပါး ရှိကြသည်။

အားယူ၍သယ်ကြတိုင်း အတိုင်အဖောက်ညီညီနှင့် အားပေးသောဟစ်သံတွေမှာ တစ်တောလုံးပင် ညံ၍နေသလိုထင်ရတော့သည်။

အမှန်ပင် သူတို့ထွင်းသော စုံကြီးမှာ ဘိုင်စကုတ်ထဲတွင် မြင်ရသည့် အာဖရိကလူရိုင်းတို့တီးသော အချက်ပေးသစ်သားစုံကြီးများနှင့် ခပ်ဆင်ဆင်တူနေသည်။

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကပွဲလုပ်မည့်ညတွင် သူတို့စခန်းရှိ လူများကိုလည်း လာ၍ဖိတ်သည်။ ပြည်မကလူဆို၍ တစ်ဘက်တောင်ကုန်းတွင် စခန်းချ၍နေသော ဗိုလ်မြဝင်းတို့ ယူအမ်ပီတပ်စုသာ ရှိလေသည်။

ဟတ္ထိထက်မြင့်သော တောင်စောင်းတွင်တော့ ဘုန်းတော်ကြီးတစ်ပါး ရှိလေသည်။ ညနေစောင်းတွင် မီးတုတ် မီးပုံတွေကိုပြင်ဆင်၍နေကြသည်။ ကြည့်ရမည့်ပွဲမှာ မကြုံဖူးသောပွဲဖြစ်သည်မှာ မှန်ပေ၏။ ညဘက်သို့ရောက်လျှင် မီးတောက်များမှာ တဟုန်းဟုန်း တောက်၍လာသည်။

မလေးနုစိတ်ထဲတွင် ကပွဲကို ပထမတော့ စိတ်ဝင်စားမည်ပင်သို့သော်_ ကပွဲတွင် ပြည်မကလူများကို မြင်ရသောအခါ စိတ်ပျက်သွားမိသည်။ အကယ်၍ ဗိုလ်မြဝင်းတို့လူစုကိုသာ နာဂကပွဲတွင်မတွေ့ခဲ့ပါလျှင် မလေးနုသည် အစွမ်းကုန်ပျော်လိုက်မည်ဖြစ်သည်။

သူ့စိတ်ထဲတွင် နာဂတောင်တန်းမှာ နာဂတွေနှင့် သူတို့ဘဝသစ်အဖွဲ့သားများသာ ရှိမည်ဟုထင်ခဲ့သည်။ ယခုတော့လည်း သူမတွေ့လိုသော သူစိမ်းများကိုပါ တွေ့နေရပြန်သည်။

အပြစ်မဲ့သော ဗိုလ်မြဝင်းတို့လူစုကို သက်သက်မဲ့ မတွေ့လိုခြင်းမှာ သူက လွန်လွန်းသည်ဟုလည်း တစ်ယောက်တည်း တွေးလိုက်မိသည်။ ကပွဲ၏ မြင်ကွင်းကတော့ အလှအပထက် စိတ်လှုပ်ရှားစရာကောင်းသည်ဆိုလျှင် ပို၍ မှန်ပေမည်။ ဟတ္ထိရွာ၏ ထိပ်ခေါင်မိုးတွေကို လရောင်လွှမ်းနေသည်။ သစ်ရွက်များကလည်းငွေရည်စိမ်နေသလို ရွှန်းရွှန်းစိုနေပေသည်။

ရွာလေးတစ်ခုလုံးကို လရောင်သက်သက် ဖုံးနေလျှင်တော့မြင်ကွင်းသည် လှပစွာ ငြိမ်သက်နေမည်။ ယခုတော့ နာဂတို့၏





မီးတိုင်များမှာ လ၏ငွေရောင်ကို ဖျက်ဆီး၍ အရုပ်ဆိုးနေတော့သည်။

ပွဲမစခင် မလေးနုသည် ကပွဲကို စိတ်ဝင်စားသည်။ သို့သော်ပွဲစလာ၍ ဗိုလ်မြဝင်းတို့ ရောက်လာကတည်းက ကပွဲကို မကြည့်ချင်တော့။

ရွာလုံးကျွတ် ပရိတ်သတ်နှင့် သူတို့လူစုသည် မြေပေါ်တွင်ဝိုင်း၍ ထိုင်နေကြသည်။ မြေကွက်အလယ်တွင် မီးတိုင်များမှမီးရောင်နှင့် လရောင်မှာ ရော၍ ဝါလင်းလင်းကြီး ဖြစ်နေသည်။

ပွဲလယ်ရှိ ခေါင်းပြတ်ကြီးတစ်ခုမှာ မီးရောင်အဝါ ဟပ်လိုက်မှဝါဖြော့ဖြော့ ခြောက်သွေ့သွေ့ကြီး ဖြစ်လာသည်။ လူသေ ခေါင်းပြတ်ကြီးဖြစ်၍ ကျက်သရေ မရှိရသည့်အထဲ အရောင်အဆင်းကလည်း မွဲခြောက်ခြောက်၊ အသားများကလည်း ပိန်ချပ်ချပ်ဖြစ်၍လေတိုက်တိုင်း အနံ့က ထွက်၍လာသည်။

ကပွဲစလျှင် ဟတ္ထိရွာမှ နာဂခေါင်းဆောင်နှင့် နာဂများမှာခေါင်းကြီးကို ဝိုင်း၍ ကကြသည်။

တိတ်ဆိတ်သော တော၏အလယ် တောင်၏ထိပ်တွင် နာဂတို့၏ သီချင်းသံမှာ ပဲ့တင်ထပ်၍ ဟိန်းဟိန်းလာသည်။

ဒေါသနှင့် အော်၍အော်၍ ဆိုလိုက်ကြတိုင်း တစ်တောလုံးညံလာသလို ကြောက်စရာကောင်းလာသည်။

"အဲဒီခေါင်းကြီးဟာ ဆော်လော်နာဂလူကြီးရဲ့ ခေါင်းပေါ့"

မလေးနုနှင့် တစ်ခါမျှ မသိဘူးသေးဘဲ ဗိုလ်မြဝင်းသည် သူ့ကိုစကားစပြောသည်။ ဒီတော့မှပင် မလေးနုသည် ဒီလူစုကို သတိထားမိ၏။ စိတ်ထဲမှ အနှောင့်အယှက်တစ်ခုလို ဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မြဝင်းသည် သူ့ကို စကားပြောနေပေမယ့် မျက်လုံးမှာ ခေါင်းပြတ်ကြီးမှ မခွာပေ။

"ဟတ္ထိရွာသားတွေက ဖြတ်လာတာလား"

"မဟုတ်ဘူးဗျ၊ ကျွန်တော်တို့ ဆော်လော်တွေနဲ့ တိုက်ရင်း ဆော်လော်လူကြီးက တိုက်ပွဲမှာ ကျသွားတယ်။ အဲဒါ ခေါင်း မဖြတ်ရဘူးလို့ အမိန့်ပေးထားပေမယ့် တိတ်တိတ် ခိုးဖြတ်ကြတယ်"

"ကျွန်မတို့ မလာခင်ကလား"

"ဟုတ်တယ်၊ ဆော်လော်တွေနဲ့ တိုက်ပြီးတာ မကြာသေးဘူး ဆော်လော်တွေက သူတို့အပေါ်မှာ တော်တော်ရက်စက်ခဲ့တယ်။ တစ်ခါတုန်းက ဒီဟတ္ထိရွာက နာဂတွေ ဒီနေရာမရောက်ခင် သူတို့ ရွာမှာ ကလေးတွေနဲ့ လူအိုတွေ ထားခဲ့ပြီး ယာခုတ်သွားတုန်း ဆော်လော်နာဂတွေက ရွာထဲဝင်ပြီး တစ်ရွာလုံး ခေါင်းဖြတ်တာပဲ။ သူတို့လည်း တစ်ခါတည်း ပြေးလာပြီး ဟတ္ထိကို ရောက်လာကြတယ်။ အဲဒီရန်ငြိုးက ခုထိ မပြေကြဘူး။ ဆော်လော်ခေါင်းကလည်း ခုမှ ရကြတာကိုး"

မလေးနုသည် နားထောင်ရာမှ တစ်ချက် စူးစူးရှရှ အော်လိုက်သံကြောင့် ပွဲလယ်ကို လှမ်းကြည့်လိုက်မိ၏။ သူ့တောင်မှ ရုတ်တရက် အသံထွက် မအော်မိရန် မနည်းထိန်းထားလိုက်ရသည်။

နာဂခေါင်းဆောင်သည် အသံကုန်အော်ဟစ်၍ ခေါင်းကြီး၏ ပါးကို ပါးစပ်နှင့် ကိုက်လိုက်သည်။ မလေးနု တစ်ကိုယ်လုံးသည် ကြက်သီးဖျန်းဖျန်းထ၍ အေးစက်သွားသည်ထင်သည်။ နာဂ အမျိုးသမီးတွေမှတစ်ပါး သူတို့လူစုထဲမှ အားလုံး မိန်းကလေးများသည် မျက်နှာပျက်လာကြသည်။ ကပွဲမှာ ကြာလေလေ အစွမ်းကုန်





အော်ဟစ်၍ ကကြသည်။ ကြာကြာကြည့်၍တော့ မဖြစ်တော့ပေ။ စခန်းမှူး၏ ခွင့်ပြုချက်နှင့် သူတို့မိန်းကလေးများ စခန်းကို ပြန်လာခဲ့ကြသည်။

ညဉ့်နက်၍ အိပ်ရာဝင်ကြပေမယ့် သူတို့အားလုံး၏ မျက်လုံးထဲတွင် ခေါင်းကြီးကို ပါးစပ်နှင့် ကိုက်လိုက်သည်ကိုသာ မြင်နေကြတော့သည်။

မလေးနုသည် အိပ်၍မပျော်ပေ။ တဒုန်းဒုန်းနှင့် နာဂတို့အဖို့ ကဗျာဆန်လှသော ဗုံကြီးသံမှာ သူတို့စခန်းဘက်သို့ ဟိန်း၍လာသည်။ ဘာသာအလိုက်ဆိုနေသော သီချင်းသံတွေကလည်း တိတ်သွားသည် တိုးသွားသည်ဟူ၍ပင် မရှိပေ။

မလေးနုသည် ပထမတုန်းကလောက် မပျော်ပေ။ အိပ်ရာဝင်ချိန်တွင်ပင် ထင့်နေသည်။ အမှန်တော့ ကပွဲကြောင့် မဟုတ်တဲ့ တပွဲတွင် ဗိုလ်မြဝင်းတို့လူစုကြောင့် ဖြစ်သည်။

သူ့အတွက်တော့ဖြင့် တစ်နေရာ နာဂတောင်တွင် ရပြီဟု သူက ထင်သည်။ စိတ်ချလက်ချနှင့် သူ့နေရာလု၍ သူက သတ်မှတ်လိုက်၏။ ယခုလို ဗိုလ်မြဝင်းတို့နှင့် တွေ့လိုက်ရပြန်သည်တွင် သူ စိတ်ကျဉ်းကျပ်သွားပြန်သည်။

ဤမျှကျယ်ပြန့်သော ကမ္ဘာမြေပြင်တွင် သူ့အတွက် တစ်နေရာ မရှိဘူးဆိုသည်မှာလည်း ကြီးကျယ်ရာ ကျလွန်းပါတကား။

သို့သော် သူ့ကိုယ်ကိုတော့ သူနားလည်ပေသည်။ သူသည် မြေပြန့်လွင်ပြင် လူစည်ကားရာ နေရာတွေမှ လွတ်မြောက်ချင်လွန်း၍ သူ ဘယ်မျှ သည်းခံအောင့်အည်းခဲ့ရသည်ကို သူတစ်ယောက်သာ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ သည်းခံနိုင်စိတ်ကိုပင် သူဘာသာ အံ့ဩမိ၏။ သူက ဥပဒေတို့ စည်းကမ်းတို့ဆိုတာတွေကို နည်းနည်းမှ ယုံကြည်သူ မဟုတ် မလုပ်ပါနှင့် ဆိုသည်ကို လုပ်လိုက်ရမှ နေသာထိုင်သာရှိသည်။

လူထုပညာရေးသင်တန်းကို ဝင်စက သူကိုယ်သူ မယုံပေ၊ သင်တန်း၏ ဥပဒေများကို နာခံနိုင်ပါ့မလား၊ ဉာဉ်ဆိုးလေးတော့ တစ်ခါတစ်ခါ သင်တန်းတက်နေတုန်း ဝင်လာသေးသည်။ အရင်ကလိုပင် စည်းကမ်းကလနား မသတ်မှတ်ဘဲ နေပစ်လိုက်ချင်သည်။ ဘယ်သူနဲ့မှလည်း တည့်အောင် မပေါင်းချင်ပေ။

ဒါပေမယ့် သူသည် သည်းခံလိုက်ပါသည်။ ကျောင်းဥပဒေများကို လိုက်နာပါသည်။ ယခင်ကသာဆို ဆရာမများကို တစ်ခုခုတော့ ပြန်ပြောလိုက်ဦးမည် ဖြစ်သည်။ ကျောင်းမှာ ပေါင်းသင်းဆက်ဆံရေးကိုလည်း အဓိကထားပြန်၍ သူသည် မရယ်ချင်ဘဲလည်း ရယ်ရ၏။ မပြုံးချင်ဘဲလည်း ပြုံးလိုက်ရ၏။

ဒီလိုများ စိတ်ပင်ပန်းသည့်အလုပ်ဆိုလျှင် နည်းနည်းမှ မလုပ်ချင်ပေ။ သို့သော် သူလိုလားသော တစ်နေ့ရာအတွက် သူ သည်းခံလိုက်၏။

အားလုံး ကျေကျေနပ်နပ်နှင့် ခြောက်လသင်တန်း ပြီးသွားသည်ကို သူသည် အံ့ဩနေမိ၏။

ယခု နာဂတောင်ပေါ်တွင်တော့ သူသည် ဘယ်သူ့ကိုမှ မှုစရာမလိုပေ။ နာဂတွေနှင့် ဆက်ဆံရသည်မှာလည်း ရှင်းလှ၏။

သို့သော် သူစိမ်းတွေထဲက ဗိုလ်မြဝင်းတို့လူစုကို တွေ့လိုက်ခြင်းမှာ သူ့အတွက် စိတ်ညစ်စရာ ဖြစ်လာသည်။ ဗိုလ်မြဝင်းတို့မှာ ယူအမ်ပီတပ်မှ လူစုဖြစ်သည်။ သူကသက်သက် မနေစေချင်ခြင်းမှာ





လူပါးဝလွန်းလှသည်။ သူ တရားလွန်ခြင်းကိုလည်း သူဟာသူ သတိထားမိလေသည်။

နာဂတို့၏ သီချင်းသံကို နားစွင့်ရင်း သူ တဖြည်းဖြည်း အိပ်ချင်၍ လာတော့သည်။

\+ + +

နောက်တစ်နေ့မနက် မိုးလင်းလာပေမယ့် နာဂတို့၏ ဗုံသံမှာ မပျောက်သေးပေ။ ၁၈-နှစ်လုံးလုံး ရန်သူ့ဦးခေါင်းကို မရခဲ့၍ ယခုပွဲကို ၁၈-နှစ်လုံးလုံး ကျင်းပနေကြခြင်း ဖြစ်လေသည်။

ပွဲအချိန်တွင်တော့ နာဂရွာထဲသို့ မသွားနိုင်ပေ။ ရွာထဲမှ ခေါ်ထားသော ဒေါင်းညိုတို့လူစုလည်း ရက်ကန်းခတ်ဖို့မလာကြပေ။ ဒေါင်းညိုသည် နာဂ အပျိုတစ်စုထဲတွင်တော့ ချောသည်ဟု ဆိုရပေမည်။

ဝါဖြော့ဖြော့ မေးစေ့ပေါ်တွင် ဆေးညိုကြောင်း သုံးကြောင်းမှာ နွယ်ပင်လို ခပ်နွဲ့နွဲ့နွယ်၍ ကျနေသည်။ သန္တာစေ့များနှင့် ပယင်းကို ရောထားသော ပုတီးကုံးတွေကလည်း ဒေါင်းညို ဟင်းလင်းပွင့်နေသော ရင်သားကို ထိလုမတတ် ဆွဲထားပေသည်။

ဒေါင်းညိုလှုပ်ရှားတိုင်း ရင်သားများသည် ယဉ်ယဉ်လေး ငြိမ့်၍ နေကြသည်။ တောတွင်းအရမ်းပွင့်သည့် တောရိုင်းနှင့် တူလှသည်။ အကယ်၍သာ ဒေါင်းညိုတို့ မီးမလှုံဘူးဆိုရင်တော့ ဒေါင်းညို အသားများသည် တခြားအပျိုများလို မညိုဘဲ ဝါနုနုကလေး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နာဂများအားလုံး နေရသည်မှာ ငါးကျီးခြောက်ကျပ်တင်သလို နေကြရသည်။ နာသိဥတုဒဏ် အပြင်းအထန်ခံရခြင်းများသည် နာဂတို့ကို အရုပ်ဆိုးစေသည်။

တစ်နေ့လုံးပင် ထင်းခြောက်ကို ရသမျှ စုထားရသည်။ ဒေါင်းညိုသည် အစကများ ရက်ကန်းရက်ဖို့ခေါ်လျှင် ခေါင်းခါ၍ပြေးသည်။ အားလုံး မိန်းမများက ဒီလိုပင်ဖြစ်သည်။ လာမည့် ဆောင်းနှင့် မိုးအတွက် တစ်နွေလုံး ထင်းကိုစုရသည်။ အေးလာသည့် တပြိုင်နက် တောင်ပေါ်တွင် ခိုက်ခိုက်တုန်မျှ အနေခက်လှသည်။ ယောကျ်ားတွင် လက်တစ်ဝါးလောက်ရှိ ပိတ်စနှင့် မိန်းမတွင် ခါးဖုံးရုံ အဝတ်စသာရှိသော နာဂတို့အဖို့ အအေးဒဏ်ကို ကာကွယ်ရန်မှာ ထင်းပဲရှိတော့သည်။ အိပ်စင်အောက်တွင် ထင်းကို မီးကျီးခဲ ကျအောင် ပြုလုပ်၍ အိပ်ကြရသည်။ ဒီလိုနှင့်ပင် အအေးဒဏ်ကို ကာကွယ်ကြရသည်။ ပင်ကိုယ်လှလိုသော အသားများမှာ ကြာတော့ အသားပတ်သလို တင်းခြောက်ခြောက်ကြီး ဖြစ်နေတော့သည်။

နာဂတို့ ပွဲပြီးမှပင် မလေးနူတို့၏ ဆေးပေးလုပ်ငန်းနှင့် ကလေးများ စောင့်ရှောက်ရေးကို စ၍ လုပ်ကြရမည်။

လူသေများကိုလည်း တဲရှေ့တွင် စင်နှင့် ထားကြသည်။ လူသေမှ ပုပ်၍ကျသော အသားများ၊ အရေများနှင့် မစင်များကို ဝက်တွေက စားကြရင်းပင် နာဂတို့၏ ဝက်မွေးမြူရေးမှာ သဘာဝကျလာတော့သည်။

မလေးထုံးစံအလျောက်ပင် လုပ်ကြသော လုပ်ငန်းများအတွက်





နာဂတို့ကိုပင် ချီးကျူးရပေဦးမည်။ နာဂများစားဖို့ ဆန်ရဖို့ကိုပင် တပင်တပန်း တောင်ယာလုပ်၍ ဝမ်းဝရုံလောက် ရကြလေသည်။ ဝက်ကျွေးဖို့သတ်သတ် အစာလုပ်ရန်မှာ ခဲယဉ်းလှပေသည်။ ဒါကြောင့်ပင် နာဂတို့သည် သဘာဝကျကျ ဝက်မွေးမြူရေးကို လုပ်ကြရခြင်းပင် ဖြစ်ဟန်တူပေသည်။

\+ + +

မတ်လ နေပူရှိန်အောက်တွင် ဟတ္တိရွာသည် ငြိမ်သက်၍ နေသည်။ ပွဲပြီး၍ အားလုံး မောနေကြဟန်တူသည်။

အမှန်တော့ လူငယ်နှင့် ယောကျ်ားကြီးများမှာ ယာခုတ်ရန် ထွက်ခွာသွားကြလေပြီ။ သစ်တောမှာလည်း ရွက်ကြွေစပြု၍လာသည်။ နေပူပြန်တော့လည်း အတော်ပူပြင်းသော နေရာဖြစ်လေသည်။ သစ်ပင်တွေမှာ ရွက်ဝါများ ဖုံးနေသော်လည်း ရွက်လဲစပြုနေသော အဖျားတွင်မူ သစ်ရွက်နုများသည် ရဲရဲနီနေသည်။ အမှန်တော့ တောတန်းတစ်လျှောက်တွင် အစိမ်းကို အဝါနှင့် အနီဖောက်၍ထားပေသည်။

လေတိုက်လေတိုင်း သစ်ရွက်နီလေးများက တဖျတ်ဖျတ် လှုပ်နေသလောက် ရွက်ဝါတွေမှာ မြေသို့ တဖြုတ်ဖြုတ် ကြွေကျသည်။

အတောင်းဆိုသည်မှတော့ ကြွေလျှော ပျက်စီးခြင်းကိုပင် သရုပ်ဖော်ပေမည်။ လေနှင့်ရော၍ ကြွေလာရာမှ စမ်းရေပေါ်တွင် မျော၍လာပြန်သည်။ ကျောက်တုံးအထစ်ထစ်များကို ဖြတ်ကျော်ရတိုင်း သစ်ရွက်ဝါသည် ပုံပျက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မြဝင်းသည် သစ်ရွက်ကို ကောက်၍ ဆယ်လိုက်၏။ သူ့လက်ထဲရောက်ခါမှ သစ်ရွက်သည် ပဲ့၍ပဲ့၍ ကြွေပြန့်သည်။ သူသည် စမ်းချောင်းကို ပြန်၍ငေးရင်း ကျောက်ခဲများကို ပစ်ချနေသည်။

သူ့နောက်မှ လေတိုက်သံနှင့်အတူ ခြေသံများကို ကြားရပြန်သည်။ နောက်သို့ လှည့်ကြည့်လိုက်သောအခါ မလေးနုသည် မောင်လှနှင့်အတူ သစ်ပင်အောက်တွင် ရပ်နေသည်။

ဒီကောင်မလေး နေရာတိုင်းလို တွေ့နေရပြန်သည်။

"ဘာလာလုပ်ကြလဲ"

မလေးနုသည် ရှေ့သို့တိုးလာပေမယ့် အဖြေမပေးသေးပေ။ မလှမ်းမကမ်း ရေစပ်ရှိ ကျောက်ခဲပေါ်တွင် မတ်တတ်ရပ်နေသည်။

"ဒီနေရာပဲ လေးနု"

မလေးနုသည် စူးစိုက်၍ စမ်းရေကို ကြည့်နေသည်။

ဗိုလ်မြဝင်းသည် အသာမော့ကြည့်ရင်း

"ဘာနေရာတဲ့လဲ"

"သူတို့ ဟိုတစ်နေ့က ကပွဲလုပ်တုန်းက ဆော်လော်ခေါင်းဆောင်ကြီး မှတ်မိသေးလား"

မလေးနုသည် သူ့ကို ရဲရဲဝံ့ဝံ့ ပြန်၍စကားပြောရင်း ဆိုင်လိုက်သည်။

"အဲဒီခေါင်းကို ကပြီးကြရင် ဝါးချွန်လေးတွေနဲ့ ခေါင်းက အသားကို တစ်အိမ်ထောင်စီ နည်းနည်းယူရတယ်တဲ့။ အဲဒီဝါးချောင်းတွေကို သူတို့သတ်မှတ်ထားတဲ့ စမ်းချောင်းမှာ ချပြီး အောက်ဖက်စီးလာတဲ့ရေကို မျက်နှာတွေဘာတွေ သစ်ရတယ်တဲ့





သူတို့မှာတော့ ဒီရေသစ်ပြီးရင် ဘေးရန်ကင်းတယ်၊ ရောဂါတွေဘာတွေ ပျောက်တယ်ပေါ့လေ"

မလေးနုသည် ပြောပြီး ပြုံးနေသည်။ ဗိုလ်မြဝင်း အနားမှာရှိခြင်းအတွက် သူမှာ ဘာမှ ဂရုစိုက်စရာ မလိုသလို ခပ်အေးအေးပင် ပြောနေသည်။

"မင်းက အတန်စပ်စုတဲ့ မိန်းကလေးပါလား"

မလေးနုသည် ရယ်လိုက်၏။ သူ့ရယ်သံသည် စမ်းရေသံနှင့် ရောသွားသောအခါ သာယာလာသည်။

"သိချင်တာကိုး မောင်လှက အားလုံးပြောပြတာပဲ၊ ကျွန်မသွားတော့မယ်၊ ဒီစမ်းချောင်းကို ကြည့်ချင်လို့လာတာ"

"မြန်လှချေလား"

"ကျွန်မ ဒီကိုလာတာ ကျွန်မမှာ အပြစ်ရှိတယ်"

"ဟင်"

"စခန်းမှာ အားလပ်ပြီး အလုပ်မလုပ်တဲ့သူဟာ ရန်သူပဲ၊ တစ်ခုခုလုပ်နေရတယ်၊ ခုလည်း ဒီနေရာကို သိချင်လို့ တမင်လာရတာ၊ ကျွန်မသွားမယ်"

မလေးနုသည် မတ်တတ်ရပ်၍ ကျောက်စရစ်ခဲများပေါ်မှ နင်းသွားသည်။ ရွက်ဝါများသည် သူ့ခေါင်းပေါ်တွင် ဝဲ၍ ဘေးသို့ ကျသွားသည်။

"တောပေမယ့် မင်းတို့ရှိမှပဲ၊ စိုပြေတာပဲ၊ မင်းဟာ သိပ်လှတာပဲဟေ့"

ဗိုလ်မြဝင်းသည် အော်၍ပြောလိုက်၏။ မလေးနုကား လှည့်၍ပင်မကြည့်ပေ။ သစ်ပင်များကြားထဲတွင် ပျောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကပြန်လျှင် သူတို့တပ် ဘယ်ကိုသွားရဦးမည် မသိပေ။ တောင်ကမ်းပါးတွင် လျှောက်၍ စမ်းရေကို သောက်ရလွန်းတော့ သူစိတ်များသည် တောကိုပဲ မင်နေသည်။ မြို့ကို ပြန်မသွားချင်ပေ။ မြို့ဆိုသည်မှာ ခွာလက်စနှင့် ခပ်ခွာခွာနေသည် ကောင်းပေသေး သည်။ မြို့၏အရိပ်မှာ တစ်ခါခံစားရဖူးလျှင် ပြေပျောက်ရန် ခဲယဉ်းလှသည်။ ဆော်လော်တို့နှင့် တိုက်ပွဲမှာ ပြီးတော့မည်။ အနည်း အကျဉ်း တပ်ခွဲတစ်စုသာ ထားရစ်၍ ကျန်တပ်များ ပြန်ရပေမည်။

"ငါ ဒီမှာပဲ နေရစ်ခဲ့ပါရစေ"

သူသည် စမ်းရေကို ကြည့်၍ ဆုတောင်းမိ၏။ စမ်းချောင်းသည် နဂါးမယ်လို ပျော့ပျော့လေးနွဲ့ကာ တဖိတ်ဖိတ် လက်နေသည်။

အားလပ်ချိန်တိုင်း စမ်းချောင်းဘေးတွင် ထိုင်ရသည်မှာ အရသာရှိပေမယ့် ရဲဘော်တွေကလည်း ရှိသေးသည်။ စမ်းချောင်းမှ ပြန်ရချိန်တွင် ခြေလှမ်းနှေးလှသည်။ နေ့တိုင်းလိုတော့ စမ်းချောင်း ကို မလာနိုင်ပေ။

\+ + +

နွေဘက်တွင် ခြောက်ခြောက်သွေ့သွေ့နှင့် ခြေခင်လက်ခင်း သာ သလိုပင် ရှိလေသည်။ အကယ်၍များ မိုးကျလာလျှင် ဘယ်လို များ နေပါ့မလဲ။ ဗိုလ်မြဝင်းသည် တွေး၍ပူ၏။ သူတို့ကတော့ စစ်သားဆိုတော့ ထားပါဦးလေ။ ဟိုဘက်တောင်ကုန်းရှိ မိန်းကလေး တစ်စုအတွက် စိုးရိမ်မိ၏။ သူ့ရဲဘော်တွေပင် စောင်အလုံအလောက် မရှိ၍ လာမည့်မိုးတွင်းအတွက် ကြိုတင် စီစဉ်ရပြန်သည်။

မိုးကျလာလျှင် စမ်းချောင်းပတ်ဝန်းကျင်ကလည်း လှပတော့

ပြီးစာပေ



မည်မဟုတ်။ ဒီမိုးရေများ စွတ်စို၍ တောထဲတွင် သူ့ရဲဘော်များ စိတ်မာတ်မကျအောင် ဘယ်လိုလုပ်၍နေရပါလိမ့်။ သူကိုယ်တိုင်ပင် စမ်းချောင်း၏အလှကို မမြင်ရလျှင် ဘာနှင့်ဖြေဖျော်ရမည် မသိပေ။

သူက အတွေးတွင် နစ်နေသလောက် ရဲဘော်များ၏ လက္ခဏ်း သံမှာ နားကို ဖောက်လာသောအခါ ရင်ထဲတွင် နာလာတော့သည်။

"တို့ရဲဘော်တွေအတွက် ဖြေဖျော်စရာ ဒါပဲလား"

သူသည် ရဲဘော်တွေကို ကြာကြာကြည့်မနေချင်ပေ။ သွားနေ ကျ စမ်းချောင်းဆီကို ထ၍ထွက်လာသည်။ ဖတ်စရာ စာအုပ်ဆို၍ လည်း ဘာမှမရှိပေ။

\+ + +

"ဟင် ဒီတစ်ခါ မင်းက အရင်ရောက်နေပြီကိုး"

ဗိုလ်မြဝင်းသည် လှမ်း၍ ပြောလိုက်သည်။ သူထိုင်နေကျ စမ်းချောင်းဘေးက ကျောက်စရစ်ခဲပေါ်တွင် မလေးနုကို တွေ့ရ သည်။ မလေးနုသည် သူ့ကို ပြန်၍ကြည့်ကာ ပြုံးနေပြန်သည်။ အသွင်အပြင်မှာ ငယ်ရွယ်နုနယ်လှသေးသည်။

ဗိုလ်မြဝင်းသည် ခပ်ကွာကွာ ထိုင်လိုက်ရင်း-

"ဒီကိုလာတာ မင်းမှာ အပြစ်ရှိတယ်ဆို"

"ဟုတ်တယ်"

"ဒါနဲ့ ခုလာပြန်ပြီ"

"ဒီလိုလေ ကျွန်မ ဒီကိုလာတာ ရှင့်ကို တွေ့ဖို့မှ မဟုတ်သဲ"

ခက်ရပြီ ဗိုလ်မြဝင်းသည် သူ့စကားကို နားမလည်ပေ

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို တွေ့ရအောင် မင်းလာတယ်လို့ မဆိုရသေးပါလား မိန်းကလေးရယ်"

"အေးပါလေ၊ ကျွန်မကလည်း ဆေးထည့်တဲ့ကိစ္စတွေ စောစော ပြီးရင် ဒီကို လာချင်တယ်၊ ကျွန်မစိတ်ထဲမှာ တွတ်မိတာပဲ၊ ဒီကို လာတာဟာ အပြစ် မရှိဘူးလို့လည်း ထင်မိတယ်။ စိတ်ဆိုတာက အစဉ် အချုပ်အချယ် ဥပဒေစည်းကမ်းကြီးတွေနဲ့ ထားလို့ရတာမှ မဟုတ်ဘဲ"

မလေးနုသည် ရေကို ငေး၍ ခပ်ဖြည်းဖြည်း ပြောသည်။

"ကျွန်မကတော့ အပြစ်ရှိချင်လည်း ရှိမှာပဲလေ"

"မင်းတို့စခန်းမှာ ပျင်းလို့လား"

"ပျင်းစရာအချိန်တောင် မရှိပါဘူး၊ ဒါပေမယ့် တစ်ခါတစ်လေ ဘာမှ မတွေးချင် မလုပ်ချင်ဘူး၊ အားလုံးလွှတ်ပြီး ရေစီးသလို လျှောက်စီးချင်တယ်။ သစ်ရွက်တွေ ကြွေသလိုပဲ ကြွေသွားချင်တာပဲ"

"ဟေ အဆန်းပါလား။ ဒါနဲ့ သစ်ရွက်ကြွေတယ်ဆိုလို့ တစ်နေ့က မင်းနဲ့တွေ့တုန်းက ငါပြောတာဟာ သရော်တာ မဟုတ်ပါဘူး ကွာ။ ငါ တဲကိုပြန်ရောက်မှ စဉ်းစားမိတယ်။ မင်း သိပ်လှတာပဲလို့ အော်ပြောမိတာ စိတ်မဆိုးနဲ့နော်"

မလေးနုသည် ဗိုလ်မြဝင်း၏စကားကို နားထောင်နေရင်း ရယ်နေပြန်သည်။ တလိမ့်လိမ့်စီးနေသော ရေထဲသို့ ကျောက်ခဲလေး တွေ ပစ်နေပြန်သည်။

"ရှင့်မှာ စာအုပ်တွေဖတ်ဖို့လည်း မရှိဘူးလား"

"မရှိပါဘူး၊ ပို့လိုက်တဲ့စာအုပ်တွေကလည်း ကွန်မြူနစ်ဝါဒ





ဆန့်ကျင်ရေး ဘာသာပြန်စာအုပ်တွေ၊ အလိုလိုမှ ပျင်းရတဲ့အထဲ ဒါတွေကို မဖတ်ချင်ဘူး။ ခက်သားပဲ ကိုယ့်ရဲဘော်တွေအတွက် ဝတ္ထု စာအုပ်၊ စိတ်ပျော်စရာစာတွေ လိုချင်တာပဲ"

"ရှင်လည်း ဒါဖြင့် ပျင်းနေတာပေါ့"

"ဆိုပါတော့လေ၊ ဒါပေမယ့် ငါ့မှာတော့ ရွက်ကြွေတောနဲ့ စမ်းချောင်း ရှိနေရင်လည်း ပျော်တာပဲ"

"ရှင်က ကဗျာဆရာထင်တယ်"

"ကိုယ် ဘယ်တော့မှ ကဗျာဆရာ ဖြစ်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကိုယ်က အရိုင်းပဲ၊ အင်မတန် အရိုင်းကြိုက်တဲ့လူက ကဗျာ စပ်လို့ ပိုနေတာပေါ့"

"ရှင်တွေးပုံကြီးကလည်း ရှေးဆန်လိုက်တာ၊ အဲဒီ ရှင်ကြိုက် နေတဲ့အရိုင်းတွေကိုပဲ ကဗျာစပ်ရင် မဖြစ်တော့ဘူးတဲ့လား"

ဗိုလ်မြဝင်းသည် မလေးနုကို ပြန်၍ကြည့်မိသည်။ ဖြူဖြူဝဝ နှင့် ကလေးငယ်လို ချစ်စရာကောင်းလေသည်။

"မင်းက စကားတောင်စားမလေးပဲ၊ ငါက အရိုင်းတွေကို ကဗျာ ခပ်ပြီဆိုပါတော့၊ ငါ့ ကဗျာရိုင်းကို ဘယ်သူ လက်ခံမလဲ၊ ငါ့ရှေ့မှာ ရှိတဲ့ စမ်းချောင်းကိုပဲ ငါက မြလိုစိမ်းနေတဲ့ရေတွေကို မဖွဲ့ချင်ဘူး၊ အောက်မှာမြင်ရတဲ့ ကျောက်တုံးနဲ့ ကျောက်စရစ်ခဲတွေကို ဖွဲ့ချင် တယ်"

"လူတစ်မျိုးပဲ၊ လူရိုင်းကြီး ဖြစ်နေတာပေါ့"

"ရိုင်းတာကိုများ ငါ သဘောကျလိုက်တာ မပြောပါနဲ့ ယဉ်ကျေးမှုဆိုတာကို မင်းက တော်တော်လေးစားမှာပဲ"

www.burmeseclassic.com



မလေးနုသည် ခဏငြိမ်နေပြီးမှ-

"လေးစားရတာပေါ့၊ ခုလာတာကလည်း ယဉ်ကျေးမှုအတွက်ပဲ မဟုတ်လား"

"အေးပါလေ၊ မင်းတို့ရဲ့ စေတနာတွေကိုရော၊ မင်းတို့လုပ်ငန်းကြီး တစ်ခုလုံးကိုရော၊ ငါ လေးစားပါတယ်။ ဒါပေမယ့် ငါ တစ်ယောက်အနေနဲ့တော့ ယဉ်ကျေးမှုဆိုတာ တွေးရင်းတွေးရင်း အဓိပ္ပာယ် မဲ့လာတယ်"

"ဟင်"

မလေးနုသည် မျက်လုံးကလေးများ ဝိုင်းစက်သွားအောင် အံ့ဩနေပုံရလေသည်။

"မင်း အံ့ဩနေပြီလား၊ ငါ့အဖို့တော့ အခု နာဂတွေလိုတောင် မဟုတ်ဘူး၊ ရှေးက Stone age (ကျောက်ခေတ်)က လူတွေလိုတောင် နေချင်လိုက်သေးတယ်။

ဖြစ်မှဖြစ်ရပါလေ ဘယ်လိုလူများပါလိမ့်။ မလေးနုစိတ်ထဲတွင် အံ့ဩလာသည်။

"ငါပြောတဲ့ စကားတွေဟာကွယ် အပြစ်မလွတ်ဘူး ထင်ပါတယ်၊ တော်ပြီ ငါဆက်မပြောချင်ဘူး"

"မဟုတ်တာ ဗိုလ်မြဝင်းကလည်း ပြောပါ၊ ရှင့် စေတနာပေါ်မှာ ကျွန်မ ယုံကြည်ပါတယ်"

ရိုင်းတာနဲ့ ယဉ်တာဟာ တကယ်တော့ ဘာမှ မထူးခြားပါဘူး ကွယ်၊ အရိုင်းဆိုတာက လူတွေအပေါ်က ဝတ်စားတန်ဆာတွေ နေပုံထိုင်ပုံတွေ ညစ်ပတ်တာပဲ။ ယဉ်ကျေးတယ်ဆိုတာက အပေါ်က တဖြည်းဖြည်းသန့်ပြီး စိတ်ဓာတ်တွေ ညစ်ပတ်လာတာပဲ။





ဒေါသနဲ့ လောဘ မောဟတရားတွေကလည်း လူတွေရဲ့စိတ်ဓာတ်ကို ဖုံးလွှမ်းလာမှာပါပဲ။ အခု တိုးတက်ယဉ်ကျေးလာတဲ့ ကမ္ဘာကြီးကို ကြည့်ပါလား၊ တခြားမပြောနဲ့ နာဂတွေ ခေါင်းဖြတ်တဲ့ စစ်ပွဲတွေ ဆင်နေကြတာသာ ငါတို့က ပြောနေတယ်။ ငါတို့ လူယဉ်ကျေးတွေ စစ်ပွဲကြီးနဲ့ လူသတ်ပွဲ ဆင်လိုက်ရင် ရန်ငြိုး ရှိရှိ-မရှိရှိ အပြစ်မဲ့တဲ့ လူတွေ တပုံကြီး သေရတာပဲ။ ယဉ်ကျေးတယ်ဆိုတဲ့ တို့လူစုက နာဂတွေ အာဖရိကားက လူရိုင်းတွေထက် ဘာများပိုထူးတော့လဲ၊ တစ်ခုပဲရှိတယ် လူရိုင်းတွေ လူသတ်တော့ သွေးထွက်တယ်၊ လူယဉ်ကျေးတွေ လူသတ်တော့ သွေးမထွက်ပဲ သေတယ်၊ လူယဉ်ကျေးတွေဖြစ်လာလို့ သာယာမှု ငြိမ်းချမ်းမှုတွေဟာ ပြောင်းလဲဖြစ်လာမလားလို့ မျှော်လင့်ကြည့်မိတာပဲ၊ ဒါပေမယ့် ဒါတွေအစား သေနတ်နဲ့ လက်နက်ဆန်းတွေသာ ပြောင်းလဲလာတာပါပဲ"

ဗိုလ်မြဝင်းသည် အားလျော့သွားသလို ပြောကာ စကားကို ရပ်နားလိုက်၏။ သူသည် မဲ့၍နေသည်။

"ရှင့်ကို ဒီမှာတွေ့ရတာ ကျွန်မဖြင့်ပျော်တယ်၊ အစကတော့ ရှင်တို့နဲ့ နည်းနည်းမျှ မတွေ့ချင်ဘူး"

မလေးနုသည် ငြိမ်နေရာမှ ဖောက်၍ပြောလိုက်သည်။

"ဟုတ်လား၊ မင်းလည်း ရိုင်းလာပြီ"

"ဘာပြောတယ်"

"ဩော် အမှန်တော့ ရိုင်းရင် ပွင့်လင်းလာတာပဲ၊ မင်းကလည်း စကားပြောတာ ပွင့်လင်းလို့ပါ၊ ဟုတ်တယ်နော်၊ အရိုင်းဆိုတာ ဟာ စကားလုံးသာမကောင်းတယ် ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်း ရိုးရိုးရှင်းရှင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



မလေးနုသည် ဟစ်၍ ရယ်လိုက်ပြန်သည်။ ဒီတစ်ခါတော့ ရယ်သံသည် ကျယ်လွန်း၍ အပေါ်သို့ လွင့်တက်သွားသည်။ သစ်ရွက်တွေလှုပ်သံနှင့် ရော၍ သူ့ ရယ်သံသည် ပဲ့တင် ထပ်သွားတော့သည်။

“ဩော် မိန်းကလေးနှယ် ရယ်ရပြန်ပြီ”

“ပျော်လို့ပါ ဗိုလ်မြဝင်းရယ်”

“ငါ့စကားတွေဟာ မင်းအတွက် ပျော်စရာဖြစ်တာပဲ ဝမ်းသာလှပါပြီကွယ်၊ ငါပြောတာတွေကို အမှန်တော့ ဘယ်သူမှ မရယ်ကြဘူး၊ ဒါနဲ့ မင်း ဒီမှာကြာနေရင် အပြစ်ရှိမယ်ထင်တယ် ပြန်ဖို့ကောင်းပြီ”

မလေးနုသည် သူ့ကို လှည့်ကြည့်ရင်း ဖျတ်ခနဲ ထလိုက်သည်။ တစ်ခုခု ပြောချင်နေသလိုလို အားယူနေပုံရပေမယ့် နောက်ဆုံး စကားတစ်လုံးမှ မပြောဘဲ လှည့်ထွက်သွားတော့သည်။

မလေးနု စခန်းကို ပြန်ရောက်ချိန်တွင် နေ့လယ်စာအတွက် ကော်ဖီပင် ပေးနေလေပြီ။ သူ့တဲသို့ ဝင်လိုက်သောအခါ သူငယ်ချင်းနှစ်ယောက်မှာ နေ့လယ်စာအတွက် သူ့ကို စောင့်နေပုံရသည်။

“ကိုယ်တို့ ကော်ဖီယူထားပြီးပြီ၊ ကော်ဖီလည်း နောက် ၂ ရက်ပဲ ရတော့မယ်တဲ့၊ ခရီးကိုမှာတာလည်း မရသေးဘူး”

သူငယ်ချင်းတစ်ယောက်မှာ စကားပြောရင်း သူတို့လာတုန်းက ယူလာသည့် မုန့်သေတ္တာပုံးကို ဖောက်နေသည်။ မလေးနုသည် စိတ်မောသလို အဝတ်ခုတင်ပေါ်တွင် ပစ်ထိုင်လိုက်သည်။ သူ့ မျက်လုံးများသည် မုန့်ပုံးကို ကြည့်နေပေမယ့် စိတ်များကတော့ စမ်းချောင်းဘေးကို ရောက်နေသည်။





“မင်းကလဲ ဘယ်ကို ထွက်သွားတာလဲ မသိဘူး၊ ဒီမှာ တော်ကြာ ...ရင် အဆူခံရမှာ ဘယ်ကိုသွားတာလဲ”

“ငါ လူသေရဲ့အသားတွေပစ်တဲ့ စမ်းချောင်းကို သွားတာပါကွာ။ အားလပ်တဲ့အချိန်ထဲက ငါယူတာပါ၊ ငါ့မှာ အပြစ်မရှိပါဘူး”

“အေးပေါ့လေ၊ ဒါပေမယ့် ဘယ်ကောင်းမလဲ။ အားလုံး ...မိန်းကလေးတွေဟာ စခန်းက ခွာကြတာမှ မဟုတ်ဘဲ”

မလေးနုသည် ခေါင်းငုံ့၍ နားထောင်ရာမှ အိပ်ရာပေါ် ပစ်လှဲလိုက်သည်။ နောက်တစ်ခါ စမ်းချောင်းဘေး မသွားတော့ပါဘူး ...ဟု၍လည်း သူ့စိတ်ကို သူတင်းနေသည်။

“မလေးနု ကော်ဖီသောက်ဦးလေ”

မလေးနုသည် ထထိုင်၍ ကော်ဖီကို သောက်ချပေမယ့်လည်း ...အရသာ မပေါ်ပေ။

သူတို့တဲဝကို တစ်ယောက်ယောက် လျှောက်လာပုံရသည်။

“မလေးနုကို စခန်းမှူးက တွေ့ချင်လို့တဲ့ဟေ့”

အဖွဲ့သားတစ်ယောက်သည် လာ၍ပြောသွားသည်။ မလေးနု...သည် ထ၍ သွက်သွက်ပင် စခန်းမှူးရှိရာ တဲသို့ ထွက်သွားသည်။

စခန်းမှူး၏ တဲဝန်မှာလည်း မဝေးပေ။ ယောကျ်ားလေး ...မိန်းကလေး စုစုပေါင်း ၂၀-လောက်၏ စားရေးသောက်ရေး ...ထိန်းသိမ်းမှုကစ၍ တာဝန်ယူရသူ ဖြစ်လေသည်။

မလေးနု တဲတွင်းသို့ဝင်သွားလျှင် တစ်ယောက်တည်း သူ့ကို ...စောင့်နေပုံရလေသည်။

“မလေးနု လာပါပြီဆရာ”

“ဩော် အေး အေးအေး ထိုင်ပါဦးကွယ်”



www.burmeseclassic.com

www.burmeseclassic.com



မလေးနုသည် ထိုင်ရင်း သူ့စိတ်ထဲတွင် လှုပ်ရှားလာသည်။

"ရွာထဲမှာ ဆေးထည့်ပြီးလို့ စောစောပြန်တဲ့အခါ ဘယ်ကို သွားနေလဲ"

ဆရာ့စကားကို မလေးနု မဖြေချင်ပေ။ မဖြေရဲ၍ မဟုတ်။ သူ ဘယ်သွားသည်ကို ဖွင့်၍ပြောရဲသည်။ သို့သော် နောက်တစ်ခါ မသွားရဘူးဟူ၍ တားမြစ်လိုက်မှာကို စိုးသည်။ ဒါပေမယ့် သူ မလိမ်ချင်ပေ။

"ကျွန်မ စမ်းချောင်းဘက်ကို လှည့်ဝင်တာ"

"ဟိုမှာ ဘာများ ထူးဆန်းလို့လဲကွယ်"

မလေးနုသည် လည်ချောင်းနင်နေသလို တံတွေး မျိုချရင်းမှ-

"အဲဒီစမ်းချောင်းက မောင်လှ ပြတာပဲ၊ နာဂရန်သူ့ရဲ့ခေါင်းက အသားတွေကို ကလော်ပြီး ပစ်ချတဲ့ စမ်းချောင်းတဲ့၊ ဒါကြောင့် သွားပြီးကြည့်တာ"

"တစ်ခါကြည့်ပြီး တော်ရောပေါ့ကွယ်"

"စမ်းချောင်းက သိပ်လှတာပဲ၊ သစ်ခွပန်းတွေက မမြင်ရပေမယ့် အနားမှာ မွှေးနေတာပဲ၊ ရေစီးပုံကလည်း နေ့းတယ်"

သူသည် စကားစရှာ၍ စမ်းချောင်းချီးမွမ်းခန်းကို လုပ်လိုက်သည်။ စိတ်ထဲမှာလည်း ရှုပ်သလို ဖြစ်သွားသည်။

"ကိုယ်တို့လုပ်ငန်းလည်း မိန်းကလေး သိတဲ့အတိုင်းပဲ တခြား မိန်းကလေးတွေမှ မသွားဘဲ၊ မင်းလည်း မသွားစေချင်ဘူးကွယ်"

"ဟုတ်ကဲ့"

မလေးနုသည် စိတ်မပါဘဲ ကတိပေးလိုက်သည်။

"ကဲ မင်းသွားချင်သွားတော့"

ပြီးစာပေ



သူသည် တဲအတွင်းမှ တစ်လှမ်းချင်း ဖြည်းဖြည်းလျှောက်ကာ ထွက်လာသည်။ စိတ်ထဲတွင်လည်း ကတုန်ကယင် ဖြစ်လာသည်။ ဗိုလ်မြဝင်းနှင့် စမ်းချောင်းဘေးတွင် ဆုံခဲ့ကြသည်ကို ဘာဖြစ်၍များ ဖွင့်မပြောခဲ့မိပါလိမ့်။ ဖွင့်ပြောဖို့ ကောင်းသည်။ အမှန်တော့ ရိုးရိုး သားသား တွေ့ကြခြင်းပဲ မဟုတ်ပါလား။

သူကလည်း အမှတ်တမဲ့သွားရင်း ဗိုလ်မြဝင်းကလည်း အမှတ် မထင် လာကြရင်းနှင့် ဆုံကြပုံကို စခန်းမှူးအား ဖွင့်ပြောလိုက်ဖို့ ကောင်းသည်။

"မတတ်နိုင်ဘူးလေ၊ ငါ ရိုးသားပါတယ် အမှန်ပါ။ ငါ ဗိုလ်မြဝင်း ကို ရိုးရိုးသားသား သွားတွေ့တာပါ"

သူသည် စိတ်ကို အတတ်နိုင်ဆုံးတင်း၍ တစ်စုံတစ်ယောက်ကို ငြင်းနေရသလို စိတ်ထဲမှ ပြောမိသည်။ သူ့တဲကို ပြန်ရောက်လျှင် ခုတင်ပေါ်တွင် ပစ်၍ လှဲလိုက်၏။ ခုတင်မှာ မြေကြီးပေါ်မှ တံတောင်လောက်မြင့် ကွာသည်။

ဘယ်သူကမှ မစွပ်စွဲသေးဘဲ သူ့စိတ်သည် ငြင်းဆန်ဖို့အချက်ကို ဘာလို့များ တွေးနေမိပါလိမ့်။

'ငါမှားတာပဲ။ အမှန်တော့လည်း ရှိသမျှ အားလပ်ချိန်လေးမှာ ငါ တစ်ခုခု လုပ်နေရမှာပေါ့"

"မလေးနု နက်ဖြန် ငါတို့ တစ်အိမ်တက်တစ်အိမ်ဆင်း သွားရမယ်" ဘေးမှ သူငယ်ချင်းသည် သူ့ကို လှမ်းပြောလိုက်၏။

"အေးပေါ့၊ သွားမှာပါပဲ။ ငါ့အတွက်တော့ အအားမနေတာ ကောင်းပါတယ်"

"အားတယ်လို့များ ရှိသေးလို့လားကွယ်"

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com

"မအားတဲ့အထဲက ကိုယ်က အားလပ်ချိန်ကို ရှာနေတာ"

"အမယ် အားရင် စမ်းချောင်းကို ပြေးမလို့လား"

မလေးနုသည် မဲ့၍ပြုံးကာ ခေါင်းကို ညိတ်လိုက်သည်။ သူသည် စိတ်ထဲတွင် ဖြစ်ပေါ်နေသော ဆန္ဒကိုလည်း မဖုံးကွယ်ချင်ပေ။

"နက်ဖြန်ကို ကိုယ်ဝန်သည်တွေကို လိုက်ကြည့်ရမှာ"

သူငယ်ချင်းလုပ်သူက အလုပ်စကား စနေလေသည်။ မလေးနုသည် ခေါင်းထောင်၍ကြည့်ကာ ဝမ်းထဲမှ သူ့ကို ခွင့်လွှတ်ပါရန် ပြောနေမိ၏။ နေ့မှေ့ပျောက်ပျောက်ဖြစ်အောင် သူ စကား ကြိုးစား၍ ပြောလိုက်သည်။

"ငါတို့နည်းနဲ့ မွေးဖွားဖို့ကို နာဂအမျိုးသမီးတွေက လက်ခံချင်ပုံ မရဘူး"

"ဒါက တော့ ကိစ္စမရှိပါဘူး၊ မွေးပြီးချိန်နဲ့ မွေးစကလေးတွေကို စောင့်ရှောက်ရတာပေါ့"

"အမှန်ကတော့ တို့ရဲ့မွေးဖွားနည်းကို သူတို့ကို ပြဖို့လည်း အခါက မကြုံဘူး၊ သူတို့ကိုယ်တိုင်ကလည်း တောင်ပေါ်သားတွေ ဖြစ်နေတယ် မဟုတ်လား၊ သွားရလာရ တက်လိုက်ဆင်းလိုက်နဲ့ ဆိုတော့ လှောကျင့်ခန်းတောင် ယူဖို့ မလိုဘူး မဟုတ်လား၊ မွေးတဲ့ အခါ လွယ်ကူနေတာကိုး"

သူတို့ထဲတွင် အသံများတိတ်ကာ အတွေးကိုယ်စီနှင့် ငြိမ်၍ နေကြပြန်သည်။

နေရောင်သည် အရှေ့ဘက်တောင်တန်းကို ကျော်၍လာပေမယ့် ယမန်နေ့များကလောက် မတောက်ပပေ။

မနက်အစောကြီးကပင် တောင်ခိုးများ လွင့်၍လွင့်၍လာ

ပြီးစာပေ



သည်။ ရာသီဥတုများ ပြောင်းလဲ၍ လာဦးမည်လား။ လေတိုက်ပုံ လည်း ထန်၍လာသည်။

မလေးနုတို့ သုံးယောက်သည် ဟတ္ထိရွာဘက်ကို ထွက်၍ ကြပြန်သည်။

ရွာထဲသို့ ထွက်အလာတွင် ဗိုလ်မြဝင်းကို လမ်းမှာတွေ့လိုက်၏။ မ်းချောင်းရှိရာသို့များ သူသွားနေမည်လား။ မလေးနုသည် မှတ်မထင် လှမ်း၍ ကြည့်နေမိသည်။ အဖော်နှစ်ဦးကမူ ဗိုလ် ဝင်းကို မြင်မိဟန်မတူပေ။

ရွာထိပ်ရှိ ဆေးခန်းတွင် တချို့ပစ္စည်းများ ထားခဲ့၏၊ ရွာထဲသို့ င်ခဲ့ကြလေသည်။ အမှန်တော့ လူမမာကိုပဲဖြစ်ဖြစ် ကိုယ်ဝန်သယ် ပဲဖြစ်ဖြစ် ပိုက်ဆံပေး၍ပင် ကုရမည့် အတတ်မျိုး ဖြစ်ပေသည်။ ခုအခါတွင် သူတို့မလေ့ထုံးစံ ကုထုံးထက် လောကဓာတ်ဆေးများ မ်းကြောင်းကို ပြနိုင်ပါမှ ယုံကြည်ကြမည့်အချိန် ဖြစ်ပေသည်။ လေးနုတို့မှာလည်း တကယ်ကျွမ်းကျင်သော ဆရာဝန်များ မဟုတ် အလွန် သတိထားရလေသည်။

တစ်နေ့က ဆေးပေးခဲ့သော ကလေးနေမကောင်းသည့်အိမ်သို့ တို့လူစု ပထမဆုံး ဝင်ကြသည်။ ဝင်သည်ဆိုပေမယ့် တဲထဲသို့ င်ခွင့် မရကြပေ။ အပြင်ကသာ မေးရလေသည်။

တဲအတွင်းတွင်လည်း စုရုံးစုရုံးနှင့် ဘာလုပ်နေကြသည် သိပေ။

တဲဝသို့ရောက်လျှင် မောင်လှ ထွက်လာလေသည်။

"မောင်လှ ဘာလာလုပ်လဲ"

"ကလေး ဒီမှာ သေသွားပြီ"

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင် တစ်နေ့ကပဲ တို့ဆေးပေးတာ တော်တော်နေကောင်းလာပြီပဲ"

"အေး၊ ညဘက် နတ်ကိုမေးတယ်၊ နတ်က ကြက်သွေး တိုက်ရမယ်ဆိုလို့ တိုက်တာပဲ၊ ခု မနက်အစောကြီး သေသွားတယ်"

တဲထဲမှ ငိုသံများ ကြားရသည်။ သူတို့လေးယောက် အဝတိုရောက်လေသော်လည်း ဘယ်သူမှ လှမ်း၍ စကားမပြောကြ။ ကလေးမှာ သူတို့သဘာဝအလျှောက် ကုသသည်ဆိုပေမယ့် ကြက်သွေးအရှိန်ကြောင့် တစ်ခုခုဖြစ်ပြီး သေဆုံးသွားဟန်တူသည်။ အဖွဲ့သူထဲမှ မသန်းသန်းမှာ စဉ်းစား၍နေသည်။ ကလေး သေသည်ကို အကြောင်းပြ၍ နောင်ကို ကြက်သွေးမသုံးရန် ပြောရကောင်းမလား။

ဒါပေမယ့် လောလောဆယ် ကလေးသေရခြင်းမှာ သူတို့ ကြက်သွေးကြောင့်ဟု စွပ်စွဲလိုက်လျှင် လက်ခံခဲ့မှု တော်ပါ၏။ လက်မခံဘဲ သူတို့ဓလေ့ထုံးစံကို စွပ်စွဲစော်ကား ရမည်လားဟု ဒေါပွပွဖြင့် ရွာထဲကိုပင် ဝင်ရတော့မည် မဟုတ်ပေ။

ဒီတစ်ခါတော့ ရှောင်၍ ထွက်သွားခြင်းက ကောင်းမည်ထင်သည်။ သူတို့သည် အားပေးစကားကို မောင်လှမှတစ်ဆင့် ပြောကြားခို့၍ တဲအနားမှ ခွာခဲ့ရတော့သည်။

တော်ပေသေး၏။ အကယ်၍ မလေးနုတို့ကုနေတုန်း သေ၍များသွားလျှင် နောက်တစ်ခါ ရွာထဲသို့ ဝင်ကြရမည် မဟုတ်တော့ပေ။

ဆေးခန်းကို ပြန်ရောက်၍ ထိုင်လိုက်လျှင်ပင် မောင်လှနှင့် နာဂနှစ်ယောက် ရောက်လာတော့သည်။ နာဂတစ်ဦး၏ ပေါင်ရင်း





ရှိ အနာကြီးကို လာ၍ပြခြင်း ဖြစ်လေသည်။ အနာမှာ အိုင်းကျ၍ နှတ်ခမ်းကြီးတွေ ထူနေလေသည်။ ရေနှင့် တစ်ခါမှ တွေ့ပုံမရပေ၊ ချေးနှင့် ဖုန်တွေမှာ အနာပတ်ဝန်းကျင်တွင် ဗလဗျစ် ဖြစ်နေရုံမက သန်းကြီးမတွေကလည်း အနာကို တွယ်၍ ခဲနေကြသည်မှာ အသည်းယားစရာ ကောင်းလှသည်။

ဆေးထည့်ပေးရပေမယ့် အခက်အခဲ တစ်ခုမှာ နာဂတို့သည် ငြိမ်ငြိမ်နေ၍ ကြာရှည်မခံခြင်း ဖြစ်လေသည်။ အနာ ဆေးတာကိုရော၊ ဆေးထည့်ခြင်းကိုရော တပြိုင်နက်ကျအောင် သုံးယောက်စလုံး ပြိုင်တူ လုပ်ရလေသည်။ ဒါပေမယ့် ခက်ပြန်ပြီ။ သန်းကြီးမတွေက ရေဆေး၍မရ၊ တစ်ကောင်ချင်း ကောက်ပစ်ရ၍ ကြာလာပြန်သည်။ မောင်လှမှတစ်ဆင့် တောင်းပန်၍ အချိန်ကြာရခြင်းကိုပင် သည်းခံရန် ပြောရလေသည်။ ရေနွေးနှင့် ဆေးကြော၍ ဆေးထည့်ပြီးသည်နှင့် တပြိုင်နက် တစ်ခါတည်းပင် အပြင်သို့ ထွက်သွားကြတော့သည်။

ဆေး တစ်ခါထည့်ရသည်မှာ သုံးယောက်လုံး ချွေးပြိုက်ပြိုက်ကျ၍ မောမောသွားတော့သည်။ မျက်စိထဲတွင်မူ သန်းကြီးမများ ခဲနေသော အနာအုံ နီနီကြီးတွေကိုသာ မြင်၍ နေကြတော့ပေသည်။ နောက်နေ့တွင် ဆေးဆက်၍ ထည့်ဖို့ကိုလည်း ကိုနာဂကို အတော်ရှာရဦးမည် ဖြစ်လေသည်။

အပြင်တွင် နေရောင်မှိန်၍ သွားပြန်သည်။ လေတိုက်ပုံသာလည်း မနက်ကလို မဟုတ်တော့။ မိုးသက်ပါလာဟန် ရှိလေသည်။

သူတို့သည် ပစ္စည်းများစု၍ စခန်းကိုပြန်ရန် ပြင်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တဲမှထွက်သည့်တပြိုင်နက် လေက တဝှီးဝှီးနှင့် ပို၍တိုက်လာသည်။ အဝေးရှိ သစ်ပင်ကြီးများမှာလည်း ယိမ်းယိုင်နေကြလေသည်။ အပင်ငယ်လေးများကလည်း ခိုက်ခိုက်တုန်နေပုံ ရလေသည်။ စခန်းသို့သွားရာ မြေသွားလမ်းပေါ်တွင် တောင်ဇလပ်များမှာ ဖြန့်ကြနေသည်။ ဝတ်လွှာလေးတွေကလည်း ကစဉ့်ကလျားဖြစ်နေသည်။ သစ်ပင်ထိပ်မှ သစ်ခွပန်းတစ်ခက်သည်လည်း လေရှိန်နှင့် လွင့်၍ မြေပေါ်တွင် ကြွေကျနေသည်။

လေတိုက်လိုက်မှ သစ်ခွပန်းရနံ့များနှင့် ရွက်သစ်နံ့များ သင်းနေသော တောရနံ့သည် ထို၍ဆွလိုက်သလို မွှေးလာတော့သည်။

ယခင်က တိတ်နေသည်ထင်ရသော တောမှာ သစ်တောက်ငှက်၏တောက်သံက ပို၍ကျယ်လာသည်။ ငှက်လေးများကလည်း ဘယ်သစ်ပင်မှ ကြာကြာမနားကြ။ သူတို့ ကြည့်ရသည်မှာ ယောက်ယက်ခတ်လှသည်။

တောလုံးပင် ဆူ၍လာသလို လေသံသည် သစ်ရွက်များကို မွှေနှောက်ပစ်လိုက်၏။ သစ်ရွက်လေးများ၏ တီးတိုးညည်းသံမှာ စိတ်လှုပ်ရှားစရာ ကျယ်လောင်လာတော့သည်။ သူတို့စခန်းသို့ ပြန်ရောက်ချိန်တွင် မိုးပေါက်များ ကျလာကြပြန်သည်။ တောင်ခိုးတွေမှာ သိပ်သည်းလာ၍ နေရောင်ပင် ပျောက်သလိုလိုဖြစ်ကာ မှောင်၍လာတော့သည်။

ရာသီဥတု အပြောင်းအလဲမှာ မြန်လှချည်တကား။ လျှပ်စီးတွေ လက်ပုံကလည်း အနားမှာကပ်၍ ငွေမျှင်တန်းကြီးတွေ ယှက်၍ နေသလို တဝင်းဝင်းလက်၍သွားသည်။ စိန်ခက် စိန်ပန်းများလို





သစ်ခက်တွေကြားထဲကိုလည်း ဝင်၍သွားကြသည်။ မိုးပေါက်များ ရွာပုံကလည်း ကျောက်ခဲကို သွန်လိုက်သလို တဝုန်းဝုန်း ကျလာတော့သည်။

မိုးကြားမှ လေကလည်း တောင်ကို ဖောက်ကာ အော်၍တိုက်ကြသည်။ တောင်ကုန်းလေးကိုပင် ဆွဲ၍ လှုပ်လိုက်သလို ထင်ရသည်။ မနက်က တွေ့လိုက်သော အပူချိန်ပင် ဘယ်ရောက်သွားမှန်းမသိ။ ချက်ချင်းပင် ပြောင်းလဲကာ အေးစိမ့်သွားတော့သည်။

\+ + +

တောင်ပေါ်မိုးသည် ဆက်၍ စွေနေပြန်သည်။

နောက်နေ့တွင် လရောင်ကို တွေ့လိုက်ရသလိုရှိ၏။ ရွက်သစ်များအားလုံး စိမ်းလန်း၍ တစ်တောလုံး မိုးရေမိုးစက်များနှင့် လွှမ်းနေသည်။

မိုးက ရွာမြဲ ဆက်ရွာသောအခါ နေခြည်မျှင်တန်းလေးများသည် သစ်တောများပေါ်မှ ပျောက်၍သွားကြပြန်သည်။ တောကို ဖြတ်လာသော လေကလည်း ရေခဲပြင်ကို ဖြတ်လာသလို အေးလှ၏။

မလေးနှတို့ တဲများအားလုံးမှာ မိုးရေအောက်တွင် တင်း၍ ခံနေကြသည်။ ညက ရွက်ဖျင်းတဲ၏အစပ်မှ ဖောက်၍ မိုးရေများ စီးဝင်လာသေးသည်။

တစ်ညလုံး ကောင်းကောင်းအိပ်လိုက်ရသည် မရှိပေ။ မနက်တွင် မိုးကမစဲပေ။ ကြိုးသိုင်းဖိနပ်ကို စီး၍ မိုးကာအင်္ကျီတွေကို ဝတ်ကြရသည်။ သန်းသန်းသည် တဲဝမှ ဟတ္ထိရွာဘက်သို့ မျှော်ကြည့်၏။ သူတို့သုံးဦးတို့သည် ဦးထုပ်ကိုယ်စီဆောင်း၍ ရွှံ့ဗွက်ထဲနင်းကာ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာကြသည်။ ဟတ္ထိရွာဘက်သို့သွားရာ ခြေလှမ်းမှာ ရွံ့ရေနှင့်ချောနေသည်။ တောင်စောက်ကြီးများအဲ့ မိုးရေများ စီးကျသံများကို တစ်လမ်းလုံး ကြားလာရသည်။

မလေးနုသည် ညဥ့်က အိပ်မပျော်တပျော်တွင် စမ်းချောင်းလေးကို အိပ်မက် မက်လိုက်သေးသည်။

ရေစီးသံမှာ စမ်းချောင်း၏ ရယ်သံလို ရွှင်စရာကောင်းသည်။ သူသည် စမ်းချောင်းဘေးတွင် ဟစ်၍ဟစ်၍ ရယ်သည်။ သူ့ရယ်သံနှင့် ရေစီးသံသည် ကာရန်ညီကြသောအခါ သစ်ရွက်များက ငြိမ့်ငြိမ့်လေးကြွေကာ သူ့ဘေးတွင် ဝဲ၍ကကြသည်။

သစ်ရွက်လေးများလှုပ်တိုင်း ရေစက်မှုံလေးများကလည်း ဖွာ၍ကျကြလျှင် သူ့ဘေးမှာ စိန်တွေဖြန့်ကြဲ၍ နေကြပြန်သည်။

နောက်တစ်ခါ သူ ပြန်၍ရယ်လိုက်သည်တွင် အိပ်ရာမှ လန့်နိုးရပြန်သည်။

ဩော် ဘဝဆိုတာ အိပ်မက်မက်ရသည်မှ ကောင်းပါသေး၏။ အိပ်မက်လို မိန်းမော၍ စိတ်ကူးယဉ်ရသည်ကမှ တော်ပါသေး၏။ နဖူးတွေ့ ဒူးတွေ့ တွေ့လိုက်လျှင် ဘာမှ မကောင်းပါလား။

စမ်းချောင်းကို မသွားရသည်မှာ ၇-ရက် ပြည့်တော့မည်။ မိုးသည်းလွန်း၍ စမ်းချောင်းလေးကလည်း လှပချင်မှ လှပတော့မည်။ ကျောက်ခဲလေးများပေါ်မှာ ပြေး၍နေချင်သည်။

အလုပ်ကို မှန်မှန်ကြိုးစား၍ လုပ်နေပေမယ့် မလေးနုသည် အရင်လို ဟတ်ဟတ်ပတ်ပတ်မရယ်လှပေ။ ယနေ့ ဆေးခန်းကများ ပြန်လျှင် နေသာပါစေ။ ခုနေများ ပူပူနွေးနွေး နေရောင်ကိုသာ မြင်ရလျှင် သူသည် စမ်းချောင်းကို ပြေး၍သွားမည်။ ဘာပဲဖြစ်ဖြစ်





ဖြစ်ချင်ရာဖြစ်စေတော့ သူ့ဘဝကို သူ မကျေနပ် ဖြစ်နေသည်မှာကြာပေပြီ။

"ငါ့ကို ဘယ်တော့များမှ လူတွေဟာ နားလည်ပါ့မလဲ"

သူသည် အရင်က ငိုခဲ့မိသည်။ ယခုတော့ ငိုရမှန်းများသောအခါ ရှိုက်၍ပင် မရတော့ပေ။

တော်ပေသေး၏။ မြို့မှာလိုတော့ ယခုနေရာမှာ လူမများပေ။ လူထက် သစ်ပင်နှင့် တောင်တွေသာ ပို၍များသည်။ ပန်းပွင့်လေးတွေ၊ စမ်းချောင်းလေးတွေကလည်း လူထက် သာသည်။ သူတို့နှင့် တွေ့ဆုံရခြင်းသည် လူနှင့် တွေ့ရသည်ထက် စိတ်ချမ်းသာသည်။

ဒါပေမယ့် သူနှင့်အတူ ပါလာကြသည့် ဤလူ ၂၀-လောက်ရှိ အဖွဲ့သားများကလည်း သူ့ကို နားလည်ကြပုံမပေါ်။

မလေးနုသည် သူ့တွင်အပြစ်ရှိသည်ကို မနားလည်ခဲ့ပေ။ ခဏခဏဆိုသလိုတော့ လူ့အဖွဲ့အစည်းများမှ ထွက်၍ ပြေးလာခဲ့ပေါင်းများခဲ့လေသည်။

ယခုလည်း လွတ်မှ လွတ်ပါစေတော့ သဘောနှင့် သူသည် အဝေးဆုံးကို ပြေးခဲ့သည်။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးပေပဲ။ ယခု တောနက်ရာကို ရောက်ခဲ့၏။ သူမဝင်ဆံ့သော လူ့အဖွဲ့အစည်းများမှ ကျွတ်လွတ်ခဲ့လေပြီ။

မလေးနုသည် ဘဝ သက်တမ်းအားဖြင့် ငယ်သေးသည် မှန်၏။ လောကကို သူဝင်ဆံ့သမျှ ခေါင်းပြု၍ကြည့်တိုင်း သူ့ခေါင်းကို ဘူနှင့်ရိုက်ကြ၏။ ယခုတော့ သူသည် ဘာကိုမှ မကြည့်ရဲသလို ကြောက်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်သူဖြစ်၍ ခဏခဏ လွမ်းဖွယ်ကောင်းသော ပြင်ဦးလွင်ကိုလည်း အောက်မေ့မိ၏။

အိပ်ပျော်သွားတိုင်းလည်း သူ့ဝိညာဉ်မှာ ပြင်ဦးလွင်ကို ရောက်အောင် သွားတော့သည်။ ယူကလစ်ဆီနံ့ သင်းသောလေကို ရှူရှိုက်ရခြင်းကိုက စိတ်ကို ပို၍လန်းဆတ်သည်။ ယခင်ကတော့ မြက်ခင်းပြင်ပေါ်တွင် သူသည် ပြေးခုန်ကစားခဲ့၏။ တောတောင်များပေါ်တွင် သီချင်းဟစ်၍ ဆိုခဲ့သည်။ ဘာပဲဖြစ်ဖြစ် နေရထိုင်ရသည်မှာ ပွင့်လင်းလှပါကလား။

ပြင်ဦးလွင်က ထွက်လာကတည်းကိုက ဘာမှ မလွတ်လပ်။ လူလူချင်းပင် ရဲရဲမကြည့်ရပေ။ အမေ့ကို အောက်မေ့ရသည်မှာ လွန်ပါရော။ အမေ့ဆီကို ပြန်သွားချင်သည်။ အမေသည် သူ့အကြောင်းကို အကုန်သိသည်။ အမေနှင့် တွေ့နေရသည်က ဘာပဲဖြစ်ဖြစ် အဆင်ပြေသည်။ အမေ့ရင်ခွင်လို ဘယ်နေရာမှ မသာယာတော့ပါကလား။

ပြင်ဦးလွင်မှာ နယ်ကျဉ်းလွန်းလှသည်။ ဝမ်းရေးအတွက်တော့ အကွက်မများလှပေ။ သူ့မှာလည်း ၁၀-တန်း အောင်သည်ကလွဲ၍ ဘာ့မှ ဖြစ်ဖြစ်မြောက်မြောက် မရှိပေ။

သူ့နာပြုလက်မှတ် မရဘဲ သူ့ကို ဆရာမလေးအဖြစ် ခန့်ထားသော ဒေါက်တာ ပေါလ်ကိုလည်း တစ်ခါခါလွမ်းမိ၏။ လက်မှတ် မရှိပေမယ့် စေတနာရှိသည်ကို ပေါလ်တစ်ယောက်ကပဲ နားလည်သည်။

မန္တလေးတွင် နှစ်ဝက်လောက်ပင် I.C.S တွင် သင်လိုက်သည်။ ဆေးပညာအခြေခံဆို၍ သူ့တွင် ဒါပဲရှိသည်။

ပြီးစာပေ



ဒါပေမယ့် ပေါလ်၏ စေတနာနှင့် ပေါင်းလိုက်သောအခါ သူသည် တကယ့်ဆရာမနှင့် တူလာသည်။ ပေါလ်သည် အပြင်တွင် သီးသန့်ဆေးခန်း ဖွင့်ထားသူ ဖြစ်လေသည်။

အမေကလည်း ကလေးများ မွေးလိုက်သည်မှာ တစ်ပုံကြီး။ မလေးနုသည် တစ်ခါတစ်ရံတွင် သူ့အောက်အငယ်တွေ မည်မျှရှိသည်ကို မရေချင်တော့ပေ။

မောင်နှမသားချင်းက များလာသလောက် ဝင်ငွေလေးက နည်းသွားသည်။ အမှန်တော့ ဝင်ငွေလျော့သွားသည် မဟုတ်ပေ။ လူများလာ၍ မလောက်ခဲ့ခြင်း ဖြစ်ပေသည်။

ပေါလ်မှာ သူ့အဖြစ်ကို နားလည်ပေမယ့် လခကို တိုးမပေးနိုင်ပေ။ သူကိုယ်တိုင်က လူနာတွေ အမြောက်အမြား ကုသရသလောက် စေတနာဝန်ထမ်းက များနေလေသည်။

အမေ အိုမင်းလာ၍ ကလေးမမွေးပြန်တော့လည်း ကြီးပြင်းစပြုလာသည့် ဒီကလေးတွေ၏ ပညာသင်ရေးနှင့် ဝတ်ရေးစားရေးတွေမှာ သူ့ခေါင်းတွင်း လေး၍လာသည်။

သူသည် ဘာကိုမှ တာရှည်တွေး၍မနေပေ။ တွေးနေတော့လည်း စိတ်ချမ်းသာတော့မည်မှ မဟုတ်ဘဲ။ အလုပ်ကပြန်လျှင် မိုးစုတ်စုတ်ချုပ်အောင် လည်၏။ သို့သော် သူလည်သည်မှာ လူတွေဆီသို့မဟုတ် အိမ်နောက်ဖေးရှိ တောတန်းကို ပြေး၏။ တောစပ်သို့ ရောက်လျှင် သူ့ဆိုင်ကယ်ကို သစ်ပင်တွင်ထောင်၍ သူသည် မြက်ခင်းပေါ်တွင် လှဲလိုက်၏။ တစ်ခါတစ်ရံ ပက်လက်လှန်ပြီး ခေါင်းပေါ်ရှိ သစ်ရွက်ကို ရေမိသည်။

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်များလှုပ်ရှားတိုင်း သူသည် သီချင်းကို ဟစ်၍ ဆို၏။ ပျော်လိုက်သည်ဖြစ်ခြင်း။ သီချင်းသံမှာ တောကို ပဲ့တင်ထပ်၍ ပြန်လာသောအခါ မြိုင်လှသည်။ လက်ခုပ်ကို အားရပါးရတီး၍ ဟက်ဟက်ပက်ပက် ရယ်ရသည်ကလည်း အရသာ ရှိလှသည်။

တစ်နေ့လုံး ဒေါက်တာနောက်မှ လိုက်ရ၍ လူနာများကို ကြည့်ရသည်။ နွမ်းနယ်မှုများမှာလည်း အားလုံး ပျောက်ကုန်တော့သည်။

သူတို့အိမ်မှာ တဲတန်းလျားရှည်ကြီး ဖြစ်ပေမယ့် မြက်ခင်းများ ဝိုင်းနေသည်။

မိုးဦးကျလျှင် မြေနိမ့်ပိုင်းများမှာ ရေဝပ်၍နေတတ်သည်။ မိုးစိုလျှင် တစ်တောလုံး စိမ်း၍လာသည်။ သူသည် တောစပ်မှ အိမ်ဘက်ကို ငေးရသည်မှာ အရသာ ရှိလှသည်။

ဖျိုင်းအောက်များက ရေစပ်ကွင် တရွေ့ရွေ့ လျှောက်နေကြသည်။ မြက်ခင်းကြားထဲတွင် ဖျိုင်းတွေမှာ ပန်းပွင့်ဖြူကြီးများ လေရှိန်နှင့် ရွေ့နေသလို ထင်ရသည်။ မြက်ခင်းထောင့်တွင် သူတို့ အိမ်လေးက ပန်းချီဆန်လှသည်။

ဒါပေမယ့် မိုးဦးစကို ပြန်လည်တွေးတောမိတိုင်း မျက်ရည်က ဝိုင်းရပြန်သည်။

ချစ်ရသည်ဆိုသည်မှာလည်း ကောင်းပါ၏။

ချစ်ခြင်းသည်လည်း မြတ်ပါ၏။ ဒါပေမယ့် ကွေ့ကွင်းရခြင်းကြောင့် ခံစားရသော ဝေဒနာမှာလည်း မသက်သာလှပေ။

ဒါလောက် ဆင်းရဲတောင့်ဆင်းရဲနှင့် လုပ်ကိုင် ရှာဖွေစားသောက်ရသော ခန္ဓာကိုယ်တွင် 'အချစ်'ဝင်၍ ခိုအောင်းရသည်ကို သူသည် တစ်ခါတစ်ခါ အံ့သြမိ၏။





ကိုဖေအောင်ကို ချစ်စဉ်ကလည်း အမှန်အတိုင်း ဝန်ခံရလျှင် သူ့ကို အားကိုးစိတ်၊ ခိုကိုးလိုစိတ်များ လုံးဝမရှိခဲ့ပေ။ သူ၏ ဆင်းရဲချို့တဲ့မှုများကြောင့် ကိုဖေအောင်ထံမှ ငွေကြေးကို သူသည် ယောင်၍မျှ မတွက်မိပေ။

တောစပ်ကို သူပြေးလာတိုင်း ခပ်လှမ်းလှမ်းတွင် ကိုဖေအောင်ကို တွေ့ရတတ်သည်။ တစ်ညနေ မိုးများသည်းတုန်းတွင် သူသည် တောစပ်မှ မပြန်နိုင်ပေ။ သစ်ပင်ရင်းတွင် ထိုင်၍နေရသည်။ သစ်ရွက်များက စိပ်နေ၍ မိုးပေါက်များ သူ့ကိုယ်ပေါ်ကို အကျသက်သာပေသည်။

ထိုညနေက ကိုဖေအောင်သည် သူ့အနားကို ရောက်လာသည်။

"မိုးရေတွေစိုကုန်ပြီ"

မလေးနုသည် မော်၍မကြည့်ခင်ကပင် ကိုဖေအောင်မှန်း သိပြီးဖြစ်သည်။ ပြင်ဦးလွင်ရှိ လူများအားလုံးကို အိမ်ပေါက်စေ့ မတတ် သူကသိသည်။ သူသည် ကိုဖေအောင်ကို မော့၍ စေ့စေ့စပ်စပ်ကြည့်၏။ ဘယ်တော့မဆို မလေးနုသည် ကြည့်ပုံကအစ ရဲတင်းသည်။ စကား ပြန်ပြောချင်ပေမယ့် ပြော၍မရ။ ခဏတော့ ငေး၍နေမိသည်။ ပြီးတော့ လွတ်ခနဲ ထွက်သွားမိသည်။

"ရှင်ဟာ တော်တော်ချောတဲ့လူပဲ"

သူသည် ပြောရင်း မတ်တတ်ရပ်ကာ အားနာသလို ဖြစ်သွားမိ၏။ ကိုဖေအောင့်မျက်နှာကို မကြည့်ရဲသလို ဖြစ်လာပြန်သည်။

"မင်း စကားပြောတာ ရှင်းလိုက်တာ။ ရေတွေသိပ်စိုတုန်းမို့ မိုးကာကို ယူပါလား"

မလေးနုသည် စိတ်ပျက်သွားသည်။ သူ့ဝမ်းထဲရှိသည်တို့ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍များ မြှုထား၍ မရပါလိမ့်။ အတွေးနှင့် အပြောမှာ တပြိုင်နက်တည်း ကျ၍သွားသည်။

"ကျွန်မမျက်စိထဲမှာ လှလို့ လှတယ်ပြောတာနော်၊ အထင်တော့မလွဲပါနဲ့"

"မလွဲပါဘူးကွယ်၊ ကိုယ်က အဲဒီလိုပြောတာ သဘောကျပါတယ်"

"ကျွန်မမှာတော့ ဝေဒနာလိုပဲ ဖြစ်နေတာပဲ။ စိတ်ထဲမှာ တွေးမိတိုင်း တပြိုင်နက် ပြောလိုက်ရမှ။ ရှင်က သူစိမ်းဖြစ်နေတော့ ပြောမိတာကို အားနာနေတယ်"

"မင်းကသာ သူစိမ်းထင်နေတာပါ။ ကိုယ် ဒီတောစပ်ဘက်ကို လျှောက်လာတိုင်း မင်းကို မြင်နေသားပဲ"

"ကျွန်မကလည်း ရှင်ဟာ ကိုဖေအောင်ဆိုတာတော့ မြို့ထဲမှာ သိနေသားပဲ၊ ဒါထက်တော့ ဘာမှ ပိုမသိဘူး"

ကိုဖေအောင်သည် ပြုံး၍ သူ့ကို မိုးကာအင်္ကျီ လှမ်းပေးလိုက်သည်။ အမှန်တော့ မိုးကာအင်္ကျီမှာ မလိုတော့ပေ။ မိုးစဲသွား၍ အနောက်တွင် နေရောင်မှာ လင်းလာသည်။ မိုးသားစင်စပြု၍ ဝါနေသောရောင်ခြည်မှာ သစ်တောထိပ်များကို လွှမ်းနေသည်။

"ကျွန်မ မလိုချင်တော့ဘူး မိုးစဲသွားပြီ"

"မင်း ပြန်တော့မလို့လား ကိုယ့်မှာ ထီးလည်းပါတယ်"

သူသည် ထီးကို လှမ်းကြည့်၍-

"ကျွန်မမှာ ထီးဝယ်စရာတောင် ပိုက်ဆံ မရှိဘူး"

သူတို့နှစ်ယောက် တောစပ်မှ ထွက်လာချိန်တွင် နေရောင်မှာ ဝါ၍လာသည်။ မြက်ခင်းများမှာ နင်းလိုက်တိုင်း ရေတွေစင်၍





ထွက်လာ၏။ အဝေးတွင် ဗျိုင်းတစ်အုပ်သည် နေခြည်ထဲမှာ မြူးနေသည်။

"သိပ်လှတာပဲနော်၊ မိုးရွာပြီးမှ နေရောင်ဟာ ပိုလှတယ်"

ကိုဖေအောင်သည် သူ့ကို ထီးမိုး၍လျှောက်ရင်း ပြောလာသည်။

"မင်းတို့အိမ်က ဘယ်မှာလဲ"

"ဟိုထောင့်ကမြင်ရတဲ့ တဲတန်းပေါ့၊ ကျွန်မတို့မှာ မောင်နှမကများတော့ သိပ်ဆင်းရဲတာပဲ"

ကိုဖေအောင် ပြုံး၍ နေပြန်သည်။

"မိန်းကလေးရယ် မင့်ဝမ်းထဲမှာ ဘာမှ ဝှက်မထားဘော့ပါလား၊ ကိုယ်ဖြင့် ဒါမျိုးကို သိပ်ချစ်တာပဲ"

မလေးနုသည် မဲ့လိုက်၏။

"မကြောင်းမထူးတဲ့ အဖြစ်တွေကို ဘာလို့ ဝှက်ထားရမှာလဲ၊ ရှင်နဲ့ ကျွန်မ ခုမိတ်ဆွေဖြစ်ကြပြီပဲ၊ ဟန်လုပ်ပြောနေလည်း ပိုနေတာပဲ"

"အေးပေါ့၊ ကိုယ်ဖြင့် ဒီညနေ သိပ်ပျော်တာပဲ၊ ကိုယ့်မှာ မိတ်ဆွေလည်း တိုးလာတယ်"

သူတို့နှစ်ယောက်သည် တဲဝင်းထဲကို ရောက်လာသည်။ တံစက်မြိတ်တွင် ရေစက်လေးများ ကျနေတုန်းဖြစ်သည်။ အထဲတွင် မှောင်နေ၍ အမေသည် မီးတိုင်ကို ထွန်းနေသည်။

"မိန်းကလေး မိုးမိနေပြီထင်တယ်"

"ဟုတ်တယ်အမေ ဒီက ကိုဖေအောင် လိုက်ပို့လို့ပဲ"

လေးနုသည် တဲဝတွင် ထီးကိုပိတ်၍ ပြန်ပေးလိုက်သည်။ အမေသည် တဲဝထိလျှောက်လာ၍ ကိုဖေအောင်ထံ လာကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမေ့ကို ပြုံး၍ နှုတ်ဆက်ရသောအခါ ပို၍လှသည်။ သူ့မျက်လုံးတွေမှာ အစဉ် ရီနေသလိုဖြစ်သည်။

"ကျွန်တော်လည်း မိုးချုပ်နေမှာစိုးလို့ ခွင့်ပြုပါဦး"

သူတို့အားလုံးကို နှုတ်ဆက်၍ ကိုဖေအောင်သည် တဲဝင်းထဲမှ ထွက်သွားသည်။

"ဒီသူငယ်က သမီးရဲ့မိတ်ဆွေလား"

"ဆိုပါတော့ ခုမှဆုံမိကြတယ်။ သမီးကတော့ အားလုံးကို သိပါတယ်။ သူ သစ်တောဝန်ထောက် ကိုဖေအောင်ပေါ့။ သူကတော့ ခုမှပဲ သမီးကို သိတယ်"

အမေသည် ဘာမျှ မပြောတော့ဘဲ တဲနောက်ဖေးခန်းကို ဝင်သွားသည်။ ကောင်လေးများ ကောင်မလေးများမှာ အိမ်လယ်က မီးတိုင်အောက်တွင် စကားပြောနေကြသည်။

"လေးလေး ပြန်လာပြီဟေ့"

သူတို့ထဲမှ တစ်ယောက်က လှမ်းအော်ပြောလိုက်သည်။

"လေးလေး နောက်ပြီးတော့မှ စာကျက်မယ်၊ အခု လေးလေး ထမင်းစားတဲ့နေရာကို လာချင်တယ်"

သူတို့အားလုံးသည် မလေးနုနားကို ဝိုင်းလာသည်။

"ကဲ လာကြ"

မလေးနု ထမင်းပွဲတွင် သူတို့ဝိုင်း၍ တစ်ယောက်တစ်ပေါက် ပြောကာ တဝါးဝါးရယ်နေကြသည်။

အမေကြော်ပေးသော ဘဲဥကြော်ကပဲ အရသာရှိ၍လား၊ ကလေးတွေကပဲ ပျော်စရာကောင်း၍လားမသိ။ ယနေ့ညနေစာမှာ စား၍ကောင်းလှ၏။





မီးတိုင်အောက်တွင် ကလေးများမျက်နှာ ကြည်ကြည်လင်လင် ရှိသည်။ ဒီလိုရှိလျှင်ပင် ကျေနပ်လှပေပြီ။ တစ်ယောက်များ နေမကောင်းလိုက်လျှင် ငွေကုန်လှသည်။ သူတစ်ယောက်သာ စစ်မဖြစ်ခင်က ခရစ်ယာန် သာသနာပြုကျောင်းတွင် အလကားနေခဲ့ရသည်။ ကလေးများမှာ စစ်ဖြစ်တုန်း မွေးဖွားကြီးပြင်းလာရ၍ စာသင်ရသည်မှာ ဘယောက်ဘယက် နိုင်လှသည်။ ညတိုင်း ကလေးများကို အင်္ဂလိပ်စာလည်း ပြရသေးသည်။

ကလေးများနှင့် ခွဲလာခဲ့ရသည်မှာလည်း ရင်ထဲတွင် ဟာလှသည်။ ဘာပဲဖြစ်ဖြစ် မိသားစု ပျော်ပျော်ရွှင်ရွှင် နေခဲ့ရသော တဲတန်းလျားကြီးကို အောက်မေ့လှသည်။

\+ + +

ညနေတိုင်းတွင် ကိုဖေအောင်နှင့် တွေ့ကြသော တောစပ်သည် ယခင်ကထက် ပို၍စိုပြည်လာသည်။ ချစ်ရောင်ခြည်သည် ပတ်ဝန်းကျင်ကို လွှမ်းမိုးလာသောအခါ မြက်ခင်းသည်ပင် မြကော်ဇော အဖြစ်သို့ ရောက်လာတော့သည်။

တော၏အလှရိပ်တွင် ယခင်လို တစ်ယောက်ချင်း ဆိတ်ငြိမ်၍ မနေကြရတော့။ ပြောစရာစကားများကလည်း ပါးစပ်ဖျားမှာ အစဉ်တိုးဝေ့၍ ဘယ်တော့မှ မကုန်ခမ်းတော့ပါတကား။

မလေးနုသည် ပန်းပန်ဖို့ ဝါသနာမပါပေမယ့် ကိုဖေအောင်က တောပန်းခရမ်းရောင်များကို သီပေးသောအခါ သူသည် ဝေဝေဆာဆာ ပန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နဖူးမှာ အလှတွေအများကြီး ရှိတာပဲ။ နုက ကိုယ့်အလှကို လည်း မဖော်တတ်ဘူး"

မလေးနုသည် ဟက်ဟက်ပက်ပက် ရယ်၏။

"ဒါပေမယ့် ဘယ်တော့မျှားမှ အလှကို အချိန်အားယူပြီး သရုပ်ဖော်နိုင်မယ် မသိဘူး။ ခုတော့ အချိန်အားကို မရှိလှဘူး။ တကယ်တော့ ကိုဖေအောင်ရယ် ကျွန်မဟာ သိပ်ပင်ပန်းတာပဲ"

သူသည် ခပ်ဟိုက်ဟိုက် ပြောနေသည်။

"ကိုယ်နဲ့ အတူနေတဲ့အခါ နုအတွက် အနားယူချိန်ပေါ့"

မလေးနုသည် ငြိမ်၍ အကြာကြီး စဉ်းစားနေရာမှ-

"ဘယ်လိုမှ မပြောနိုင်သေးပါဘူး၊ ဘာပဲဖြစ်ဖြစ် စိတ်ကူးယဉ်တာပဲ ကောင်းပါတယ် အချစ်ရယ်၊ ပြီးတော့ နဖူးတွေ့ဒူးတွေ့ တွေ့ကြရတော့ စိတ်ကူးယဉ်သလိုတောင် ကောင်းမှာ မဟုတ်ဘူး"

သူသည် ခပ်လေးလေး ပြော၍ မြက်ရွက်ကလေးများကို ချေနေသည်။ ကိုဖေအောင်မှာ သူ့စကား နားမလည်နိုင်လောက်အောင် ဖြစ်သွားတော့သည်။

နေရောင် မှိန်သွားသောအခါ နှစ်ယောက်လုံး တောစပ်ကို ဖြတ်၍ လျှောက်ပြန်ကြရသည်။

မလေးနုစိတ်တွင်တော့ သူလုပ်နေသည်မှာ အိပ်မက်ထဲကလိုပဲ ထင်သည်။ တကယ်အစစ်အမှန်ပဲ ဟူ၍ သူမထင်ပေ။ သူ့စိတ်ကို လည်း သူ အံ့ဩမိ၏။

ဆောင်းဦးပေါက်တုန်းက တောစပ်တွင် မြူတွေဆိုင်း၍နေသည်။ သူ့ဆွယ်တာ အနွမ်းကလေးမှာ အအေးကို ကောင်းကောင်း မလုံပေ။





ကိုဖေအောင်က သူ့ကို အင်္ကျီတစ်ထည်ပေး၏။ အမှန်တော့ ရင်ခွင်ထဲသွင်း၍ သူ့ကို ထွေးထားချင်သည်။ သူသည် ဒါတွေကို မကြိုက်ပေ။ ဘာကိုမှ မတွေ့ပါရစေနဲ့ဟု သူက တောင်းပန်သည်။

နောက်တစ်နေ့ ဆေးတိုက်သို့သွားချိန်မှာ နည်းနည်းနောက်ကျ နေသည်။ အမေနေမကောင်း၍ ဈေးသွားပေးခဲ့ရသည်။ သူ ဆေးတိုက်ထဲသို့ ဝင်ချိန်တွင် ဒေါက်တာပေါလ်ကို မတွေ့ပေ။

သိမ်းစရာရှိသည်များကို သိမ်းဆည်းနေတုန်းပင် ဒေါက်တာ မှာ အပြင်မှ ပြန်လာသည်။

"ကျွန်မ နောက်ကျနေတယ် ဒေါက်တာ၊ အမေ နေမကောင်းလို့"

"ဗဟ ငါများ လိုက်ဖို့လိုသေးလား"

"ကိစ္စမရှိပါဘူး"

"အေး၊ ငါတော့ တစ်မနက်လုံး မြို့ထဲလှည့်ခဲ့တယ် မိန်းကလေး၊ ကိစ္စတွေ ပြီးပလား၊ လာကွယ် ထမင်းစားခန်း သွားရအောင်၊ တစ်ခုခုစားရင်း တို့ စကားပြောရင် ကောင်းမယ်"

မလေးနုသည် အံ့ဩသွားသည်။ အပြင်ဆေးခန်းတွင် ဘယ်တော့မဆို တစ်ယောက်ယောက်ရှိရသည်။

"ဒီမှာ ဘယ်သူနေရစ်မလဲ ဒေါက်တာ"

"ကိစ္စမရှိဘူး၊ မနက်က ကွန်ပေါင်ဒါနဲ့အတူ လူနာတွေဆို ကြည့်ပြီးပါပြီ"

ဒေါက်တာသည် ပြောရင်း နောက်ဘက်အခန်းသို့ ဝင်သွား တော့သည်။

မလေးနု ရောက်လာချိန်တွင် စားပွဲမှာ ပေါင်မုန့်ကြက်ဥ



www.burmeseclassic.com

www.burmeseclassic.com



ကြော်ရောက်နေလေသည်။ ကရားထဲမှ ကော်ဖီနံ့ကလည်း စားပွဲပေါ်တွင်သင်းနေသည်။

"ကဲ မလေးနုရေ ကော်ဖီသောက်"

ဒေါက်တာသည် ကော်ဖီထည့်ပေးရင်း ခဏမျှစဉ်းစားနေသည်။

"မြို့ထဲမှာ မင်းသတင်းဟာ သိပ်လွှင့်နေတာပဲ"

"ဘာသတင်းတွေလဲ၊ ကျွန်မကိုယ်လည်း ကျွန်မ မသိရပါလား"

"အေးလေ၊ ကိုယ့်အဖို့တော့ မင်းက သမီးပါပဲ၊ မင်းအဖြစ်ကို ကိုယ်သိပါတယ်၊ မင်းတန်ဖိုးကိုလည်း ကိုယ် နားလည်ပါတယ်"

မလေးနုမှာ ဘာပြောရမည်ကို နားမလည်ပေ။

"မောင်ဖေအောင်နဲ့ မင်း နောက်ဘက်ကတောမှာ ခဏခဏ တွေ့ကြတယ်မဟုတ်လား"

"ဟုတ်တယ်"

"အေးကွယ်၊ တတ်နိုင်ရင် နောင် မတွေ့ပါနဲ့လား"

မလေးနုသည် ပါးစပ်ဟကာ ငေးသွားသည်။

"ဘာဖြစ်လို့လဲ ဒေါက်တာ"

"ခုလိုတွေ့ကြလို့ နောင်မှာ အဆင်ပြေသွားကြမယ် ဆိုရင်တော့ တွေ့တာဟာ ကောင်းတာပေါ့"

"ဒီလိုဆိုတော့ ဒေါက်တာ့စိတ်ထဲမှာ နောင် အဆင်ပြေဖို့ ခဲယဉ်းတယ်လို့ ထင်လား"

"အေး"

"ကျွန်မကလည်း ထင်တာပဲ၊ ဒါကြောင့် အဆုံးသတ်ကို မစဉ်းစားဘူး၊ အဆုံးသတ်အတွက်လည်း မစိုးရိမ်မိဘူး"





"ဒါနဲ့များ မိန်းကလေးရယ်၊ ဆုံးမယ်မထင်တဲ့ ဇာတ်လမ်းကို ဘာလို့ ဆက်ကချင်တာလဲ"

မလေးနုသည် ခဏငိုင်၍ အသက်ပြင်းပြင်း ရှူလိုက်သည်။

"ကျွန်မ တစ်ခါတစ်လေလည်း စိတ်ကူးယဉ်ပါရစေ၊ နှစ်ဆယ့်လေးနာရီလုံး အလုပ်ချည်းပဲ ဖြစ်နေရရင်တော့ လူ မဟုတ်တော့ဘူး။ ပြီး - သူကလည်း ကျွန်မကို နားလည်တယ်၊ နားလည်တဲ့လူချင်း ဒီလိုနေရာတွေမှာ စကားပြောရ၊ တွေ့ရတာဟာ စိတ်သက်သာတယ်၊ သာလည်း သာယာတာပဲ။ လူနာတွေကလွဲလို့ ကျွန်မမှာ အဖော်လည်း သိပ်မရှိပါဘူး"

"မင်းအဖော်တွေကပြောတဲ့ မင်းသတင်းကလည်း ကြောက်စရာပဲ"

"ဟင်း"

"အဟုတ်ပဲ၊ မင်းဟာ ကလေကချေ သွားချင်ရာ သွားနေတာတဲ့၊ မင်းကြည့်ပုံ၊ စကားပြောပုံတွေက ရဲတင်းလွန်းလို့ သူတို့ယောကျ်ားတွေနဲ့တောင် စကား မပြောစေချင်ဘူးတဲ့"

"အို ကျွန်မက ဘာမှ ဂုဏ်ထားတတ်တဲ့ မိန်းကလေးမှ မဟုတ်ဘဲ"

"အေး၊ ဒါကြောင့်ပေါ့၊ သူတို့အားလုံးက မင်းကို သဘောမပေါက်ဘူး၊ မောင်ဖေအောင်တို့ မိဘတွေကဆို မင်းကို မိန်းမပျက် တစ်ယောက်လို့ ထင်နေတယ်။ ကိုယ်နဲ့ တစ်နေ့မှာ စကားဆုံမိကြရင်း ပြောကြတာပဲ။ ကိုယ်ဖြင့် ရန်ဖြစ်မှာစိုးလို့ မြန်မြန်ထလာခဲ့တယ်။ ကိုယ်က မင်းဘက်က ကာကွယ်လွန်းတော့ ကိုယ်နဲ့များ ပေါင်းရဲ့လားတဲ့"



www.burmeseclassic.com

www.burmeseclassic.com



မလေးနုသည် လက်ထဲမှ ပန်းကန်ကို လွှတ်ချလိုက်သည်။

"ကျွန်မဘဝကိုက သွားရလာရ လုပ်ရတာပဲ။ ဒေါက်တာ... သိတဲ့အတိုင်းပဲ"

"အေးလေ ကိုယ်ကတော့ နားလည်ပြီးသားပါ။ မင်း... ဘယ်သူနဲ့မဆို ရဲရဲတင်းတင်း ဆက်ဆံတာကိုပဲ သူတို့က လက်ခံ... နိုင်ဘူးထင်ပါရဲ့"

မလေးနုသည် စိတ်တော်တော်ပျက်သွားသည်။ စားပွဲ... ထသွား၍ အလုပ်လုပ်ရင်း ရင်ထဲတွင် တနင့်နင့် ဖြစ်လာသည်။ ဖြောင့်... သမားမှာ ဖြောင့်တွေ့ချင်ပေမယ့် အတင်းပြောသည် ဆိုသည်... ကွယ်ရာကျမှ အပြောခံရလေသည်။

သူသည် ဘယ်တုန်းကမှလည်း ဘယ်သူနှင့်မှ မဖောက်ပြ... ခဲ့ရပါကလား။ ကိုဖေအောင်နှင့် တွေ့ကြရခြင်းမှာလည်း စိတ်... သဘောတူ၍ စိတ်ချင်း ပူးပေါင်းလိုက်သည်မှလွဲ၍ သူ ဘာ... မဖြစ်သေးပေ။

ညနေတွင် ဆေးတိုက်မှပြန်လာရင်း တစ်လမ်းလုံး ဘယ်... ကိုမှ မကြည့်ချင်ပေ။ သူသည် ကိုဖေအောင်ကို တွေ့စဉ်ကလည်း... ကိုဖေအောင် တစ်ယောက်တည်းကိုသာ စဉ်းစားခဲ့သည်။

သူ့စိတ်ကူးထဲတွင် ဇာတ်လိုက်ရော ဇာတ်ဆောင်များ... တစ်ယောက်တည်း ဖြစ်ခဲ့သည်။ ယခုတော့ မိဘတွေ ဘာတွေ... ပါလား။ အသိုင်းအဝိုင်းဆိုသည်များ ရှိကြသေးသကိုး။

အိမ်ရောက်လျှင် အမေက နေကောင်းနေသည်။

"အမေ ဘယ့်နဲ့နေသလဲ"

"ခေါင်းပဲ အုံ့နေတော့တယ်၊ ကဲ သမီး လမ်းလျှောက်ဦးမလား





ဘလေးတွေကို ထမင်းကျွေးတော့မယ်"

"ကျွေးပါအမေ၊ ကျွန်မကို မစောင့်နဲ့၊ သမီး အပြင်သွားလိုက်ဦးမယ်"

သူသည် ဆိုင်ကယ်ကိုဆွဲ၍ တောစပ်ဘက်သို့ ထွက်လာသည်။ နွေဦးပေါက်ဖြစ်၍ တောရနံ့မှာ သင်းနေသည်။ နေရောင်ထဲတွင် သစ်ရွက်ဝါများ ကြွေနေကြလေသည်။

မလေးနုသည် မြက်ခင်းတွင်ထိုင်ရင်း ကိုဖေအောင်ကို မျှော်မိ၏။ နေ့တိုင်းဆိုလျှင် သူ အစောကြီး ရောက်နှင့်နေသည်ကို တွေ့ရသည်။

ရင်ကပ်ပန်းပွင့်များသည်။ သူ့အနားတွင် ဝင်းနေသည်။ တစ်တောလုံး ရွှေရောင်တောက်နေသလို နေခြည်ကလည်း ဝါဖျော့ဖျော့၊ သစ်ရွက်များကလည်း ရွှေရောင်သန်း၍ ရင်ကပ်ပန်းကလည်း ထိန်နေသည်။ ဆောင်းတုန်းက ခရမ်းရောင်ပွင့်များလည်း မရှိကြတော့ပေ။ သူသည် ပန်းများကို ချစ်ပေမယ့် မပန်ချင်ပေ။ ယခုလို တစ်ယောက်တည်း ဖြစ်နေတော့လည်း ကိုဖေအောင်ကို အောက်မေ့လာသည်။ ရင်ကပ်ပန်းများကို ယခုနေများ သီပေးလျှင် သူ ပန်လိုက်ချင်သေးသည်။

အဝေးမှ ကိုဖေအောင်သည် သူ့ထံကို လျှောက်လာသည်။ ရင်ထဲမှာ တဒိန်းဒိန်း ခုန်၍နေသည်။ ယခင်နှင့် မတူပါသော ကိုယ်တွေ့လိုသော ချစ်သူကိုပင် သူ ကြောက်၍နေသည်။

"ဒီနေ့ ကိုယ် နောက်ကျသွားတယ်နော်"

ကိုဖေအောင်သည် သူ့ဘေးမှ ကပ်၍ထိုင်သည်။ မလေးနုသည် အနားတွင်ရှိသည့် ရင်ကပ်ပန်းတစ်ပွင့်ကို ချေမွနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတောင် မြို့ထဲကို တစ်ပတ်ပတ်ဦးမလို့၊ ဒါပေမယ့် နေ့ ညနေက သိပ်ပြီးသာယာတာပဲ၊ ပြီးတော့ စိတ်ပင်ပန်းလွန်းတော့ မြို့ထဲကို မသွားချင်တော့ဘူး"

"ဘာကို ပင်ပန်းနေလဲဟင်"

မလေးနုသည် ကိုဖေအောင်ကို စိုက်၍ ကြည့်သည်။ သူ့ နှုတ်ခမ်းလေးများသည် ပြုံးမလိုနှင့် မဲ့လာသည်။

"ကျွန်မတို့ အိပ်မက်ခန်းကို ရပ်ပစ်ရအောင်"

"ဘာလဲ အချစ်ရယ်၊ အရင်လို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

"အိပ်မက်ဆိုတာ ရပ်ချင်တဲ့နေရာ ရပ်သွားတာပဲ၊ တစ်ခါ တစ်လေ ကိုယ်က ဆက်မက်ချင်လို့ ရချင်မှရတယ်၊ ကျွန်မစိတ်ထဲ မှာလည်း ကိုဖေအောင်နဲ့တွေ့ရတာ အိပ်မက်ခန်းလိုပါပဲ။ ဆက် မမက်ရင် စိတ်ချမ်းသာမယ်ထင်တယ်"

"မင်း ဘာတွေကြားလို့လဲ"

မလေးနုသည် မဖြေပေ။ ဘယ်လို ဖြေရမည်ကိုလည်း မသိပေ။

"ကိုယ် လက်ထပ်မယ်ဆိုတဲ့ သတင်းလား"

"ဟင်"

မလေးနုသည် သည်သတင်းကို မကြားသေးပေ။

"အဲဒါကြောင့် ကိုယ် နောက်ကျနေတာပဲ"

"ကျွန်မ အစကမပြောဘူးလား၊ စိတ်ကူးယဉ်တာပဲ ကောင်း ပါတယ်"

"ဒီလိုလည်း မဟုတ်သေးဘူး၊ ကိုယ်က အိမ်ကို ဘာကတိမှ မပေးသေးဘူး"

မလေးနုသည် ပင့်သက်ရှူလိုက်ရင်း-

ပြီးစာပေ



"ဒီညနေ ကျွန်မတို့ စောစောအိမ်ပြန်ရအောင်"

"နေပါဦး၊ ဖြည်းဖြည်းပေါ့"

"ကျွန်မသတင်းတွေကိုကော ဘာမှ မကြားဘူးလား၊ ကျွန်မဟာ ဒေါက်တာရဲ့ မယားငယ် ဖြစ်နေတယ်ဆိုတာ"

"ကိုယ် ဘာသတင်းကြားကြား မယုံဘူး၊ အိမ်ကတော့ မင်း အကြောင်းတွေ မျိုးစုံပြောတာပဲ၊ မင်းဟာ မြန်မာမိန်းကလေး တစ်ယောက်နဲ့ မတူဘူးတဲ့"

မလေးနုသည် ခေါင်းငုံ့၍နေသည်။ ဘာတစ်လုံးမျှ မပြောပေ။ ကိုဖေအောင်မှာ စကားပြောရင်း ရင်ကပ်ပန်းကို တစ်ပွင့်စီ သီနေ ပြန်သည်။ ပန်းကုံးမှာ တော်တော်ရှည်၍လာသည်။ သူသည် ပန်းကုံးကို မလေးနုခေါင်းတွင် စွပ်ပေးရန် မ လိုက်သည်။ မလေးနု သည် ပန်းကုံးကို အသာဆွဲယူ၍ ကိုဖေအောင့်လည်ပင်းတွင် ပြန်၍ စွပ်လိုက်သည်။ ကိုဖေအောင်ကို ကြည့်နေစဉ် မျက်ရည်များ မျက်လုံးမှ စိုလာ၍ အရောင်မှာ တလက်လက် တောက်ပလာသည်။

"ကျွန်မ ကြာကြာမနေချင်တော့ဘူး သွားတော့မယ်"

သူသည် ထိုင်ရာမှထ၍ ဆိုင်ကယ်ရှိရာသို့ ထွက်သွားသည်။ အမှန်တော့ သူသည် ဆိုင်ကယ်စီးရင်း ငို၍ ထွက်လာတော့သည်။ ကိုဖေအောင့်ပတ်ဝန်းကျင်မှာ ရှိုက်သံတွေ ကျန်ရစ်ခဲ့သည်။

အိမ်ပြန်ရောက်လျှင် အမေသည် သူ့ကို စောင့်နေသည်။ ကလေးများမှာ အိမ်ဝင်းအပြင်တွင် ကစားနေသည်။ မလေးနု မျက်လုံးအိမ်တွင် မျက်ရည်များ ရွှဲနေသည်ကို အမေကမြင်ရသည်။

"အမေဖြင့် အစောကြီးကတည်းက ဒီလိုဖြစ်မယ်ဆိုတာ သိ လည်ပါတယ်။ ဒါပေမယ့် သမီးကို တားရမှာ သနားတယ်"

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မလေးနုသည် အမေ့ရှေ့တွင် ဆက်၍မငိုတော့။

"သမီးတို့အဖေ သေသွားကတည်းက မင်းတို့အိမ်ထောင်ရေး အတွက် အမေစိတ်လေးတာပဲ၊ အမှန်တော့ ခုကိစ္စမှာ သမီးစိတ် တင်းနိုင်ရင်ကောင်းမယ်"

"တင်းနိုင်ပါတယ်"

"အေး၊ ဘာဖြစ်လို့လဲဆိုရင် မင်းသားလေးတစ်ပါးက တောသူ လေးကို မိဖုရားမြှောက်တယ်၊ ဝန်ထောက်မင်းဟာ အစေခံမလေး ကို လက်ထပ်တယ် ဆိုတာတွေဟာ ဒဏ္ဍာရီတွေပါကွယ်၊ ပြီးတော့ သမီးရဲ့ဝမ်းရေးအတွက် လုပ်ကိုင်စားရတာတွေကို သူ့မိဘတွေက နားမှမလည်ဘဲ"

"မေမေက ဒါတွေကို အကုန်သိနေသလား"

"သိတာပေါ့ သမီးကျောင်းက ဆရာမကြီးက အားလုံး လာ ပြောတယ်၊ ဆရာမကြီးလည်း မင်းအတွက် စိတ်မကောင်းဘူး သမီးမိတ်ဆွေ မောင်ဖေအောင် လက်ထပ်မယ့်အကြောင်းတောင် ပြောသွားသေးတယ်"

"လက်ထပ်မှာဆိုတာလည်း သေချာတာပေါ့နော်"

"အင်း မိဘတွေ စီစဉ်ပြီးပြီ၊ သူဌေးသမီး တစ်ယောက်ကို စွန့်လွှတ်ပြီး အချစ်ကို လေးလေးစားစားနဲ့ ကိုယ့်ငယ်ချစ်ကိုသာ ယူတယ်ဆိုတာလည်း စိတ်ကူးယဉ်သမားတွေရဲ့ ဝတ္ထုပါကွယ်"

မလေးနုသည် ပြတင်းအနားရှိ သစ်သားတန်းလျားတွင် အသာ ထိုင်၍ ချလိုက်သည်။ သူ ဘာလုပ်ရမည်မှန်း မသိပေ။ တောစပ်ကို မျှော်၍ကြည့်မိ၏။ ကိုဖေအောင့် အရိပ်ကိုတော့ မမြင်ရပေ။





"စိတ်မပျက်ပါနဲ့၊ သမီးဘဝကို နားလည်တဲ့ မေမေတစ်ယောက် လုံး ရှိပါသေးတယ်"

အမေသည် သူ့အနားကို တိုးလာ၍ ပခုံးကို ကိုင်ကာပြော သည်။

မလေးနုသည် အမေ့လည်ပင်းကို ဖက်၍ ကြွကြွပါအောင် ငိုတော့သည်။

\+ + +

ထိုစဉ်ကလည်း ပြင်ဦးလွင်မှ အမြန်ဆုံး ထွက်ပြေးလာခဲ့သည်။ ကိုဖေအောင်ကတော့ သူ့ကို အပြစ်ဆိုသည်။ **နည်းနည်းစောင့်ဖို့ ကောင်းသည်။** ဒါလောက်အရဲစွန့်၍ ပြေးခြင်းမှာ **ရမ်းလွန်းသည်** ဟုဆိုသည်။

ဒါပေမယ့် လင်တစ်ယောက်ကို လုယူရမှာများတော့ **မလေးနု** က ရှုံလှသည်။ မုန်းလည်း မုန်းသည်။ တစ်ခုကလည်း ကိုဖေအောင် လက်ထပ်ချိန်တွင် သူ ပြင်ဦးလွင်တွင် မရှိသည်က ကောင်းသေး သည်။

ရန်ကုန်ပတ်ဝန်းကျင်နှင့် မလေးနုတော့ တွေ့လေပြီ။ ပထမဆုံး နေစရာလိုလာသည်။

မလေးနုသည် ရန်ကုန်တွင်နေခဲ့ရသော အကြောင်းကို **တွေး** မိလျှင် ဒေါ်ငြိမ်းသာကို စိတ်နာလှသည်။

ဒေါ်ငြိမ်းသာမှ အကြံပိုင်သူပီပီ လူလတ်တန်းစား **အမျိုးသမီး** ကလေးအတွက် ဂေဟာကို ဖွင့်ထားသူဖြစ်သည်။ **နေစရာမရှိသော စာရေးစာချီ အမျိုးသမီးလေးအတွက်** သူက အိမ်တစ်ခု **ဆောက်**



www.burmeseclassic.com

www.burmeseclassic.com



ထားလေသည်။ အနည်းဆုံး တစ်လကို ၄၀-ကျပ် ပေးရလေသည်။

မလေးနုသည် နေစရာရော အလုပ်ကောလို၍ ဒေါ်ငြိမ်းသာ
ကို ကပ်ရသည်။ ဒေါ်ငြိမ်းသာဂေဟာသည် စာရေးလုပ်လျှ
အခန်းခကိုတော့ အလကား ရပေသည်။ ဒီကြားထဲ အားလပ်ချိန်
တွင် စာတွေဘာတွေလည်း သူ ကြည့်ချိန်ရဦးမည်။ ပြင်ဦးလွင်တွင်
သူနာပြုဆရာမလေး လုပ်ရသည်ထက်တော့ ယခု ရန်ကုန်လခက
ကောင်းပေသည်။

စာရေး လုပ်နေရပေမယ့် ဒေါ်ငြိမ်းသာဂေဟာတွင် မင်းဒေ
မရှိပေ။ စာတစ်စောင်ကအစ မလေးနုသည် ကိုယ်တိုင်သွားပေး
ရသည်။

သွက်၍လှသော မလေးနုမှာ ရန်ကုန်နောက်ခံနှင့် ပဏာစာ
ပေသည်။ သူသည် ကွန်ဗင့်ကျောင်းထွက်ဖြစ်၍ အင်္ဂလိပ်လိုလည်း
သွက်လှသည်။

ရန်ကုန်က ပျော်စရာကောင်းသည်တော့ မှန်၏။ သို့သော်
သူသည် တစ်ခါမှ ပိုက်ဆံပို၍ ဘိုင်စကုတ် မကြည့်ရပေ။ ဂေဟာ
တွင်နေသော မိန်းကလေးမှာ ပျော်စရာကောင်းသည်။ ပညာတတ်
၍ အလုပ်ကိုယ်စီရှိရုံမက အဖော်များလည်းများသည်။

ဘိုင်စကုတ်ကားလဲတိုင်း ဧည့်ခန်းမှ ဝေဖန်သံများကို နား
ထောင်ရင်း သူ့စိတ်ကို ဖြေလိုက်သည်။ နားထောင်ရသည်ထက်
အားမရပေ။ စကားသံများသည် တိုးလှသည်။

သူသည် ပြင်ဦးလွင်တုန်းကလို ကျယ်ကျယ်ရယ်၍လည်း မရ
စကားပြောလျှင် တိုးတိုး ပြောရသည်။ တစ်ခန်းမှတစ်ခန်း ကူးသွား
တိုင်း ခြေနင်းသံကို မကြားရအောင် ဖွဖွနင်းရသည်။ အထူးသဖြင့်





ဒေါ်ငြိမ်းသာအခန်းထဲ ရောက်လျှင် လှယဉ်ကျေး နတ်ကညာလို
ဖြည်းဖြည်းလေး ရွေ့လျား၍ တိုးတိုးပြောရသည်။

ဒေါ်ငြိမ်းသာဂေဟာတွင် အစုစပ်တွေရှိလေသည်။ လာမည့်
စနေနေ့ အစည်းအဝေးအတွက် သူ ဖိတ်စာ သွားဝေရဦးမည်။
သွားရမည့်အိမ်များက 'ပဲခူးနှင့် တညင်'။ မမဘုရားတို့ကလည်း
ဘတ်စ်ကားလမ်းတွင် နေကြသူများ မဟုတ်ပေ။ မြကြီးဝင်းကြီးနှင့်
ကားရှိမှ သွားနိုင်သော နေရာများတွင် နေကြလေသည်။ ထိုအိမ်
များကို မလေးနု သွားရသောအခါ ဟစ်၍ ငိုချင်သည်။

နောက်ဆုံး အင်းလျားကန်ဘေးကအိမ်ကို သွား၍ ဖိတ်စာ
ပေးရသည်။

သူသည် ထိုအိမ်မှ ထွက်ထွက်ချင်း အင်းလျားကန်ဘေးသို့
ပြေး၍ သစ်ပင်ရိပ်တွင် ပစ်လှဲလိုက်ရင်း ဟက်ဟက်ပက်ပက်
ရယ်၏။ ဒီလို မရယ်ရသည်မှာ ကြာပေပြီ။ ဒုက္ခ ကြီးလှပါကလား။

ဒါပေမယ့် တစ်ယောက်တည်း ကြာကြာမနေရဲပေ။ ရန်ကုန်
သည် ပြင်ဦးလွင်လို ဘေးမကင်းလှ။ သူသည် လွယ်အိတ်လွယ်ကာ
ဘတ်စ်ကားလမ်းကို လျှောက်လာသည်။ သူ့ကိုဟစ်၍ ခေါ်လိုက်
သံလို ကြားမိသည်။

"ဟေ့ မလေးနု"

"ဟာ အောင်ခပါလားဟေ့"

အောင်ခမှာ မန္တလေးကျောင်းနေတုန်းက မိတ်ဆွေဖြစ်လေ
သည်။ ယခု သူသည် ရေတပ်သား ယူနီဖောင်းနှင့် မော်တော်
ဆိုင်ကယ် စီးလာသည်။

"မင်း ဒီမှာ ဘာလုပ်နေလဲ၊ ကောလိပ် ဆက်နေသလား"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ အောင်ခရယ်၊ ငါ ကောလိပ် မနေနိုင်ပါဘူး၊ စာရေး လုပ်နေတယ်၊ မြို့ထဲပြန်မလို့"

"ဘယ်မှာ လုပ်သလဲ"

"ဒေါ်ငြိမ်းသာဂေဟာမှာ"

"ဒါဖြင့် ငါနဲ့လိုက်ခဲ့လေ"

မလေးနုမှာ ဘတ်စ်ကားခ သုံးမူးဆိုလည်း မနည်းပေ။ တစ်နေ့လုံး သွားရသည်ကလည်း ပင်ပန်းလှပြီ။

"အေး၊ ငါလိုက်မယ်"

မလေးနုသည် မော်တော်ဆိုင်ကယ်နောက်မှ ထိုင်၍ လိုက်သွားသည်။ အောင်ခကိုပဲ ကျေးဇူးတင်ရသေးသည်။ ဒါတောင် အိမ်ပြန်ရောက်လျှင် မော၊နေ၍ အိပ်ရာထဲ လှဲနေသေးသည်။

မလေးနုသည် မတတ်နိုင်ပေ။ အစည်းအဝေးရှိတိုင်း ကြုံရာကားနှင့်လိုက်၏။ အောင်ခအားလျှင်လည်း အကူအညီတောင်းရသည်။

လခထုတ်ပြီးသော ပထမပတ်တွင် ဘိုင်စကုတ် ကြည့်စရာသူတွင် အဖော်ရလာသည်။ အောင်ခသည် သူ့ကို လာစောင့်၍ ပြန်ပို့ပေးသည်။

ညနေစောင်း ဧည့်ခန်းအတွင်းသို့ မလေးနုဝင်သွားလျှင် ယောက်ျားဧည့်သည်များသည် သူ့ကို မိတ်ဆွေ ဖြစ်လိုသည်၊ သူ ခပ်သွက်သွက် စကားပြောသည်ကို နှစ်သက်ကြသည်၊ သူ အကြည့်ရဲပုံ၊ စကားပြောပုံရှင်းသည်ကိုက ချစ်စရာကောင်းသည်။

ဒါပေမယ့် မလေးနုသည် သူတို့နားကို မကပ်ရဲပေ။ သူတို့ထဲတွင် ဒီဂရီနှင့် ပညာတတ် လခကောင်းအမျိုးသမီးများ ရှိနေကြသည်။

ပြီးစာပေ



တစ်ခါတစ်ခါ မလေးနု၏ ပွင့်ပွင့်လေးရယ်သံမှာ တစ်ခန်းလုံးကို လွှမ်းသွားသော် သူ့ကို ဝိုင်း၍ ကြည့်ကြသည်။

ဂေဟာက အလုံဘက်တွင် ရှိလေသည်။ ထိုညနေက အောင်ခနှင့် စကားပြောကြရင်း ဘိုင်စကုတ်သွားဖို့ စိတ်ကူးရလာကြသည်။

သူတို့အနားရှိ မိန်းကလေးများသည် နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲပင် ကားလေးများနှင့် ထွက်သွားကြသည်။ မလေးနုတော့ အောင်ခ ဆိုင်ကယ်နောက်ကပင် လိုက်ရပေမည်။

စိတ်ကျဉ်းကျပ်လွန်း၍သာ မြို့ထဲထွက်ရသည်။ ည ၉-နာရီခွဲ အချိန်မှ ပြန်ရသည်မှာ ပင်ပန်းလှ၏။ ဘိုင်စကုတ် ကြည့်ရပေမယ့်လည်း စိတ်ထင့်လှ၏။

ကဲ ယခုမှ ဒုက္ခပါပဲ။ ဘိုင်စကုတ်အပြီးတွင် ဆိုင်ကယ်က ပျက်နေပြန်သည်။ မလေးနုသည် တစ်ယောက်တည်းတော့လည်း အလုံကို မပြန်ရဲပေ။ အောင်ခ မော်တော်ဆိုင်ကယ် ပြင်ပြီးသည့်အထိပင် သူသည် အတူစောင့်နေရလေသည်။ အလုံကို ပြန်ရောက်သည့်အချိန်မှာ ၁၀-နာရီကျော်၍ သွားပေပြီ။ မလေးနုသည် ဘိုင်စကုတ်ထဲတုန်းက ပျော်သလိုလိုရှိသော စိတ်များကိုပင် မေ့၍ သွားတော့သည်။ အောင်ခကိုပင် နှုတ်ဆက်ရသည်မှာ စိတ်မကောင်းတော့ပေ။ အောင်ခ ခမျာလည်း အသင့်ပင် လှည့်၍ ထွက်သွားတော့သည်။

သူသည် မအိပ်ခင် ဒေါ်ငြိမ်းသာအခန်းသို့ သွား၍ကြည့်ရသေးသည်။ ဒေါ်ငြိမ်းသာသည် မြန်မာပြည်တွင်လုပ်သော အစ်ထိန်မကြီးဖြစ်သည်။ ညဦးဝတ်အင်္ကျီရှည်မှာ ဝသော သူ့ကိုယ်ကြီးကို ပွယောင်းယောင်းဖြစ်စေသည်။

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ရာမှ သူ့ကို မော့ကြည့်လိုက်သည်။

"မလေးနုလား"

"ဟုတ်ပါတယ် အန်တီ"

"ပြန်တာ မိုးချုပ်လိုက်တာ"

"၁၀-နာရီ ကျော်သွားပါပြီ"

ဒေါ်ငြိမ်းသာသည် မျက်မှန်အပေါ်မှ ကျော်၍ကြည့်ကာ-

"မင်း ဒီမှာအလုပ်လုပ်နေတုန်း မင်းအတွက်နဲ့ အားလုံး ဂုဏ်မပျက်ပါစေနဲ့"

မလေးနုသည် အံ့အားသင့်သွားသည်။

"ဆိုင်ကယ်နောက်က တွယ်စီးပြီး လူပေါင်းစုံနဲ့ တွဲလာတာ အန်တီ မကြိုက်ဘူး၊ မင်းရယ်သံကလည်း ဧည့်ခန်းကို လွှမ်းနေတာပဲ၊ အခုလို ဘိုင်စကုတ်ကြည့်တာလည်း ညပွဲ မကြည့်စေချင်ဘူး"

"ဟုတ်ကဲ့"

"အေး သွားနိုင်ပြီ"

မလေးနုသည် အိပ်ခန်းကို ပြန်လာသောအခါ တုန်၍နေသည်။ တချို့ကပြားမလေးတွေက ကပွဲသွားနေသည်မှာ ယခုထိ ပြန်မရောက်သေးပေ။

"ငါက စာရေးမို့လို့ထင်တယ်"

သူသည် ထိုမျှကျဉ်းကျပ်လာသည်ကို သည်းမခံနိုင်တော့ပါ။ တကယ်တော့ ဘာမှ အပြင်တွင် ဂုဏ်ငြိမ်းပျက်အောင် မလုပ်ခဲ့ပါကလား။ သူ့ကို ကားနှင့်တွဲခေါ်မည့်သူ မရှိ။ မော်တော်ဆိုင်ကယ်နောက်ပိုင်းကပဲ လိုက်ရပေမည်။

ပြီးစာပေ



ဒါကြောင့် အမေက "ငါ့သမီးကို နားလည်တာ အမေ တစ်ယောက်တည်းရှိတယ်"ဟု ပြောခဲ့ပေသည်။ အမေ့စကား မှန်ပေသည်။

သူ့ကို နားမလည်သောသူတွေကြားမှာ သူ တာရှည်နေလျှင် စိတ်ဆင်းရဲစရာ ဖြစ်တော့မည်။ သူသည် ပြင်ဦးလွင်အချိုးမျိုးကို ပင် မနေဘဲ အစဉ် ဒေါ်ငြိမ်းသာအကြိုက် ကုတ်ကုတ်ကလေး နေရသည်မှာ စိတ် ကျဉ်းကျပ်လှပြီ။ မောလည်း မောလှလေသည်။

ခက်ကပြီ ဖြစ်ချင်ရာဖြစ်စေတော့ မလေးနုကတော့ ထမင်းဝတ်ချင် ဝတ်ပါစေ။ အခုလို ကျဉ်းကျဉ်းကျပ်ကျပ် မနေချင်ပေ။

ဒါပေမယ့် ဒီတစ်လကုန်အောင် သည်းခံ၍ သူနေလိုက်လေသည်။

လမကုန်ခင် တစ်ရက်က သူ ထွက်စာ တင်လိုက်သောအခါ ဒေါ်ငြိမ်းသာသည် အံ့အားသင့်နေပုံရသည်။ အမှန်တော့ မလေးနုသည် စာရေးအလုပ်လည်း ခိုင်းရသည်။ မင်းစေအဖြစ်လည်း ခိုင်း၍ရသည်။ တစ်ခါတစ်ရံ ဒေါ်ငြိမ်းသာ ထဘီကိုပင် ခေါက်ပေးသေးသည်။ ဒါပေမယ့် အလုပ်ထွက်ခါနီး မလေးနုကို သူက ပြောလိုက်သည်။

"မင်းမှာ ထောင့်မကျိုးဘဲ မိန်းကလေးလို မနေတတ်တာက လွဲရင် အလုပ်မှာ တော်ပါတယ်"

ဘာတွေပဲပြောပြော ပြောပါစေတော့။ မလေးနုသည် ထွက်ခွင့်ရလျှင် ကျေနပ်ပါပြီ။

ရွှေနန်းတော်ကြီးမှာပဲနေနေ၊ စိတ် မချမ်းသာရှိလျှင်တော့ မလေးနုသည် အမြန်ဆုံး ထွက်ပြေးမည် ဖြစ်လေသည်။

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် ဤမိန်းမပရိသတ်ကြားမှ ထွက်ပြေးလာခဲ့ရခြင်း ဖြစ်ပေသည်။ မိန်းမတစ်ယောက်အနေနှင့် မိန်းမဆိုသော သတ္တဝါများကို သူကြောက်လာသည်။

ယခု သူ့အဖို့ ဘုရားမလေပြီ။ လူထုပညာရေးမှူး လုပ်ငန်းတွင် သူ့စေတနာလေးတွေ ပေါင်းလိုက်သောအခါ သူသည် နာမည်ထွက်လာသည်။ သူ၏ ဇွဲနှင့် လုပ်ရည်ကိုင်ရည်ကြောင့် ဘဝသစ်ဖန်တီးရေးအဖွဲ့တွင် ပါဝင်နိုင်ခြင်းဖြစ်သည်။

ဘာပဲပြောပြော သူနေခဲ့ရသော နှစ်ပိုင်းများတွင် နာဂတောင်တန်းပေါ် နေရခြင်းသည် အပျော်ဆုံး ဖြစ်သည်။

နာဂတို့ဘဝနှင့် ပေါင်းလိုက်မှ သူ့စိတ်ဓာတ်သည် ဘက်ညီတော့သည်။ ကျန်သောအပိုင်းများမှာ သူချစ်သော သစ်ပင်ပန်းမန်နှင့် စမ်းချောင်းတွေဖြစ်သည်။

"ဘယ်လောက်ရှင်းလဲ၊ လွတ်လပ်လဲ တကယ့်ငါ့ဘဝက ဒါပဲ"

မလေးနုသည် ယခုတော့ နေသာထိုင်သာ ရှိ၍လာတော့သည်။ သူနှင့် စိတ်သဘောချင်းတိုက်ဆိုင်သူ ဗိုလ်မြဝင်းနှင့် တွေ့ရပြန်သောအခါ သူ ပျော်၍လာသည်။

ယခုတော့ ပြင်ဦးလွင်ကိုလည်း အလွမ်းပြေသည်။ ကိုဖေအောင်ကိုလည်း ကြိုးစား၍ မေ့ပစ်ရသည်။ ဒါပေမယ့် ဖြေမရအောင် အောက်မေ့သူမှာတော့ အမေပဲ ဖြစ်သည်။

\+ + +

ပြီးစာပေ



တောင်ပေါ်မိုးစွေရာမှ စဲသွားသောအခါ ငှက်သံများသည် ညံ၍လာသည်။

သစ်ရွက်နုကလေးများ ငွေရောင်တောက်၍ လာကြသည်။ ပူနွေးသော နွေရာသီထဲတွင် ရောင်စုံငှက်လေးတွေမှာ အလှပြနေကြသည်။

တတောက်တောက်နှင့် သစ်တောက်ငှက်ကလည်း ငှက်ငယ်လေးများဆိုသော တေးကို စည်းလိုက်နေသည်နှင့် တူတော့သည်။

မလေးနု ရောဂါထလေပြီ။

ဆေးခန်းကအပြန်တွင် စခန်းကို ဆက်၍ မသွားတော့။ စမ်းချောင်းဆီသို့ ပြေးလာသည်။ ယခုလို နေရောင်ပွင့်လာလျှင် စမ်းချောင်းသည် ပို၍လှလာတော့မည်။ တောင်ကုန်းဖြစ်၍ ရေကြာကြာပင်မတင်ပေ။ စမ်းချောင်းကို ရောက်လျှင် သူ့ခြေလှမ်းများသည် နှေးသွားသည်။

စမ်းချောင်းဘေးတွင် သူ့ထက်ဦး၍ ဗိုလ်မြဝင်းနှင့် မောင်လှတို့ ရောက်နေပါပကော။

သူ့ခြေသံကြောင့် နှစ်ယောက်လုံး လှည့်၍ကြည့်လိုက်သည်။

"မလေးနုလားဟေ့"

မလေးနုမှာ စိတ်ထဲမှာလည်း လေး၍သွားသည်။ ဗိုလ်မြဝင်း မရှိလျှင် ပို၍ကောင်းမည်။ သူသည် ဖြည်းဖြည်း လျှောက်သွားပြီး ကျောက်စရစ်ခဲလေးများပေါ်မှ စမ်းချောင်းကို လှမ်း၍ကြည့်နေသည်။

ပြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



“မိုးတွေ ရွာနေလို့ ကိုယ် ဒီမရောက်တာ ကြာပြီ”

ဗိုလ်မြဝင်းသည် သူ့ကို လှမ်းပြောလိုက်သည်။ အသာထိုင်ရင်း သူသည် မောင်လှကို လှမ်း၍ပြုံးလိုက်သည်။

“ကျွန်မလည်း မလာတာကြာပြီ ဒီနေ့မှရောက်တယ်”

မောင်လှသည် လက်ထဲမှ စာရွက်ကို မြှောက်ပြကာ-

“ဒီမှာ သူ့မိန်းမဆီက စာ လာတယ်”

“ဩော် ဟုတ်တယ်မလေးနု၊ ဖတ်ပြစမ်းပါဆိုလို့ ကိုယ်က ဖတ်ပြရတယ်”

“ရှင်ကလည်း အတော်စိတ်ကူးယဉ်တာပဲနော်၊ မိန်းမရဲ့စာကို စမ်းချောင်းဘေးမှာ လာပြီးဖတ်ရတယ်လို့”

“ဟား ဟား ဟား”

ဗိုလ်မြဝင်းသည် ဟက်ဟက်ပက်ပက် ရယ်လိုက်သောအခါ မလေးနုကလည်း လိုက်၍ရယ်လိုက်သည်။ သူတို့ရယ်ခြင်းမှာ အမှန်တော့ အဓိပ္ပာယ် မရှိသလို ဖြစ်နေတော့သည်။

“မိန်းမကို ဘာလို့ အနားမှာခေါ်မထားလဲ။ မိန်းမ မရှိရင် မကောင်းဘူး”

မောင်လှသည် ဗိုလ်မြဝင်းကို အကြဲပေး၍နေလေသည်။ ဗိုလ်မြဝင်းသည် ရယ်ရာမှ ငြိမ်သက်၍ ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်သည်။

“ဟုတ်တယ် အမှန်တော့ ရှင် ခေါ်လာဖို့ကောင်းတယ်”

မောင်လှသည် ကြားဝင်၍ ပြောလိုက်သည်။

“ဟိုတုန်းကဆိုရင် နာဂမှာ မိန်းမ ရှိရက်နဲ့ နောက်တစ်ယောက် ယူရင်ဖြစ်ဖြစ် ယောကျ်ား ရှိရက်နဲ့ နောက်ယောကျ်ား ယူရင်ဖြစ်





ဖြစ်၊ အဲဒီယောကျ်ားနဲ့ မိန်းမရဲ့ တစ်ကိုယ်လုံးကို ဓားနှောင့်နဲ့ အရိုးကြေတဲ့အထိ ရိုက်ရတယ်။ ရိုက်ပြီး တဲတစ်ခုမှာ သွားထားတာပဲ၊ ဘာမှလည်း မကျွေးဘူး”

“သေရောပေါ့”

“သေတာပဲ၊ ဒီတော့ နာဂမှာ လင် ရှိရက်နဲ့ နောက်လင် မယူဘူး”

အမှန်တော့ လင်ငယ် မယားငယ် မယူခြင်းကို မောင်လှက ပြောပြခြင်း ဖြစ်လေသည်။ နာဂတို့မှာ သစ္စာရှိရုံမက သဘောထား လည်းကြီးသည်။ အပျို လူပျိုဘဝက ရွာလယ် ချစ်ရိပ်သာတွင် သွား၍အိပ်ခြင်းကြောင့် ရလာသောကလေးမှာ ဘယ်သူ့ကလေးပဲ ဖြစ်ဖြစ် သူတို့ကြိုက်၍ လက်ထပ်သော မိန်းမတွင် ပါလာလျှင် ကျေနပ်စွာ လက်ခံသည်။ သူတို့တွင် တောင်ယာလုပ်ဖို့ လူဦးရေ များများလိုသည်။လူချမ်းသာခြင်းမှာ ဂုဏ်တစ်မျိုး ဖြစ်သည်။

မောင်လှသည် သူတို့ထုံးစံကို ပြောရာမှ ဆက်၍ပြောသည်။

“ဒီမှာ ဗိုလ်မြဝင်း အဲဒီထုံးစံဟာ ခုတော့ ပျောက်သွားပြီ။ ဟတ္ထိမှာတော့ ယူကြတာပဲ”

“ငါတော့ မယူချင်တော့ပါဘူးကွယ်”

“အမှန်တော့ ရှင့်မိန်းမဟာ သနားစရာကောင်းမိနေမှာပဲ၊ ခေါ်လာဖို့ကောင်းတယ်”

ဗိုလ်မြဝင်းသည် စာကို စေ့စေ့ကြည့်၍။

“မင်းဖတ်ချင်ရင် ဒီစာ ဖတ်ကြည့်ပါလား၊ သူက ဒီနေရာထွေ ကို လိုက်မလာဘူး၊ ခက်သားပဲ။ သူနဲ့ ကိုယ်နဲ့က အတွေးအခေါ်



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးစီပဲ၊ သူက ဟိုမှာနေရစ်ခဲ့တာကို သုခလို့ ထင်တယ်၊ ကိုယ်က ဒုက္ခလို့ ထင်တယ်"

"ဘာ ဘယ်လို"

"ခင်က သိပ်ပြီး အဆောင်အယောင်နဲ့ နေချင်တယ်။ ဉပမာ ညှော်ခန်းမှာ ကြမ်းပေါ် သင်ဖြူးဖျာထက် သူက ကော်ဇောမွေးရှည် ခင်းပြီး ဆိုဖာတွေနဲ့ နေချင်တယ်။ ရိုးရိုးမှန်ထောင်လူးပြီး ကျောက်ကာခွက် ပေါင်ဒါဘူးထက် ငွေပေါင်ဒါဘူး မှန်တင်ခုံလေးနဲ့မှ နေချင်တယ်။ ကိုယ်က ယူအမ်ပီတပ်ခွဲမှူးလေးပဲရှိတာ၊ သူနေချင်တဲ့ အဆင့်အတိုင်း လိုက်ရရင် ကိုယ့်မှာ စာရိတ္တ ပျက်ပေ့ါ၊ ကိုယ့်မှာရှိတဲ့ အဆင့်အတန်းကိုလည်း သူက လျှော့မချနိုင်ဘူး"

"ဒီလိုဆို ဘယ်လိုနေရစ်ခဲ့မလဲ"

"သူ ပင်ပန်းတာပေ့ါ မလေးနုရယ်၊ ကိုယ်က မထားနိုင်တော့ သူလိုချင်တဲ့ အဆောင်အယောင်တွေကို သူ မီအောင်လိုက်နေရတော့ သူ ပင်ပန်းတာပေ့ါ၊ သူပါ အလုပ်လုပ်ရတာပဲ၊ ရန်ကုန်မှာ အလုပ်လုပ်နေရစ်တယ်။ မတတ်နိုင်ဘူးလေ၊ သူက ဒါကို သာယာတာကိုး၊ ကိုယ့်အဖို့တော့ စိတ်မောလိုက်တာ လွန်ပါရော"

မောင်လှံသည် မြန်မာစကား လေးလေးနက်နက်ကို နားမလည်ပေ။ မလေးနုကမူ ဗိုလ်မြဝင်းအတွက် စိတ်မကောင်း ဖြစ်ရတော့သည်။ အရွယ်ကလည်း ငယ်သေးသည်။

"ကိုယ်ကတော့ပေါ့ အစကမဖြစ်လို့သာ၊ အစကသာ နာဂဆို ဘယ်လောက်ကောင်းမလဲ၊ ဘာအဆောင်အယောင်မှ မရှိဘူး။ တကယ်တော့ အဆောင်အယောင်နဲ့ အခမ်းအနားတွေနောက်

ပြုံးစာပေ



လိုက်ရတာ ကိုယ်ဖြင့် သိပ်စိတ်ပင်ပန်းတာပဲ၊ ပြီးတော့လည်း မိန်းကလေးရယ် ဒီအဆောင်အယောင်တွေကြောင့် ငါတို့မှာ လောဘ၊ ဒေါသ၊ မောဟတရားတွေဟာ အဆုံး မသတ်ကြတာပဲ၊ ငါတော့ဖြင့်ထင်တာဘဲ၊ ဗိုင်တဲ့ပစ္စည်းတွေ၊ ခံစားရတဲ့ အာရုံတွေ အမျိုးမျိုးဟာ နာဂတွေထက်များလို့ ငါတို့ဟာ ယဉ်ကျေးတယ် အမည်ခံပေမယ့် လောဘ၊ မောဟတရားတွေဟာ လူရိုင်းတွေထက် များမယ်ထင်တယ်၊ ပြီးတော့လည်း မလေးနုရယ် ငါတို့ရဲ့ခေတ်ဟာ ပိုပြီးပဲ ယဉ်ကျေးလာသလား၊ တိုးတက်လာတယ်လို့ ပြောကြတာတွေကလည်း ယုံကြည်စရာလား၊ ငါဖြင့် ဘာကို ယုံရမှန်းလည်း မသိဘူး"

သူသည် မလေးနု ယူဆချက်ကို တောင်းခံသည့်အနေနှင့် လှမ်း၍ကြည့်၏၊ မလေးနုသည် ငြိမ်ငြိမ်သက်သက် နားထောင်နေပေမယ့် သူ့ကို ဘာမျှပြောပုံမရပေ၊ ပြန်၍လည်းမပြောချင် ဒါတွေကို လိုက်တွေးနေ၍လည်း မလေးနုက အကြောင်းထူးမည်ဟု သူမထင်၊ အားလုံးတွေကလည်း ပိုနေကြသည် မဟုတ်ပါလား။ ဘာမှ ပုံသေကားကျ ကလနားသတ်၍မရသော ဤခေတ် ဤလောကတွင် ဘာကို အယဉ် ဘာကို အရိုင်းဟူ၍ တစ်ခမ်းတစ်နား သတ်မှတ်နေ၍လည်း ရမည်မဟုတ်ပေ။ တစ်ခေတ်တုန်းကလည်း ရာဇဝင်ဆရာတို့က ဤလောက၏ လူနေမှုများသည် ရိုင်းစိုင်းကြသည်၊ မတိုးတက်ဟု ဆိုကြ၏။ ယခုမှပင် ယဉ်ကျေးတိုးတက်သော အခါသို့ လူတွေရောက်ကြသည်ဟု ဆို၏။ လူနေမှုအဆင့်အတန်း ပေါင်းသင်းဆက်ဆံရေးများ တိုးတက်လာသည်ဟု ဖော်ပြထက် အက္ခရာ တင်ကြသည်။

ပြုံးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်လည်း ရှေးခေတ်ကို ဘာကြောင့်များ ပြန်၍ ဖော်နေကြပါလိမ့်။ လက်ရှိ လူယဉ်ကျေးတို့ခေတ်တွင် ဘာကြောင့်များ လူများမှာ အရွယ်မလွန်ခင် အိုမင်းကြရပါလိမ့်၊ ဘိုးဘေးတို့ လက်ထက်လောက်ကပင် အသက်မရှည် ကွယ်လွန်ကြရပါလိမ့်။ ဘာကြောင့်များ ဝေဒနာဆန်းတို့၏ နှိပ်စက်မှုကို ခံစားကြရပါလိမ့်။ မလေးနုအဖို့ လူယဉ်တို့၏လောကကို အရွံဆုံးမှာ ပြဿနာစိုးရိမ်တရား ဖြစ်သည်။ ချစ်ခြင်းမေတ္တာတို့၏ ဆိတ်သုဉ်းသော နောက်ပိုင်းတွင် ကိုယ့်ရာဇဝင် တစ်ခေတ်ကောင်းစားရေးအတွက် လူ့အသက်ပေါင်းများစွာကို စတေးကြသည်။ ဝိသမလောဘ၏ ဖောက်ပြန်မှုကြောင့် အားငယ်သူများကို အားကြီးသူတွေက ကျူးကျော်စော်ကားလာသည်။ ငွေ ရမည်ဆိုလျှင် လူသားကိုပင် အစိမ်းလိုက်စားမတတ် ဖြစ်နေသော လက်ရှိခေတ်ကို ပါရဂူတို့က လူ့သမိုင်းတွင် ယဉ်ကျေးသည့်ကဏ္ဍ၌ ရာဇဝင်တင်ကြခြင်းကို သူ ဘာမှ စွက်ဖက်ရန် မရှိပေ။ သူက ကြီးကြီးကျယ်ကျယ် ငြင်းဆိုနေ၍လည်း ပိုနေမည် မဟုတ်ပါလော။

မလေးနုရယ်နေကျ ဟက်ဟက်ပက်ပက် ရယ်ပြန်၏။

"နှံသြော် ကလေးမနှယ် မင်းကို စကားပြောရတာ ကိုယ်ဖြင့် ကြောင်လိုက်တာ"

"ဗိုလ်မြဝင်းရယ် ကျွန်မကို ခွင့်လွှတ်ပါ၊ ရှင့်စကားကို သောတာ မဟုတ်ဘူး။ ဒါပေမယ့် ဒါကိုတော့ မဆွေးနွေးပါရစေနဲ့၊ ကျွန်မ ကိုယ်တိုင်က ဟိုပတ်ဝန်းကျင်တွေနဲ့ မဝင်ဆံ့လို့ ဒီလိုပြေးခဲ့ရပြီပဲ။ သူတို့တွေအကြောင်းကို ရိုင်းရိုင်းယဉ်ယဉ် ပြန်လို့လာတောင် မတွေး ချင်တော့ဘူး၊ အခုလေ ကျွန်မခေါင်းထဲမှာ ဘာကိုမှ မသတ်မှတ်

ပြုံးစာပေ



ချင်ဘူး၊ စိတ်ချမ်းချမ်းသာသာလေးနဲ့ လွတ်လွတ်လပ်လပ် နေရရင် ကျေနပ်ပါပြီ၊ ခေတ်တွေ သမိုင်းတွေဆိုတာ လူတွေနေပြီးမှ မှတ်တမ်းတင်ရတာတွေပါ။ တွေးမနေပါနဲ့"

"မင်းယူဆပုံလည်း အဟန်သားဟေ့၊ ဒါကြောင့် မင်းကို ကြည့်ရတာ ဖျတ်ဖျတ်လတ်လတ် ပျော်ပျော်ပါးပါးပဲ တွေ့ရတယ်။ အေးရေလိုက် ငါးလိုက်နေတော့ ခုခေတ်ကြီးက ပျော်စရာကောင်းချင် ကောင်းမှာ"

"ရှင်က ကျွန်မအကြောင်းကို ဘာမှမသိသေးပဲနဲ့၊ အမှန်တော့ ကျွန်မလည်း ခုမှ ဒီစိတ်ကူးကိုရတာ ဘဝမှာ ကျွန်မဟာ Easy going သွားနေတဲ့ မိန်းကလေးတစ်ယောက်လို့များ ရှင်ကထင် သလား"

"ဒါတွေတော့ မင်းက တစ်ခါမှ ပြန်မပြောဘဲနဲ့ ငါ ဘယ့်နှဲ့လုပ်သိမလဲ၊ ဒါပေမယ့် မင်းကိုကြည့်ရတာ အမြဲပျော်ရွှင်နေတယ်"

"အဲ ငိုနေလို့ အကြောင်းမထူးတဲ့ လောကမှာ ကျွန်မဟာ ရယ်နေမှာပဲ အစတုန်းကတော့ အသက်တစ်ချောင်း ရှင်ဖို့အတွက် စိတ်ကူးရတာတွေ လုပ်ရတာတွေဟာ အသက်မရှူနိုင်ဘူး။ သိပ်လည်းလူတွေကို အားကိုးတာပဲ၊ ခုတော့ အားလုံးကို စိတ်လျှော့လိုက်တာပဲ၊ အားလုံးကို လွှတ်လိုက်တော့ စိတ်ထဲမှာ ပေါ့သွားသလို ထမ်းငတ်တာကိုလည်း သိပ်မကြောင့်ကျတော့ဘူး"

ဗိုလ်မြဝင်း သိလိုသည့် မလေးနုအကြောင်းမှာ မေးရှုပင် မရှိပေ။ မလေးနုသည် သူပြောချင်တာကို စွတ်၍ ပြောနေသည်။

သူတို့နှစ်ယောက် စကားပြောကောင်းရင်း မောင်လာမှု မေ့နေသည်။

ပြုံးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ ပြန်တော့မယ်"

မောင်လှသည် နှုတ်ဆက်၍ ထလိုက်သည်။ အမှန်တော့ မလေးနုသည် တစ်ယောက်တည်းကျန်ရစ်၍ ဗိုလ်မြဝင်းနှင့်အတူ နေရစ်ခဲ့ရမည်ကို စိတ်လေးနေသည်။ ဒါပေမယ့် ခဏလေးနဲ့တော့ စမ်းချောင်းမှ ထ၍ မပြန်ချင်သေးပေ။

"မင်းတို့လုပ်နေတာလည်း ကောင်းပါတယ်၊ နာဂတွေ ယဉ်ကျေးလာပါစေဆိုတာလည်း ငါ ဆုတောင်းပါတယ်။ ဒါပေမယ့် ရိုးရိုးပဲ နေတတ်တဲ့ ဓလေ့ကိုတော့ဖြင့် မပျောက်ပျက်ပါစေနဲ့လို့ ပိုပြီး ဆုတောင်းမိတာပဲ။ လူတွေကခက်သား၊ ယဉ်ကျေးလာပြီဆို အဆောင် အယောင်တွေကို မက်မောလာတတ်ကြတယ်၊ နာဂတွေဟာ အဆောင် အယောင် အခမ်းအနားကို မက်မောလာမှဖြင့် တို့ဟာ နာဂတွေကို နှိပ်စက်သလို ဖြစ်နေမှာပဲ"

ဗိုလ်မြဝင်းသည် တောက်လျှောက်ကြီး ပြော၍နေသည်။ သူ့ ခါးက ပုဆိုးသည် ချေးမရှိပေမယ့် ဖွပ်ရလွန်း၍ ဖျော့နေပုံရသည်။ ထိုပုဆိုးကွက်မှာ မလေးနု စမ်းချောင်းသို့လာတိုင်း ဝတ်ထားသည်ကို မြင်ရသည်။

မနုလေးနုကတော့ စကားတစ်လုံးမှ ပြန်မပြောပေ။ သူ့တို့ ယူနီဖောင်းဖြစ်သည့် နီညိုရောင် လုံချည်ပေါ်မှ ရွှံ့စက်တွေကို ပွတ်ပစ်နေသည်။

သူကတော့ စကားများများ မပြောချင်ပေ။ သူ့အနားတွင် ဗိုလ်မြဝင်းကထိုင်၍ ယခုလို စကားပြောနေသည်မှာ ကိုဖေအောင်ကို သတိရစရာ ဖြစ်လာတော့သည်။ သူ့စကားကို ပြောရလျှင်လည်း သူနှင့် ကိုဖေအောင် အကြောင်းကိုပဲ ပြောပြချင်သည်။ ဒါပေမယ့်





သူ့ရည်းစားအကြောင်းကို ယခုချက်ချင်း ဖွင့်ပြောခြင်းသည် ကြောင်လွန်းလှသည်။ ဗိုလ်မြဝင်းကို သူ့မိန်းမအကြောင်းပြော၊ သူက သူ့ရည်းစားအကြောင်းပြောလျှင် စမ်းချောင်းဘေး စကားပြောပွဲမှာ စိုစိုပြည်ပြည်နှင့် စိတ်ဝင်စားစရာဖြစ်နေမည် ဖြစ်သည်။

သို့သော် စိတ်မောစရာကောင်းသော အတိတ်ကြီးကို ဘာ ဖြစ်၍ ပြန်ဖော်နေမည်နည်း။ ပြီးတော့လည်း စမ်းချောင်းဘေးတွင် တွေ့ရသည်ကို သူ့စိတ်ထဲမှ သာယာနေမိလေပြီ။ တကယ်၍ ကြာ ကြာတွေ့နေကြလျှင် သူသည် ဝမ်းထဲရှိ အကြောင်းများကို မျိုသိပ် ထား၍ ရမည်မဟုတ်၊ ဖွင့်ပြောမှာပင် ဖြစ်သည်။

"ကိုယ်တော့ ရန်ကုန်ကိုလည်း သိပ်မပြန်ချင်တော့ဘူး။ ခင် ကတော့ ကိုယ်မပြန်လာတာကြာရင် စိတ်နာမှာပဲ"

"ကျွန်မအဖို့ကတော့ ရန်ကုန်က ထွက်ပြေးလာခဲ့ရတာပဲ"

"မင်းနဲ့ကိုယ် ဒီမှာလာဆုံကြတာပေါ့၊ မင်းက ဘာလို့ ထွက်ပြေး ရတာလဲ"

မလေးနုသည် ငြိမ်၍ စဉ်းစားလိုက်ပြန်သည်။

"ကျွန်မ မှားတာပဲ၊ ကျွန်မ သူများတွေကို နားလည်အောင် မစဉ်းစားဘူး၊ ကျွန်မဘာသာ နေချင်သလိုနေတာပဲ။ ကျွန်မကို သူတို့က နားမလည်ဘူး၊ တကယ်တော့ ဘယ်သူကကော ကျွန်မကို လေ့လာနေမလဲ၊ ဂရုတစိုက်လေ့လာရအောင် ကျွန်မက ကြီးကြီး မာစတာ မိန်းမတစ်ယောက်လည်း မဟုတ်ဘူး မဟုတ်လား။ ကျွန်မ အမူအကျင့်ကို သူများက နားလည်ရမယ်ဆိုတာကိုက 'ငါစွဲ' မပျောက်တဲ့ စိတ်ပဲ။ ဒီတော့ ကျွန်မနေပုံထိုင်ပုံတွေဟာ တခြား



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေ ပတ်ဝန်းကျင်နဲ့ မကိုက်တော့ ကျွန်မကပဲ လက်မြှောက်ပြီး ထွက်ပြေးလာတာပဲ"

"မင်းကိုတော့ ကိုယ် နားလည်ပါတယ်"

"ဟင် တကယ်နားလည်ရဲ့လား"

"ဪ တကယ်ပါ၊ မင်းက ရိုးပါတယ်"

မလေးနုသည် ရယ်ပြန်သည်။

"ကျွန်မကို အမေကလွဲလို့ သေသေချာချာ ဘယ်သူမှ နားမလည်ပါဘူး"

"ကျွန်မကလည်း တော်တော်ပေတာပဲ၊ ခက်သားကလား၊ ကျွန်မအပြစ်တွေ အများကြီး ရှိပါတယ်လေ။ လူတွေဟာ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို တယ်ငဲ့ပြီး တွေးတတ်တယ်၊ ငါ့ဘဝဟာ အလွမ်းမင်းသမီးလေး၊ ငါ့ကို လူတွေဟာ သနားသင့်တယ်လို့ ထင်ကြတယ်။ ကိုယ့်အမူအယာတွေကတော့ သူတစ်ပါးချဉ်စရာ ဖြစ်နေတယ်ဆိုတာတော့ မတွေးမိဘူး။ စင်စစ်တော့ လူဖြစ်လာတယ်ဆိုပဲ၊ လူ့ဘောင်မိသားစုမှာ ကျွန်မတို့ဟာ အိမ်သားတစ်ယောက် ဖြစ်လာတာပဲ။ ကျွန်မတို့စိတ်ဆန္ဒနဲ့ မတိုက်ဆိုင်ဦးတော့ ဒီမိသားစုနဲ့ ညီညွတ်အောင် နေနိုင်ဖို့ ကိုယ်အမူအကျင့်တွေကို လျှော့ပေးသင့်သ၍ လျှော့ပေးရမယ်ဆိုတာ ကျွန်မ မေ့နေတယ်။ အသက်နည်းနည်းထောက်မှပဲ စဉ်းစားမိတယ်။ "ငါ" ဆိုတဲ့တရားက တော်တော်နှိပ်စက်သားပဲ"

လေးလေးတွဲ့တွဲ့ပြောရင်း သူသည် ခဏ ငိုင်၍နေ၏။

"အခုလည်း လူထုပညာသင်တန်းမှာ စာမေးပွဲ အောင်ခဲ့တာကို





ကျွန်မကို အံ့သြလို့မဆုံးဘူး။ လူကြီးတွေက ကျွန်မကို လက်ခံတာလည်း ကျွန်မ သိပ်အံ့သြတာပဲ"

"ဟင်"

"တကယ်ပြောတာ၊ ကျွန်မက ကျွန်မစေတနာအလျောက်ဆို ဘာလုပ်ရလုပ်ရ လုပ်တယ်၊ ဒါပေမယ့် တစ်ယောက်ယောက်က စည်းကမ်းကြီးနဲ့ လုပ်ရမယ် ကိုင်ရမယ်ဆိုတဲ့ အမိန့်သဘောမျိုး ပေးရင် နည်းနည်းမှ မလုပ်ချင်တော့ဘူး။ တမင်ကို ရွဲ့ချင်တယ်၊ အစတုန်းက သိပ်သည်းခံရတာပဲ၊ သင်တန်းက သိပ်သန့်ရှင်းရတယ်။ အဲဒီလို သန့်ရှင်းရမယ်ဆိုကာမှ သိပ်ပြီး အမှိုက်ရှုပ်ချင်တာပဲ။ နဂိုသန့်သန့်နေတာတောင် ကပြစ်ကညစ် လုပ်ချင်တယ်"

"အဲဒါကတော့ မင်းရဲ့ ညာဉ်ဆိုးပဲ ထင်ပါရဲ့"

"ဟုတ်ပါတယ်လေ၊ ဘဝဆိုတာကလည်း မသာယာတာများပြီး အမြဲဝပ်နေရတော့လည်း ပြန်ခတ်ချင်တာပဲ။ ဒါကြောင့်ပဲ ခုထိ တစ်ယောက်တည်း နေတာပဲ၊ လင်ယူဖို့တော့ အလွန်ခက်တာပဲ။ အဲ ကိုဖေအောင် တစ်ယောက်တော့ဖြင့် ကျွန်မစိတ်ကို နားလည်သလို ရှိပါရဲ့"

"ကိုဖေအောင်ဆိုတာက ဘယ်သူလဲ"

"ကျွန်မ ရည်းစားပေါ့၊ ပြင်ဦးလွင်မှာ တွေ့တာပေါ့၊ သူဘယ်ကို ရောက်နေလဲ မသိဘူး"

"သူ့ကို ဘာလို့ မင်းလက်မထပ်လဲ"

"တခြားမိန်းကလေးတစ်ယောက်နဲ့ ပြိုင်ပြီး လင်[illegible] ကျွန်မ သိပ်ပျင်းတာပဲ။ ပြီးတော့ ဟိုတုန်းက ကျွန်မ [illegible] သူက သစ်တောဝန်ထောက် ဖြစ်နေတာကိုး။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူ့ပတ်ဝန်းကျင်နဲ့မကိုက်မှ စိတ် ပိုဆင်းရဲမှာ။ စောစော နောက်ဆုတ်လိုက်တော့ ကောင်းတာပေါ့၊ မစားဖူးတဲ့အရသာ ဘယ်သူမှ မတောင့်တပါဘူး"

ဗိုလ်မြဝင်းသည် ပွင့်လင်းလွန်းသော မရွှေစာစကားကို ကျော စိမ့်သွားတော့သည်။ မလေးနုရုပ်သည် ဘေးတိုက် ကြည့်လျှင်လည်း အဆင်ပြေသည်။ မို့သော ပါးနှစ်ခုကြားတွင် နှာတံသည် သွယ်၍ မြင့်သည်။ နှုတ်ခမ်းထူထူလေးတွေမှ သူ စကားပွင့်ပွင့်လင်းလင်း ပြောနေသည်မှာ ချစ်စရာကောင်းလှသည်။

ဒါပေမယ့် ဒီလိုပုံမျိုးမှာ ယောကျ်ားကြိုက်သောပုံ ဖြစ်သည်။ မိန်းကလေးတစ်သိုက်ထဲတွင် သူ့ကိုထည့်လျှင် သူသည် အထင် အရှားဆုံးနှင့် လူကြိုက်အများဆုံး ဖြစ်မည်။ ဒီလိုဖြစ်သောအခါ ဟိုမိန်းကလေးတစ်စုက သူ့ကို ကျေနပ်မည်မဟုတ်ပေ။ နှစ်ယောက် လုံးသည် တိတ်နေ၍ ရေစီးသံသာ ပတ်ဝန်းကျင်ကို လွှမ်းနေတော့ သည်။

မလေးနုဘေးတွင် သစ်ခွပန်းအဝါ၏ ပွင့်ဖတ်လေးများသည် ဝဲ၍ကျလာသည်။ နေခြည်သည် သစ်ရွက်များကြားမှ ငွေခြည်တန်း ခံတွေလို့ တောအထဲတွင်သွယ်၍ ကျနေကြသည်။

"မင်း ဒီကိုလာတာ အဆူခံရတယ်ဆိုပြီး ဘာလို့လာသလဲ"

မလေးနုသည် ငိုင်၍နေရာမှ ခေါင်းကို ဆတ်ခနဲ မော့လိုက် သည်။

"ကျွန်မစိတ်ကိုက ဥပဒေတွေ စည်းကမ်းတွေနဲ့ နေလို့မရဘူး၊ ပြီးတော့လည်း စခန်းမှာဆို ကျွန်မ သူတို့ခိုင်းသမျှတော့ မလစ်ဟင်း အောင်လုပ်တာပဲ။ တစ်ချိန်တစ်ချိန်မှာတော့ လွတ်လွတ်လပ်လပ်





လည်ချင်ထွက်ချင်တာပဲ အဲဒါက ရောဂါလိုကို ဖြစ်နေပြီ။ တော် သေးတယ်၊ လုပ်ငန်းကိုယ်တိုင်ကိုယ်က တောထဲမှာဖြစ်နေလို့။ ပြောရင်းဆိုရင်း လာတာကြာသွားပြီ။ သွားတော့မယ်"

မလေးနုသည် ထိုင်ရာမှ ထမည်အလုပ် သူ့ဘေးတွင်ကြွေ နေသော ပန်းပွင့်ဖတ်များကို ဆုပ်၍ ယူလိုက်သည်။

"အရင်ကဆို ကိုဖေအောင်ဟာ ကျွန်မကို ပန်းတွေသီပေးနေ ကျပေါ့"

သူသည် မတ်တတ်ရပ်လိုက်ခါ ပန်းဖတ်များကို ဗိုလ်မြဝင်း ဘက်သို့ ကြဲလိုက်၏။ ပြီးလျှင် ခြေသွားလမ်းအတိုင်း ခပ်မြန်မြန် ထွက်သွားတော့သည်။

"ဘယ်လို မိန်းကလေးများပါလိမ့်"

ဗိုလ်မြဝင်းမှာ တစ်ယောက်တည်း တွေးနေရစ်သည်။ အဆိုး ရယ်လို့တော့ သူ့ကိုယ်တွင် မရှိပေ။ စေတနာလည်း ရှိသည်၊ ရိုးသည်၊ သဘောကောင်းသည်။ သို့သော် သူသည် ဘာကြောင့်များ ဟို ပတ်ဝန်းနှင့် မကိုက်ပါလိမ့်။

\+ + +

မလေးနု စခန်းကို ပြန်ရောက်လျှင် သူသည် မျက်နှာကို တင်းတင်း ထားသည်။ ဘာပဲဖြစ်ဖြစ် ဆူချင်လည်း ဆူကြပါစေတော့။ သူ့ကို ကဲသည် ပျံသည်ဟု ထင်ချင်လည်း ထင်ပါစေတော့၊ သူသည် ရင်ဆိုင်ရမည့် ပြဿနာများအတွက် ကြိုတင်ပြင်ဆင်ပြီး ဖြစ်သည်။

ဒါပေမယ့် အားလုံးလိုလို တဲများတွင်မရှိပေ။ သူများတွေ တဲထဲတွင် စုနေသည်။ တော်ပေသေး၏။ သူဝင်သွားသောအခါ



www.burmeseclassic.com

www.burmeseclassic.com

စခန်းမှူးရော အားလုံးပါ သူ့ကို ပြုံး၍နှုတ်ဆက်သည်။

သို့သော် သူတို့အားလုံး ပွက်စီပွက်စီ ဖြစ်နေကြသည်။

"သန်းသန်း ဘာဖြစ်လဲဟေ့"

သန်းသန်းအနားကပ်၍ မေးလိုက်သည်။

"ရန်ကုန်ကနေပြီး စာရောက်တယ်၊ ဝန်ကြီးတွေက သတင်းကြားတယ်တဲ့။ ကိုယ်တို့လူသိုက်တွေ ဒီဒေသတွေမှာ သိပ်လုပ်ငန်း မအောင်မြင်ဘူး။ အဆင့်အတန်းလည်း နည်းနည်းနိမ့်တယ်။ စိတ်ဓာတ်တွေလည်း သိပ်မခိုင်မာဘူးလို့ ကြားရတယ်တဲ့။ အဲဒီ သတင်းတွေ ကောင်စီကို ရောက်သွားလို့ ကောင်စီကနေ စာရေး ပေးလိုက်တယ်"

အားလုံးမျက်နှာများမှာ စိတ်ကောင်းပုံမရပေ။ မလေးနုသည် သူတို့မျက်နှာများကို လိုက်၍ကြည့်၏။

"ကျွန်မတစ်ခုလောက် ပြောချင်တယ်။ ရှင်တို့အားလုံးကြားရတဲ့ သတင်းတွေအတွက် စိတ်မကောင်း ဘာမှဖြစ်ဖို့ မလိုပါဘူး။ အလုပ် တစ်ခုမှာ စိတ်ကူးထက် လက်တွေ့က ခက်ခဲတာချည်းပဲ။ မဖွံ့ဖြိုး သေးတဲ့ဒေသတွေ ဘယ်လိုလုပ်ရမယ်၊ တို့တောင်တန်းသားတွေကို ဘယ်လို ကူညီရမယ်ဆိုတာ စာနဲ့ရေးရင် အလွန်ဆုံး နှစ်ရွက် သုံးရွက်။ တကယ့်လက်တွေ့မှာ သူတို့အထဲ ဝင်ရောဖို့ကိုက အတော် ကြိုးစားရတာပဲ။ အင်္ဂလိပ်တွေလက်ထဲ နှစ်ပေါင်း ၁၀၀-လောက် နေရတုန်းက အင်္ဂလိပ် အမေရိကန် သာသနာပြုတွေဟာ နှစ်ပေါင်း ၁၀၀-နီးပါး တောင်တန်းသားတွေနဲ့ ရင်းနှီးအောင်လုပ်ပြီး သာသနာပြုတာတောင် ဘယ်လောက်အထိပဲ ရတယ်ဆိုတာ သူတို့ သိမှာပေါ့။ အခုကျွန်မတို့ရောက်တာဟာ ဒီတောင်ပေါ်မှာ ၃-လ





မပြည့်သေးဘူး။ ၃-လ ဆိုတဲ့လုပ်ငန်းနဲ့ အနှစ် ၁၀၀-လုပ်ငန်းနဲ့ ယှဉ်ကြည့်စေချင်တယ်။ ဘာပဲပြောပြော ချတွက်ကြည့်ရင် ၃-လ လုပ်ငန်းကတောင် သာဦးမယ်။ ဒီ ၃-လကို ကြည့်ပြီး ဝေဖန် အပြစ်တင်လို့တော့ ပိုနေတာပဲ"

မလေးနုသည် ဒီလိုပြောရမည် ဆိုတော့လည်း ရဲလှသည်။ စခန်းမှူးကလည်း ခေါင်းတညိတ်ညိတ်လုပ်၍ စဉ်းစားနေသည်။ အမှန်တော့ သူတို့အဖွဲ့သားများသည် တစ်နှစ်တွင် ငွေ သုံးသိန်း အကုန်ခံ၍ အစိုးရက ပို့ထားခြင်းဖြစ်သည်။ ပြည်သူလူထု၏ ငွေ သုံးသိန်းမှာ သူတို့ဖက်ပေါ်တွင် လေးနေသည်။ နည်းနည်းတာဝန် ပေါ့သည်တပြိုင်နက် အစိုးရနှင့်လူထုကို စော်ကားသလို ဖြစ်တော့ သည်။

"ကဲ. . . ကဲ၊ ရန်ကုန်ကတော့ ကိုယ်တို့လို နားလည်ပါတယ်။ အစေ့ကို ခုစိုက်လို့တော့ အပင် ဘယ်ချက်ချင်းရမလဲ။ မင်းတို့ အားလုံးလည်း မိုးကျလာတော့ စိတ်ဓာတ်ပျက်မှာ ငါကစိုးရိမ်တယ်။ အားလုံးပဲ ကြိုးစားကြပေတော့"

စခန်းမှူးသည် သူ့စကားကို နိဂုံးချုပ်လိုက်၏။ အမှန်တော့ တောင်ပေါ်ရောက်နေသော စစ်တပ်၊ ဘုန်းတော်ကြီးနှင့် သူတို့မှာ ဘဝတူချင်း ဖြစ်ကြသည်။ အားလုံးလိုပင် ဘဝအတွက် အနည်း အများစွန့်လွှတ်၍ လာကြသူများဖြစ်သည်။ မိန်းကလေးများတွင် အိမ်ထောင်ရေးနှင့်ပတ်သက်၍ ၅-နှစ်တိတိ လင်မယူဘဲ လူထု ပညာရေးတွင် ဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပေး၍ စာချုပ် ချုပ်ရလေသည်။

အမှန်တော့လည်း တောင်ပေါ်၏ဒဏ်မှာ ခံနိုင်သည် မခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်ကို အသာထား၍ နာဂတောင်တန်းရွာများကို ရောက်အောင်လာဖို့ပင် လွယ်ကူသည် မဟုတ်ပေ။

အစားအသောက်မှာလည်း ခန္တီးက မှာယူရသော်လည်း ခန္တီးကိုယ်တိုင်က အစားအစာ ရှားပါး၍ နေလေသည်။

ခန္တီးမြို့တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးလုပ်ကိုင်ခြင်းမှာလည်း မယ်မယ်ရရမရှိ။ ကြက်ငှက်မွေးမြူခြင်းလည်း မရှိပေ။ လေယာဉ်ပျံမလာနိုင်သော မိုးဦးတွင် ခန္တီးမြို့သည် သင်္ဘောပတ်ကို အကြာကြီးစောင့်၍ နေရသည်။ ခန္တီးတွင် မြေရှိသော်လည်း ဘာကြောင့်မစိုက်ပျိုးကြသည် မသိပေ။

ခန္တီးကို မှီ၍နေရသော နာဂတောင်တန်း ဟတ္ထိလိုရွာများတွင်မူ အစားအစာ ရှားပါးပုံမှာ ပြောစရာမလိုတော့ပေ။ နာဂတွေမို့လို့ပင် ဖြစ်သလိုစား၊ ဖြစ်သလို အမဲလိုက်၍ နေကြလေသည်။ နာဂများတွင်ပင် တစ်နှစ်တစ်မိုးလုံး ကူလီ လုပ်၍ရသမျှ ငွေသုံးလေးရာမှာ သူတို့ပွဲတော်အတွက် ကျွဲနွားဝယ်ရချိန်တွင် အကုန်သုံးပစ်ကြလေသည်။ နွားဈေးမှာလည်း မငယ်လှပေ။

အမှန်တော့ သာမောဘွယ်ဖြစ်အောင် ပြောနေဖို့တော့ မလိုပေ။ တောင်ပေါ်တွင် ရှုမြင်ကွင်းမှတစ်ပါး အစားအသောက် မနေအထိုင် ချောသိဥတုမှစ၍ အဆင်ပြေလိမ့်မည် မဟုတ်။

ထိုအဖြစ်များကို သာသနာပြုမည့် ဘုန်းတော်ကြီးများရောစစ်သားများနှင့် လူထုပညာရေးအဖွဲ့ဝင်များပါ ကျိတ်မှိတ်၍ကြိုးစားကြရသည်သာ ဖြစ်သည်။

မလေးနုတို့ရောက်လာသည့် ၃-လအတွင်း လုပ်ငန်းများမှာတိုးတက်သည်ဟု မဆိုသာပေမယ့် အစစ အခြေချရသောအချိန်





ဖြစ်လေသည်။ အရှိန်ဆိုသည်မှာ အခြေခံမှသာ တက်လာမည်ဖြစ်လေသည်။

ဝေဖန် ပြောဆိုကြခြင်းများကိုတော့ ဘယ်လိုမှ မတတ်နိုင်ပေ။

တဲကို ပြန်ရောက်လျှင် မလေးနုသည် သန်းသန်းကို ကပ်ရပြန်သည်။

"ငါ့ကိုမှားဆူသေးလား၊ ငါ စမ်းချောင်းကို သွားမိပြန်ပြီ"

"ဆူတော့ မဆူပါဘူး၊ နင်ကလည်း လွန်လွန်းတယ်၊ မသွားရမနေနိုင်လောက်အောင် စမ်းချောင်းက ဘာဖြစ်နေသလဲ"

"ဘာမှတော့ မဖြစ်ပါဘူး"

"နင်တစ်ယောက်တည်းလား၊ မောင်လှ ပါသေးလား"

"ပါတယ်၊ ဟိုကျတော့ ဗိုလ်မြဝင်းနဲ့လည်း တွေ့တယ်"

"နင့်ဟာ ဟုတ်မှဟုတ်ရဲ့လား၊ ဗိုလ်မြဝင်းနဲ့ တွေ့ချင်လို့များခဏခဏ သွားနေတာလား"

"မဟုတ်တာဟယ် သူ့မှာလည်း မိန်းမနဲ့ပါ"

"အောင်မယ် မင်းစိတ်ကိုများ၊ မင်းက အကုန်သိတယ် အောက်မေ့နေပြန်ပြီဝေ့"

"ဒီလိုတော့ မဆိုလိုပါဘူး၊ ဒါပေမယ့် ဗိုလ်မြဝင်း တွေ့ချင်လို့ငါသွားတာတော့ မဟုတ်ပါဘူးဟယ်"

"အေးပေါ့လေ၊ ဒါပေမယ့် ခုနသတင်းတွေလည်း မင်း ကြားတယ်မဟုတ်လား၊ တို့ ၃-လတိတိ အားလုံးအခြေခိုင်အောင်အခြေစိုက်ရမှာပဲ၊ အရင်ကထက်တော့ ကြိုးစားရမှာပဲ"

"ငါက ပြန်ပါဆိုတာတောင် မပြန်ချင်တော့ဘူး။ ကြိုးစားတာကလည်း ဘယ်တော့များ ငါ ချီးယွင်းခဲ့ဖူးလို့လဲ၊ အေး စမ်းချောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မသွားရဘူးဆိုလို့တော့ ဘယ်သူမှ မတားမြစ်ပါစေနဲ့"

သန်းသန်းသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်၍ မလေးနုပင် လန့်သွားတော့သည်။

"ဘာရယ်တာလဲ"

"ရှုးလိုက်တာဟယ်၊ နင်ဟာ အရှူးမှ အရှူးပဲ"

သန်းသန်းသည် ဆက်၍ရယ်ပြန်သည်။

"နင်တို့က ငါ့ကို နားမလည်ပါဘူး"

"မကြီးကျယ်စမ်းပါနဲ့ မလေးနုရယ်၊ မင်းကိုယ်မင်းရော ဘယ်လောက် နားလည်လို့လဲ"

မလေးနု ငြိမ်သွားတော့သည်။

\+ + +

နောက်ရက်များတွင် စမ်းချောင်းကိုသွားဖို့ အချိန် မရတော့ပေ။

မိုးဦးတွင် ဖြစ်လာတတ်သည့် ရောဂါအတွက် ကလေးများကို ကြိုတင်ဆေးပေးရ၊ ရွာသန့်ရှင်းအောင်လုပ်ရနှင့် မိုးတွင်းအတွက် ပြင်ဆင်နေရ၍ မအားလပ်ပေ။

မိုးကလည်း ခဏခဏဆိုသလို ရွာပြန်သည်။ မိုးရွာတုန်းများ စခန်းမှ ရွာကို ပြန်ရသည်မှာ ဒုက္ခရောက်လှသည်။ တောင်ကုန်းများသည် ခြေကုပ်မရအောင် ချောလှသည်။

ယနေ့မှာ မိုးသည်းရသည့်အထဲ နာဂလူငယ်တစ်ယောက်၏ ဓားရှရာမှ များလှသည်။ သူတို့သုံးယောက်လုံး မအားရပေ။ ဒဏ်ရာမှာ သွေးတော်တော်နှင့် မတိတ်သောကြောင့် သုံးယောက်စလုံး ချွေးပြန်နေကြသည်။

ဓားထိပုံမှာ ဆန်းလှသည်။ နာဂတို့သည် နာဂဆံတောက်





ညှပ်ရန်အတွက် ကပ်ကျေးရှိသည် မဟုတ်ပေ။ သူတို့ယာခုတ်သော ဓားကြီးများနှင့် အောက်ဆုံးမှာထား ဆံပင်ကို ဓားပေါ်တွင် တင်၍ အပေါ်မှ ဆံပင်ပြတ်အောင် တုတ်နှင့် ရိုက်ကြသည်။ ဆံပင်ညှပ်ရင်းမှ ဓားချော်၍ ထိသွားခြင်း ဖြစ်လေသည်။

နာဂကို ကောင်းကောင်းသိပ်ထားလိုက်၍ သူတို့သည် ဆေးခန်းရှိရာတဲသို့ ပြန်လာသည်။ မောင်လှမှာ တဲထဲတွင် ထိုင်၍ သူ့ကို စောင့်နေသည်။ သူ့မျက်နှာမှာ ညိုးလှသည်။

"မောင်လှ ဘာဖြစ်နေလဲ"

"မလေးနုကို စောင့်နေတယ်"

မလေးနုသည် မိုးကာနှင့် ဦးထုပ်ကို ချွတ်၍ တဲနံရံတွင် ချိတ်လိုက်သည်။

"ဘာလဲ မောင်လှ"

"ဒီမှာ ထိုင်ပါဦး"

မလေးနုသည် မောင်လှဘေးတွင် ထိုင်လိုက်သည်။

"ဗိုလ်မြဝင်း ရှိတယ် မဟုတ်လား၊ သူ မနက်က သွားတယ်"

"ဘာ"

"မနက်က ပြန်သွားပြီ ရန်ကုန်ကို"

"ဟင်"

"အေး နင့်ကို စာပေးခဲ့တယ်"

မလေးနုသည် မောင်လှလက်ထဲမှ စာကို ယူ၍ ဖွင့်ဖတ်လိုက်သည်။ သန်းသန်းနှင့်အဖော်မှာ သူ့ကို ရုပ်ရှင်ကြည့်သလို ငေး နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးမ

"မင်းကို ကလေးမလို့ပဲ ခေါ်ပါရစေ၊ မင်း ဒီစာရချိန်မှာ ကိုယ် ရန်ကုန် ပြန်သွားပြီ။

တောင်ပေါ်မှာ အမှတ်မထင် ရှောင်တခင် တွေ့ကြပေမယ့် မင်းကိုတော့ ကိုယ် မမေ့ပါဘူး၊ တစ်သက် မမေ့ဘူးလို့ ပြောပါရစေ။

မင်းကထင်တယ် မင်းအမေကလွဲလို့ မင်းကို နားလည်တဲ့ လူဟာ ကိုဖေအောင်တစ်ယောက်တည်း ရှိတယ်။ အမှန်တော့ ကိုယ် တစ်ယောက်ပါတိုးပြီး မှတ်လိုက်ပါ။ မင်းဘဝအားလုံးကို ကိုယ် နားလည်ပါတယ်၊ ကိုယ်က ခမ်းခမ်းနားနား ဝတ္ထုကြီးတွေ ဒီပနီ ကြီးတွေထဲကတော့ ထုတ်မပြတတ်ဘူး။

အရိုးဆုံးနဲ့ ကလေးအဆန်ဆုံးပြောရရင် မင်းဟာ အကျည်း တန်သော ဘဲကလေးလိုပဲ။

မလေးနုသည် ထိုနေရာတွင် နားမလည်ပေ။ ဆက်၍ ဖတ်ပြန် သည်။

အကျည်းတန်သော ဘဲကလေးရဲ့ပုံဟာ ဖတ်စာထဲမှာ ပါတယ်၊ ဘဲကလေးဟာ မွေးလာကတည်းက သူ့အမေတစ်ယောက်ပဲ သူ့ကို နားလည်တယ်၊ ကြင်နာတယ်၊ မောင်နှမတွေကလည်း သူ့ကို ဂရု မစိုက်ဘူး၊ အကျည်းတန်လွန်းလို့ ဘဲအပေါင်းအသင်းတွေကလည်း ဒီဘဲကလေးကို အမြင်ကပ်လွန်းလို့ အနားကပ်တောင် မခံဘူး၊ ဘဲတွေရဲ့ ပွဲသဘင်တွေမှာဆိုရင် သူ့ကို အမြင်ကပ်လွန်းတော့ ထိုးဆိတ်လွှတ်ကြတာပဲ၊ ကြာတော့ ဘဲကလေးဟာ ဘယ်ပွဲသဘင်မှ မတက်ရဲ၊ ခေါင်းတောင် မပြူရဲဘူး၊ တစ်နေ့တော့ စိတ်ညစ်လွန်းလို့ ထွက်သွားလိုက်တာ အင်းတစ်ခုကို ရောက်သွားတယ်။





တိုတိုပဲရေးပါရစေတော့ အင်းမှာလည်း တောပစ်တဲ့သူတွေနဲ့ တွေ့ပြီး ပြေးလိုက်ရတာ နို့သည်အိမ် ရောက်သွားတာပဲ၊ အဲဒီတော့မှ ဒုက္ခပဲပေါ့၊ နို့သည်အိမ်က ကြောင်နဲ့ကြက်မဟာ သိပ်လှုပါစ တာပဲတဲ့၊ ကြောင်က ညောင်ညောင်လို့ မြည်ခိုင်းတယ်၊ ဘဲလေးမှာ လည်း ဘဲဆိုတော့ မအော်တတ်၊ ကြက်မကလည်း ကြက်ဥ ဥဥ ခိုင်း တယ်၊ သူ့မှာ အထီးဆိုတော့ မဥတတ်ဘူးပေါ့။ နောက်ဆုံး အသုံးမကျတဲ့ဘဲဆိုပြီး ဝိုင်းဆိတ်ကြ ကုတ်ကြတာ ထွက်ပြေးရပါရော။

နောက်ဆုံးရောက်တဲ့ ရေကန်ကျတော့ ရေကန်ထဲကငန်းတွေ ဟာ သူ့ကို ဝိုင်းပြီးကြိုကြတယ်၊ နှုတ်ဆက်ကြတယ်၊ သူ့တစ်သက် မှာ ဒီသာယာချေင်တဲ့စကားလုံးတွေ မကြားဘူးလို့ ထူးဆန်းနေ တာပဲ။ ညနေစောင်း ကန်ရေပြင်မှာ နေခြည်တွေကလည်းသန်နေ တယ်။ ကြာပွင့်တွေဟာ ဘဲလေးရှိတဲ့ဘက်ကို ညွတ်လာကြတယ်တဲ့၊ နောက် ကန်ပိုင်ရှင်မိသားစု ကန်ဘေးရောက်လာတော့။

"ဟာ နောက်ဆုံးရောက်လာတဲ့ ငန်းကလေးက အလှဆုံးပဲ ဟေ့"လို့ အော်ပြောသံကြားရတယ်၊ ဘဲလေးမှာ ဝမ်းသာလိုက်တာ၊ တစ်ခါဖူးမှ လှတယ်လို့ အပြောမခံရဖူးဘဲကိုး။ ဝမ်းသာပေမယ့် ရှက်တော့ ခေါင်းငုံ့လိုက်တာ ကန်ရေပြင်မှာ သူ့မျက်နှာကို သွားမြင် တယ်။ သူဟာ အကျည်းတန်တဲ့ဘဲလေး မဟုတ်ဘဲ အလှဆုံး ငန်း ကလေးတစ်ကောင် ဖြစ်နေတာကိုး။ ကဲ ပုံကတော့ ဒါပဲတော့ မိန်းကလေးရေ ကိုယ့်ပုံကို နားလည်လား။ မင်းကိုလည်း ဘယ် ပတ်ဝန်းကျင်ကမှ လက်မခံဘူး၊ ဒါပေမယ့် မင်းဟာ အလှဆုံး မိန်းကလေးပါကွယ်၊ မင်းမှာ ချစ်စရာနဲ့ လိုချင်စရာတွေ အများကြီး ရှိတယ်၊ ကိုယ်တော့ ဒီလိုပဲမြင်တယ်၊ တခြားလူတွေကို ရှုတ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေထဲမှာ ရိုင်းနေပေမယ့်၊ ကိုယ့်မျက်လုံးထဲမှာ မင်းဟာ သိပ်ယဉ်တာပဲ။

တကယ်လို့များ ကိုယ်တို့နှစ်ယောက် တွေ့တာဟာ ခုလိုတွေ့ရခြင်း မဟုတ်ဘူးဆိုရင်တော့ ကိုယ်ဟာ မင်းကို လက်ထပ်ဖို့ ခွင့်တောင်းပြီးသွားပဲ။

ဒါပေမယ့် မင်းမှာ ၅-နှစ်အတွင်း လက်မထပ်ပါဘူးဆိုတဲ့ ကတိကလည်း ရှိနေတယ်၊ ကိုယ့်မှာလည်း မယားကြီးနဲ့ မဟုတ်လား။

ကိုယ်ဟာ မင်းကို မစော်ကားရက်ပါဘူး။ ဒါပေမယ့် တွေးကြည့်စမ်းပါ မိန်းကလေးရေ။ နေရတဲ့နေရာက စိတ်ကူးယဉ်စရာကောင်း၊ ပန်းရနံ့တွေကလည်း မွှေး၊ ရေစီးသံကလည်းသာ၊ ဒီလိုနေရာမှာ မင်းနဲ့ ငါ ကြာကြာလာတွေ့ကြရင်တော့ ငါ ဘယ်လိုမှ စိတ်ထိန်းလို့ရမှာ မဟုတ်ဘူး၊ ကိုယ်တို့ဟာ ပုထုဇဉ်တွေပဲ၊ ပြီးတော့လည်း မင်းအဖို့ သိပ်အရုပ်ဆိုးသွားမှာပဲ။

ဒီတော့ ကိုယ်လည်း မင်းကိုရော၊ မင်းလုပ်ငန်းတွေကိုရော ရှိသေတဲ့အနေနဲ့ ကိုယ် ပြန်သွားပြီ။ ကိုယ် ခွင့်အတွက်စီစဉ်နေတာ ကြာပြီ၊ ရရချင်းပဲ ပြန်သွားပြီ။ ကိုယ်တို့တပ်တွေ့လည်း နောင် ဟတ္တိမှာ မထားတော့ဘူး။ မင်းကို နှုတ်မဆက်ဘဲ ပြန်သွားရတဲ့အတွက် ခွင့်လွှတ်ပါ၊ ရန်ကုန်ရောက်ရင်လည်း နာဂကို ပြန်မပို့ဖို့ စီစဉ်ရမှာပဲ၊ တခြား နယ်ခြားတပ်တစ်တပ်ကိုပဲ ကိုယ်သွားတော့မယ်။

အကြောင်းတရားပဲ မလေးနုရေ မင်းနဲ့ မဝေးဝေးအောင် ခွဲခွာရတာကတော့ မင်းကို လေးစားလို့ပါပဲ။

အကယ်၍ တစ်နေ့နေ့များ ကိုယ်ဟာ လွတ်လွတ်လပ်လပ်





ရှိသွားမယ်၊ မင်းမှာလည်း အလုပ်က နားရပြီဆိုရင်တော့ **ကိုယ်** မင်းကို လက်ထပ်ပါရစေလို့ ခွင့်တောင်းခဲ့ပါရစေ။

တစ်သက်မှာ တစ်ခါဖြင့် တစ်ယောက်ကိုတစ်ယောက် နားလည်တဲ့ ချစ်သူချင်း အတူနေပါရစေလို့ ဆုတောင်းပါတယ်။

ချမ်းမြေ့ရွှင်လန်းပါစေ

မြဝင်း

မလေးနုသည် စာရွက်ကို ခေါက်ရင်း လက်ချောင်းလေးတွေ တုန်နေသည်။ မျက်လုံးမှာ မျက်ရည်များလည်း ဝဲလာသည်။

ရင်ထဲမှာ အသက်ရှူရကျပ်လာသလို ဖြစ်လာသည်။ သူသည် ဆက်လက်မျိုသိပ်၍မရ၊ ငိုချင်လာသည်။

မငိုသည်မှာ ကြာပေပြီ။ ရှိုက်၍ရှိုက်၍ငိုသည်မှာ လှုပ်၍ပင် နေသည်။ သန်းသန်းသည် ငေးကြည့်နေရာမှ သူ့အနားကို ကပ်လာသည်။ ပခုံးကို အသာဖက်ရင်း . . .

"ငါ ဒါကြောင့်ပြောတာ၊ မင်းဟာ မင်းကိုယ်ကိုလည်း မင်းနားမလည်ပါဘူးလို့၊ တိတ်ပါကွယ်၊ အားလုံး စိတ်မချမ်းသာစရာကြီးပဲ"

မလေးနုသည် ဆက်၍ ငိုပြန်သည်

"အင်း မင်းပြောတာ မှန်ပါတယ်ကွယ်၊ အစကတော့ ကိုယ့်စိတ်ဟာ ကိုယ်စွန့်ခဲ့ရတဲ့ အချစ်ဦးကလွဲလို့ ယောကျ်ားတွေကို ချစ်ရမယ် မထင်ခဲ့ဘူး"

"စိတ်ဆိုတာ ခက်သားပဲ၊ အမှတ်တမဲ့ စွဲလန်းနေတာကို ကိုယ့်ဟာကိုယ် သိချင်မှသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဗိုလ်မြဝင်းကို ချစ်နေပြီ"

သူ သည်လို ဖွင့်၍ ဝန်ခံပြန်တော့လည်း သန်းသန်းမှာ သနား၍သွားသည်။

"သူ့စာထဲမှာ ပါသလိုပဲ ဖြစ်နိုင်တဲ့အချိန်ကို တစ်နေ့နေ့တော့ ကြုံကြဦးမှာပေါ့"

မလေးနုသည် နောက်ဆုံးရှိုက်လိုက်၏။ အကယ်၍များ တစ်ချိန်ချိန်တွင် ပြန်လည်တွေ့ဆုံကြဦးတော့ ဘဝဆိုသည်မှာ ခက်ပါကလား။

အိပ်မက် မက်သည်မှာ ကောင်းပါသေး၏။ အိပ်မက်လို မိန်းမော၍ စိတ်ကူးယဉ်ရသည်ကမှ တော်ပါသေး၏။ နှဖူးတွေ့ဒူးတွေ့ တွေ့ကြသောအခါ အဆင်ပြေခြင်းမှလည်း ပြေပေဦးမည်။ တကယ်တော့ ဘာမှ မကောင်းပါကလား။

*အိပ်မက်ခန်းဝယ်၊ ချမ်းမြေ့ရွှန်းစို*
*ပျော်သလိုနှင့်၊ ကမ်းကိုမမြင်*
*လမ်းမမြင်တည့်။*
*နေပါရစေ၊ ရေညိုခွေတွင်*
*မျှောချင်တိုင်းသာ၊ မျှောရပါမူ*
*စက်ရာဘဝ၊ အိပ်မက်ကပင်*
*မနိုးချင်တော့။ ။*

ခင်နှင်းယု

ပြီးစာပေ